
www.burmeseclassic.com



www.burmeseclassic.com

No.150, July, 2017

ရေမှာင်ရွေး ကုန်းမှာမြွေပွေး ထောင်မှာနဂါးလေး
ထောင်ပိုင်ကြီး စိုးဝေ ၆

ထုတာချင်းတော့တူသည် အသံထွက်ချင်းတော့ မတူပါ
ဝင်းမောင်ကျော် ၄၁

လိပ်ပြာအနက်
ညီညီနိုင် ၅၁

ဦးလာဘနှင့် တွေ့ဆုံခြင်း
ထောင်မှူးကြီးသိန်းဝင်း ၆၆

ကျေးရူးမသိ ကျေးရူးစွပ်၏
ဇော်မြင့်သိန်း ၇၆



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော ယုန်သားစားသူများ
ဝေယံသိန်း ၁၀၆

ပဝါပါးပါး
မင်းဝေအောင် (YIE) ၁၁၈

သုံးသုံးလီ တစ်ဆယ်
ဇေယျာမင်းသျှင် ၁၄၇

အကိုက်မတော် တစ်သက်
မောင်သိက္ခာ ၁၇၅

ချစ်ဦးသူရဲ့ ကျိန်စာ
ထူးသင်ဇာအောင် ၁၉၀

အသေခံပဥ္စမံတပ်သားနှင့် သေမင်းခံတွင်းဝတိုက်ပွဲ
ညိုရောင် ၁၉၈

www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

အုပ်ချုပ်အယ်ဒီတာ
မခင်မာရွှေ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊ ကောင်းကောင်း-၁၊ ကောင်းကောင်း-၂၊ ထက်လင်း၊
အောင်ဇင်မင်းပိုင်၊ ညို့နွယ်၊ မြူမြူသင်း၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊ အေးမိငြိမ်း၊ နိုင်နိုင်၊ အိမြူ။

ပုံနှိပ်သူ
ဖြိုးဝေလှုံပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

စာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ-၅၀၀
တန်ဖိုး-၂၀၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၀၅၆၂) Quality Publishing House
အမှတ်-၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။

ကွန်ပျူတာနှင့် ဗလင်
Quality

www.burmeseclassic.com

www.burmeseclassic.com

## Next Month Preview



တစ်နွယ်ငင်ရာ
**ဒဂုန်ရွှေမျှား**





နေ့နှောင်းလွှင်ပြင်ထဲမှာ
**ရဲမြတ်တင်**



မုဆိုးနဲ့စာချိုး
**မန္တလာသား**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အကျဉ်းဦးစီးဌာနမှ လုပ်သက်မပြည့်မီ စောစီးစွာ ပင်စင်ယူ၍ အလုပ်မှနုတ်ထွက်လာခဲ့သည်။ ပြင်ပလောကဝယ် စာရေးခြင်းအလုပ်ဖြင့် ဆက်လက်ရပ်တည်လာခဲ့သည်။ ထိုသို့ စာရေးသားခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေခြင်း ဖြစ်ပါသည်။

တစ်နေ့ စာရေးဆရာ၊ ဆရာမများ ဆုံတွေ့နေကျဖြစ်သော အင်္ဂါစာပေဝိုင်းထဲဝယ် အခြားစာရေးဆရာများနှင့်အတူ စကားလက်ဆုံကျနေကြသည်။ ထိုစဉ် စာရေးဆရာ သိန်းသူမှ ထိုနေ့ထုတ်ဂျာနယ်တစ်စောင်ထဲဝယ် ပါရှိလာသော သတင်းတစ်ပုဒ်အား ဖတ်ရှုကြည့်နေရင်း စကားဆိုလာသည်။




www.burmeseclassic.com

www.burmeseclassic.com

"ဒီနဂါးလေးဆိုတဲ့ကောင်က မူးယစ်ဆေးဝါးမှုနဲ့ သတင်းအရ ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးနေတာတောင် လွတ်မြောက်သွားသေးတယ်"

"ဟုတ်လား - ဆရာသိခ်သူ - ဘယ်မှာလဲဗျ"

ကျွန်ုပ်လည်းဆရာသိခ်သူလက်ထဲမှဂျာနယ်ကိုလှမ်းတောင်းယူကြည့်လိုက်သည်။ ဂျာနယ်စာမျက်နှာပေါ်တွင်ပါရှိလာသောနဂါးလေးဆိုသူတရားခံ၏မျက်နှာကို လှမ်းမြင်လိုက်ရသောအခါ ကျွန်ုပ်နှင့် အကျဉ်းထောင်ထဲတွင် ဆုံတွေ့ခဲ့ဖူးသော ထောင်ကျနဂါးလေးဆိုသူကို ပြန်လည်အမှတ်ရလာခဲ့လေသည်။

"ဒီကောင်က ကြေးစားလူသတ်သမား ဖြစ်နေပြီဗျ"

"ဟုတ်လား - သူက ဟိုတုန်းက ဘာအမှုဖြစ်ပြီး ထောင်ကျတာလဲ"

"ဒီကောင်က ဒုစရိုက်မှုမှန်သမျှ အကုန်လုပ်တာပဲ။ သူထောင်ထဲ စဝင်လာတုန်းက သာမန်ခိုးမှုအဆင့်လောက်ပဲ ရှိတယ်။ ခုတော့ ကြေးစားလူသတ်သမား အဆင့်တောင် ရောက်သွားပြီလေ"

"ဟုတ်လား - သူက ဘယ်လိုဖြစ်ပြီး အဲဒီလို ဖြစ်သွားတာလဲ"

"ဒုစရိုက်သမားဆိုတာ ထောင်ထဲစဝင်ခါစအချိန်မှာတော့ သူခိုးလက်သင် အဆင့်လောက်ပဲ။ ထောင်ထဲမှာ သူ့လို ဒုစရိုက်သမားအဓိပတိကြီးတွေနဲ့ ဆုံမိတော့ ပညာပေါင်းစုံတတ်လာတာပေါ့ဗျာ"

"ဆရာစိုးဝေ၊ ခင်ဗျားနဲ့ နဂါးလေး ထောင်ထဲမှာ ဘယ်လိုဆုံတွေ့ခဲ့ကြသလဲ ဆိုတာ ဗဟုသုတရအောင် ပြောပြစမ်းပါ"

ကျွန်ုပ်လည်း နဂါးလေးဆိုသူအား ကျွန်ုပ် တာဝန်ထမ်းဆောင်နေစဉ်ကာလ ဝယ် ဆုံတွေ့ခဲ့ရသည်များကို အောက်ပါအတိုင်း မှတ်မိသလောက် ပြောပြနေလေသည်။

⊛

"ဟိုရှေ့က ဘယ်သူလဲ၊ ဟေ့ - မေးနေတာ မကြားဘူးလား။ ဘယ်သူလဲကွ - ဆက်မသွားနဲ့၊ အဲဒီမှာ ရပ်နေစမ်း"



www.burmeseclassic.com

www.burmeseclassic.com

နယ်မြေရဲကင်းတာဝန်ခံဖြစ်သူ နယ်ထိန်းတပ်ကြပ်နော်အောင် ခေါင်းဆောင်သော စက်ဘီးပတ္တရောင်ကင်းအဖွဲ့၏ အမိန့်ပေးသံက တိတ်ဆိတ်ငြိမ်သက်နေသော ညဉ့်ယံကို ထိုးဖောက်ထွက်ပေါ်လာသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ အကာလည်အခါ ဖြစ်၍ ပိန်းပိတ်အောင် မှောင်မည်းနေသည်။ ယခုလို ညဉ့်နက်သန်းခေါင်ယံအချိန်ဝယ် မိုးကလေးကလည်း တဖွဲဖွဲ ရွာနေသည်။ တစ်ရပ်ကွက်လုံးမှာ မိုးအေးအေးနှင့် တိတ်ဆိတ်လျက် အိပ်မောကျနေလေသည်။

သည်လိုအချိန်အခါမျိုးဝယ် လူကောင်းသူကောင်းများအတွက် စိတ်အေးလက်အေး စိတ်ချလက်ချ အနားယူအိပ်စက်နေကြချိန် ဖြစ်သည်။ သို့သော်လည်း မအိပ်နိုင်သူ ညလူတစ်ယောက်သည် အိမ်အိုကြီး၏ခြံဝင်းရှေ့ဝယ် ဒုစရိုက်မှုကို ကျူးလွန်ရန် ရောက်ရှိနေလေသည်။ သူ၏စီးတော်ယာဉ်နှစ်ဆစ်ချိုးပြိုင် စက်ဘီးကလေးနှင့် ဖြစ်သည်။

သူကမိမိ၏လှုပ်ရှားမှုများကိုအားရကျေနပ်စွာပြုလုပ်ဆောင်ရွက်ခဲ့ပြီးနောက် ခြံဝင်းကြီးထဲမှနေ၍ လွယ်အိတ်ကလေးတစ်လုံးကိုလွယ်လျက် ခြံအပြင်ဘက်ဆီ ထွက်လာခဲ့စဉ် ယခုလို ရုတ်တရက် ရဲပတ္တရောင်လှည့်ကင်းနှင့် ပက်ပင်းတိုးမိပြီး အထက်ပါ အတိုင်း မေးမြန်းစစ်ဆေးခံလိုက်ရသည်။

"ဟေ့ - ဒီကိုလာစမ်း၊ မင်းကို မေးစရာရှိလို့"

ရဲတပ်ကြပ်နော်အောင်က မိမိ၏ လက်အောက်တပည့်များကို မျက်ရိပ်မျက်ခြေပြပြီး လူစုခွဲကာ ဖြန့်ကျက်နေရာယူရင်း ညလူထံ ချဉ်းကပ်လာလေသည်။

ယင်းကဲ့သို့ ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဟစ်အော်မေးမြန်းသံကို ကြားလိုက်သည်နှင့် ညလူမှာ အခြေအနေကို အကဲခတ်လိုက်မိပြီး မိမိပြိုင်စက်ဘီးကို ထားရစ်ကာ ဆန့်ကျင်ဘက်အရပ်ဆီသို့ ခပ်သုတ်သုတ် ထွက်ပြေးသွားလေသည်။

ထိုစဉ် ရဲတပ်ဖွဲ့ဝင်များသည် ညမှောင်မှောင်မည်းမည်းထဲဝယ် ရာဇဝတ်မှုကို ကျူးလွန်တတ်သူတို့၏ အမူအကျင့်ကို သဘောပေါက်နားလည်သွားကာ မိမိလူများအား ထိုလူ့ထံ သတိ၊ ဝီရိယနှင့် ချဉ်းကပ်ဖမ်းဆီးရန်ငိဖို့ အသံတိတ်နည်းဖြင့် အချက်ပြပြီး လူစုခွဲကာ နောက်မှထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခဲ့လေသည်။

www.burmeseclassic.com

"ဟော့ကောင် - မပြေးနဲ့ - ရပ်ရပ်"

တပ်ကြပ်နော်အောင်၏ အော်ဟစ်တားဆီးနေသည့်ကြားမှ တစ်ဖက်လူက မနာခံဘဲ ပြေးမြဲပြေးလျက်၊ မြံဝင်းကြီးများဖြင့် သီးခြားတည်ရှိနေသော လူကုံထံ ရပ်ကွက်ထဲဝယ် သီးခြားခွဲခြားထားသော လမ်းပေါက်မရှိဘဲ ပြေးပေါက်ပိတ်မိနေလေသည်၊

ထိုအခါမှ ရဲတပ်ဖွဲ့ဝင်များ၏ ချုပ်နှောင်ဖမ်းဆီးခြင်းကို ခံခဲ့ရလေသည်၊ ယင်းညလူအားလက်ထိတ်ခတ်လျက် လွယ်အိတ်ထဲသို့ မွှေနှောက်ရှာဖွေကြည့်သောအခါ ဝယ်မော်တော်ကားရှေ့မီးသီးတစ်စုံကို ရှာဖွေတွေ့ရှိခဲ့လေသည်၊ ယင်းကဲ့သို့ မသင်္ကာစရာ ညလူ၏ လွယ်အိတ်ထဲမှ ခိုးရာပါပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် သက်ဆိုင်ရာရပ်ကွက်လူကြီးအား သက်သေပြုရန် အိမ်မှ နိုးခေါ်ခဲ့ပြီး ညလူအား ရဲစခန်းဆီ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်၊

"အဲဒါ ပထမဆုံး သူ စတင်ကျူးလွန်လာခဲ့တဲ့ ရာဇဝတ်မှုပဲ"

"ဟင် - ဒါဆို ဒီကောင်က ကားပစ္စည်းလိုက်ဖြုတ်ခိုးနေတဲ့ သူခိုးပဲ"

"ဟုတ်တယ်လေ - အဲဒီအမှုကနေစပြီး ထောင်လောကထဲကို ရောက်လာခဲ့တာပေါ့"

ကျွန်ုပ်လည်း နဂါးလေးဆိုသူ၏ ရာဇဝတ်မှုကျူးလွန်လာခဲ့ပုံကို ဆရာသိခံသူအား ရှင်းပြနေသည်၊ နောက်အကျဉ်းထောင်ထဲသို့ ရောက်ရှိလာခဲ့ပြီးနောက် ပထမဆုံး စတင်ဆုံစည်းကြပုံကို အောက်ပါအတိုင်း ပြောပြနေမိလေသည်၊

⊛

"မင်းနာမည်"

"နဂါးလေး ခေါ် အောင်မြတ်"

"အရင်က ထောင်ကျဖူးသလား"

"ကျဖူးပါတယ်"

"ဘာအမှုနဲ့ ထောင်ကျခဲ့တာလဲ"

"အဒေါ်အိမ်က ပစ္စည်းခိုးမှု"



www.burmeseclassic.com

www.burmeseclassic.com

"ထောင်ဘယ်လောက် ကျခဲ့သလဲ"

"ခြောက်လ"

အထက်ပါအတိုင်းညလူအားစခန်းမှူးမှစစ်ဆေးမေးမြန်းနေသည်၊ ဤကဲ့သို့ နောက်ကြောင်းရာဇဝင်များကို စစ်ဆေးမေးမြန်းခဲ့ပြီးနောက် ထောင်အကြိမ်ကြိမ် ကျဖူးခဲ့သော ရာဇဝင်လူဆိုးတစ်ယောက်မှန်း စုံစမ်းသိရှိခဲ့လေသည်။

တကယ်တော့ နဂါးလေးဆိုသူကား စောရနကွတ်နှင့် ယှဉ်ပြီး မွေးဖွားလာခဲ့ သူလို့ဆိုရလောက်အောင် သူ ကျူးလွန်လာခဲ့သမျှ ပြစ်မှုများသည် ခိုးမှုချည်း ဖြစ်နေ သည်၊ ၎င်း၏ပြစ်မှုဟောင်းများကိုပြန်လည်လေ့လာသုံးသပ်ကြည့်လိုက်သောအခါ မိမိအဒေါ်ဖြစ်သူ အိမ်မှာလာရောက်နေထိုင်ရင်း အရိပ်နေနေ အခက်ချိုးချိုး လုပ်သွား ခဲ့ခြင်း ဖြစ်ပါသည်။

မိမိအား ကျွေးမွေးစောင့်ရှောက်ပေးထားခဲ့သော ကျေးဇူးတရားကိုမှ မထောက်ထားဘဲ ဒန်အိုးဒန်ခွက်ပါမကျန် ခိုးယူရောင်းစားပစ်ခဲ့သဖြင့် ပထမဆုံးသော ခိုးမှုကို ကျူးလွန်ခဲ့ပြီး ထောင်ကျလာခြင်း ဖြစ်ပါသည်။

ထိုစဉ်က နဂါးလေး၏အသက်မှာ ရှိလှမှ ဆယ့်ငါးဆယ့်ခြောက်ဝန်းကျင် အရွယ်လူငယ်ကလေးစန့်လောက်ပဲ ရှိမည်။ ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူ မှုမရှိနိုင်ဘဲ ဒုစရိုက်လောကထဲသို့ ဝင်ရောက်လာစေရန် ဇီဇက ပါလာခဲ့လေသည်။ မိဘဖြစ်သူများနှင့် နေထိုင်သော်လည်း မကြာခဏပြဿနာများ ဖြစ်ပွားနေခဲ့ခြင်း ကြောင့် ပညာရေးကို ရှစ်တန်းအဆင့်လောက်ပဲ တက်ရောက်နိုင်ခဲ့လေသည်။

ယင်းကဲ့သို့ဇီဇမကောင်းခဲ့ခြင်းကြောင့်ရေစံမြေခံမကောင်းသူနဂါးလေးသည် မိမိအဒေါ်အိမ်မှာနေထိုင်နေစဉ်ကာလမှာပဲ အိမ်မှဒန်အိုးဒန်ခွက်များကို ခိုးယူရောင်း စားခဲ့မှုဖြင့် ထောင်ဒဏ် ၆ လကျလာခဲ့ရာမှ အကျဉ်းထောင်ကြီးထဲသို့ ပထမဆုံး ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

✪

"ပုံစံ"

ကျယ်လောင်စွာဟိန်းထွက်လာခဲ့သောအော်ဟစ်အမိန့်ပေးလိုက်သံကြောင့် ပုံစံခန်းအတွင်းဝယ် တင်ပျဉ်ခွေထိုင်နေကြသော ထောင်ကျအကျဉ်းသားသစ်များ



www.burmeseclassic.com

www.burmeseclassic.com

သည် မီးကိုရေနှင့်ဖြန်းပက်လိုက်သလို လုံးဝငြိမ်သက်သွားကာ ပုံစံအနေအထားသို့ ရောက်ရှိထိုင်နေခဲ့လေသည်။

အကျဉ်းထောင်ကြီးထဲရှိ အိပ်ဆောင်ခန်းများအနက် ပုံစံခန်းဆိုသည့် အိပ်ဆောင်ထိပ်ရှိအခန်းထဲဝယ် တန်းစီးစိုးမြတ်၏အမိန့်ပေးသံကား အောင်မြင်ဝင့်ကြွားစွာ ဟိန်းထွက်လာပြီးနောက် ...

"အားလုံး နားထောင်ကြမယ်၊ ဒါဟာ အကျဉ်းထောင်ရဲ့ပုံစံခန်းဖြစ်တယ်၊ အကျဉ်းထောင်ကြီးထဲကို ရောက်ရှိလာခဲ့ကြတဲ့ ထောင်ကျသစ်တွေအတွက် တာဝန်ရှိသူတွေက ထောင်ထဲမှာ ဘယ်လိုနေ၊ ဘယ်လိုထိုင်ရမယ်ဆိုတာကို နားလည်သဘောပေါက်အောင် ထောင်ပုံစံကို ပြသသင်ကြားပေးခြင်းပဲ ဖြစ်တယ်။ အဲဒီလို သင်ပြပေးနေချိန်မှာ အားလုံးသေသေချာချာ ကြည့်ရှုမှတ်သားထားကြဖို့ လိုတယ်၊

အကျဉ်းထောင်အရာရှိတွေက ထောင်ကျမှတ်ပုံတင်တဲ့အခါ မေးသမျှကို ဟောဒီလို ပုံစံအနေအထားရပ်ပြီး မှန်မှန်ကန်ကန် ဖြေဆိုနိုင်ဖို့လိုတယ်။ ဒါကြောင့် အားလုံးက ပုံစံအနေအထားကို ပြနေတဲ့အခါ သေသေချာချာကြည့်ပြီး တိတိကျကျ လိုက်နာဖို့လိုတယ်။ ကြားရဲ့လားဟေ့"

"ကြားပါတယ်"

အခန်းထဲရှိအကျဉ်းသားလူသစ်များ၏ပြန်လည်ဖြေကြားသံမှာ အိပ်ဆောင်ကြီးတစ်ခုလုံး ပွင့်ထွက်သွားမတတ် ကျယ်လောင်စွာ ဟိန်းဟိန်းထသွားသည်။

တန်းစီးစိုးမြတ်ဆိုသူမှာ လူသတ်မှုဖြင့် ထောင်ဒဏ် (၇) နှစ် ကျခံနေရသော ထောင်ကျတစ်ဦးဖြစ်သည်။ ထောင်ထဲမှာ အနေကြာနေသော ထောင်ကျဟောင်း တစ်ဦးဖြစ်လေသည်။

ယခုတော့ ပုံစံခန်းထဲဝယ် အခန်းလူကြီး ဖြစ်နေသည်။ လူပုံသဏ္ဌာန်မှာ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့်မို့ တော်ရုံတန်ရုံ ထောင်ကျသစ်များကိုထောင်ထဲသို့စရောက်ရောက်ချင်းပုံစံခန်းထဲဝယ် အသံဩဇာ ပြည့်စုံသော တန်းစီးစိုးမြတ်၏ပုံရိပ်ကို မြင်လိုက်ရုံဖြင့် ဖျားသွားလောက်ပေသည်။

"အေးစေ"

ထို့နောက် တန်းစီးစိုးမြတ်က သူ့လက်ထောက်တာရာများအား ပုံစံပြသ သင်ကြားစေသည်။ ထောင်ပုံစံခန်းကြီးထဲသို့ အစပထမဦးဆုံးရောက်ရှိလာကြသော



www.burmeseclassic.com

www.burmeseclassic.com

ထောင်ကျသစ်များမှာ အသံဩဇာပြည့်ပြည့်ဖြင့် ဗလကောင်းကောင်း တန်းစီးစိုးမြတ် ပုံစံကိုကြည့်ပြီး တုတ်တုတ်မှုမလှုပ်ရဲကြပေ။ ပုံစံခန်းနှင့်သက်ဆိုင်သော ထောင်စည်းကမ်းများကို တန်းစီးစိုးမြတ်က အသံကျယ်ကျယ်ဖြင့် အထက်ပါအတိုင်း ပြောပြောပြီး ဒေါ်သစ်ဟု အမိန့်ပေးလိုက်သည်။

ယခုလို ပုံစံခန်းထဲဝယ် အကျဉ်းသားများအား မှတ်ပုံတင်ရန်အတွက် ပုံစံထိုင် နေကြရသည်။ ပုံစံခန်းလေးထဲရှိ ခေါင်းရင်းနေရာဝယ် စားပွဲတစ်လုံးနှင့် ကုလားထိုင် တစ်လုံးကို အဆင်သင့်ချထားသည်။ စားပွဲပေါ်မှာ ထောင်ကျဝါးရမ်းများကို ညှပ်ထားသော ထောင်ပုံစံ (၂၁) ခေါ် ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးတစ်အုပ်ကို တင်ထား သည်။

တန်းစီးစိုးမြတ်က ထောင်ကျရုံးတာဝန်ခံ ထောင်မှူး လာရောက်မှတ်ပုံတင် မတင်မီ ကုလားထိုင်ပေါ်မှာ အကျအနထိုင်လျက် နွားဆေးပေါ့လိပ်ကို မီးတို့ပြီးတော့ ဖွာရှိုက်နေသည်။ ပုံစံခန်းထဲမှာ ပုံစံထိုင်ပြီး စောင့်နေကြရသော အကျဉ်းသားကျ၊ သစ် များသည် ထောင်မှူးအလာကို လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေကြလေသည်။

မကြာမီ စစ်ဖိနပ်သံတခွပ်ခွပ်ဖြင့် အိပ်ဆောင်ထဲ ပုံစံခန်းဆီ အဆောင်ထိပ်မှ ဝင်လာနေသော ထောင်ကျရုံးတာဝန်ခံ ထောင်မှူးလေး စိုးဝေကျော်၏ ဗာရာဖြစ်သူ အကျဉ်းသားဖိုးတာနောက်မှလိုက်ပါလာလျက် အိပ်ဆောင်ကြီးထဲ ဝင်လျှောက်လာ နေသည်။

ထိုအခါ ကုလားထိုင်ပေါ်ဝယ် ခပ်တည်တည်ထိုင်ပြီး ဆေးပေါ့လိပ်သောက် နေသော တန်းစီးစိုးမြတ်တစ်ယောက် ဆေးလိပ်ကို စားပွဲခုံအောက် မီးထိုးငြိမ်းသတ် လိုက်ကာ မှင်သေသေဖြင့် ထိုင်နေရာမှ အလျင်စလိုထပြီး တံခါးပေါက်ဝမှ အသင့် အနေအထားဖြင့် စောင့်ကြိုနေလျက် ...

"ပုံစံ ..."

အခန်းထဲမှာ စောစောက သက်သောင့်သက်သာထိုင်နေကြသော ကျသစ် များကို အသံခပ်ကျယ်ကျယ်မြွှင့်ပြီး အော်ဟစ်အမိန့်ပေးလိုက်ရှိန်ဝယ် အိပ်ဆောင် ကြီးထဲမှ အကျဉ်းသားအားလုံး ခါးကိုမတ်မတ်ဆန့်ကာ လက်နှစ်ဖက်ကို လက်သီး ဆုပ်ထားပြီး ဒူးနှစ်ဖက်ပေါ် ဆန့်တန်းထိုင်ကာ ပုံစံအနေအထား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးလေးစိုးဝေက အိပ်ဆောင်အခန်းထိပ်ရှိစားပွဲခုံနေရာဆီတန်းတန်းမတ်မတ်လျှောက်သွားပြီး နေရာယူထိုင်လိုက်လေသည်၊

"အေးဆေ ..."

တန်းစီးစိုးမြတ်က ပုံစံအနေအထားမှ သက်သောင့်သက်သာထိုင်စေရန် အေးဆေပေးလိုက်သည်၊ ထောင်မှူးလေးစိုးဝေက စားပွဲပေါ်မှာရှိနေသောထောင်ကျ မှတ်ပုံတင်စာအုပ်ကြီးကိုလှန်လျက် ထောင်ကျဝါးရမ်းတစ်စောင်ကို ဆွဲထုတ်လိုက်သည်၊

ထို့နောက် ထောင်မှူးတာရာဖိုးတာက အကျဉ်းသားနာမည်ကို ခေါ်ပြီး တန်းစီး စိုးမြတ်အား မတ်တတ်ရပ်ပုံစံအနေအထားဖြင့် ခေါ်လိုက်သည်၊ တန်းစီး စိုးမြတ် ကလည်း ပုံစံထိုင်နေကြသူထောင်ကျများထဲမှ ထောင်အကျဉ်းသားနာမည်ကိုလှမ်း အော်လိုက်သည်၊

"နဂါးလေး ခေါ် အောင်မြတ်"

"၁၂၀၄/စီ၊ အဘ ဦးမြတ်သာရှိ"

အကျဉ်းသားက ထိုင်နေသည့်အုပ်စုထဲမှ မတ်တတ်ရပ်ပြီး ရပ်ပုံစံဖြင့် မှတ်ပုံတင်ရန် စောင့်ဆိုင်းနေသည်၊

"မင်းနာမည်"

"နဂါးလေး ခေါ်အောင်မြတ်"

"အဖေနာမည်"

"ဦးမြတ်သာ"

"အမေနာမည်"

"ဒေါ်ကုလားမ"

"မင်းအသက်"

"ဆယ့်ခုနစ်နှစ်"

"မှတ်ပုံတင်အမှတ်"

"ရှိတော့ရှိတယ်၊ မမှတ်မိ ..."

"လိပ်စာ"



www.burmeseclassic.com

www.burmeseclassic.com

"အမှတ်မရှိ၊ လမ်းမရှိ တောင်ဒဂုံကျူးကျော်ရပ်ကွက်"

"ဘာမှုဖြစ်လဲ"

"ခိုးမှု"

"ထောင်ဘယ်လောက်ကျလဲ"

"ခြောက်လ"

တန်းစီးစိုးမြတ်၏ မေးသမျှကို ထောင်ကျလူသစ်မှ တစ်ခွန်းချင်းစီ ပြန်လည်ဖြေကြားနေသည်။ ထို့နောက် ထောင်ကျအကျဉ်းသား၏ ကိုယ်ခန္ဓာပေါ်မှာ မှတ်ပုံတင်ထားသော အမှတ်အသားကို စစ်ဆေးနိုင်ရန် ထောင်မှူးဗာရာဖိုးတာမှ တစ်ချက်ချင်းကြည့်ပြီး ခေါ်နေသည်။

"ယာမျက်ခုံးအထက်"

"အမာရွတ်တစ်"

"ဝဲမေးရိုးအေား"

"မှဲ့နက်တစ်"

"ယာလက်ဖျံအပေါ်"

"အနီအမှတ်တစ်"

တန်းစီးစိုးမြတ်က ထောင်ကျနဂါးလေး၏ ကိုယ်ခန္ဓာပေါ်မှာရှိနေသော အမှတ်အသားတစ်ခုကို ဗာရာဖိုးတာမှ ခေါ်လိုက်တိုင်း လက်ညှိုးထောက်ပြနေသည်။ ဤသို့ အမှတ်အသားမှန်မှန်ကနက်ရှိနေသည်ကို ထောင်မှူးလေးစိုးဝေက ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးပေါ်တွင် မင်နီဖြင့်ခြစ်ပြီး မှန်ကန်ကြောင်း အတည်ပြုနေသည်။

ယခုလို ထောင်ကျလူသစ်များအား ထောင်ကျရုံးတာဝန်ခံဖြစ်သူ ထောင်မှူးလေးစိုးဝေမှ ပုံစံခန်းထဲဝယ် တစ်ဦးချင်းစီ ထောင်ကျဝါရမ်းဖြင့် တိုက်ဆိုင်ကာ စစ်ဆေးပြီး မှတ်ပုံတင်နေလေသည်။

အမှန်တော့ အကျဉ်းထောင်ကြီးထဲသို့ နေ့စဉ်ဝင်ရောက်လာသော ထောင်ကျအကျဉ်းသားများကို ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးပေါ်တွင် မှတ်ပုံတင်ထားပြီး ထောင်ထဲတွင် ထောင်ဝင်စာတွေ့ဆုံနိုင်ရန် နောက်အမှုရှိပါက ရှန်းထွက်နိုင်ရန် ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းလိုက်လိုပါက မှတ်ပုံစာစ်နိုင်ရန် ထောင်ကျလူသစ်များအား မိမိတို့၏ ကိုယ်ပိုင်အမှတ်ဖြစ်သော ထောင်ကျနံပါတ်စဉ်ကို အစဉ်အလိုက်ပေးထားခြင်း ဖြစ်သည်။

ဤကဲ့သို့ထောင်ဝင်နံပါတ်ရရှိသွားပြီးမှ ထောင်ကြီးထဲဝယ် မိမိတို့၏ ကျန်းမာရေး၊ နေရေး၊ စားရေး အစစအရာရာ မှတ်ပုံတင်ထောင်ကျနံပါတ်ရှိနေမှ တရားဝင်ဆောင်ရွက်သွားလာခွင့် ရှိလေသည်။

ခုလို ထောင်ကျလူသစ်များအား ထောင်ကျရုံးတာဝန်ခံ ထောင်မှူးမှ မှတ်ပုံတင်ထားပြီးပါက ထောင်တာဝန်ခံအရာရှိမှ စစ်ဆေးကြည့်ရှုမည့်နေရာတွင် တစ်ပတ်စာ ထောင်ကျသစ်များကို စုပေါင်းမှတ်ပုံတင်ထားပြီးမှ နောက်ဆုံးတာဝန်ခံအရာရှိမှ ထောင်ဖွင်း လေဘာ(အလုပ်)ကို တရားဝင်စာအုပ်ပေါ်တွင် မှတ်ပုံတင်ပြီး အလုပ်နေရာချပေးရလေသည်။

☆

အကျဉ်းသားလူသစ်နှစ်ဦးသည် မိလ္လာထည့်ထားသော တိုင်ကီပြတ်ကြီးကို ရှေ့နောက်နှစ်ယောက် ထမ်းပိုးဖြင့်ထမ်းလျက် မိလ္လာချောင်ဆီသို့ သယ်ဆောင်သွားနေကြသည်။

"ဟေ့ကောင် – နဂါးလေး၊ ငါတို့တော့ ကောင်းကောင်းပညာပေးခံနေရပြီကွ"

"ဘာဖြစ်လို့လဲ – ရွှေသွားရ"

"မင်း စဉ်းစားကြည့်လေကွာ၊ ထောင်ကျသစ်အယောက်သုံးဆယ်မှာ တို့နှစ်ယောက်ကို ရွေးခိုင်းတာ။ အခန်းလူကြီးက သက်သက်မဲ့ အနိုင်ကျင့်တာပဲကွ"

"ဟာ – ဒီလိုလည်း ဟုတ်မယ် မထင်ပါဘူး။ တို့က ချာတိတ်တွေမို့ ဖင်ပေါ့လို့ ခိုင်းကောင်းတာနေမှာပါ"

"မဟုတ်ဘူးကွ၊ မင်းကော ငါကောက ခိုးမှုနဲ့ ထောင်ခြောက်လ ကျလာခဲ့ကြတာ။ တို့ကို တမင်သက်သက် ညစ်ပတ်ပြီးတော့ မိလ္လာထမ်းခိုင်းနေတာကွ"

"ဟာ – မိလ္လာဘုတ်ဆို ဆုမှတ်ရက်တောင် ပိုရဦးမှာ မဟုတ်လား"

"ဘယ်ကလာ ဆုမှတ်ရက်ရမှာလဲ၊ တို့က လေကချောကောင် မဟုတ်ဘူးကွ။ အပြင်ထုတ်ခိုင်းမယ့်ကောင်ကွ"



www.burmeseclassic.com

www.burmeseclassic.com



နဂါးလေး၏ နာမည်အရင်းမှာ
အောင်မြတ်ဖြစ်ပေမယ့် ယခု
နေရာသစ်မှာ စိုးစိုးဖြစ်နေသည်။
နဂါးလေးဆိုသူကလည်း
ထောင်ထဲမှာ အတူတူနေခဲ့ကြသူ
အုတ်ရိုးမျော်များအချင်းချင်း
နာမည်ဝှက်များ ပေးထားရာမှ
နားရွက်ကားကားလေးနှင့်မို့
နားကားကားလေးဟု စနောက်ခေါ်ရာမှ
ကာလရွေ့လျားတော့ နဂါးလေးရယ်လို့
ဖြစ်လာသည် ...

"ဟုတ်လား - သိပါဘူးကွာ"

အထက်ပါအတိုင်း အကျဉ်းသားထောင်ကျစစ်နှစ်ဦးမှာမိလ္လာပုံးကိုထမ်းလာရင်း တစ်ဦးနှင့်တစ်ဦး မကျေနပ်ချက်များကို ပြောဆိုလာနေကြခြင်း ဖြစ်ပါသည်။ အမှန်တော့ အကျဉ်းထောင်ပါးမဝသေးသူ ထောင်ကျသစ်လေးများကို တန်းစီးမှ ဗိုလ်ကျဗိုင်းစားနေခြင်း ဖြစ်ပါသည်။

နဂါးလေးတို့လို အကျဉ်းထောင်ထဲကို ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့ကြသူများအား အဆောင်တန်းစီး၊ ဗာရာ စသည့် နစ်ကြီးအကျဉ်းသား၏ ချုပ်ကိုင်ခြယ်လှယ်သမျှ ခံနေရခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် – နဂါးလေးကတော့ အကျဉ်းထောင်ကြီးထဲသို့ ပထမဆုံးအကြိမ် စတင်ဝင်ရောက်လာခဲ့ခြင်းကြောင့် သူ့အတွက် အတွေ့အကြုံသင်ခန်းစာများကို ရရှိနေခဲ့ပြီး ပျော်မွေ့နေသည်။

ဒါကြောင့်လည်း မိမိထောင်ကျကာလအချိန်လေးမှာပင် ပေါ့ပေါ့ပါးပါး၊ ဖျတ်ဖျတ်လတ်လတ် မည်သူက ခိုင်းခိုင်း လုပ်ဆောင်ပေးနေခဲ့ခြင်းကြောင့် ထောင်ဝင်စာလာတွေ့မည့်သူ မရှိသည့်သူ့အဖို့တော့ စားဝတ်နေရေး ပြေလည်အောင် ဖန်တီးလုပ်ဆောင်ပေးရင်း ကျေနပ်နေမိလေသည်။

"နေပါဦးကွ – ရွှေသွားရဲ့ မင်းက ဘာအမှုနဲ့ ထောင်ကျလာခဲ့တာလဲ"

"ငါက ကားပစ္စည်းခိုးမှုနဲ့ ထောင်ခြောက်လ ကျလာခဲ့တာပဲ၊ မင်းကကော ဘာအမှုလဲ"

"ငါလည်း ခိုးမှုနဲ့ ထောင်ကျခဲ့တာကွ၊ ငါက ငါ့အဒေါ်အိမ်က ဒန်အိုး ဒန်ခွက်တွေကို ခိုးပြီးရောင်းစားပစ်လို့ ငါ့ကို အဒေါ်က ဒေါပွပြီး ရဲစခန်းတိုင် အမှုဖွင့်ခဲ့တာပဲ"

"ဟား – ဟား – မင်းကတော့ သူခိုးသိက္ခာကျအောင် လုပ်တဲ့ကောင်ပဲ၊ ခိုးမယ့်ခိုးရင်လည်း ငါတို့လို မြိုးမြိုးမြက်မြက်ရမယ့် ကားပစ္စည်းတွေကို ဖြုတ်ခိုးရတယ်ကွ၊ မမိရင်တော့ သူခိုးဈေးမှာ ဈေးပေါပေါနဲ့ ရောင်းရလာတဲ့ငွေ သုံးဖြုန်းစားသောက်ပစ်ပြီး မိတော့လည်း ထောင်နန်းစံပေါ့ကွာ"

"နေပါဦး – မင်းတို့က ကားပစ္စည်းကို ဘယ်လိုဖြုတ်ခိုးကြတာလဲ"

"ဟာ – လွယ်လွယ်လေးပါ၊ ဝက်အူလှည့်တစ်ချောင်းနဲ့ ခိုးကြတာပေါ့ကွာ"

"ဟင် – ဒါဆို မင်းတို့အလုပ်က လွယ်လွယ်လေးပဲ၊ ပစ္စည်းခိုးတဲ့နေရာမှာ ထုထည်မကြီးတော့ အသာဖြုတ်ခိုးပြီး လွယ်အိတ်ထဲဝှက်သွားရုံပဲပေါ့"

"ဒါပေါ့ကွာ – နောက်မှ မင်းကို ကားဘီးအဖုံးတွေ ဖြုတ်ခိုးနည်းသင်ပေးမယ်"

ယင်းတို့နှစ်ဦးမှာ မိလ္လာချပြီးနောက် ရေကန်ဘေးတွင် ခြေလက်ဆေးနေကြရင်း ပြောဆိုနေကြခြင်း ဖြစ်သည်၊ ထိုအချိန်မှစ၍ နဂါးလေးနှင့် ရွှေသွားတို့နှစ်ဦးမှာ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ ဖြစ်သွားကြသည်၊

မကြာမီသောကာလမှာပင် ယင်းတို့နှစ်ဦးစလုံး ထောင်ဒဏ်ကျခံနေကြရာမှ လွတ်ရက်စေ့ရောက်၍ ထောင်မှလွတ်မြောက်သွားခဲ့ကြလေသည်၊ ယင်းနောက် နဂါးလေး၊



www.burmeseclassic.com

www.burmeseclassic.com

၏လက်ဦးဆရာရွှေသွား၏စီစဥ်ညွှန်ကြားမှုဖြင့်ညမှောင်မှောင်မည်းမည်းရှိနေသော လမ်းများပေါ်မှာရပ်နားထားသောကားများဆီချဉ်းကပ်ကာကားမီးသီး၊နောက်ကြည့် မှန်ကအစကြုံလျှင်ကြုံသလိုဖြုတ်ခိုးရောင်းစားနေခဲ့ကြသည်။

မြို့နယ်ပေါင်းစုံမှာရှိသော ညအိပ်ရပ်နားထားသည့်ကားများ ဘေးနား မယောင်မလည်ချဉ်းကပ်ကာ လူလစ်သည်နှင့် လွယ်အိတ်ထဲမှ ဝက်အူလှည့်တစ် ချောင်းထုတ်ပြီး ဖြုတ်ခိုးခဲ့ကြသည်။

သို့သော်လည်း ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့်စကားနှင့်အညီ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့မှ ကားပစ္စည်းဖြုတ်ခိုးဂိုဏ်းကို ခြေရာခံလိုက်လံရှာဖွေခဲ့ရာမှ နဂါးလေး တစ်ယောက် ခိုးရာပါပစ္စည်းနှင့်အတူ လက်ပူးလက်ကြပ်ဖမ်းမိသွားလေသည်။

⍟

နဂါးလေးတစ်ယောက် ဒုတိယမ္ပိအကျဉ်းထောင်ကြီးဆီသို့ တစ်ကြော့ပြန် ပြန်လည်ရောက်ရှိလာခဲ့ပြန်သည်။ တကယ်တော့ ဒုစရိုက်သမားတို့ မည်သည်မှာ ပြင်ပလောကကြီးထဲ ပြန်လည်ရောက်ရှိသွားတော့လည်း ခွေးမြီးကောက် ကျည် တောက်စွပ်ဆိုသလို သူတို့ ကျွမ်းကျင်ရာ ဒုစရိုက်သံသရာမှာပဲ တစ်ဖန်ပြန်လည် ဝင်ရောက်လာတတ်သည်က များသည်။

"နာမည် ..."

"နဂါးလေး ခေါ် အောင်မြတ်"

နဂါးလေးဆိုသည့် နာမည်ကို ကြားလိုက်မိသည်နှင့် ထောင်ကျမှတ်ပုံတင် နေသော ထောင်မှူးလေး စိုးဝေ တစ်စုံတစ်ရာ သတိရသွားဟန်ဖြင့် တအံ့တသြ ဖြစ် သွားသည်။

"နေပါဦးကွ - စိုးမြတ်၊ ဒီကောင်က ဟိုတစ်ခါ ဒန်အိုးဒန်ခွက်ခိုးတဲ့၊ သူခိုး ပေါက်စ မဟုတ်ဘူးလား၊ ဒီတစ်ခါကော ထဘီခိုးလာပြန်တာလား"

"မဟုတ်ပါဘူး - ခင်ဗျာ၊ ကားပစ္စည်းခိုးမှုပါ"

"ဟား - ဟား - အဆင့်တော့မြင့်လာသားပဲ၊မင်းကထောင်ကိုများခြင်ထောင် မှတ်ပြီး ဝင်စို့ထွက်စို့ လုပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ရပါဘူး - ဆရာ၊ အခြေအနေအရ စားဝတ်နေရေး မပြေလည်လို့ပါ"

"ဟာ - မင်းဟာက လုပ်စားချင်တယ်ဆိုရင်လည်း ကောင်းရောင်းကောင်းဝယ် လုပ်စားပါလား။ သူများလို သမ္မာအာဇီဝအလုပ်ကိုမလုပ်ဘဲ အစားရှောင်တဲ့ ဒီသူခိုး အလုပ်ပဲ လုပ်နေရလား"

"ဟုတ်ပါတယ် - ဆရာကြီး၊ နောက်ဆို ကောင်းကောင်းမွန်မွန် လုပ်စားပါ့မယ်"

"တော် - တော် - ဟော့ကောင် - မင်းက လုံးတီးစားပြီး လုံးတီးစကားတွေ လာပြောမနေနဲ့။ မင်းလို သူခိုးတွေ နောင်တရလို့ လူကောင်းဖြစ်သွားတယ်လို့ ငါ မကြားဖူးဘူး။ ကဲ - စိုးမြတ်ရေ - ဒီသူခိုးကို သေချာကြည့်ထားဦး၊ ထောင်ထဲမှာ ပြဿနာ ထပ်ရှာနေဦးမယ်"

ထောင်မှူးလေးစိုးဝေကတော့ ကရုဏာဒေါသောဖြင့် ပြောဆိုဆုံးမနေပေမယ့် ဘယ်လိုမှ ပြုပြင်၍မရသည့် သူခိုးဗီဇပါနေသူများက ထောင်သံသရာလည်နေဦးမည် ဆိုသည်ကို နားလည်သဘောပေါက်နေသည်။

တကယ်တော့ နဂါးလေးဆိုသူကား သူခိုးနက္ခတ်ပါနေလေတော့ မခိုးရမနေ နိုင်ပေါင်အစားထဲက ဖြစ်သည်။ ဒါကြောင့်လည်း မကောင်းမှုဒုစရိုက် ဝဲပါထဲမှာ တဝဲလည်လည်နှင့် နစ်မျောနေရှာသူ ဖြစ်သည်။

သို့သော်လည်း နဂါးလေးတစ်ယောက်ကတော့ လူမိုက်ကံကောင်းဖြစ်သွား ခဲ့ပြန်သည်။ ၎င်းကျူးလွန်ခဲ့သော ခိုးမှုများအနက် ပထမမှုဖြင့် ထောင်သုံးနှစ်ကျခံနေရဆဲ မှာ ကျန်ခိုးမှုများအတွက် မြို့နယ်တရားရုံးများဆီ နောက်မှုဖြင့် ရုံးထွက်နေခဲ့ရသည်။

ထိုအချိန်ဝယ် ၁၉၈၈ ခုနှစ်၊ နိုင်ငံတော် အုပ်ချုပ်ရေး ယန္တယားကြီး ဖရိုဖရဲ ဖြစ်နေချိန်ဝယ် အကျဉ်းထောင်များ ဖွင့်ပေးလိုက်ရသဖြင့် ရောနှောပါဝင်သွားသည်။ ဒီလိုအကျိုးကျေးဇူးခံစားနေရချိန်ဝယ် နဂါးလေးမှာ မိမိကိုယ်ကိုပြုပြင်နေထိုင်ရမည့် အစား ဒုစရိုက်သံသရာထဲမှာပဲ ကျင်လည်နေပြီး ဆက်လိုက်မိုက်တွင်းနက်နေပြန် သည်။

သည်တစ်ခါ အကျဉ်းထောင်ထဲဝယ် နှစ်ကြာကြာနေထိုင်ရသဖြင့် ထောင်ထဲ မှာ ပြန်လည်ဆုံတွေ့ရသော မိတ်ဟောင်းဆွေဟောင်း အုတ်ရိုးပျော် လူပွေမိတ်ဆွေ များနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပိုဆိုးသည်က နဂါးလေးသည် အရွယ်ရောက်လာသလို အတတ်မျိုးစုံတတ်မြောက်လာပြီး ထောင်လက်ကောက်တစ်ဦးပင် ဖြစ်လာသည်။ အမှန်တော့ လက်ကောက်ဆိုသည့်စကားမှာ ထောင်မင်းသား၊ ထောင်လူလည်များအပေါ် လူလည်ကျလာသောကြောင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။

နဂါးလေးကို ထောင်လက်ကောက်တစ်ဦးအဖို့ အကျဉ်းထောင်ကြီးထဲဝယ် လူရည်လည်လာသောအခါ ဒိုးလိုမွှေ ရေလိုနှောက်ပြီး နေရာစုံရောက်အောင် သွားလာလည်ပတ်နိုင်လာသည်။

ထိုအခါ အကျဉ်းထောင်ကြီးထဲမှာ အတူတကွ လက်ပွန်းတတီးနေထိုင်ဆက်ဆံလာခဲ့ရသော အုတ်ရိုးပျော်မိတ်ဆွေများဖြင့် အဖွဲ့အစည်းရလာခဲ့လေသည်။ ယင်းတို့အထဲမှ ဖောက်ထွင်းဝိဇ္ဇာမလက်တို ခေါ် အောင်မြင့်၊ အော်ဒလီ၊ တင်ဝင်းစသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးကျွမ်းဝင်လာသည်။

မလက်တို (ခ) အောင်မြင့်ဆိုသူမှာ တိုက်အိမ်ကြီးတစ်အိမ်အား ဖောက်ထွင်းရန် လက်ဖြင့်လျှိုပြီး နှိုက်နေစဉ် အိမ်ရှင်မှ သိသွားပြီး ဓားဖြင့် ခုတ်ပိုင်းချလိုက်ရာ တံတောင်ဆစ်မှ ပြုတ်ကျသွားခဲ့သည်။

ထို့အတူ အော်ဒလီတင်ဝင်းဆိုသူမှာလည်း ထောင်ဘူးဝမှ တံခါးတာဝန်ကျဝန်ထမ်းများနှင့်အရာရှိမှနေအိပ်ဆောင်၊ရုံးခန်းစသည့်နေရာများကိုဆက်သားအဖြစ်စေလွှတ်ခိုင်းစေခံရသူဖြစ်သောကြောင့် ခြေမြန်တော်အကျဉ်းသားဟူ၍ ခေါ်ဆိုသည်။

ဤကဲ့သို့ သုံးဦးသားထောင်ထဲမှာကတည်းက အတူတူစားအိုးတွဲလာကြသူများ ဖြစ်သည်။ အပြင်လောကသို့ ရောက်ကြပြန်တော့လည်း ထောင်ထဲက သံယောဇဉ်ဖြင့် အတူတူတွဲလာပြီး ရာဇဝတ်မှုများကို အကွက်ချစီစဉ်ခဲ့ကြပြန်လေသည်။

ထို့နောက် နဂါးလေးတို့အဖွဲ့သည် မြို့နယ်ပေါင်းစုံမှာ ရပ်နားထားသော ယာဉ်အသီးသီးမှ ကားပစ္စည်းများကို ကြံ့လျှင်ကြံ့သလို လိုက်လံဖြုတ်ခိုးနေခဲ့ကြလေသည်။ နဂါးလေးတို့အတွက် ကုသိုလ်ကံကောင်းနေချိန်မှာတော့ လုပ်ငန်းများ အဆင်ပြေသဖြင့် ငွေကြေးကို ချောင်လည်စွာ သုံးစွဲနေထိုင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ကံကြမ္မာဆိုးဆိုသည်ကလည်း ခက်သားကလား။ လာလျှင် အဖော်အပေါင်းနှင့်လာတတ်သည်။ နောက်ဆုံးကားတစ်စီးအား ကားရှေ့မီးသီးများ ဖြုတ်ခိုးပြီး ထွက်လာစဉ် ရဲပတ္တယောင်နှင့် ပက်ပင်းတိုးပြီး ဖမ်းဆီးခြင်း ခံခဲ့ရလေတော့ သည်။

ထိုအခါ မှုလကျူးလွန်ထားခဲ့သော ပြစ်ချက်ပေါင်းများကိုပါ ရဲအဖွဲ့က စစ်ဆေးဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့် မြို့နယ်အသီးသီးမှ ခိုးမှုဖြင့် အလိုရှိနေသော တရားခံစာရင်းမှာ ပါဝင်နေသည်။

ယင်းအမှုများအားလုံးရုံးတင်တရားစွဲဆိုခဲ့ရာမှပြစ်မှုအားလုံးအတွက်ထောင်ဒဏ်သုံးနှစ်စီ ကျခံခဲ့စေရာ သီးခြားစီ ကျခံစေခြင်းကြောင့် အမှုငါးမှုအတွက် စုစုပေါင်း ထောင်ဒဏ် ဆယ့်ငါးနှစ်ကျခံနေရခဲ့ရလေသည်။

⍟

ဒီတစ်ခါအကျဉ်းထောင်ကြီးထဲသို့ တတိယအကြိမ်မြောက် ဝင်ရောက်လာခဲ့ရပြန်သည်။ နဂါးလေးတစ်ယောက် ထောင်ပါးဝနေချေပြီ။ ပုံစံခန်းဆိုတာကလည်း ခေါ်ဒါခေါ်ကျွတ်တွေရှိနေခြင်းကြောင့် အပရိကလို ဖြစ်နေသည်။ နောက်တစ်နေ့ လေဘာချသောအခါ တောင်ယာဘုတ်သို့ ကျရောက်နိုင်စေရန် သူ့နည်းသူ့ဟန်ဖြင့် လိုင်းဝင်လုံးပမ်းနိုင်ခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် တောင်ယာဘုတ်လို နေရာမျိုးမှာ အကျဉ်းထောင်ကြီးထဲရှိ အလုပ်နေရာများအနက် အနေအစားချောင်သောနေရာ ဖြစ်သည်။ နဂါးလေးတို့လို နှစ်ကြီးထောင်ဒဏ်ကျခံလာရသူများအတွက် တောင်ယာဘုတ်မှာ စိုက်ပျိုးရေးလုပ်ကိုင်ပြီး နေထိုင်နိုင်မှ ပိုပြီးသင့်လျော်သည်။

မကြာမီ တောင်ယာဘုတ်ကိုင်ထောင်မှ လွတ်မြောက်သွားခဲ့သောအခါ နဂါးလေးက ခွင်သိနေသူမို့ တောင်ယာဘုတ်ကိုင်ဖြစ်ရန် နည်းလမ်းထွင်ရယူသွားလေသည်။ အကျဉ်းထောင်အတွင်းရှိအဆောင်တောင်ယာစိုက်ခင်းမှာ သိပ်ကျယ်ကျယ်ဝန်းဝန်းရှိလှသည် မဟုတ်ပေ။ ထောင်ထဲရှိ မြေလွတ်မြေလပ်မကျန် စိုက်ပျိုးရေးကို အထက်မှ စေခိုင်းခြင်းကြောင့် တောင်ယာစိုက်ခင်းထဲ ဟင်းသီးဟင်းရွက်များ ဝေဝေဆာဆာဖြင့် စိုက်ပျိုးထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

နဂါးလေးက တောင်ယာမှ ထွက်ရှိသော ကောင်းပေ့ညွန့်ပေ့ ခရမ်းသီး၊ ဘူးသီး၊ မုန်လာဥ အစရှိသည်တို့ကို အိပ်ဆောင်မှူးထောင်မှူးထံ မျက်နှာလိုမျက်နှာရ ပေးပို့နိုင်ခဲ့လေသည်။ ထို့ပြင် မိန်းဂျေးလ်ရုံးတာဝန်ခံ ထောင်မှူးကြီးထံလည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဝေပေးခဲ့လေသည်။

မိန်းဂျေးလ်ဆိုတာကလည်း အကျဉ်းထောင်ကြီး၏ အဓိကနေရာဖြစ်သည်။ ယင်းနေရာမှ အိပ်ဆောင်၊ တိုက်ခန်း၊ စားဖိုကြီး၊ ဆေးရုံထိတိုင် တိုက်ရိုက်အုပ်ချုပ်နေရသော နေရာမျိုးဖြစ်သည်။

ဒါကြောင့်လည်း နဂါးလေးတို့လို လူရည်လည်လာသူတစ်ဦးအဖို့ မိမိ တောင်ယာစိုက်ခင်းဝယ် စိုက်ပျိုးထားသော သီးနှံများကို အရာရှိများထံ လက်ဆောင်ဝေငှပေးသလို ကျန်ဟင်းသီးဟင်းရွက်များကို စားဖိုကြီးသို့ ပုံစံပို့ပေးနိုင်သောကြောင့်လည်း မိန်းဂျေးလ်တာဝန်ခံ ထောင်မှူးကြီး၏ မျက်နှာသာပေးခြင်းခံရလေသည်။

ထိုအခါ နဂါးလေးက တောင်ယာမှ သီးနှံအချို့နှင့် စားဖိုကြီးမှာ အလဲအလှယ်လုပ်ကာ သူ့အတွက် ဟင်းတစ်ခွက် ချက်ပြုတ်ပေးနိုင်အောင် စီစဉ်နိုင်ခဲ့လေသည်။ ဒီတော့ သူ့အတွက် စားဝတ်နေရေးက ထောင်ဝင်စာလတွေ့မည့်သူမရှိလည်း အဆင်ပြေအောင် ဖန်တီးနိုင်ခဲ့လေသည်။

တချို့ဟင်းသီးဟင်းရွက်များကိုလည်း သူ့နည်းသူ့ဟန်ဖြင့် သိုဝှက်ထားကာ အဆောင်ထဲမှ အကျဉ်းသားများကို နွားဆေးလိပ်ဖြင့် တိုးတိုးတိတ်တိတ် ရောင်းဝယ်လုပ်စားနေပြန်သည်။

တောင်ယာလိုနေရာမျိုးမှာနေပြီး လုပ်ငန်းလုပ်ဆောင်နေခြင်းဖြင့် နဂါးလေးအတွက် ငွေကြေးအသပြာကို တစ်ဖက်တစ်လမ်းမှ စုဆောင်းနိုင်လေသည်။ ထောင်ထဲမှာ မည်မျှပင် ရှာဖွေရေး (တလာစီ) တွေ အထပ်ထပ်လုပ်ပေးမယ့်သူပိုင် ငွေကြေးကို သူ့နည်းသူ့ဟန်ဖြင့် တောင်ယာထဲဝယ် ဝှက်သိမ်းထားနိုင်သည်။

တစ်ခါက ထောင်ဝင်စာတွေ့ဆုံပြီး ထောင်ဝင်စာ ရှာဖွေရေးမှ အထုပ်များကို ဖောက်စစ်ဆေးရှာဖွေသော်လည်း စားစရာများသာပါလာပြီး ငွေကြေးမတွေ့သဖြင့် လွှတ်လိုက်သည်။ ဒါကို ထောင်မှူးလေးစိုးဝေက သတင်းပေးထံမှ သတင်းရ၍ ရုံးခန်းထဲသို့ ခေါ်ယူပြီး ထောင်ဝင်စာထုပ်များကို သေသေချာချာ စေ့စေ့စပ်စပ် ရှာဖွေကြည့်တော့မှ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းမှာ အိမ်မှ ချက်ပေးလိုက်သော ဘဲဥအချဉ်ဟင်းထဲဝယ် အလုံးလိုက်ပြုတ်ပြီး ချက်ထားသည်။ ထောင်မှူးလေး စိုးဝေက သတင်းအတိအကျရထား၍ မသင်္ကာဖွယ်ရာ ဘဲဥဟင်းကို ဇွန်းဖြင့်ထိုးခွဲကြည့်လိုက်သောအခါ ဘဲဥအနှစ်များနှင့် ရောပြုတ်ထားသော ငွေစက္ကူတစ်ရွက်ကို ဟင်းရည်များစွန်းထင်းပြီး ရှာဖွေဖမ်းဆီးနိုင်ခဲ့သည်။

ယင်းအကျဉ်းသားအား မည်သို့မည်ပုံ ဘဲဥထဲ ငွေရအောင် ထည့်သွင်းယူခဲ့သည်ကို စစ်မေးသောအခါ ဘဲဥအစိမ်းအား မပြုတ်မီ အပ်ဖြင့်အပေါက်နည်းနည်းကျယ်အောင် ဖောက်လိုက်ပြီး ငွေစက္ကူကို သေးသေးလေးဖြစ်သွားအောင် လိပ်ကာ အပေါက်နှင့် အရွယ်တော်ဖြစ်သွားစဉ် အပေါက်ထဲမှ ထိုးသွင်းကာ ဘဲဥအနှစ်များဖြင့် ရောထွေးပြီး ပြုတ်လိုက်သည်။

ထို့နောက်ငရုတ်သီး၊ကြက်သွန်နီရောထောင်းပြီးဆီသပ်ကာဘဲဥဟင်းအဖြစ် ချက်လိုက်သည်။ ယင်းဘဲဥဟင်းကို ထောင်ဝင်စာထုပ်ထဲ ရောထည့်ကာ ထောင်ထဲသို့ သွင်းယူလာသည်။ ယင်းအကျဉ်းသား ထောင်ဝင်စာမှ ယခုလို ငွေသွင်းယူနေသည်ကို မည်သူမျှ သတိမထားမိပေ။

သို့သော်လည်း ထောင်မှူးလေးစိုးဝေထံ သတင်းပေးသူမှ ငွေအမှန်တကယ်ဝင်လာမည်ဟု အတိအကျ သတင်းရထားခဲ့သဖြင့် သံသယမကင်းစရာ ဘဲဥအလုံးလိုက်ဟင်းသာ ကျန်နေသဖြင့် ဇွန်းနှင့်ထိုးခွဲကြည့်လိုက်ရာမှ ယခုလို ဖမ်းဆီးရမိခြင်းဖြစ်သည်။

ယခုကဲ့သို့ ထောင်ထဲကိုငွေကြေးသွင်းနိုင်အောင် အကျဉ်းသားများကလည်း နည်းမျိုးစုံသုံး၍ သွင်းယူခဲ့ကြသည်။ ထို့အတူ ရှာဖွေရေးတာဝန်ခံ ဝန်ထမ်းများကလည်း ပိုက်စိပ်တိုက်ရှာဖွေနိုင်ခဲ့ခြင်းကြောင့် မကြာခဏ ဖမ်းဆီးရမိခဲ့လေသည်။

အထူးသဖြင့်နဂါးလေးတို့လုပ်ကိုင်ဆောင်ရွက်နေသောတောင်ယာစိုက်ခင်းများသည် ပိုက်ဆံကို သိုဝှက်ထားရန် ကောင်းသောနေရာမျိုး ဖြစ်သည်။ တောင်ယာဆိုသည်ကလည်း တော်ရုံတန်ရုံဖြင့် မြေလှန်ရှာဖွေ မရနိုင်ပေ၊ သတင်းအတိအကျရမှသာ ရှာဖွေနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လည်းထောင်ဂျပိုးဖြစ်နေသောနဂါးလေးကလည်းမိမိတောင်ယာကိုအကာအကွယ်ပြုကာငွေကြေးများကိုဝှက်ထားခြင်းဖြင့်အိပ်ဆောင်ထဲမှအကျဉ်းသားများအပေါ်ခေါင်းပုံဖြတ်စားနေခြင်း ဖြစ်သည်။

တချို့ကတော့ နဂါးလေး၏ ဩဇာအာဏာကို မလွန်ဆန်နိုင်သောကြောင့် ခေါင်းငုံ့သည်းခံနေကြရသည်။ ထောင်ပါးဝနေပြီဖြစ်သော ထောင်ကျအကျဉ်းသားကြီးများမှာတော့ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပိုက်ဆံငွေကြေးရလာသမျှ နဂါးလေးထံတွင် ပူးပေါင်းသိုဝှက်ထားကာ လုပ်စားကြသည်။

တစ်နေ့မှာတော့ နဂါးလေးတစ်ယောက် ဟင်းနနွယ်ပင်များ စိုက်ပျိုးနိုင်ရန်မြေကို တူးဆွပြီး မြောင်းပေါင်ပြုပြင်နေစဉ် ...

"ဟေ့ကောင် – နဂါးလေး၊ မင်းက ငါ့ကို ကြောတာလား"

"ဘာကြောတာလဲကွ"

လူသတ်မှုဖြင့် ထောင်ဒဏ် ၇ နှစ် ကျခံနေသော မဟုတ်မခံ ဘဇံဆိုသူနှင့်အချင်းများခဲ့ကြလေသည်။

"မင်း ဘာဖြစ်လို့ ငါ့ငွေကို ဖြတ်ယူခဲ့တာလဲ"

"ဟ – ဒါက ထုံးစံအတိုင်း လုပ်တာပဲ"

"ဘာဆိုင်လဲ – ငါလည်းတောင်ယာမှာအတူတူလုပ်နေခဲ့တာ။ မင်းက ဘာဖြစ်လို့ ခေါင်းပုံဖြတ်ရတာလဲ"

"ငါက တောင်ယာဘုတ်ကိုင်ကွ"

"မင်းက တောင်ယာဘုတ်ကိုင်ဆိုတိုင်း သူများအပေါ်မှာ အနိုင်ကျင့်လို့ရပေမယ့် ငါ့အပေါ်မှာ ဒီလိုဆက်ဆံလို့မရဘူး နားလည်လား"

နဂါးလေးက ပေါက်တူးတစ်လက်ဖြင့် မြေပေါင်ကိုပြုပြင်နေစဉ် ချွေးသံတရွှဲရွှဲဖြင့် မောပန်းနေရာမှ မိမိလက်အောက်ဘုတ်သားဖြစ်သူ ဘဇံ၏ မကျေမနပ် ပြောဆိုလာနေခြင်းကို ကြားလိုက်ရသောအခါ ...

"ဘာလဲ – မင်းက မကျေနပ်လို့လား"

"ဟုတ်တယ် – မကျေနပ်ဘူး"

"အေး – မင်းမကျေနပ်တော့လည်း၊ ကဲကွာ – "



www.burmeseclassic.com

www.burmeseclassic.com

"ဒုတ်"

"အား"

စူးရှကျယ်လောင်သော အော်သံကြီး ရုတ်တရက်ပေါ်ထွက်လာပြီး သွေးအိုင်ထဲဝယ် မဟုတ်မခံ ဘဖဲတစ်ယောက် မှောက်နေသည်။

"ဦ-ဦ-ဦ"

ရုတ်တရက် အရေးပေါ်ခရာတွတ်သံပေါ်ထွက်လာပြီး အိပ်ဆောင်တာဝန်ကျ ဝန်ထမ်းများ ပြေးလွှားရောက်ရှိလာကာ အခင်းဖြစ်ပွားရာနေရာဆီ စုရုံးရောက်ရှိလာကြသည်။ ဘဖဲတစ်ယောက် သွေးအိုင်းထဲဝယ် အသက်ပျောက်နေလေသည်။

"ဟော့ကောင် - နဂါးလေး မင်းလက်ထဲက ပေါက်တူးချလိုက်စမ်း"

ထောင်ဝန်ထမ်းတစ်ဦးမှ နဂါးလေးအနား သတိနှင့်ချဉ်းကပ်သွားကာ အမိန့်ပေး ပြောလိုက်သည်။ နဂါးလေးကလည်း လက်ထဲမှ ပေါက်တူးကို လျှင်မြန်စွာ ပစ်ချလိုက်ပြီးနောက် အသာတကြည် အဖမ်းခံခဲ့လေသည်။

ထို့နောက် နဂါးလေးအား ဝန်ထမ်းနှစ်ဦးမှ တစ်ဖက်တစ်ချက်စီ ချုပ်ကိုင်ကာ မိန်းဂျေးလ်ရုံးခန်းဆီ ခေါ်ဆောင်သွားခဲ့ကြလေသည်။ ထောင်မှူးကြီးမှ အခင်းဖြစ်ပွားပုံအား စစ်ဆေးမေးမြန်းသောအခါ တောင်ယာထဲတွင် အလုပ်လုပ်နေကြရင်း စကားများ ရန်ဖြစ်ပွားရာမှ လက်လွန်သွားကြောင်း ဖြေကြားခဲ့လေသည်။

ယင်းသို့ဖြင့် ထောင်တွင်းလူသတ်မှု ထပ်မံဖြစ်ပွားလာကာ တရားရုံးတွင် ရုံးတင်တရားစွဲအမှုဖွင့်လှစ်ခဲ့ရာမှ နောက်ထပ်ပြစ်ဒဏ်ထပ်တိုးသွားခဲ့ပြန်သည်။ နဂါးလေးတစ်ယောက် မူလပြစ်ဒဏ်ကျခံနေခဲ့ရသော ထောင်ဒဏ်ဆယ့်ငါးနှစ်မှ ယခုလူသတ်မှုဖြင့် ထောင်ဒဏ်သုံးနှစ် ပြစ်ဒဏ်ပါ ထပ်မံတိုးပွားခဲ့ရပြန်သည်။ လူမိုက်တို့မည်သည် ထောင်ပရဝုဏ်အတွင်းမှာ ရှိနေလည်း ရာဇဝတ်မှုကို လွယ်လွယ်ပင်ကျူးလွန်သွားတတ်ကြလေသည်။

☆

ရေမှာငရွှေး၊ ကုန်းမှာမြွေပွေး၊ ထောင်မှာနဂါးလေးရယ်လို့ အမည်တွင်ကျော်စောထင်ရှားလာအောင် သူ၏ လုပ်ရပ်များက သက်သေခံနေသည်။ နဂိုမူရ



www.burmeseclassic.com

www.burmeseclassic.com

သူစိုးပေါက်စဘဝမှ တဖြည်းဖြည်းထောင်နှင့်လက်ပွန်းတတီး ယဉ်းပါလာသောအခါ ထောင်ဆိုသည်မှာ သူ့အတွက် ကွန်းခိုစရာနေရာတစ်ခုလို မှတ်ထင်လာနေသည်။

သူစိုးကြီးတော့ ဓားပြဆိုသလို နဂါးလေးတစ်ယောက် မနူးမနပ်အရွယ်မှာ အကျဉ်းထောင်ဆိုသော ဘဝတက္ကသိုလ်ကြီးသို့ အလည်အပတ်ရောက်ရှိလာခဲ့ရာမှ မိုက်လက်စမတုံးဘဲ ဆက်ကာဆက်ကာ မိုက်တွင်းနက်၍ လာခဲ့လေသည်။

တကယ်တော့ အကျဉ်းထောင်ဆိုသည်မှာ ဒုစရိုက်စက်ရုံကြီး ဖြစ်ပါသည်။ ဒီအထဲမှာ ရာဇဝတ်သား ကုန်ကြမ်းများကို ပုံသွန်းလောင်းကောင်းပါက လူကောင်းလူမှန် ဖြစ်သွားကြသည်က နည်းနည်း၊ လူဆိုးလူမိုက် ဖြစ်သွားကြသည်က များသည်။

ဒီအထဲမှာ နဂါးလေးတို့လို လူစားမျိုးက လူမိုက်သာဖြစ်ပြီး ကျန်ထောင်ကျနေသူများက လူဆိုးများဖြစ်သည်။ အမှန်တော့ ထောင်ထဲမှာ ကောင်းကောင်းမွန်မွန်နေနိုင်အောင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပြသပေးပြီး အကျဉ်းထောင်မှ လွတ်မြောက်လျှင် ပြင်ပလောကကြီးထဲမှာ ရပ်တည်နိုင်အောင် အထောက်အကူပြု သင်ကြားပြသပေးပေမယ့် နဂါးလေးတို့လို လူမိုက်တွေက လုံးဝစိတ်မဝင်စား၊ သူတို့ တတ်ကျွမ်းသည့် ဖောက်ထွင်းခိုးလုဝါသနာ အရသာလုပ်ကိုင်စားကြသည်က များသည်။

ဒါကြောင့်လည်း မင်္ဂလသုတ်တော်ထဲမှာ လူမိုက်နှင့် ပေါင်းသင်း၍မရ၊ လူဆိုးနှင့် ပေါင်းသင်း၍သာရသည်ဟု ဖော်ပြထားသည်။ သည်လိုလူမျိုးတွေအတွက် ထောင့်အပြင်တန်း ရှိနေပါသည်။ ဒါကြောင့် တိုက်ထဲမှ အလုံပိတ်ပြစ်ဒဏ်ချမှတ်နေထိုင်စေခြင်းဖြင့် အထီးကျန်ဆန်အောင် ပြစ်ဒဏ်တိုက်သွင်းထားရသည်။

နဂါးလေးတစ်ယောက် မိမိဘဝဇာတ်ကြောင်းကို တရေးရေးတွေးပြီးတော့ ပေါ်လေမည်လား မသိ၊ အဆိုးတကာ့ထိပ်ခေါင်ဘွဲ့ကို ခံယူထားပြီးသားမို့ သီးခြားတိုက်ထဲမှာ ခွဲခြားထားရသည်။ သို့သော်လည်း နောင်တ ဘယ်ခါမှမရဘဲ အခြေအနေနှင့် အချိန်အခါပေးလာလျှင်တော့ ဆက်လက်မိုက်မြဲ မိုက်ဆဲမို့ အကျဉ်းထောင်ပြဿနာသံသရာကြီးထဲမှာပဲ ကျင်လည်ပျော်ပါးနေလေသည်။

သို့သော်လည်း ထောင်သက်ရှည်ကြာနေသော သူ့လို လူကို သက်ဆိုင်ရာမှ ကြာရှည်ချုပ်နှောင်မထားဘဲ ရဲဘက်စခန်းများဆီသို့ ပြစ်မှုကြွေးကို ချွေးဖြင့်ပေးဆပ်



www.burmeseclassic.com

www.burmeseclassic.com

ရန် အခြားသောအကျဉ်းသားတစ်ရာနှင့်အတူ ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းဆီ ပို့ဆောင်ခြင်းခံရလေသည်။

ကျောက်ထုတ်လုပ်ရေးအလုပ်စခန်း ဆိုသည်မှာ နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းကြီးများဖြစ်သော လမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် ကျောက်အရွယ်အစားအမျိုးမျိုးကို ထုခွဲတင်ပို့ပေးရသောအလုပ်စခန်းဖြစ်ပါသည်။ ကျောက်တောင်နံရံကြီးကို မိုင်းဖြင့်ခွဲချပြီး လွင့်စဉ်လာသော ကျောက်တုံးအရွယ်အစားအမျိုးမျိုးကို (၁၆) ပေါင်တူကြီးဖြင့် ရိုက်ခွဲရသောအလုပ်ကြမ်းစခန်းကြီး ဖြစ်လေသည်။

⍟

ယင်းအလုပ်စခန်းသည် အကျဉ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးအလုပ်စခန်းများထက် လုပ်ရကိုင်ရ အပင်ပန်းဆုံးနေရာမျိုး ဖြစ်သည်။ ကျောက်တုံးကြီးများကို တူတစ်လက်ဖြင့် နေ့စဉ်ရိုက်ခွဲနေရသောကြောင့် ပင်ပန်းဆင်းရဲမှုဒဏ်ကို အလူးအလဲခံကြရသည်။

ဤကဲ့သို့ပင်ပန်းဆင်းရဲမှုဒဏ်ကိုခံစားခဲ့ကြရသော ရဲဘက်အကျဉ်းသားများသည် ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းတွင် ပြစ်မှုကြွေးကို ချွေးဖြင့် ပေးဆပ်ကြရင်း သေဆုံးသွားခဲ့ကြသူများလည်း ရှိလေသည်။

ယခုလို ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းတွင် ပင်ပန်းဆင်းရဲမှုဒဏ်ကို အလူးအလဲခံစားကြရသည်။ သေတွင်းနီးသောအလုပ်စခန်းမျိုးဖြစ်သည်။ ညနေပိုင်း အလုပ်သိမ်းချိန်ဝယ် ကျောက်တောင်နံရံကြီးများပေါ်တွင် လွန်သွားကိုင်ယမ်းကိုင်အဖွဲ့မှ မိုင်းကြိုးများ တပ်ဆင်ပြီး မိုင်းခွဲချပေးရသည်။ ယင်းသို့ မိုင်းခွဲချလိုက်သဖြင့် ထွက်ရှိလာသော ကျောက်တုံးကြီးများကို နောက်တစ်နေ့နံနက်အလုပ်ဆင်းလာချိန်မှာ (၁၆) ပေါင်တူဖြင့် ကျောက်အရွယ်အစားအမျိုးမျိုးရအောင် ထုခွဲကြရလေသည်။

ကျောက်ကွင်းကြီးထဲဝယ် ကျောက်ရိုက်ခွဲထုရိုက်သံများက မှန်မှန်ပေါ်ထွက်နေသည်။ ထိုစီတုံးခေါ် ကျောက်တုံးအရွယ်ကြီးကြီးကို (၆ပေ × ၉ပေ) အရွယ်အစား ကျောက်မျိုးရအောင် တူဖြင့် ထုခွဲရာဝယ် အမှတ်မထင် ကျောက်စထိမှန်ကာ ဒဏ်ရာ အနာတရဖြစ်ပွားလေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ကျောက်တုံးကြီးကို ထုခွဲရိုက်ချိုးနေကြသောအကျဉ်းသားများကို ထိန်းကိုက်အနာတရများ မကြာခဏ ဖြစ်ပွားတတ်သည်။ ယခုလို ကျောက်ထုခြင်း၊ ကျောက်ရိုက်ခွဲခြင်း၊ ဌာနဆိုင်ရာ ကားများပေါ်သို့ ကျောက်တင်ပို့ပေးရခြင်းလုပ်ငန်းများကို လုပ်ငန်းခွင်ထဲမှာ ဇယ်ဆက်သလို အလုပ်များဖြစ်သဖြင့် ပင်ပန်းဆင်းရဲဒုက္ခကို အလူးအလဲခံစားကြရသည်။

နဂါးလေးတို့လို နဂိုကတည်းကမှ လက်ကြောမတင်းသူများအဖို့ ယခုလို နဖူးတွေ့ဒူးတွေ့ ပင်ပန်းဆင်းရဲမှုဒုက္ခကို မျက်ဝါးထင်ထင်တွေ့မြင်လာရသောအခါ ပင်ပန်းဆင်းရဲမှုဒုက္ခကို ဘယ်လိုမှ ခံနိုင်ရည်စွမ်း မရှိတော့ပေ။

နောက်ဆုံးမှာတော့ နဂါးလေးတစ်ယောက် ဖွဲ့ဖောက်လာကာ တရားဝင်လွတ်လမ်းကို မရွေးချယ်တော့ဘဲ တရားမဝင် ထွက်ပြေးလွတ်မြောက်နိုင်ရန် ကြံစည်ကြိုးစားလာနေသည်။ လုပ်ငန်းခွင်ထဲမှာ တာဝန်ကျနေသော အကျဉ်းဦးစီးဌာန အစောင့်ဝန်ထမ်းများ၏ အလစ်အငိုက်ကို စောင့်ကြည့်နေသည်။

ဤသို့ လုပ်ငန်းခွင်ထဲမှ နေထွက်ပြေးလွတ်မြောက်နိုင်ရန် အခွင့်မသာသော အခါ ညဘက်အိပ်ဆောင်ဖောက်ပြေးရန် စိတ်ကူးကြံစည်နေပြန်သည်။ ညလူဖြစ်ခဲ့ဖူးသော နဂါးလေးအဖို့ မိမိကျင်လည်ဖူးသော ညဘက်လှုပ်ရှားမှုကို အကောင်အထည်ဖော်နိုင်ရန် အချိန်ကို စောင့်နေသည်။ အိပ်ဆောင်ဗာရာကင်းသမား၏ အလစ်အငိုက်ကိုစောင့်ပြီး အိပ်ဆောင်ကြီးထဲမှ ဖောက်ထွက်ပြေးနိုင်ရန် စဉ်းစားနေလေသည်။

အမှန်တော့ နဂါးလေးကို ညလူတစ်ယောက်အဖို့ ညဘက်ထွက်ပြေးလွတ်မြောက်ရန် ပိုပြီးအားသန်သည်။ များသောအားဖြင့် ညဝယ် ကျင်လည်ကျက်စားဖူးသော နဂါးလေးသည် အိပ်ဆောင်ကြီးကို ကာရံထားသော ဝါးထရံကြီးကို တုပ်နှောင်ထားသည့် နီးချက်များအား နဂိုကတည်းကမှ ကြိုတင်ကြံစည်၍ ဖြုတ်ထားခဲ့ပြီး ဖြစ်သည်။

အိပ်ဆောင်ကြီးပတ်ဝန်းကျင်ဝယ် ဝါကျင်ကျင်မီးလုံးအလင်းရောင်အားပျော့မှောင်ကျနေသည်ကို အခွင့်ကောင်းယူ၍ စောစောကတည်းမှ ထရံကိုချည်တုပ်ထားသော နီးချက်ကို အသာဖြုတ်ပြီး ယင်းထရံပေါက်နေရာမှ အသာလျှိုဆင်းကာ မြေပြင်ဝယ် ဝပ်ပြီး အခြေအနေကို အကဲခတ်စောင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ထိပ်မှာ ညကင်းစောင့်နေသော ဗာရာကင်းသမားအလစ်မှာ အိပ်ဆောင်အနောက်ဘက် မှောင်ကျကျနေရာဆီ ခြေသံလုံလုံနင်းကာ အိပ်ဆောင်ဝင်းကြီးကို ကာရံထားသော ဆူးကြိုးနား ပြေးကပ်လိုက်သည်။

ထို့နောက် ကာရံထားသော ဆူးကြိုးအောက်ခြေနေရာ မြေပြင်ပေါ်မှာ လှဲချလိုက်ပြီး ဆူးကြိုးကိုလူတစ်ကိုယ်စာဖြဲထွက်အပြင်ဘက်ဆီဝပ်တွားထွက်သွားသည်။ နဂိုကမှ နဂါးလေး၏ ပုံသဏ္ဍာန်မှာ လူဗလံသေးသေးလေး ဖြစ်သောကြောင့် အရပ်မှာလည်း လေးပေကိုးလက်မလောက်သာ ရှိသဖြင့် အသာလျှိုထွက်သွားနိုင်လေသည်။

ဤကဲ့သို့အိပ်ဆောင်ဆူးကြိုးကြီးကိုဖောက်ထွက်ကာ အမှောင်ထုကို အကာကွယ်ယူပြီး တစ်ဖက်တောအုပ်ဆီ ထွက်ပြေးလွတ်မြောက်သွားလေသည်။ ထိုသို့စခန်းမှ ထွက်ပြေးလွတ်မြောက်သွားပြီးနောက် မိမိကျင်လည်ကျက်စားခဲ့ရာ ရန်ကုန်မြို့ကြီးဆီ ကားကြုံတားစီးပြီး ထွက်ပြေးလွတ်မြောက်သွားလေသည်။

နောက်တစ်နေ့နံနက် ထောင်ဖွင့်ချိန်မှ အကျဉ်းသားတစ်ဦး ညဘက်ပိုင်းက ထွက်ပြေးလွတ်မြောက်သွားမှုကို စခန်းတာဝန်ခံ ထောင်မိုင်ကြီးမှ သိရှိခဲ့လေသည်။ ဒါကြောင့် အလုပ်စခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သော ရဲဘက်ပြေးနဂါးလေးကို ဖမ်းဆီးရမိနိုင်စေရန် ရဲဘက်ပြေးမှု ဖွင့်လှစ်ပြီး ထောင်ပုံစံ ၅ ကို ဖြည့်စွက်၍ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းအသီးသီးဆီ ပို့ပြီး အကြောင်းကြားခဲ့လေသည်။

စခန်းမှ ထွက်ပြေးလွတ်မြောက်သွားသော ရဲဘက်ပြေးနဂါးလေးအား သက်ဆိုင်ရာရဲစခန်းအသီးသီးမှ ရာဇဝင်လူဆိုးတစ်ဦးဖြစ်နေသောကြောင့် မှုခင်းကြိုတင်ကာကွယ်နိုင်ရန် ပြေးလေးပြေးစီမံချက်ဖြင့် လိုက်လံရှာဖွေစုံစမ်းနေလေသည်။

မည်သို့ပင်ဆိုစေ ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော စကားနှင့်အညီ ကြမ္မာရဟတ် တစ်ပတ်လည်သည်ပဲ ပြောရမလား၊ နဂါးလေး ကွန်းခိုနားတတ်သော ကီလီအဟောင်းတန်းဈေးတန်းထဲဝယ် ရဲတပ်ဖွဲ့ဝင်တစ်ဦးမှ တွေ့မြင်မှတ်မိသွားကာ သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားနိုင်သဖြင့် ရဲတပ်ဖွဲ့ဝင်များဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် လက်ပူးလက်ကြပ်ဖမ်းဆီးခြင်း ခံခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန် ရဲဘက်ပြေးမှုဖြင့် မြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းနေချိန်ရဲအချုပ်ယာဉ်ပေါ်တွင် အတူတူရုံးထွက်နေကြသော ခါးပိုက်နှိုက်ဝါးတန်းတင်ဝင်း၊ ငရမာန်လှမြင့်ဆိုသူတို့နှင့် ပူးပေါင်းကြံစည်ကာ ထွက်ပြေးလွတ်မြောက်နိုင်ရန် ကြံစည်ခဲ့ကြပြန်လေသည်။

ယင်းမှာအကျဉ်းထောင်ထဲဝယ်နေထိုင်ခဲ့ကြစဉ်က ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော လက်ကောက်မောင်ကြင်ဆိုသူ၏ အကူအညီဖြင့် အချုပ်ခန်းအတွင်းသို့ သံဖြတ်လွှနိုးသွင်းခိုင်းစေကာ အချုပ်ခန်း သံတိုင်အား သံဖြတ်လွှဖြင့်ဖြတ်တောက်ပြီး အသင့်စောင့်နေသော အငှားကားဖြင့် အချုပ်ခန်းထဲမှ ထွက်ပြေးလွတ်မြောက်သွားကြပြန်သည်။ သက်ဆိုင်ရာမှ မသင်္ကာ၍လိုက်လံကြည့်တော့မှ ထွက်ပြေးလွတ်မြောက်သွားမှန်း သိခဲ့လေသည်။

ထိုအချိန်ဝယ်နဂါးလေးတို့အဖွဲ့သည်အငှားယာဉ်မောင်းအားဓားဖြင့်ထောက်ပြီးငှင်းတို့သွားလိုရာသို့အတင်းအဓမ္မမောင်းနှင်ထွက်ပြေးစေသည်။ နောက်မှ ရဲတပ်ဖွဲ့ဝင်များကလည်းရဲကားများဖြင့်ကြိုးမဲ့ကြေးနန်းဆက်သွယ်အကြောင်းကြားခဲ့သဖြင့် တရားခံများပါသော အငှားကားကို ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးရမိနိုင်ရန် ကြိုးပမ်းခဲ့ကြလေသည်။

နောက်ဆုံး မြို့အထွက်နားဆီမှာ ထွက်ပြေးလွတ်မြောက်သွားသော တရားခံများနှင့်အတူ အငှားကားအား ရှေ့နောက်ပိတ်ဆို့ပြီး ကားချင်းယှဉ်လျက် တစ်စီးနှင့်တစ်စီး တိုက်ခိုက်မောင်းနှင်ပြီး ခက်ရာခက်ဆစ် ဖမ်းဆီးခဲ့ရလေသည်။

ရာဇဝင်လူဆိုးနဂါးလေးကတော့ ဘယ်နေရာဘယ်ဒေသကိုပဲရောက်ရောက် ဖြစ်ဒဏ်ကာလကို ပြီးဆုံးသည်အထိ မခံရဘဲ အမြဲတမ်းထွက်ပြေးလွတ်မြောက်နိုင်ရန်သာ ကြံစည်အားထုတ်နေတတ်သည်။ ဤကဲ့သို့ ဒုစရိုက်သမားများအတွက် ဒုစရိုက်သံသရာမှာ ကျင်လည်ကျက်စားပျော်မွေ့နေခြင်းကြောင့် ရာဇဝတ်မှုများမှာ တစ်မှုမှ နှစ်မှု၊ ထိုမှ ထပ်ကာထပ်ကာ ဖြစ်မှုပေါင်းများစွာကို ဆက်လက်ကျူးလွန်လာခြင်းကြောင့် အမှုပေါင်းများစွာအတွက် နောက်ဆုံးထောင်ဒဏ် (၂၂) နှစ်ထိ ကျခံနေခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ဖန် အကျဉ်းထောင်ကြီးထဲဝယ် ပြစ်ဒဏ် ၂၂ နှစ်ကျခံနေရရှိ ဝယ်အလုပ်စခန်းများမှ လုပ်အားလိုအပ်လာသောကြောင့် အခြားစိုက်ပျိုးရေးအလုပ် စခန်းဆီသို့ ရဲဘက်အဖြစ် ဆက်လက်ပြောင်းရွှေ့သွားလေသည်။

သို့သော်လည်း နဂါးလေးကတော့ ဘယ်တော့မှ ခြေမငြိမ်နိုင်သူတစ်ဦးမို့ စခန်းမှ ထွက်ပြေးလွတ်မြောက်နိုင်ရေးကိုဘဲ ကြံစည်အားထုတ်နေပြန်သည်။ ယင်း စိုက်ပျိုးရေးအလုပ်စခန်းမှာ အလုပ်လုပ်နေလာခဲ့ပြီး တစ်နှစ်ခန့်ကြာသောအခါ အလုပ်စခန်းတွင် အတူတူတွဲနေကြသော ရဲဘက်အကျဉ်းသားပေါက်ခေါ် (ခ) အေးမြင့်၊ နွားကြီး (ခ) သန်းမောင်တို့နှင့် ရင်းနှီးခင်မင်သွားကာ စခန်းမှ ထွက်ပြေးနိုင် ရန် ဆွေးနွေးတိုင်ပင်နေကြပြန်သည်။

နဂါးလေးကတော့ ပြေးနိုင်လျှင် လွတ်မည်ဟုများ တရားသေမှတ်ထင် ယုံကြည်ထားကာ လွတ်လပ်မှုကို အခွင့်ကောင်းယူပြီး စခန်းထဲမှ ထွက်ပြေးလွတ် မြောက်သွားခဲ့ပြန်လေသည်။ ဒီတစ်ခါမိမိဘဝကိုခြေရာဖျောက်ကာ တံတားစိမ်းကိုနှ လုပ်ငန်းခွင်မှာ ပန်းရန်အလုပ်သမားအဖြစ် ဇာတ်မြှုပ်ကာ ဝင်လုပ်နေပြန်သည်။

☆

နဂါးလေးအတွက်တော့လောကကြီးသည်ကျယ်ပြောလွန်းလှသည်ဟုမှ ထင်ယုံကြည်နေလေသည်။ လူပေါင်းသိန်းချီရှိနေသော ရန်ကုန်မြို့ကြီးဝယ် မိမိ ရဲဘက်ပြေးတစ်ယောက်ဟူ၍မည်သူကမျှ သိရှိဂရုစိုက်မိကြမည်မဟုတ်ပေ။ ရန်ကု မြို့အတွင်းဝယ် ပုန်းခိုရှောင်တိမ်းစရာနေရာများက အများအပြားရှိနေသည်။

အထူးသဖြင့် မိမိနာမည်ကို ပြောင်းပြီး အရပ်ဒေသပြောင်းရွှေ့ပြီးလည် ကောင်း ရှာဖွေလုပ်ကိုင်စားသောက်ကာ ဇာတ်မြှုပ်နေထိုင်နိုင်လေသည်။ သို့သော် လည်း မိမိ ပြုလုပ်ခဲ့ဖူးသော အရိပ်မည်းကြီးက နောက်မှထက်ကြပ်မကွာ လိုက် နေသည်ကို နည်းနည်းလေးမျှ မရိပ်စာမိပေ။

တစ်ခုကောင်းသည်က အကျဉ်းထောင်ကြီးထဲဝယ် ထောင်ကျနေခဲ့ ကာလဝယ် အလုပ်ကြီးဘက်ရှိလက်သမားရုံမှာ လက်သမားပညာ သင်ကြားနိုင်ခဲ့ လေဘာချထားခြင်းခံရစဉ်က လက်သမားအလုပ်ကို နည်းနည်းပါးပါး တတ်မြောက် လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ထောင်ကြီးထဲဝယ် နစ်ကြီးအကျဉ်းသားတစ်ယောက်အဖြစ် မိမိဘဝကို အချိန်ကုန်ဆုံးလွတ်မြောက်ရန် မဆုံးဖြတ်ဘဲ ရဲဘက်စခန်းဝယ် ပိုမိုအနေအထား ချောင်မလားဆိုသည့် အတွေးဖြင့် ရဲဘက်ထွက်လာခဲ့သည်။

တကယ်တမ်း အလုပ်စခန်းသို့ ရောက်သောအခါ ပင်ပန်းဆင်းရဲမှုဒဏ်ကို နဖူးတွေ့ဒူးတွေ့ လက်တွေ့ခံစားရတော့မှ ဒဏ်မခံနိုင်ဘဲ အလုပ်စခန်းမှ ထွက်ပြေးခဲ့ရပြန်လေသည်။ မိဘအရိပ်အာဝါသကို ခိုဝင်နားလို့ကလည်း မဖြစ်၊ ရာဇဝင်လူဆိုးအဖြစ် ကျော်စောနေခဲ့ပြီ။

ဒီလိုအခြေအနေဘဝမျိုးမှာ ကောင်းစွာအိပ်စက်နားနေခြင်း၊ စားသောက်ခြင်းမပြုနိုင်ဘဲ ကျီးလန့်စာစားဘဝဖြင့် နေ့မှာန်ပုန်းခို၊ ညမှာလှုပ်ရှားနေထိုင်လာခဲ့ရသည်။ မိမိဘဝပေးအခြေအနေက လောကကြီးအလယ်မှာ ပေါ်ပေါ်ထင်ထင်နေထိုင်သွားလာ၍ မရအောင် မိမိနောက်ကြောင်း မအေးသဖြင့် ယခုလို ပုန်းလျှိုးကွယ်လျှိုးနေထိုင်နေရလေသည်။

ယခုလို တံတားစီမံကိန်းလုပ်ငန်းမှာ နေ့စားအလုပ်သမားအဖြစ် မိမိဘဝကို ခြေရာဖျောက်နေထိုင်စဉ်ကာလမှာပဲ မိမိလုပ်ငန်းခွင်ထဲဝယ် ပန်းရန်လုပ်နေသော အေးမြသီဆိုသူမိန်းကလေးနှင့်သံယောဇဉ်တွယ်မိလာသည်။ သူမက သူ့ဘဝနောက်ကြောင်းကို ဂယနဏမသိရှာလေတော့ လူကောင်းသူကောင်းတစ်ယောက်လို မှတ်ထင်ဆက်ဆံနေလေသည်။

"ကိုစိုး – ထမင်းစားနားတော့လေ"

"ကောင်းသားပဲ – ညီမ"

"ဒါဆို အေးမှာ ထမင်းချိုင့်ပါလာပါတယ် မျှစားကြတာပေါ့"

"အို – မဟုတ်တာ ညီမရယ်၊ အစ်ကို ဟိုနားကထမင်းဆိုင်မှာ ထမင်းနဲ့ ဟင်းသွားဝယ်ပါ့မယ်"

"မဝယ်ပါနဲ့ – ကိုစိုးရယ်၊ ဒီထမင်းချိုင့်ထည့်လာတာ နှစ်ယောက်စာလုံလောက်ပါတယ်"

နဂါးလေး၏ နာမည်အရင်းမှာ အောင်မြတ်ဖြစ်ပေမယ့် ယခု နေရာသစ်မှာ စိုးစိုးဖြစ်နေသည်။ နဂါးလေးဆိုသည်ကလည်း ထောင်ထဲမှာ အတူတူနေခဲ့ကြသူ

www.burmeseclassic.com

အုတ်ရိုးပျော်များအချင်းချင်း နာမည်ဂုဏ်များ ပေးထားရာမှ နားရွက်ကားကားလေး နှင့်မို့ နားကားကားလေးဟု စနောက်ခေါ်ရာမှ ကာလရွေ့လျားတော့ နဂါးလေးရယ်လို့ ဖြစ်လာသည်။

အဲဒီလိုပါပဲ အကျဉ်းထောင်ထဲမှာ နာမည်ကြီးထောင်ကျနေကြသူများအချင်း ချင်း နာမည်ဂုဏ်ကိုယ်စီ ရှိကြသည်။ တစ်ကိုယ်တော်လုယက်မှု ကျူးလွန်တတ်သူ ချစ်မောင်ကို တစ်ကောင်ဘွားဟု ခေါ်သလို ကျွဲပေါက်သဏ္ဍာန်မည်းမည်း လုံးလုံးနှင့် အောင်မြင့်ကို ကျွဲကြီးဟူ၍လည်းကောင်း နာမည်ပေးထားကြသည်။

နဂါးလေးက လုပ်ငန်းခွင်ထဲတွင် ရုပ်ဖျက်သည့်သဘောဖြင့် လျှာထိုးအနီ ဦးထုပ်လေးကို အမြဲဆောင်းထားသည်။ ပန်းရန်လုပ်ငန်းခွင်မှာ အလုပ်အတူတူလုပ် ကိုင်နေသော အေးမြသီဆိုသည့် ကောင်မလေးနှင့် သံယောဇဉ်တွယ်နေပြီး သူမ အပေါ်တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ဘူးသော မေတ္တာအငွေ့အသက်တို့က သူ့ရင်ထဲမှာ တိုးဝှေ့ဝင်လာနေသည်ကိုတော့ သူကိုယ်တိုင် သတိထားမိလာသည်။

အေးမြသီတစ်ယောက် လုပ်ငန်းခွင်သို့ မလာရောက်သည့်အခါ နဂါးလေး ရင်ထဲဝယ် ဘာရယ်မသိ ယောင်တိယောင်ချာ၊ ကပေါက်တိကပေါက်ချာ အယောင် ယောင် အမှားမှားဖြစ်နေကာ လုပ်ငန်းထဲမှာ စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေသည်။

"ဟေ့ကောင် - စိုးစိုး၊ မင်းကလည်း သံချက်ကို ဒီနေရာမှာ ရိုက်ပါဆိုတာကို ဘယ်နေရာမှာ သွားရိုက်တာလဲ။ မင်းစိတ်တွေ အလုပ်ထဲမှာမရှိဘဲ အေးမြသီဆီကို ရောက်နေလား။ မျှော်မနေနဲ့မောင်၊ ဒီနေ့ ကောင်မလေး အလုပ်မဆင်းနိုင်ဘူး။ သူ့ အမေကြီး ညက နေထိုင်မကောင်းဖြစ်နေလို့ ပြုစုနေရတာနဲ့ လာနိုင်မှာမဟုတ်ဘူး"

လက်သမားခေါင်းကိုကျော်အောင်၏ စကားများကို ကြားလိုက်ရမှပဲ နဂါး လေး ရင်ထဲ ဘဝင်ကျသွားသည်။ နို့မို့ဆို စိတ်တွေ ယောက်ယက်ခတ်ပြီး အလုပ် လုပ် နေရတာ မဖြောင့်ပေ။ သူကိုယ်တိုင် အေးမြသီတို့ အိမ်ကိုသွားပြီး လူနာအခြေအနေ မေးချင်ပေမယ့် အခြေအနေအရ ကိုယ်တိုင်က လုပ်ငန်းခွင်ပြင်ပသို့ လျှောက်မသွားရဲ ဖြစ်နေသည်။

ကိုယ့်ဘဝ ကိုယ့်အခြေအနေက နောက်ကြောင်းမလှသောကြောင့် အစစ အရာရာ သတိထားနေရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လှည့်ကင်းဝပ်ကင်း များကြောင့် ဒုစရိုက်သမားများအတွက် ပြေးစရာမြေမရှိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်လာသည့် ရဲဘက်ပြေးနဂါးလေးနှင့် ပတ်သက်သော ရဲဘက်ပြေးမှု ထောင်ပုံစံ ၅ ကို သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းများဆီ ဖြန့်ဝေထားသောကြောင့် ပုန်းခိုစရာနေရာမရှိဖြစ်နေသည်။

ယင်းကဲ့သို့ ရှာဖွေဖော်ထုတ်အရေးယူမှုများ ပြုလုပ်လာသောကြောင့် မိမိလုပ်ကိုင်နေသော စီမံကိန်းလုပ်ငန်းခွင်မှာ စိတ်မချနိုင်ဖြစ်ကာ ခြေရာဖျောက်လစ်ပြေးရပြန်လေသည်။ မိမိပထမဆုံးတွယ်တာခံစားဖူးသော ချစ်မေတ္တာစိတ်ကိုအေးမြသီထံပါး ရစ်ဝဲဝဲဖြစ်ပေါ်ခံစားနေရာမှ အနေနီးသော လုပ်ငန်းခွင်သစ်ဆီ ကူးပြောင်းလှုပ်ရှားရှောင်တိမ်းနေရလေတော့သည်။

⍟

နောက်ဆုံးမှာတော့ မိမိနေထိုင်ရာ နေရာမှန်သမျှ လုံခြုံစိတ်ချမှုမရရှိနိုင်ကြောင်း စိုးရိမ်မှုလွှန်ကဲလာသဖြင့် တစ်ဖက်နိုင်ငံဆီ ထွက်ပြေးပြီး ရှောင်ပုန်းရန်ကြိုးစားလာခဲ့ပြန်သည်။ မိမိဘဝလုံခြုံရေးအခြေအနေအတွက် ဘားအံမြို့ဘက်သို့ ရှောင်တိမ်းလာစဉ် ထောင်ထဲမှာ ရင်းနှီးသိကျွမ်းခင်မင်ခဲ့သော ဓားပြဗိုလ်ရဲအောင်၏ အိမ်တွင် ခေတ္တနေထိုင်ရင်း အဆက်အသွယ်ရှာနေလေသည်။

သို့သော် တစ်ဖက်နိုင်ငံသို့သွားနိုင်ရန် အခြေအနေက ဖန်တီး၍မရနိုင်ဘဲ ဖြစ်နေသည်။ အကြောင်းမှာ ရှာဖွေရေးဂိတ်များကို ဖြတ်သန်းသွားလာနိုင်ဖို့ ခဲယဉ်းနေသောကြောင့် မြို့တွင်းမှာပဲ ရှောင်တိမ်းပုန်းအောင်းနေခြင်းက ပိုမိုစိတ်ချရသည်ကို ယုံကြည်ကာ ရန်ကုန်မြို့ဆီ ခြေဦးပြန်လှည့်ခဲ့သည်။

မြို့နယ်တစ်ခုတွင် ခေတ္တအခိုက်အတန့် ပုန်းအောင်းနေစဉ်မှာပဲ ထောင်ထဲမှာ သိကျွမ်းခဲ့သော လူသတ်မှုဖြင့် ထောင်ကျဖူးသူ စကေဘာသန်းလွင်နှင့် ပြန်ဆုံမိပြီး ၎င်း၏ အိမ်မှာ တည်းခိုကာ ရပ်ကွက်ထဲမှာ ရပ်ထားသော ကားများမှာ မီးသီးပိုးတက်စသည်များကို လက်ခံဖြုတ်ခိုးခဲ့ကြပြန်သည်။

ယခုလို ရှောင်ရင်းပြေးရင်းပုန်းခိုနေရင်း နဂါးလေးအတွက်တော့ အခြေအနေကကောင်းနေသည်။ ယင်းသို့ကားပေါ်မှပစ္စည်းများကိုဖြုတ်ခိုးယူနေခြင်းအပေါ်လက်သည်အမှန်ကို မသိရှိနိုင်သောကြောင့် ညဘက်ပိုင်းတွင် တိတ်တဆိတ်ပြုလုပ်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း မိမိနောက်မှာ အမြဲကပ်ပါလာနေသော အရိပ်မည်းကြီးက နဂါးလေးအဖို့ ပြေးစရာမြေမရှိသလို ဖြစ်နေသည်။ ဤသို့ အရိပ်မည်းကို ဖျောက်ဖျက်မရနိုင်ခဲ့သဖြင့် ဘဝမှာ ကျီးလန့်စာ စားအဖြစ်မျိုး ရောက်နေပြီး အစားဆင်းရဲ၊ အနေဆင်းရဲဖြစ်ပေါ်ကာ အေးအေးချမ်းချမ်း နေထိုင်ရသည်မရှိဘဲ သောကဗျာပါရကြွယ်နေသည်။

ဤကဲ့သို့ နေထိုင်လာရင်း ညသန်းခေါင်ကျော် အိမ်မှ ထွက်လာခဲ့ကာ မြို့နယ်တစ်ခုအတွင်းရှိ ဆောက်လုပ်နေဆဲ တိုက်အိမ်၏ရှေ့မှာ သော့မခတ်ဘဲ ရပ်ထားသော ပြိုင်စက်ဘီးလေးတစ်စီးကို တွေ့မြင်သဖြင့် အလွယ်တကူ ကောက်ယူစီးကာ ခိုးပြေးလာခဲ့သည်။ ယင်းစက်ဘီးလေးကို အသုံးပြုပြီး မြို့နယ်တစ်ခုအတွင်းမှာ ရပ်ထားသော ကားများဆီ မယောင်မလည် ချဉ်းကပ်သွားသည်။

ညဘက် ရပ်နားထားသော ကားများမှာ ပိုင်ရှင်ဖြစ်သူများက လုံခြုံစိတ်ချရသည်ဟု ယူဆကာ ရပ်နားထားခြင်းကြောင့် နဂါးလေးကို ညလူဒုစရိုက်သမားအဖို့ အေးအေးဆေးဆေး အလုပ်လုပ်စားရန် အခွင့်အလမ်းရသွားသည်။

ဤကဲ့သို့ အကြိမ်ကြိမ်ခါခါ ကားများမှ မီးသီးများကို လိုက်လံဖြုတ်ခိုးနေခဲ့သဖြင့် လတ်တလော ငွေရှင်ကာ စားဝတ်နေရေးအဆင်ပြေနေသည်။ ခိုးယူရရှိလာသော ပစ္စည်းများကို သူခိုးဈေးဖြင့် ရောင်းစားကာ စားဝတ်နေရေးကို ဖြေရှင်းနေခဲ့သည်။

ထိုကဲ့သို့ နဂါးလေးတစ်ယောက် ဒုစရိုက်နွံဝဲမှာ ကျင်လည်ပျော်ပါးနေခဲ့ခြင်းမှာ မိမိဘဝကို ရပ်တည်နိုင်အောင် မစဉ်းစားမဆင်ခြင်ဘဲ လုပ်ကိုင်ဆောင်ရွက်နေခြင်းသာ ဖြစ်ပေသည်။ ယခုလို ဖမ်းမမိနိုင်ချိန်မှာ ခံစားနေရသော်လည်း ဖမ်းမိခံခဲ့ရချိန်မှတော့ မြို့နယ်ပေါင်းစုံမှ ခိုးမှုများ တစ်စစီ ဖော်ထုတ်ကာ အရေးယူခံရပေမည်။

နဂါးလေးကတော့ အကျဉ်းထောင်ဆိုတာ သူ့ဘဝအတွက်တော့ ဘူမိနက်သန် နေရာမှန်ဆိုသည်ကို မှတ်ယူထားပြီးသားမို့ မျက်ကန်းတစ္ဆေမကြောက် ဖွတ်တိုးကာသာ ရာဇဝတ်မှုများကို ကျူးလွန်လို့ နေလေသည်။

တကယ်တော့ ရေမှာငရွှေ၊ ကုန်းမှာမြွေပွေးဆိုသည့် သတ္တဝါများသည် အသက်အန္တရာယ်ကို ဒုက္ခရောက်စေသလို ထောင်မှာ နဂါးလေးလို လူမျိုးသည်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းရသိမ်းရခက်ခဲလှပေသည်။ ထောင်ကိုမကြောက်၍ထောင်ထဲဝင်လာပြန်တော့လည်း ထောင်ထဲမှာ ပြဿနာကို တစ်နည်းနည်းဖြင့် ရှာကြံဖန်တီးတတ်သည်။

ဒီလိုထောင်ထဲမှာခဏခဏပြဿနာတက်နေသဖြင့်ထောင်ပြင်အလုပ်စခန်းဆီရဲဘက်ထုတ်ပြန်တော့လည်းပြစ်မှုကြွေးကိုချွေးဖြင့်ဆပ်ဖို့နေနေသာသာအစောင့်အလစ်အငိုက်ကိုကြည့်ပြီး စခန်းဖောက်ထွက်ပြေးကြံစည်ခဲ့ပြန်သည်။

ဤကဲ့သို့နဂါးလေး၏အကြိမ်ကြိမ်အလီလီ နိုပ်စက်ပေါင်းများသဖြင့် ထောင်အာဏာပိုင်အဖွဲ့အစည်းမှ ဝန်ထမ်းများမှာ ဌာနဆိုင်ရာ စုံစမ်းအရေးယူမှုခံကြရပြန်လေသည်။

ဒါကြောင့်လည်းနဂါးလေးလို ရာဇဝင်လူဆိုးတစ်ယောက်အား ထောင်ထဲမှာသော်လည်းကောင်း၊ ရဲဘက်အလုပ်စခန်းမှာသော်လည်းကောင်း မည်သို့မျှ ထိမ်းသိမ်းစောင့်ရှောက်နိုင်မှုမရှိဘဲ တာဝန်ကျအရာထမ်း၊ အမှုထမ်းများအဖို့ မိမိအလုပ်မပြုတ်အောင် အမြဲတစေ စောင့်ကြည့်နေရပေသည်။

မည်သို့ပင် လုံခြုံရေးအထပ်ထပ်စီမံဆောင်ရွက်ထားခဲ့ပေမယ့် တစ်ချက် မှားလိုက်သည်နှင့် နဂါးလေးလို ပြစ်မှုတစ်ခုကို ကျူးလွန်ရန် ဝန်မလေးတတ်သူကြောင့် တစ်နည်းနည်းဖြင့် ဒုက္ခပေးသွားသည်က များလေသည်။

သို့သော်လည်း လည်လွန်းသည့်ဘီး ချေးသင့်ဆိုစကားနှင့်အညီ ဒုစရိုက်သမား နဂါးလေးတစ်ယောက် ရဲဘက်အလုပ်စခန်းတစ်ခုမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီးနောက် အုတ်ရိုးပျော် မိတ်ဆွေတစ်ဦးအိမ်မှာ နားခိုရင်း ဒုစရိုက်သံသရာထဲမှာဘဲ ဆက်ကာလည်နေသည်။

နဂါးလေးလို ဒုစရိုက်မှု အကြိမ်ကြိမ်အလီလီ ကျူးလွန်နေခဲ့သူအဖို့ ပြေးစရာနယ်မြေကျဉ်းလာသည်။ မိမိဘဝရဲ့နေဝင်ချိန်ကို ရောက်လာခဲ့လေသလား မသိပေ။ မိုးတဖွဲဖွဲရွာသွန်းနေသည့် တစ်ညမှာတော့ နဂါးလေးတစ်ယောက် ထုံးစံအတိုင်း ဒုစရိုက်မှုကို ကျူးလွန်ရန် ပြိုင်စက်ဘီးလေးကို နင်းလာနေသည်။

☆

www.burmeseclassic.com

ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်မှောင်မည်းမည်းနေပြီး မိုးမှုန်များ တဖွဲဖွဲသွန်းနေလေသည်။ ဒီလိုရာသီဥတုမျိုးမှာ ဒုစရိုက်သမားတွေအတွက် အကောင်းဆုံးအနေအထားမျိုး ဖြစ်ပေသည်။

ယခုလို မိုးကလေး တဖွဲဖွဲရွာနေစဉ် လူကောင်းသူကောင်းများအတွက်တော့ ချမ်းချမ်းအေးအေးနှင့် အိပ်လို့ကောင်းနေစဉ် နဂါးလေးလို ညမင်းသားတစ်ယောက်ကတော့ မိမိအတွက် လှုပ်ရှားလို့ကောင်းသည့်အခြေအနေ အချိန်အခါမှန်း သဘောပေါက်နေသည်။

ပြိုင်စက်ဘီးကလေးကို ဖြည်းဖြည်းမှန်မှန် နင်းလာရင်း ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ရှာဖွေကြည့်လာနေသည်။ ထုံးစံအတိုင်း ညမှောင်မှောင် လူခြေတိတ်ချိန်မို့ လူကုံထံရပ်ကွက်ထဲမှ လူကြီးလူကောင်းများကတော့ ခြံဝင်းကျယ်ကျယ်၊ အိမ်ကြီးကြီးနှင့် ဖိမ်ခံပြီး ဆောက်လုပ်နေထိုင်ကြသူများပီပီ အေးအေးဆေးဆေး အနားယူနေကြလေသည်။

မိမိတို့ နေအိမ်ခြံဝင်းကြီးကို သော့ခလောက်ခပ်ကြီးကြီးဖြင့်ခတ်ပြီး စိတ်ချလက်ချနေထိုင်နေကြသည်။ နဂါးလေးကို ညလူစောရမင်းသားအဖို့ ခြံဝင်းတံခါးကြီးတွေကို မည်မျှပင် လုံခြုံအောင် ခတ်ထားပါစေ လူတစ်ရပ်ကျော်မြင့်သော အုတ်နံရံကြီးပေါ် အလွယ်တကူ ကျော်တက်သွားနိုင်လေသည်။

ဤသို့ ခြံဝင်းကြီးထဲ ကျော်ဝင်ရောက်ရှိသွားသည်နှင့် တိုက်အိမ်မည်းမည်းကြီးနားဆီ အလျင်အမြန် ချဉ်းကပ်လိုက်သည်။ အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်ထားသော ပါရဲရိုးကားကြီးနား အသာကပ်လိုက်ပြီး ရှေ့မီးသီးများကို လွယ်အိတ်ထဲမှ ဝက်အူလှည့်ထုတ်ပြီး မှလီတစ်လုံးချင်းဖြုတ်ကာ ခိုးယူခဲ့လေသည်။

မိမိလိုချင်သော ပစ္စည်းများကို အလွယ်တကူ ဖြုတ်ယူခိုးပြီးသည်နှင့် လွယ်အိတ်ထဲဝှက်ထည့်ကာ ခြံဝင်းကြီးထဲမှ လာလမ်းအတိုင်း လျင်မြန်စွာ ခုန်ကျော်ထွက်လာခဲ့လေသည်။ မိမိခြံဝမှာ ချထားခဲ့သော ပြိုင်စက်ဘီးလေးကို ကောက်ယူပြီးစီးရန် ဟန်ပြင်နေစဉ် လျှပ်ရောင်ပြိုးပြိုးပြက်ပြက် လင်းဖြာသွားသလို လက်နှိပ်ဓာတ်မီး အလင်းရောင်ကား မိမိခန္ဓာကိုယ်ပေါ် ထင်ထင်ရှားရှား ထိုးမိလျက်သား ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - ရှေ့က ဘယ်သလဲ၊ ရပ်နေစမ်း"

လျှပ်စစ်မီးအလင်းတန်းရောင်နှင့် လက်နှိပ်ဓာတ်မီးအလင်းတန်းအောက် ဝယ်မသကာဖွယ်ရာလူတစ်ယောက်ကိုပက်ပင်းဆုံတွေ့နေသဖြင့်စက်ဘီးပတ္တရောင် အဖွဲ့မှတပ်ဖွဲ့ဝင်များ၏အော်ဟစ်အမိန့်ပေးသံကတိတ်ဆိတ်နေသောညမှောင်မှောင် ကြီးဝယ် ဟိန်းထွက်လာနေသည်။

နဂါးလေးကတော့မိမိကိုမေးမြန်းစုံစမ်းနေမှန်းရိပ်မိသိရှိလိုက်သဖြင့် ကိုယ် လွတ်ရုန်းထွက်ပြေးရန် ကြံစည်လိုက်သည်။ နောက်မှအမိန့်ပေး အော်ဟစ်မေးနေ သော အသံကို ဂရုမထားဘဲ မိမိပြိုင်စက်ဘီးကိုသာ အသာချထားခဲ့ကာ အခင်းဖြစ် နေရာမှ လျင်မြန်စွာထွက်ပြေးနိုင်ရန် ကြိုးစားလိုက်သည်။

"ဟော့ - မေးနေတာ မကြားဘူးလား၊ အဲဒီမှာ ရပ်နေစမ်း"

သို့သော် နဂါးလေးတစ်ယောက် အခြေအနေမဟန်မှန်း ရိပ်စားမိသွားကာ အန္တရာယ်ကို လွတ်မြောက်အောင်ရှောင်ဖို့ကို နေရာမှ ထစ်ဟုန်ထိုးထွက်ပြေးတိမ်း ရှောင်သွားလေသည်။

ယင်းသို့သော အခြေအနေကို နားလည်သဘောပေါက်သွားသော ရဲတပ်ဖွဲ့ ဝင်များသည် နောက်မှထက်ကြပ်မကွာ ဖမ်းဆီးခဲ့ကြလေတော့သည်။ နဂါးလေး ကတော့ ထုံးစံအတိုင်း ပြေးစရာမြေရှိနေသမျှ လွတ်အောင်ပြေးနိုင်သူပီပီ အားသွန် ခွန်စိုက် ပြေးလွှားနေသည်။

ညလူနဂါးလေးကတော့ ပြေးစရာမြေရှိသည့်အထင်ဖြင့် ရှေ့မှပြေးနေရင်း မှောင်မိုက်နေသော အကာလညအခါမှာ ပတ်ဝန်းကျင်ကို လျင်မြန်စွာ မျက်စိကစား ရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်စဉ် လူကုံထံရပ်ကွက်များပီပီ ခြံကြီးဝင်း ကြီးများ သီးခြားစီကာရံထားသောကြောင့် ပြေးပေါက်ပြေးလမ်း ပိတ်မိနေသည်။

နောက်ဆုံးပြေးစရာထွက်ပေါက်မရှိမှန်း သိရှိသွားသောအခါနောက်ကြောင်း ကိုပြန်လှည့်ကာထိုးဖောက်ရင်ဆိုင်ထွက်ပြေးနိုင်ရန်ကြံစည်ကြိုးစားခဲ့ပြန်လေသည်။ ရဲတပ်ဖွဲ့ဝင်များကလည်း နဂါးလေး၏ ရုတ်တရက်အပြေးရပ်ပြီး နောက်ကြောင်းပြန် ဖောက်ပြေးမည်ကိုရိပ်စားမိကာ လှုပြန်၍ သတိဝီရိယထားပြီး ချဉ်းကပ်ဖမ်းဆီးနိုင်ရန် ဝိုင်းပတ်ကာရံထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် နဂါးလေးမှာ ရုတ်တရက် လွယ်အိတ်ထဲမှ စကောဘာ (သုံးမြှောင့်ဆူး) ကို ထုတ်လိုက်ပြီး ခုခံရင်ဆိုင်ဖို့ ကြိုးစားလိုက်သည်။ သို့သော်လည်း ရဲတပ်ဖွဲ့ဝင်များ ပီပီ ကိုယ်ခံပညာကို သင်ယူတတ်မြောက်ထားကြသူများမို့ နဂါးလေးလို ရာဇဝတ် လူဆိုးကို ကိုယ်ခံပညာများ အသုံးချပြီး တိုက်ခိုက်အနိုင်ယူကာ ဖမ်းဆီးလိုက်လေ သည်။

နောက်ဆုံးရဲတပ်ဖွဲ့စခန်းဆီသို့လက်ထိတ်ခတ်ဖမ်းဆီးခေါ်ဆောင်လာသည်။ သက်ဆိုင်ရာတာဝန်ရှိသူများက နဂါးလေး၏ ခိုးမှုအကြိမ်ကြိမ်အလီလီ ဖြစ်ပွား ကျူးလွန်ခဲ့သည့် အမှုများကို စစ်ကြောမေးမြန်းကာ အမှုကို တည်ဆောက်နိုင်ခဲ့လေ သည်။

ယင်းသို့ စစ်ကြောမေးမြန်းဖော်ထုတ်ခဲ့ရာမှ နဂါးလေး (ခ) အောင်မြတ် (ခ) စိုးစိုး စသည့် နာမည်အမျိုးမျိုးဖြင့် အမှုအခင်းအမျိုးမျိုးကို ကျူးလွန်သူကို စုံစမ်းဖော် ထုတ်နိုင်ခဲ့လေတော့သည်။

တကယ်တော့နဂါးလေး (ခ) အောင်မြတ်ဆိုသူဒုစရိုက်သမားတစ်ယောက်၏ ဘဝနိဂုံးကတော့ မည်သို့မည်ပုံ အဆုံးသတ်လေမည်မသိပေ။ ရာဇဝင်လူဆိုးတစ် ယောက်အနေဖြင့် ပစ်မှုများကို အသက်ရှင်နေသမျှ ကာလပတ်လုံး ဆက်ကာဆက် ကာ ကျူးလွန်နေဦးမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာနေပေသည်။


နဂါးလေး၏ ဘဝဖြတ်သန်းခဲ့သည့် ကာလတစ်လျှောက်မှာ ကောင်းသော လာခြင်းဖြင့်လူ့လောကနယ်ထဲသို့ရောက်ရှိလာသူမဟုတ်ဘဲ မကောင်းသော ဒုစရိုက် ဝဋ်ဘာထဲမှာပဲ ကျင်လည်ပျော်မွေ့နေသူအဖြစ် ရောက်ရှိလာခဲ့သူ ဖြစ်ပါသည်။

ဒါကြောင့်လည်း လွန်စွာအန္တရာယ်ရှိပြီး ကြောက်စရာအကောင်းဆုံးသော လူတစ်ယောက်အဖြစ် တင်စားပြောဆိုရမည်ဆိုလျှင် "ရေမှာငရွှေ၊ ကုန်းမှာမြွေပွေး၊ ထောင်မှာ နဂါးလေး" ရယ်လို့ပဲ ကမ္ပည်းမော်ကွန်းထိုးရမလို ဖြစ်နေပေတော့သည်။

⇒ **ထောင်ပိုင်ကြီး စိုးဝေ**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်နှင့် အကျိုးပေးသူသည်
အကုသိုလ်ကြောင့်ပင် ဒုက္ခရောက်ရပြီး
အပါယ်လားရပုံကို ဖတ်ရှုရပါမည်

ဤလူ့ဘုံလောကတွင် အသက်မွေးဝမ်းကျောင်းတစ်ခုခု ပြုလုပ်နေကြသော လူတွေထဲတွင် ကိုယ်လုပ်သော အလုပ်သည် အကုသိုလ်လား၊ အကုသိုလ်ကင်းလားဆိုတာကိုတော့ အလေး မထားမိတတ်ကြပါ။ ကုသိုလ်ကောင်းမှုကို အမြဲပြုခဲ့သောကြောင့် နှနယ်ချောမွေ့သာယာမှုကိုတွေ့ပြီးအေးမြကြည်ရွှင် သာယာအပြစ် ကင်းသောဘဝနှင့်ကြုံရမည်မှာ အမှန်ပင်၊ ကုသိုလ်ကင်းစင်သော အလုပ်ကို လုပ်ကိုင်စားသောက်နေသောသူများလည်း တွေ့ရပါ သည်။

အကုသိုလ်အလုပ်လား၊ အကုသိုလ်မရှိသော အလုပ်လား ဆိုတာ မစဉ်းစားဘဲ သာယာမှုနဲ့ ငွေနောက်ကို လိုက်နေသော သူ များကိုလည်း တွေ့ဖူး ပါသည်။ ဒါကတော့ များသောအားဖြင့် ငယ် ရွယ်သူတွေ များပါသည်၊ ဖြုန်းစားကြီး မမျှော်လင့်ဘဲ အခက်အခဲ၊ မမျှော်လင့်သော အကြပ်အတည်း၊ မစဉ်းစားမတွေးခဲ့သော ဒုက္ခ တရားတွေတွေ့ပြီဆိုရင်နောင်တတရားတွေတဖွားဖွားပေါ်ပေါက် လာတတ်ပါ၏။ မလုပ်ဘဲနေလိုက်ရင် အကောင်းသား၊ မသွားဘဲ နေလိုက်ရင် အကောင်းသားဆိုသောစကားတွေ ညည်းညူတတ် ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရင်းတစ်စုံတစ်ရာ မဖြစ်သေးခင်တော့ ဒီလိုမညည်းညူတတ်ကြပါ။ ဒါတွေက လူနှင့်လူ့ပတ်ဝန်းကျင်မှာ လူတချို့တွေကြုံနေရတာ အမှန်ပင်။ အကုသိုလ်အလုပ်နှင့် အကုသိုလ်မရှိသောအလုပ်ဆိုတာ ကိုယ်တိုင်ဆုံးဖြတ်မှ သင့်လျော်ပေလိမ့်မည်။ အကုသိုလ်အလုပ်လုပ်လို့ အတိတ်က အရိပ်နောက်ကပ်လိုက်တဲ့သူတွေလည်း မြင်ချင်မြင်မှာပေါ့။ ကိုယ်ပြုခဲ့တဲ့ ကံကြမ္မာတွေဟာ ဘယ်ပြေးမှာလဲ၊ အရိပ်သဖွယ် နောက်ကလိုက်တယ်ဆိုတာကို တွေ့ဖူးခဲ့ပါသည်။

ကျန်ခဲ့သော(၁၅)နှစ်လောက်က ကျွန်တော်နေထိုင်သောနေရာနှင့် မလှမ်းမကမ်းတွင် မိတ်ဆွေမဟုတ် သော သူတစ်ယောက်၏ နေ့စဉ်နေ့တိုင်း နံနက်လေးနာရီခွဲလောက်မှာ ကြက်သတ်သံ ကြားရပါသည်။ ကြားရသည်ဆိုသောအသံမှာ ကြက်၏ ကျောကုန်းကို တုတ်နှင့်ရိုက်သောအသံဖြစ်သည်။ ဘယ်အတွက်ကြောင့်ဆိုသော် နံနက်လေးနာရီခွဲလောက်ဆိုတော့ လူခြေတိတ်သောအချိန်ဖြစ်သဖြင့် အသံကျယ်ကျယ်လောင်လောင် စူးစူးရှရှအသံဆိုလျှင် ကြားရပါသည်။ ကြက်၏ ကျောကုန်းကို ထုသောအခါ အုပ်၊ အုပ်နှင့် အသံမျိုး ထွက်ပါသည်။ ဒီအချိန်တွင် တချို့သောအိမ်များတွင် ဘုရားဝတ် တက်နေ၍ ကြေးစည်ထုသံ၊ ဒူဝေဝေဝေ အသံမျိုး ကြားရပါသည်။ ထိုအခါ ကျွန်တော် စဉ်းစားမိသည်မှာ ထုတာချင်းတော့တူသည်၊ အသံထွက်တာချင်းတော့ မတူဘူးလို့ တွေးတောမိပါသည်။ ဤလူသည် ပထမတော့ ကျွန်တော်နှင့် မရင်းနှီးသည့်အတွက်ကြောင့် သူနှင့်ခင် သောသူမှာ ကျွန်တော်နှင့် ရင်းနှီးသည်။ ဒါကြောင့် မိတ်ဆွေဖြစ်ရန် လွယ်ကူလိမ့်မယ်လို့ မှတ်ချက်ချမိပါသည်။ တစ်နေ့ လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်နှင့် ရင်းနှီးသည့် ကိုသန်းကျော်နှင့် ထိုသူပါလာပါသည်။ လက်ဖက်ရည်ဆိုင်ထဲသို့ နှစ်ဦးသားဝင်အလာ -

"ကိုသန်းကျော် - ဒီမှာလာထိုင်"

"ဆရာ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး။ ခင်ဗျားတို့ရှေ့လေးတင်၊ လာလာ - လက်ဖက်ရည် သောက်မယ်"

ကိုသန်းကျော်ကလည်း လက်ဖက်ရည်မှာဆိုတော့ သူကလည်း မှာလိုက်သည်။ ကျွန်တော်ကတော့ သူတို့ အရင် မှာထားပြီးပါပြီ။ ကိုသန်းကျော်က ကျွန်တော့်ကို ထိုလူနှင့် မိတ်ဆက်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမယ် ကိုထင်အောင် - ဟိုတိုက် တွေက ဆရာ့တိုက်တွေပဲဗျ။ ဒီနေရာမှာတော့ အိမ်ခြံမြေတွေ သူ့နဲ့ မကင်းတဲ့သူတွေ များတယ်။ ဆရာ - သူက ကိုထင်အောင်တဲ့။ ဟိုလမ်းထဲက ကိုပု အိမ်မှာ ကျွန်တော် ငှားပေးလိုက်တာ လေ။ ကြက်ဒိုင်မှာ အလုပ်လုပ်တယ်။ ဆရာက မကြာခဏလှူတယ်။ ကြက်သားလိုရင်ပြော၊ ကြက်ဒိုင်မှာ ဈေးသက်သက်သာသာနဲ့ ဒိုင်ဈေးသူလုပ်ပေးမှာပေါ့ ဆရာရဲ့"

"အဲဒီလိုသိထားရတာ ကောင်းတာပေါ့ ကိုသန်းကျော်။ သောက်ကြ - ကိုသန်းကျော်နဲ့ ကိုထင်အောင်"

ကိုသန်းကျော် မိတ်ဆက်ပေးလိုက်၍ ထိုသူ၏အမည်နာမသည် ကိုထင်အောင် ဆိုတာ သိသွားပါပြီ။ စကားလက်ဆုံကျပြီး နောက်တွင် မိတ်ဆွေအဖြစ် အကျွမ်းဝင်ခဲ့လေသည်။ ကျွန်တော်ကလည်း သူ့ကို ကြက်ထုသောလက်ကို ကြေးစည်ထုသော လက် ဖြစ်စေချင်သည့်အတွက် အခွင့်ရေးတော့ ကြုံပြီဆိုပြီး တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မက တွေ့ဆုံပြီးနောက် အလွန်ရင်းနှီးလာသောအခါ -

"ကိုထင်အောင် - မနက်မနက်ထ ကြက်တွေသတ်ပြီး ဘယ်ဈေးကို သွားရောင်းတာလဲဗျ"

"ကျွန်တော် ကြက်သတ်ပြီး ဈေးထဲမရောင်းပါဘူးဗျာ"

"ဒါဆိုရင် ကြက်တွေ ဘယ်သွားပို့လဲ"

"ကျွန်တော်က လက်ခစားလုပ်တာ ပါ ဆရာ"

"ဪ - ဒီလိုလား"

"ကျွန်တော်က တစ်ကောင်သတ်ပြီး အမွေးနုတ်ပေး ဘယ်လောက်ပေါ့ - ဆရာရယ်။ အကောင်ရေများများဆိုရင် ကျွန်တော့်အတွက် အဆင်ပိုပြေတာပေါ့ - ဆရာ။ ကြက်ဒိုင်က အော်ဒါပေး သလောက် အလုပ်လုပ်ရတယ်"

အမလေး - အကောင်ရေများများဆိုရင် ပိုကိုက်တယ်ဆိုပဲ၊ ကျွန်တော့် တစ်ကိုယ်လုံးကြက်သီးထသွားမိသည်။ ကြက်သတ်သည့်လုပ်ငန်းကိုမမြင်ချင်၊ မတွေ့ချင်၊ မကြားချင်သည့်အတွက် ကိုထင်အောင်နှင့် အလွန်တရာ ရင်းနှီးအောင်ပြုလုပ်၍ သူ့ကို တရားဟောမည်ဟု ဆုံးဖြတ်ထားသည်။ ရင်ထဲမှာရှိသော အကုသိုလ်စရိုက် ဆိုးတွေကိုတတ်နိုင်သမျှပြုပြင်ပြောင်းလဲပေးချင်သည်။ နေ့စဉ်နေ့တိုင်းကြက်ကျော ကုန်းကို တအုပ်အုပ်နှင့်ထုနေသော လက်ကို ကြေးစည်ထုရန် စည်းရုံးမိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုပ်ခဲ့သမျှအကုသိုလ်တွေ ကိုယ့်နောက် တစ်ချိန်ချိန်မှာ လိုက်လိမ့်မယ်ဆိုတာ အနည်းငယ်မျှ ပြောပြဖြစ်လေသည်။ သူသည် သဘောတော့ အလွန်ကောင်းသူဖြစ်ပါသည်။ မိသားစုတာဝန်ကို မလွှဲမသွေ ထမ်းဆောင်နေရလို့သာ ကြိတ်မှိတ်လုပ်နေရခြင်းဖြစ်ပါသည်။ ကျွန်တော်ပြောနေသောစကားများကိုလည်း မငြင်းဆန်၊ နားထောင်လျက်ရှိပါသည်။ အဆင်ပြေလောက်ပြီး မငြင်းဆန်လောက်တော့ဘူးဆိုတော့ ကျွန်တော် ပုံစံသွင်းခဲ့သည်။

"ကိုထင်အောင်"

"ဗျာ - ဆရာ"

"ကျွန်တော် ခင်ဗျားကို စကားတစ်ခွန်း ပြောချင်တယ်"

"ပြောပါ ဆရာ"

"ကျွန်တော် အိမ်တစ်လုံးဆောက်မလို့ - ခင်ဗျားလခနဲ့ပဲလုပ်လုပ်၊ နေ့စားပဲ လုပ်လုပ်၊ လုပ်ချင်သလိုဖြစ်တယ်"

"ကောင်းတာပေါ့ - ဆရာရယ်။ ကျွန်တော် လုပ်ချင်တာပေါ့"

"ခင်ဗျားလုပ်ရမှာက လုံခြုံရေး သဘောပေါ့ဗျာ။ အချိန်ကာလကတော့ တစ်လခွဲကျော် နှစ်လလောက်ဖြစ်နိုင် တယ်။ အုတ်သဲကျောက်၊ ဘိလပ်မြေနဲ့ သံသွပ်တို့ကို တစ်ခါတည်း ဂိုဒေါင်ဆောက်ပြီး ပုံထားလိုက်မယ်။ ခင်ဗျား ကြပ်မတ်စောင့်ရှောက်ပေး"

"ကောင်းတာပေါ့ - ဆရာရယ်။ ကျွန်တော် လုပ်ပါ့မယ်"

"ဒါဆိုရင် အဲဒီအလုပ်ကို လုပ်တဲ့နေ့ကစပြီး ခင်ဗျား ကြက်မသတ်နဲ့တော့ဗျာ။ ကြက်သတ်တာကို မကြားချင်၊ မမြင်ချင်လို့ပါ"

သည်လို ကျွန်တော် ပြောလိုက်သောအခါ ကိုထင်အောင်တစ်ယောက် မျက်နှာကြည်မလင်ဘဲနှင့် တွေဝေသွားသည်။ ဒါပေမဲ့ - ကိုထင်အောင်တစ်ယောက် ခင်စရာကောင်းပါသည်။ စိတ်နေသဘောထားဖြောင့်မတ်သူတစ်ယောက်ပါ။ သူ၏ခန္ဓာကိုယ်တစ်ခုလုံး ခေါင်းအစ ခြေအဆုံးကြည့်မည်ဆိုရင် ခန္ဓာမှာ ချို့ယွင်းမှုတစ်ခုမှမရှိပါ။ သည်လိုလူမျိုးသည် များသောအားဖြင့် အတွင်းစိတ်နှင့် အပြင်စိတ် တစ်ညီတစ်ညာတည်းဖြစ်တာကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း မကြာခဏ လိုက်ပို့နေကျပါ။
အဲဒီနေ့မှာ ကားဘီးပေါက်လို့ ကားချိုင့်ထောက်ပြီး
သူ ဝင်လုပ်မှာပေါ့။ ချိုင့်က ချော်ကျပြီး သူ့ခေါင်းထိတာ
ဆေးရုံမှာ တစ်ရက်ပဲခံတယ်။ ဆုံးသွားတယ် အစ်ကို။
ကြက်ခိုင်က အလုပ်ရှင်ကလည်း အားလုံး သေစရိတ်၊
ရက်လည်၊ လလည်အထိ တာဝန်ယူပေးပါတယ်။
ကျွန်မတို့မိသားစုကို ခုထိ စရိတ်ထောက်ပါတယ်–အစ်ကို



ဒါကြောင့် ကျွန်တော်လိုချင်သော အချက်များကို တွန်းပြောပါတော့သည်။ ဘ
အတွက်ကြောင့်ဆိုတော့ ဒီလူမျိုးဟာ အတွင်းမကောက်တတ်။ မိသားစုအရေး တ
သောက်ဖို့ နေ့စဉ်ဖြေရှင်း၍သာ နေရသည်။ ဒီအလုပ်ကို စိတ်ပါချင်မှလည်း ပါမည်
အကုသိုလ်အလုပ်လား၊ အကုသိုလ်မရှိတဲ့အလုပ်လား မရွေးချယ်နိုင်၊ ဘဝတိုက်
ဖြေရှင်းနေရတဲ့သူ ဖြစ်နိုင်သည်။

"ဆရာပေးတဲ့အလုပ် ကျွန်တော် လုပ်မယ်။ ကျွန်တော့်မှာ နေ့စဉ်နဲ့အမျှ ကြ
သာ သတ်နေရတယ်။ တစ်ခါတစ်ရံ ကြက်သားစားချင်ပေမယ့် မစားရပါဘူး ဆ
ရယ်"

"ကောင်းပြီ – ဒါဆိုရင် လာမယ့်တနင်္ဂနွေကစပြီး ကျွန်တော့်အလုပ်ကို လုပ်ပေ
ဗျာ။ အဲဒီနေ့ကစပြီး ကြက်မသတ်ဘူးလို့ ကတိပေးပါနော်"

ဤကဲ့သို့ တစ်ယောက်နဲ့တစ်ယောက် ကတိစကားတွေ ပြောခဲ့ကြပြီး
အိမ်ဆောက်လုပ်ငန်းမှာ ကိုထင်အောင်တစ်ယောက် လုံခြုံရေး တာဝန်ယူရသ



www.burmeseclassic.com

www.burmeseclassic.com

သူ့လုပ်ခကိုနေ့စားနှင့်ရှင်းပေးသောအခါသူအလွန်သဘောကျပါသည်။ကြက်သတ်သည့်လုပ်ငန်းနှင့်အတော်လေးအလှမ်းကွာသွားသည်။ကျွန်တော့်အိမ်ဆောက်သည့်ကိစ္စလည်း တစ်အိမ်လုံး အကောင်အထည်ပေါ်ပြီး ပြီးလုမခန်း ရှိပါတော့သည်။ ထိုအချိန်တွင် သင်္ကြန်နားနီးလာပြီဖြစ်၍ အိမ်ကိစ္စကို အဆုံးသတ်လိုက်ပါတော့သည်။

သင်္ကြန်တွင် ပုပ္ပါး၌ ကျွန်တော် သင်္ကန်းဝတ်သည်မှာ နောက်နောင်တုန်းကတည်းက နှစ်စဉ်နှစ်တိုင်း သွားလေ့ရှိသည်။ ယခုနှစ်တော့ ကိုထင်အောင်တစ်ယောက်ကိုလည်း ခေါ်ပါသည်။ မလိုက်ပါ။ ဒီအတွက် သူ့မိသားစု သင်္ကြန်ရက်အတွင်းစားစရိတ်ပေးခဲ့ပြီးပုပ္ပါးသို့ကျွန်တော်ထွက်ခွာသွားခဲ့ပါသည်။ပုပ္ပါးတွင်သင်္ကန်းဝတ်ပြီးအိမ်အပြန်မွေးရပ်မြေမှ အမေ ကျန်းမာရေးမကောင်းသဖြင့် ပြန်အသွားတွင် နယ်မှာအချိန်အတော်ကြာခဲ့ပါသည်။ ရန်ကုန်၊ ရွှေပြည်သာ ပြန်ရောက်တော့ ကိုထင်အောင်တစ်ယောက် မတွေ့တာနှင့် သူငှားနေသော ကိုပုအိမ်ကို သွားမေးသောအခါ အိမ်ပြောင်းသွားပြီဆိုတာ သိရပါသည်။

နောက်တစ်ပတ်မျှလောက်ရှိတော့ ကိုထင်အောင်တစ်ယောက်ကို တံတားကြီးထက်တွင် တွေ့ဖြစ်ပါတော့သည်။ ကျွန်တော့်ကိုခေါ်နေတာလား၊ ဘယ်သူ့ကိုခေါ်နေမှန်းမသိသောအသံတော့ကြားနေရသည်။ ဖြုန်းဒိုင်းဆိုတော့ လူတော့ မမြင်ရ၊ ဘယ်ဘက်ကြောင့်ဆိုသော်ကားမှတ်တိုင်တွင်ကားရပ်စောင့်သော သူတွေများနေသည့်အတွက် မမြင်ရပါ။

"ဆရာ - ဆရာ - ဟို့ဆရာ - ခေါ်လိုက်ရတာ ဆရာရယ်"

"ဘယ်သူ့ကိုခေါ်မှန်းမသိလို့ကြားတယ် - ကိုထင်အောင်။ ခင်ဗျား ဘယ်ရောက်နေတာလဲ"

"ကျွန်တော် ဒီအနားမှာနေတယ် - ဆရာ"

"ကျွန်တော့်အနားက အိမ်မှာ မနေတော့ဘူးလား"

"အဲဒီကိစ္စ လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေး ပြောပြမယ် ဆရာ။ လာပါ"

လက်ဖက်ရည်ဆိုင်တွင် ကိုထင်အောင်တစ်ယောက် သူ၏ဒုက္ခအခက်အခဲများကို ရင်ဖွင့်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"လေးလပိုင်းတစ်ဆယ့်ငါးရက်၊ သကြံန်တွင်းပေါ့။ ကျွန်တော့်အမျိုးသမီး ဆေး
တင်ရတယ်။ ဆရာကလည်း မရှိတော့ အဲဒီတော့ ငွေရေးကြေးရေးက ဘယ်မှ အလုပ်
အကမ်း မမြင်၊ ရှာလို့မရတော့ ကြက်ဒိုင်မှာ ငွေရှာရတယ် ဆရာ"

"အဆင်ပြေလား ကိုထင်အောင်"

"အဆင်တော့ ပြေပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုဗျာ - ပြောလိုက်တာ ခွေးမော
သလို၊ နွားမောင်းသလို အပြောခံရပါတယ်။ နောက်ကို အလုပ်က လုပ်ချင်သလို၊ မလု
ချင်သလို မလုပ်နဲ့တဲ့၊ ခင်ဗျား မလုပ်တဲ့အချိန်မှာ တခြားသူတွေကို ခိုင်းထားရတယ်
ခင်ဗျား ဒုက္ခရောက်မှ ငွေလိုတဲ့အခါကျမှ ဒီကိုလာတာ။ စွဲစွဲမြဲမြဲလုပ်မယ်ဆိုရင်
ကူညီလိုက်မယ်။ လာလိုက် မလာလိုက်၊ လုပ်လိုက် မလုပ်လိုက်ဆိုရင် နောက် ခင်ဗျာ
ကျုပ်ဆီ ဘယ်တော့မှ မလာနဲ့လို့ ပိုးစိုးပက်စက်ပြောတယ် ဆရာ။ ကျွန်တော် နောက်
စွဲစွဲမြဲမြဲ လုပ်ပါ့မယ်လို့ ကတိပေးလိုက်တယ်။ ကျွန်တော့်မှာ မိန်းမကျန်းမာရေး
မကောင်းတဲ့ကိစ္စ တစ်ခုတည်းမဟုတ်၊ အိမ်စပေါ်ကလည်း တင်ရဦးမယ်လေ။ ဒီတော့
ကျွန်တော် ဒီအလုပ်ပဲ ပြန်လုပ်မှပဲဖြစ်တော့မှာပေါ့ - ဆရာရယ်"

"ဒါဆိုရင် ကြက်ဒိုင်က ခင်ဗျားကို ပါမစ်နစ်အလုပ်ပေးလိုက်ပြီပေါ့"

"အင်း - အဲဒီလိုပဲပြောပါတော့ - ဆရာရယ်"

ကိုထင်အောင်နဲ့ လမ်းခွဲသွားပြီးနောက် ကျွန်တော်အိမ်သို့ ကျွန်တော် ရော
သောအခါ စဉ်းစားမိသည်မှာ သူဟာ နောက်တုန်းကလို အများကြေးစည်ထုသေ
အချိန်အခါမှာ ကြက်ကျောကုန်းကို ထုနေလိမ့်မည်ဟု တွေးတောစဉ်းစားမိပါသည်
သည်လိုနှင့် လမ်းခွဲခဲ့တာ တစ်နှစ်ကျော် ကြာခဲ့ပါသည်။ မေ့မေ့ပျောက်ပျောက်တေ
ရှိပါသည်။ ဘယ်အတွက်ကြောင့်လည်းဆိုတော့ ကျွန်တော်နှင့်နီးတဲ့နေရာမှာ
တော့။ နံနက်တိုင်း ကြက်ထုသံ မကြားရသည့်အတွက် မေ့ပျောက်သွားပြီး နော
တစ်နေ့အချိန်အခါတွင် ကိုထင်အောင် အမျိုးသမီး အမှတ်မထင် ကျွန်တော့်အိမ်
ရောက်လာပါသည်။

"ဟယ် - ဒေါ်သန်းမြင့် - ဘာကိစ္စရှိလို့လဲ"

"ကျွန်မ စကားနည်းနည်းလောက် အစ်ကိုနဲ့ ပြောချင်လို့ - လက်ဖက်ဆိုင်
ရအောင်"

"ဒီမှာပဲပြောပါ၊ အရေးကြီးကိစ္စရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို့တပည့် သေပြီ"

"ဟင် - ဘယ်တုံးကလဲ"

"သေတာကတော့ တစ်လလောက် ရှိသွားပါပြီ"

"ရက်လည်တုန်းက ကျွန်တော့်ကို ဘာဖြစ်လို့ မပြောတာလဲ"

"ကျွန်မလည်း စိတ်တွေ ပူထူပြီး မပြောဖြစ်ပါဘူး - အစ်ကိုရယ်"

"ဘာရောဂါနဲ့ သေတာလည်း - ပြောပါဦး"

"ဘာရောဂါမှမဟုတ်ဘူး အစ်ကို။ ကြက်ဒိုင်က ကြက်တွေသတ်ပြီး သွားအပို့ ဈေးထဲကိုလိုက်ပို့နေကျလူတစ်ယောက်မလာလို့တဲ့။ လိုက်ပို့ပေးပါဆိုတော့ အဲဒီနေ့ လိုက်ပို့ရတာပေါ့ အစ်ကိုရယ်။ ဒါလည်း မကြာခဏ လိုက်ပို့နေကျပါ။ အဲဒီနေ့မှာ ကား ဘီးပေါက်လို့ ကားချိုင့်ထောက်ပြီး သူဝင်လုပ်မှာပေါ့။ ချိုင့်က ချော်ကျပြီး သူ့ခေါင်း ထိတာ ဆေးရုံမှာ တစ်ရက်ပဲခံတယ်။ ဆုံးသွားတယ် အစ်ကို။ ကြက်ဒိုင်က အလုပ် ရှင်ကလည်း အားလုံး သေစရိတ်၊ ရက်လည်၊ လလည်အထိ တာဝန်ယူပေးပါတယ်။ ကျွန်မတို့မိသားစုကို ခုထိ စရိတ်ထောက်ပါတယ် - အစ်ကို"

"အဲဒီလို စရိတ်ထောက်တာ ဝမ်းသာပါတယ်"

"ဒါလည်း အစ်ကိုရယ် - သူ အများဆုံးစရိတ်ထောက်ရင် ငါးလခြောက်လပေါ့။ ဒီ့ထက်တော့ သူလည်း ဘယ်ပေးချင်မလဲ"

"ဒေါ်သန်းမြင့် - ခုလာတဲ့ အဓိက စကား ပြောပါဦး"

"ပြောရမယ်ဆိုရင်အစ်ကိုအိမ်မှာဟိုးတုန်းကကြက်သတ်တဲ့နေရာမှာလေးနာရီ လောက်ဆိုရင်ကြက်ထုနေတဲ့အသံမျိုးကြားကြားနေရတယ်အစ်ကို။ အဲဒါဘယ်လို လုပ်ရမလဲ။ အိမ်ဘေးကလူတွေကလည်းပြောတယ်။ သေခါနီးမှာကိုယ်စွဲလမ်းတဲ့ဟာ စွဲလမ်းပြီး မကျွတ်မလွတ်ဘူးပေါ့ - အစ်ကိုရယ်။ သူ ရှိတုန်းက အစ်ကို့အကြောင်း မကြာခဏ ပြောဖူးတယ်။ ကိုယ်လုပ်သမျှကုသိုလ်ကံတွေဟာကိုယ့်ထံပြန်လာတတ် တယ်ဆိုတဲ့အကြောင်း၊ ငါ့ဆရာက ကြက်ကိုလည်း မသတ်စေချင်တဲ့အကြောင်း၊ ဒါကြောင့်မို့လို့ ကြက်မသတ်နိုင်းဘူး။ အလုပ်ပေးတဲ့အကြောင်း၊ ကိုယ်လုပ်နေသမျှ အလုပ်တွေဟာ ကိုယ်စွဲလမ်းတတ်တယ်ဆိုတာ အစ်ကိုက ဟိုတုန်းက မကြာခဏ တရားဟောတာကို သူက ပြောခဲ့တော့ ဒါကြောင့် ကျွန်မ ဘယ်လိုလုပ်ရရင် ကောင်း မလဲလို့ အစ်ကို့ဆီကို အကူအညီ လာတောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါလည်းဖြစ်နိုင်ပါတယ် ဒေါ်သန်းမြင့်။ သူ့အစွဲအလမ်းကြီးသွားတာမျိုး ဖြစ်နိုင်တာပေါ့။ သူဟာ မိသားစုထမင်းစားဖို့ အင်မတန်အလေးထားတဲ့ လူတစ်ယောက်။ သူသာ ထမင်းအင်္ကျီခံမယ် သူ့သားတွေ၊ သမီးလေးတွေ မစားရမှာ မသောက်ရမှာ အလွန်ပူပင်တတ်တဲ့လူတစ်ယောက်။ အဲဒီတော့ သူ့မိသားစု ထမင်းစားဖို့ခေါင်းထဲမှာ စွဲသွားလိမ့် မယ်ထင်ပါတယ်။ သူ ဒီအလုပ်လုပ်မှ သူ့ကလေးတွေ ထမင်းစားရမယ် ဆိုတဲ့ အသိရှိနေမှာပေါ့။ သေသွားတဲ့နေ့ကစပြီး ဘယ်နရက်လောက် ဖြစ်သွားပြီလဲ"

"မနေ့ကဆိုရင် တစ်လပြည့်တဲ့နေ့ပေါ့"

"ကဲ - ဒါဆိုရင် ဒေါ်သန်းမြင့် - သူ ကောင်းရာမွန်ရာ ရောက်စေချင်လို့ သဘောထားပေါ့နော်"

"အဲဒီလိုပဲ သဘောထားပါတယ် အစ်ကိုရယ်"


"နေ့စဉ်နေ့တိုင်းကြက်သတ်တဲ့နေရာမှာ တအုန်းအုန်း တဂွမ်းဂွမ်း လာလုပ်တာကိုကြောက်လို့ဘုန်းကြီးတွေပင့်ပြီးကမ္မဝါစာရွတ်ဖတ်လွှတ်တာလို့သဘောမထားနဲ့။ သန်ဖက်ခါကျရင် ဘုန်းကြီးငါးပါး ကျွန်တော် ပင့်ခဲ့မယ်။ ဆွမ်းချက်ထားလိုက်။ ငွေလည်း ယူသွား။ အရုဏ်ဆွမ်းပေါ့။ အရုဏ်ဆွမ်းဆိုတော့ နံနက်(၆)နာရီလောက်ပေါ့"

ကျွန်တော်လည်း ဘုန်းကြီး ရဟန်း သံဃာငါးပါး ပင့်ဆောင်သွားပြီး ကမ္မဝါများ ချီးမြှင့်ပေးပါရန် လျှောက်ထားသည့်အခါ ရဟန်းသံဃာများမှာလည်း ရွတ်ဖတ်သရဇ္ဈာယ်ကာ ပြည့်ပြည့်စုံစုံ ချီးမြှင့်ပေးပါသည်။ ထိုနေ့မှစ၍ ဒေါ်သန်းမြင့်တို့မိသားစုတွေလည်း နံနက်တိုင်း ကြက်ကျောကုန်းထုသံ၊ အိမ်ကြမ်းပြင်ကိုထုတဲ့အသံမျိုး မကြားရတော့ပါ။ ကျွန်တော်လည်း ဆုတောင်းပေးပါသည်။ ကိုထင်အောင် တစ်ယောက် နောင်ဘဝ လူဖြစ်လျှင် ကြေးစည်ထုသောသူ ဖြစ်ပါစေလို့ စိတ်ထဲမှာ ဆုတောင်းမိလိုက်ပါတော့သည်။

⇒ **ဝင်းမောင်ကျော်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အတုနေအမျိုးသမီးကြီးကို
ခြေလွန်လက်လွန်သတ်ဖြတ်မိသွားရာမှ
စိတ်ချောက်ချားကာ ...

သက်ပိုင် ...။

သက်ပိုင်ကို မသိသူများက ရုပ်ရှင်မင်းသားထင်ကြသည်။

ထင်လည်း ထင်လောက်ပါရဲ့။

ရုပ်ရည်ကိုက အသားဖြူဖြူ၊ နာတံပေါ်ပေါ်၊ ပါးမို့မို့နှင့် မိန်းမချော ချော၏၊ နှုတ်ခမ်းလေးတွေက မိန်းကလေးနှုတ်ခမ်းလေးတွေလို နီရဲနေသလို မျက်လုံးကျတော့လည်း ကောင်မလေးတွေ အသည်းစွဲ ကိုရီးယားမင်းသားတွေထက်လှသည်။ ကိုယ်လုံးကိုယ်ပေါက်ကကော အချိုးအဆစ်ကျန၊ ယောကျ်ားပီသ၍တောင့်တောင့်တင်းတင်း ရှိပြီး ပိန်ညှော်ညှော် ရှုံ့နာရှုံ့ကုန်း ဘိန်းစားပုံ မဟုတ်။ စတိုင်ကိုကြည့်ဦးမလား၊ ခေတ်ပေါ်ကုမ္ပဏီပိုင်ရှင်လား၊ သူဌေးသားလားမှတ်ရ။ လန်ပျံနေအောင် သူ့ကိုယ်သူ ဆင်သထားနိုင်သူ။

ဒီကြားထဲ ဟွန်ဒါဒပ်ဘယ်အိတ်ဇောနှင့်ဆိုတော့ ဘာပြောကောင်းမလဲ။

အဲ - အဲဒီဟွန်ဒါတောင် မီလျံနာမင်းသမီး မော်ဒယ်တစ်ယောက်က သူ့ကို ပိုးကြေးပန်းကြေး ပေးထားတာဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com

သက်ပိုင်ကို မချောလေးတွေ ဝိုင်းဝိုင်းလည်ရတဲ့ အရည်အချင်းထဲ နှုတ်ဖျားမှာ ပျားရည်လောင်းပြီး သကြားဖြူးတာကလည်း အကြောင်းတစ်ခုပဲ ဆိုနိုင်ပါရဲ့။

အမျိုးသားတွေက မျက်လုံးဖြင့်ချစ်၍ အမျိုးသမီးတွေက နားနှင့်ချစ်သည် ဆိုတဲ့စကားအတိုင်း နားဝင်ချိုတာကြိုက်သောကောင်မလေးတွေအသည်းစွဲရသည်မှာ အဆန်းတော့မဟုတ်လှ။

သို့သော် - သို့သော် - သို့သော် ...

သက်ပိုင်၏အကျင့်စရိုက်ကတော့ လမ်းဘေးက အကြော်သည်ဒေါ်ကုလားမ လက်နှီးစုတ်က အမလေးတ၍ လန့်ဖျပ်သွားလောက်၏။

ရုပ်ချော အပြောချိုသလောက် အကျင့်တန် စရိုက်ဆိုးရာမှာ နံးတူး။

လှည့်ရပတ်ရ ညစ်ရကြောရမလား၊ သရဖူဆောင်းသည်။

ရက်စက်ယုတ်မာ မိုက်ကန်းရမလား၊ ရွှေခါးပတ် ရပြီးသား။

ရှုပ်ရှုပ်ပွေပွေ ကလိမ်ကကျစ် ကျရမယ်ဆိုလည်း တရုတ်နဂါးနှင့် ကနုတ်ယားတွေက မော့ကြည့်လောက်၏။

ပြီးတော့ - မကောင်းမှုမှန်သမျှ သူ မလုပ်ဘူးတာမရှိ။

အရက်သောက်၊ ဖဲရိုက်၊ ဆေးသုံး၊ လောင်းကစား လိုင်းပေါင်းစုံ ဆရာကြီးအဆင့်။

အခုလောလောဆယ် သူ ချူစားနေသော မင်းကတော်ကျ ဒေါ်မိုးသဇင်နှင့်လည်း ဂျင်ဝိုင်းတစ်ဝိုင်းမှာ ဖူးစာဆုံခဲ့သည်။

ဒေါ်မိုးသဇင် ...

နာမည်လေး လှသလောက် လူက မလိုက်နိုင်တော့။

တစ်ချိန်တုန်းက ပပဝတီ။ ခုတော့ မယ်ကုဝဏ်။

အရိုးပေါ်အရေတင် မည်းပြာခြောက်ကပ်နေပါပြီ။

ဒါပေမဲ့လည်း ဒေါ်မိုးသဇင်၏ တစ်ကိုယ်လုံးကို စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားလာတွေနှင့် မှုန်းခြယ်ထားတော့လည်း မလှဘူးလို့ မပြောနိုင်ကြ။

တစ်သောင်းတန်ဆိုတာများ ပျင်းတောင်ပျင်းသေး။ တစ်ခါတလေ ဒေါ်လာထပ်လိုက် ပုံကစားပစ်တာ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်စင်စစ် သက်ပိုင်စီးနေတဲ့ နောက်ဆုံးပေါ် ဟွန်ဒါကို မော်ဒယ်လေ တစ်ယောက် ဝယ်ပေးတယ်ဆိုတာ အလကား။ အမှန်မှာ ဒေါ်မိုးသဇင်ရဲ့အချစ်လက် ဆောင်။

သက်ပိုင်နှင့် တစ်နှစ်လောက် တွဲလိုက်သည်နှင့် ဒေါ်မိုးသဇင် အရူးအမူး ဖြ နေပါပြီ။

☆

"ဒါက ဘယ်သဝေထိုးမလို့လဲ - မောင်မောင်"

နိုက်ဂေါင်းဂါဝန်ကြီး ဝတ်ထားသော ဒေါ်မိုးသဇင်က ရှိုးအပြည့်နှင့် အောက် ထပ်ဆင်းတော့မည့်ဆဲဆဲ သက်ပိုင်ကို အခန်းထဲမှ ထွက်မေးလိုက်ခြင်းပါ။

"ဪ - သူငယ်ချင်းတစ်ယောက်နဲ့ကျောက်ကိစ္စလေး ချိန်းထားလို့ပါ မမ ရဲ့"

"ဟင် - မင်းအလုပ်ကိစ္စကလည်း ညကြီးမင်းကြီးကျမှ ချိန်းရသတဲ့ လာ ဟိုမှာ နာရီလည်း ကြည့်ပါဦး"

ကြည့်စရာ မလိုပါဘူး။ ည ၈ နာရီခွဲဆိုတာ သက်ပိုင် သိပြီသား။

"နိုင်ငံခြားသား ကုန်သည်က ဒီအချိန်မှအားလို့ ဒီအချိန် ချိန်းတာပဲဗျာ"

"မသိရင် ခက်မယ် - မောင်မောင်၊ မင်း - မင်း - ယွန်းဝတီနဲ့ ချိန်းတွေ့ဖို့ သွာ မလို့ မဟုတ်လား"

"ဟာ - မမမိုးကလည်း မဟုတ်တာ၊ ကြံကြံဖန်ဖန်"

"မင်း ဘာတွေကြံပြီး ဘာတွေဖန်နေသလဲဆိုတာ မင်းဟာမင်းပဲ သိမှာပေ နေစမ်းပါဦး၊ မင်း မမမိုးနဲ့ အတူနေရတဲ့အတွက် ဘာအဆင်မပြေတာ ရှိသေးလို့လဲ စားဖို့ဝတ်ဖို့ကော မင်းသုံးဖို့ ဖြုန်းဖို့ငွေတွေပါ တောင်းသလောက် ပေးနေတာ ဥစ္စာ"

သက်ပိုင် တွေဝေသွားသည်။

နောက်ချက်ချင်းဆိုသလို...



www.burmeseclassic.com

www.burmeseclassic.com

"ကြာတော့လည်း မမမိုးကို အားနာလာလို့ပါ။ မမမိုးဆီက မစားရက်တော့တာနဲ့ ဟို ကိုယ့်လုပ်စာလေးနဲ့ ကိုယ်ရှာချင်လို့"

"ဟိုယောင်ယောင် ဒီယောင်ယောင် ဘာအလုပ်မှ မည်မည်ရရမရှိတဲ့လူက အလုပ် လုပ်စားမယ်ဆိုတာ ရယ်စရာကြီးကွာ။ လာပါကွာ - မမမိုးနဲ့အတူ တိုက်ဂါး သောက်ရအောင် မင်းကြိုက်တဲ့ ဘလက်လေဘယ်နဲ့ ကြက်ကြော်လည်း အဆင်သင့်"

"ကျွန်တော် စောစောက သောက်ပြီးစားပြီးပြီလေ။ ချိန်းထားတာ နောက်ကျနေဦးမယ်။ သွားပါရစေနော် - မမမိုး"

ဒေါ်မိုးသဇင် ချော့မော့နေတဲ့ကြားမှ သက်ပိုင်က လှည့်ထွက်ဖို့ဟန်ပြင်သည်။

ဒေါ်မိုးသဇင် နည်းနည်းတင်းသွားရပါပြီ။

"ဒီမယ် - မောင်မောင်၊ မင်းအပေါ်ငါ့လောက်ကောင်းတာ ဘယ်သူ ရှိသေးလို့လဲ။ ကလေးတစ်ယောက်လို နွဲ့ဆိုး ဆိုးသမျှ ငါအလိုလိုက်ထားတာ"

"ကျွန်တော် ကလေးမှမဟုတ်ပဲ မမမိုး၊ တစ်ခါတလေလည်း ကျွန်တော် စိတ်လွတ် ကိုယ်လွတ် သွားချင်တာပေါ့"

"မင်း သွားချင်တိုင်း သွားလို့မရဘူး - မောင်မောင်၊ လောလောဆယ် မင်းကို ငါ ပိုင်သလို ဘယ်သူနဲ့မှလည်း အငြိမခံနိုင်ဘူး"

"ဒါတော့ မမမိုး သက်သက်ချုပ်ခြယ်တာပဲ။ ကျွန်တော့်ကို လှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင်လို့ မှတ်ထားရင်တော့ မမမိုး မှားမယ်"

"မင်း မှားသလား၊ ငါ မှားသလား စမ်းကြည့်လိုက်လေ၊ သတ္တိရှိရင် မင်း ရှေ့တစ်လှမ်းတိုးကြည့်"

"မမမိုး - သိထားဖို့က ကျွန်တော့်တစ်သက်မှာ ဘယ်သူ့အမိန့်ပေးတာကိုမှ မခံခဲ့ဘူး။ မမမိုး ကျွန်တော့်ကို အမိန့်မပေးပါနဲ့"

"ပေးသင့်ရင်တော့ ပေးရမှာပဲ၊ အခု ရပ်လိုက်ကြည့်ပါလား ပြောရင်းဆိုရင်းက ငါက ခေါင်းပေါ်တင်ထားတာကို မင်းက မြင့်တယ်ဆိုပြီး ခုန်ချချင်တာကိုး၊ အစာဝလို့ ဒွာနပြန်ချင်တယ်ဆိုပါတော့၊ မောင်မောင် ရပ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားကြီး ရပ်နိုင်းတိုင်း မရပ်နိုင်ဘူးဗျာ၊ ကျုပ် သွားစရာရှိတာ သွားရမှာပဲ။ မကြာပါဘူး၊ တစ်နာရီ၊ နှစ်နာရီလောက်ဆို ပြန်လာမှာပါ"

"အံမာ - မင်းကများ လူပါးဝလို့။ ဒီမှာ ကြည့်လိုက်စမ်း မောင်မောင်"

သက်ပိုင် လှည့်ကြည့်လိုက်သည်။

ဒေါ်မိုးသူဇာ လက်ထဲမှာ ငွေရောင်လက်လက်ထနေတဲ့ ဓားမြှောင်ငယ် တစ်လက်။

သက်ပိုင် ပြုံးလိုက်သည်။ မချိုပြုံး၊ ရိသဲ့သဲ့အပြုံး။

နောက်ကြောင်းပြန်၍ ဒေါ်မိုးသူဇာနားသို့ တိုးကပ်လာ၏။

"ဟင်း - ဟင်း - မမမိုးက တကယ်ထိုးရဲလို့လား"

"အေး - အချစ်ကြီးရင်အမျက်ကြီးတယ်ကွ။ မင်းငါ့ကို စွန့်ပစ်သွားတော့မယ် ဆိုတာ ငါသိနေတယ်လေ။ ဒီတော့ဖြစ်ချင်တာဖြစ် မင်းကိုငါအရှင်တော့မလွှတ်လိုက်နိုင်ဘူး"

ဒေါ်မိုးသူဇာက သက်ပိုင်ရင်ဝကိုရွယ်လျက် ဓားမြှောင်နှင့် စိုက်ထိုးချလိုက်သည်။

သက်ပိုင်အဖို့တော့ ဒီလောက်က သနားတယ် ဖြစ်သွား၏။

ဓားချက်ကို အပိုင်ရှောင်ပြီး ဓားကိုင်လက်ကို အမိဖမ်းလိုက်သည်။

ဒေါ်မိုးသူဇာကလည်း ဓားကို ပြန်လုဖို့ ကြိုးစားသည်။

နှစ်ယောက်သား လုံးလားထွေးလားဖြင့် လှေကားထိပ်သို့ ရောက်မှန်းမသိ ရောက်သွားကြသည်။

သက်ပိုင်က ဒေါ်မိုးသူဇာလက်ကို လိမ်ချိုးရင်း ဓားကို လုယူလိုက်နိုင်သည်။

ပြီးတော့ ဆောင့်တွန်းပစ်လိုက်သည်။

တွန်းတုန်းကတော့ ဘာရယ်လို့မဟုတ်။

ဒါပေမဲ့ - ဒေါ်မိုးသူဇာ ကံဆိုးစွာဖြင့် လှေကားထိပ်မှ အရှိန်လွန်ပြီး အောက်သို့ ဒလိမ့်ကောက်ကွေးကျသွားသည်။

လှေကားရင်းမှာ ခွေခွေလေး။

ပါးမှ သွေးစလေး စီးကျလျက် ...။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ် မဟုတ်တော့ မသေချာ။
သူ့စိတ်ထဲ လိပ်ပြာနက်ကြီးက မြင်ခါစထက်
နှစ်ဆလောက်ကြီးလာသည်။
လက်သီးဆုပ်လောက် ဖြစ်လာသော ခေါင်းမှာ
လူ့ မျက်နှာသဏ္ဌာန်ထင်ရှားလျက်
ရှင်းရှင်းပြောရရင်တော့ ဒေါ်မိုးသဇင်ရဲ့
မျက်ခွက်တင်ထားတဲ့အတိုင်း ...

သက်ပိုင် ပြေးဆင်းသွားရာမှ ငုံ့ကြည့်မိသည်။

ဒေါ်မိုးသူဇာ သတိရတစ်ချက် မရတစ်ချက် ...

"မောင်မောင် - မောင်မောင် - မမမိုးကို ပစ်မသွားပါနဲ့"

ကယောင်ကတမ်းမြည်တမ်းနေဆဲ။ သက်ပိုင် ဘယ်လိုက ဘယ်လိုစိတ်ရိုင်းဝင်လာမှန်းမသိ။ ဆင်ခြင်ဉာဏ်ကင်းမဲ့၍ လူစိတ် ပျောက်သွားသည်။

ဒေါ်မိုးသူဇာ ခေါင်းကို လက်နစ်ဖက်ဖြင့် စုံကိုင်ကာ ကြမ်းပြင်နှင့် နှစ်ချက်သုံးချက် ဆောင့်လိုက်သည်။

ခွပ်ခနဲ ... ခွပ်ခနဲ ...

"မောင်မောင် - ရက်စက်လိုက်တာ"

ဒေါ်မိုးသူဇာ သူ့ကို မျက်ရည်တွေကြားမှ စိုက်ကြည့်ရင်း မျက်ဖြူလန်ကျသွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

သွေးတွေကတော့ အိုင်ထွန်းနေပါပြီ။

ဇရာမခြံဝင်းကျယ်အလယ်ရှိနန်းတော်အိမ်ကြီးထဲမှ အဖြစ်ဆိုးကို ဘယ်သူမှ သိကြမည်မဟုတ်ပါ။

☆

"ဟာ - ဒီတစ်သက်တော့ ငါထောပြီ၊ သူ့ကိုယ်ပေါ်က လက်ဝတ်လက်စားတွေ ကောဇီရိုထဲက ရတနာတွေ ငွေတွေရော ဟဲဟဲ - ဒေါ်လာတွေတောင် ပါဦးမယ်။ ယွန်းဝတီကိုခေါ်ပြီး ပြေးကြရုံပဲ။ အဝေးကြီး - ဟိုးအဝေးကြီး"

ဆိုင်ကယ်ကို လီဗာတင်လာရင်းမှ သက်ပိုင် မြူးထူးလာသည်။

"အလကားရွှတ်တွနေတဲ့ အမဲခြောက်ကိုမီးကင်ထားတဲ့ဟာကြီး - ငါက သူနဲ့ တစ်သက်လုံးနေရမှာတဲ့လား။ ဝတီဆိုရင် အသက် ၂၀ ကျော်လေး၊ ဘာဘီအရုပ်လေးလို လှတာ၊ လူချင်းမလဲနိုင်စရာ ဘာအကြောင်းမှ မရှိဘူး"

မြေနီကုန်းဘက်ရောက်တော့မှ ဆိုင်ကယ်ကို ဗဟန်းဘက်သို့ ခေါင်းတည် ပေးလိုက်သည်။ ထိုမှ ရေကူးကန်ဘက်သို့ကွေ့ရင်း နာရီကြည့်လိုက်တော့ ကိုးနာရီ ခွဲ။

"တောက် - ဒီကောင်မကြီးဝင်ရှုပ်လို့ လွဲသွားပြန်ပြီထင်တယ်။ ဘာပဲဖြစ်ဖြစ် ငါ ခြေစလက်စတွေမကျန်အောင် ပိပိရိရိ ဖျောက်ပစ်ခဲ့တာပဲ။ မနက် အိမ်ဖော်တွေ အလုပ်ဆင်းလာလည်း လှေကားပေါ်က မတော်တဆ ပြုတ်ကျတာလို့သာ ထင်ကြမှာပဲ၊ ဒေါ်ခြံတွေက ငါ ထွက်လာတာ မသိအောင်လည်း ဆိုင်ကယ်ကို စက်မနှိုးပဲ ထွန်းလာတာ။ လမ်းမပေါ်ရောက်မှ တက်စီးတာဆိုတော့"

ယွန်းဝတီနှင့် ချိန်းထားသော စားသောက်ဆိုင်သို့ ရောက်သွားသည်။

မျက်နှာသိ စားပွဲထိုးလေးကို မေးကြည့်လိုက်တော့ ယွန်းဝတီလာစောင့် နေရာက သူ မလာသဖြင့် ပြန်သွားပြီဖြစ်ကြောင်း သိလိုက်ရသည်၊

ယွန်းဝတီအလုပ်ဆင်းရာ နိုက်ကလပ်သို့ လိုက်သွားသည်။

ယွန်းဝတီ ဒီနေ့ အားရက်ပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

"အိမ်ပဲပြန်သွားသလား၊ ဒါမှမဟုတ် တစ်ယောက်ယောက်နောက်များ ပါသွားသလား မသိဘူး"

နောက်ဆုံးတော့ ၁၀ ထပ်ရှိ စပယ်ရှယ် ဟိုတယ်ကြီးပေါ်သို့ သက်ပိုင် အငြိမ့်သား ရောက်သွားတော့သည်။

၇ထပ်မှနစ်ယောက်အိပ်ခန်းမကြီးက တီဗီ၊ အဲယားကွန်းစက်၊ ဇိမ်ခံပစ္စည်းတွေ အစုံအလင်။ တောင်ဆုပ် ဖဲမွေ့ရာကြီးကလည်း အိလို့။

"ဟင် - ဝတီသာ ပါလာရင် ရှယ်ပဲ"

လသာဆောင်ထွက်၍ သူ့ဟန်းဖုန်းနှင့် ယွန်းဝတီဟန်းဖုန်းကို ဆက်လာသည်။

လူကြီးမင်း ခေါ်ဆိုသော လက်ကိုင်ဖုန်းမှာ ဖုန်းပိတ်ထားပါသည်ရှင်တဲ့။

☆

သက်ပိုင် စိတ်မောလူမောနှင့် အိပ်ပစ်ဖို့သာ ကြိုးစားခဲ့ရပါပြီ။

ဒါပေမဲ့ - ရှေ့ရေး နောက်ရေးတွေ စဉ်းစားရင်း ရဲလက်မှ ရှောင်ပြေးကွက်ကိုရှာရင်း အတွေးပေါင်းစုံ ဝင်ပါတွင် ချာချာလည်ရင်း တော်တော်နှင့် အိပ်မပျော်။

ည ၁၀ နာရီ ကျော်သွားသည်။

သူ မှေးခနဲ ဖြစ်သွားသည်။

လာပါပြီ။ အိပ်မက်ဆိုးကြီး။

ပထမတော့ ယွန်းဝတီနှင့် သူ ပန်းဥယျာဉ်ကြီးထ စိမ်ပြေတမ်းကစားနေရတာပေါ့။

နောက်တော့ ကောင်းကင်တိမ်လွှိုင်းတွေ စီးနေရပြန်တယ်။

"မောင်မောင်" လို့ ခေါ်သံ တစ်ချက်ကြားလိုက်ရ၏။

လှည့်ကြည့်လိုက်သည့်အခါ ယွန်းဝတီမဟုတ်တော့ဘဲ မိုးသဇင် ဖြစ်နေပါပြီ။

ဒေါ်မိုးသဇင်က ဇက်ကြီးကိုင်းလို့၊ မျက်လုံးတွေကလည်း နီရဲပြီး နှုတ်ခမ်းထောင့်က သွေးတွေစီးကျလျက် ...



www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင် မပြေးနဲ့"

နောက်က အားရပါးရ လှမ်းဖက်သည်။ သူက ရုန်းသည်။ ရုန်းရင်းကန်ရင်း အိမ်မြင့်ပေါ်မှ လိမ့်ကျသွားသည်။

အိပ်မက်က မဆုံးသေးပါ။

သူ ပန်းခြံကြီးတစ်ခုထဲ ကျသွားရာက သတိပြန်ရလာသည်။ အလူးအလ ထသည်။ ပန်းဥယျာဉ်ကြီးထဲမှာ ပန်းမျိုးစုံဖူးပွင့်လျက်က လိပ်ပြာရောင်စုံ ပျံသန်း ကြသည်။ ပန်းရနံ့တွေကလည်း ယစ်မူးစရာ၊ တဒင်္ဂအားဖြင့် သူ ပျော်သွားသည်။

ပျော်ရွှင်မှုက တဒင်္ဂပါ။

"မောင်မောင်ရေ - မောင်မောင်"

ဟော - ဒေါ်မိုးသူဇာအသံပါလား၊ ဘယ်ကပါလိမ့်။ အသံရှင်ကို သူ လိုက်ရှာ ဘေးပတ်ဝန်းကျင်ကလွဲလို့ ဘယ်သူမှ မရှိ။

"မောင်မောင့်ကို ချစ်တယ်"

"ရက်စက်လိုက်တာ - မောင်မောင်ရယ်"

အသံက ပီပီသသကြီး။

လိပ်ပြာတွေဆီက ကြားလိုက်ရတာပါပဲ။

အသံကြားရာကို မော့ကြည့်လိုက်တော့ လိပ်ပြာအနက်တစ်ကောင်ဆီ ပါပဲ။

သူ သိလိုက်ချိန်မှာပင် ...

"မပြေးနဲ့ - မောင်မောင်"

လိပ်ပြာနက်ကြီးက သူ့ဆီကို တစ်ဟုန်ထိုး ပြေးဆင်းလာသည်။ သူ့မျက် တည့်တည့်သို့ ဝဲပျံလာခြင်းလည်း ဖြစ်သည်။ သက်ပိုင် အလန့်တကြား ထအော်လို မိသည်၊ သည်မှာပင် သူ လန့်နိုးသွားရတော့၏။

☆

အချိန်က ညဥ့် ၂ နာရီကျော်စ။

ညအိပ်မီး ပြာလဲ့လဲ့အောက်က ဖဲမွေ့ရာကြီးပေါ်မှာ ကျောခင်းလျက်သား



www.burmeseclassic.com

www.burmeseclassic.com

သည့်တော့မှ ဟိုတယ်ခန်းထဲ ရောက်နေသည့်အဖြစ်၊ ဒေါ်မိုးသူဇာကို သတ်ပြီး ရတနာတွေ သုတ်ပြေးခဲ့တဲ့အဖြစ်၊ အိပ်မက်ဆိုးကြီး မက်နေသည့်အဖြစ်များကို ဆက်စပ်သတိရလိုက်သည်။

လက်စသတ်တော့ အိပ်မက်ပဲ။ စိတ်စွဲလို့ မက်နေမှာပေါ့။

သူ စိတ်အေးသွားသည်။ ခုတင်ဘေး မှန်တင်ခုံပေါ်မှ စီးကရက်ဘူးကို အိပ် လျက်က လှမ်းယူလိုက်သည်။

"မောင်မောင်"

"ဗျာ"

ယောင်ယမ်းပြီး သူ ထူးလိုက်မိ၏။

ဟုတ်သေးပါဘူး။

အိပ်မက်က အရှိန်မပြေသေးလို့ သူ့နားထဲ ပဲ့တင်ထပ်နေတာလား။

"မမမိုးပါ - မောင်လေးရယ်"

ဟင် - ဘယ်သူ လာချော့လိုက်ပါလိမ့်။ နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတာ။ ယက်ပိုင် အိပ်ရာထဲမှ လူးလဲထလိုက်သည်။ မှန်ဝါးဝါးအလင်းရောင်အောက်မှာ ဘာမှ မမတွေ့ရ။ အသံက အခန်းထောင့် မှောင်ရိပ်ထဲမှာလိုလို။ မီးခလုတ်ရှိရာ သူ ပြေးသွား ပီသည်။

"မောင်မောင့်ကို ချစ်တယ်"

သူ့မီးခလုတ်တွေအားလုံး လိုက်ဖွင့်ပစ်လိုက်သည်။

တစ်ခန်းလုံး ထိန်ထိန်လင်းသွားရာမှ အသံကြားရာကို ဖျတ်ခနဲ လှမ်းကြည့် ပီသည်။

နံရံပေါ်မှာ ဘာမှမရှိ။

သူ ဇဝေဇဝါဖြစ်သွား၏။

နားထဲမှာ သီချင်းညည်းသံလိုလို၊ ငိုရှိုက်သံလိုလိုအသံတွေကြားနေရသည်။ မှ့အခန်းပတ်လည် လိုက်ရှာနေဆဲ။

"မမမိုးက ဒီမှာလေ - မောင်မောင်ရဲ့"

သူ့နောက်က ရုတ်တရက် ပေါ်လာတဲ့အသံ။



www.burmeseclassic.com

www.burmeseclassic.com

ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ မွေ့ရာခေါင်းအုံးပေါ်မှာ ဆင်လိပ်ပြာကြီး၊ အနက်ရောင်လိပ်ပြာကြီးပါ။ တောင်ပံကို ကားလိုက် စွာလိုက်၊ ဖြန့်ချလိုက်ပြန်စုလိုက်နဲ့ သူ့ဘက်ကို ခေါင်းလှည့်ထားသည်။

နှုတ်သီးချွန်လေးတောင် လှုပ်လိုက်သယောင်ယောင်။

"မောင်မောင်"

သက်ပိုင် ကြောင်ကြည့်နေမိသလို လိပ်ပြာနက်ကြီးကလည်း သူ့ကို စိုက်ကြည့်နေပုံရသည်။

တကယ်လား၊ အိပ်မက်လား။ ဒါမှမဟုတ် ဆေးကြောင်တာလား၊ အရက်ကြောင် ကြောင်သွားတာလား။

မဖြစ်နိုင်ဘူး၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။

လိပ်ပြာကြီး ငြိမ်နေတုန်း သက်ပိုင်းအခန်းအနှံ့ လက်နက်လိုက်ရှာသည်။

ကံအားလျော်စွာ ခြေရင်းအခန်းထောင့်မှာ တစ်ကိုက်လောက် အရှည်ရှိ သံပိုက်လုံးတစ်ချောင်း။

သက်ပိုင် ပြေးယူပြီး လိပ်ပြာနက်ကြီးဆီ ကပ်သွားသည်၊ လိပ်ပြာကြီးထံမှ ဝိုသံလိုလို ကြားလိုက်ရသည်။

သူ လွှဲရိုက်လိုက်သည်၊ လျင်လိုက်တဲ့ လိပ်ပြာကြီး ဖျတ်ခနဲ ရှောင်သွားသည်၊ ခေါင်းရင်းနံရံမှာ သွားကပ်နေပါပြီ။

"ရက်စက်လိုက်တာ - မောင်မောင်ရယ်"

ငိုသံပါကြီးနှင့်အသံ၊ သက်ပိုင် နားမခံသာတော့။ ပြေးရိုက်လိုက်ပြန်သည်၊ လိပ်ပြာကြီး ဖျတ်ခနဲ ပျောက်သွားသည်။

လိုက်ရှာလိုက်တော့ သူ့ခေါင်းပေါ်မှာ တောင်ပံတဖျတ်ဖျတ်ခတ်ပြီး ဝဲနေပြ ပေါ့။

သူ လိပ်ပြာကြီးကို လိုက်ရိုက်ပြန်သည်၊ လိပ်ပြာကြီးက အရှောင်အတိမ် ကျွမ်းသည်၊ မှန်တင်ခုံ မှန်ဝိုင်းကြီးပေါ် သွားနားနေစဉ် သူ သတိလက်လွတ်ဖြင့် ပိုက်လုံးကို လွှဲ၍ပြေးရိုက်လိုက်သည်၊

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com

ကွဲသွားသည်။ လိပ်ပြာနက်ကြီးမထိ။ မှန်ချပ်ကြီးသာ အစိတ်စိတ်အမြွှာမြွှာ။ လိပ်ပြာနက်ကြီး သူ့ခေါင်းပေါ်မှာ။ သူ့ကို ပတ်ပျံပြီး မျက်နှာကို တောင်ပံနှင့် ခတ်ရိုက်သွားသည်။

နောက် အခန်းမျက်နှာကြက်ပေါ် ပြေးကပ်နေရာမှ သူ့ဆီကို ဝဲဆင်းလာပြန်သည်။

ဟုတ် မဟုတ်တော့ မသေချာ။ သူ့စိတ်ထဲ လိပ်ပြာနက်ကြီးက မြင်ခါစထက် နှစ်ဆလောက်ကြီးလာသည်။ လက်သီးဆုပ်လောက် ဖြစ်လာသော ခေါင်းမှာ လူ့မျက်နှာသဏ္ဍာန်ထင်ရှားလျက် ရှင်းရှင်းပြောရရင်တော့ ဒေါ်မိုးသဇင်ရဲ့မျက်ခွက်တင်ထားတဲ့အတိုင်း။

"မောင်မောင် - မပြေးနဲ့"

"မောင်မောင့်ကိုချစ်"

လိပ်ပြာ ပါးစပ်ဟလိုက်ရာမှ အစွယ်နှစ်ချောင်းကို သူ တွေ့လိုက်ရသည်။

လိပ်ပြာက ရှိုးခနဲ ခုန်ဆင်း၍ သူ့ခေါင်းကိုဝင်တိုက်သည်။ သူ လှမ်းရိုက်ပေမယ့် လွဲသွားသည်။ သူက လိုက်ရိုက်သည်။ သူက ရိုက်၊ ဟိုကပြေးနှင့် အခန်းထဲမှာ ဆူညံပွန်းဒိုင်းကြဲသွားသည်။ မှန်တွေ၊ မီးလုံးတွေ၊ တီဗွီတွေ ကွဲကုန်ပြီး တစ်ခန်းလုံး ပွစာကျဲနေပါပြီ။

ဆူညံသံများကြောင့် လုံခြုံရေးအစောင့်တွေ ပြေးတက်လာကြသလို တံခါးဖွင့်ပေးဖို့ တဒုန်းဒုန်း ထုခေါ်ကြသည်။

"ဦးသက်ပိုင် - ဦးသက်ပိုင် - ဘာဖြစ်တာလဲ၊ တံခါးဖွင့်ပေးလေ"

သူက တံခါးဘက် အာရုံရောက်ချိန် သတိလစ်သွားရာမှ လိပ်ပြာနက်ကြီးက သူ့ဟုတ်ကိုင်လက်ကို ဝင်တိုက်လိုက်သည်။ အစွယ်နှင့် ထိုးလိုက်တာပဲ ဖြစ်သည်။ ဆစ်ခနဲ ဝေဒနာနှင့်အတူ မျက်စိထဲ ဝင်းခနဲလက်ကာပျာသွားသည်။ လူလည်း တုန်လှုပ်ထိတ်လန့်သွားရသည်။ အဆိပ်တက်ပြီးလက်ထဲမှ သံတုတ်လွတ်ကျသွားသည်။ ပြီးတော့ - တရိပ်ရိပ် မူးဝေလာသလိုလို။

လိပ်ပြာနက်ကြီးက အပေါ်စီးမှ ယူပြီး သူ့ကို လိုက်ကိုက်ပါတော့သည်။ သူက လက်နှစ်ဖက်ကာလျက် ရှောင်ပြေးနေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

“ကယ်ကြပါဦး – ကယ်ကြပါဦး”

အော်မိအော်ရာ အော်ရင်းက အခန်းထဲ ပတ်ပြေးနေမိသည်။ လိပ်ပြာကြီး ကတော့ သူ့နောက်က တကောက်ကောက်လိုက်ရင်း သူ့ဘေးမှ ရှပ်ပျံလိုက်၊ ရှေ့က ဝင်လာလိုက်၊ ပွတ်တိုက်သွားလိုက် လုပ်နေသည်။ ကြွက်ကလေးကို ကြောင်က အနိုင် ကျင့်နှိပ်စက်ပြီး မစားခင်က စားနေသည့်အလား။

ထိုကြားထဲမှာပင် ...

ဗိုးခနဲ သူ့ရှေ့မှ ဖြတ်ပျံပြီး ပါးပြင်ကို တိုက်လိုက်သည်။

“အိုး – အမေလေး”

“ရက်စက်လိုက်တာ မောင်မောင်ရာ”

“မောင်မောင့်ကို ချစ်လို့”

ဆိုသည့် အသံတွေကလည်း ပွက်လောရိုက်လို့။

“ဦးသက်ပိုင် – တံခါးဖွင့်ပါ”

ခေါ်သံတွေကလည်း ဆူညံလို့။

သက်ပိုင် မျက်လုံးထဲ ဘာမှမမြင်ရတော့။

လိပ်ပြာနက်ကြီးက စွန်များ သိန်းများကို လိုက်ထိုးနေတာသာ သိပြီး ပြေးမိ ပြေးရာ လျှောက်ပြေးနေမိ၏။

လိပ်ပြာကြီး၏ မျက်လုံးတွေမှာ နာကြည်းမှု၊ မုန်းတီးစွာ ရက်စက်မှုတွေဖြင့် ဝင်းဝင်းတောက်လျက်။

သက်ပိုင် ပြေးရင်းလွှားရင်း တံခါးကို ဖွင့်လိုက်သည်။ အခန်းတံခါးရယ်လို့ ဖွင့်လိုက်ခါမှ လသာဆောင်တံခါးဖြစ်နေပါပေါ့။

မထူးဘူးဆိုပြီး လသာဆောင်လေးထဲ ထွက်ပြေးမိသည်။

လိပ်ပြာကြီးက သူ့ကို ဒုံးပျံတစ်စင်းကဲ့သို့ ဝင်တိုက်သည်။

မျက်နှာပေါ် တဖျပ်ဖျပ်ခတ်ရင်း တရစပ်ကိုက်ခဲသည်။

သူ ရှောင်ရင်း တိမ်းရင်း ပြေးဖို့ကြိုးစားရင်း လေသာဆောင်ရင်ထားမှ အရှိ လွန်ပြီး ကျသွားပါပြီ။

“အား”



www.burmeseclassic.com

www.burmeseclassic.com

"ဖုန်း"

ရှစ်ထပ်အောက် မြေပြင်ပေါ်တွင် အရုပ်တစ်ရုပ်လို ကျိုးကြေ၍နေသော သက်ပိုင်ကိုကြည့်၍ လူတွေက ထင်မြင်ချက် အမျိုးမျိုးပေးလို့မဆုံး။

"လောင်းကစားရှုံးလို့ စိတ်ညစ်ပြီး ခုန်ချသွားတာ ထင်ပါရဲ့"

"အရက်အမူးလွန်ပြီး လိမ့်ကျသွားတာလည်း ဖြစ်နိုင်တယ်"

"သူက တစ်ချိန်က ဆေးသမားဆိုတော့ ဆေးကြောင်ပြီး ဖောက်သွားတာ နေမှာပေါ့"

"အေးလေ - ရူးသွားတာလည်း ဖြစ်နိုင်တယ်"

ဘာတွေ ဘယ်လိုပဲပြောကြ ပြောကြ သက်ပိုင်တွေ့ခဲ့သော လိပ်ပြာနက်ကြီး ကိုကား ဘယ်သူမှ မတွေ့ခဲ့ကြတာတော့ အမှန်။

⇒ ညီညီနိုင်


**စာမူရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် **စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်** ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

**လေးစားစွာဖြင့်**
**သည်းထိတ်ရင်ဖိုမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လူသားစားသူတစ်ယောက်ဟု ထင်ရှားသော
ပုဂ္ဂိုလ်တစ်ဦးအား ထောင်တွင်း၌ တွေ့ဆုံမေးမြန်းမှုကို
ဖော်ပြထားခြင်း ဖြစ်သည်

ကျွန်တော် နေသည်က အမွှေရသော သမိုင်းအိမ်ကြီးတွင် ဖြစ်သည်။ ကျွန်တော့် သမီးမှာ အိမ်ထောင်ခွဲဖြစ်၍ မြောက်ဒဂုံတွင် နေထိုင်သည်။ ထို့ကြောင့် တစ်ဦးတည်းသော သမီးဖြစ်သူထံသို့ တစ်ပတ်လျှင် တစ်ကြိမ် သွားရောက်လည်ပတ်တတ်သည်။ အဓိက ကတော့ မြေးဦးယောကျ်ားကလေး မွေးထားသောကြောင့် "သား သမီးအချစ် မြေးအနှစ်" ဆိုသည့် ကားပုံအတိုင်း ကျွန်တော်၏ ဇနီး ဖြစ်သူမှာ သူ၏ မြေးဦးအား လွန်စွာချစ်သောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့ သမိုင်းအိမ်နှင့် မြောက်ဒဂုံသွားရာလမ်းမှာ ပါရမီလမ်းမကြီးကိုအသုံးပြု၍တောင်ဥက္ကလာနှင့်မြောက်ဒဂုံဘက် သို့ဆက်သွယ်ထားသော ဘေလီတံတားကြီးကိုဖြတ်သန်းရသည်။ ထိုတံတား၏ အခြေတွင် မီးပွိုင့်လမ်းဆုံရှိသည်။ သမိုင်းဘက်က သွားပါက လက်ဝဲဘက် မီးပွိုင့်လမ်းဆုံအနီး၌ ဘုန်းကြီးကျောင်းဝန်း ကြီးတစ်ခုရှိသည်။ ထိုကျောင်းဝင်းကြီးမှာ ယခုအခါ၌ လွန်စွာ သပ်ရပ်ရှင်းလင်းသော ကျောင်းဝင်းကြီး ဖြစ်သည်။ ယခင်ကတော့ သရက်တောကြီး အုပ်မိုးနေသည့် တော ကျောင်းဝင်းကြီးတစ်ခုဟု ဆိုပါက မှားအံ့မထင်ပါ။ ယခင် ထိုကျောင်းကြီးမှာ မြန်မာပြည်၌



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကျော်ကြား လူသိများသွားသော လူသားစားသည့် ဦးလာဘဟူသော ဘုန်း
တော်ကြီးတစ်ပါး၏ ကျောင်းဝန်းကြီး ဖြစ်ချေသည်။

ကျွန်တော် ထိုပုဂ္ဂိုလ်ကြီးနှင့် ဆုံတွေ့ခဲ့ဖူးသည်မှာ ၁၉၇၆ - ခုနှစ် အင်းစိန်
ထောင်အတွင်း၌ ဖြစ်ပါသည်။ ထိုစဉ်အချိန်က လမ်းစဉ်ပါတီအစိုးရ၏ ဘူဗွာစစ်ဆေး
ရေးဟူသော အမည်ဖြင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဘိုးတော်စစ်ဆေးရေးဟူ
သော အမည်ဖြင့် နာမည်ကြီးပုဂ္ဂိုလ်များအား ထောင်တွင်းအကျဉ်းချ၍ ဖမ်းဆီးနေ
သော ကာလဖြစ်သည်။ ထိုအချိန်တွင် ဦးလာဘဟူသော ဘုန်းတော်ကြီးတစ်ပါးအား
လူသတ်မှုဖြင့် ထူးထူးခြားခြား ဖမ်းဆီးချုပ်နှောင်ထားခြင်း ဖြစ်ပါသည်။ သူနှင့်အတူ
ဘုန်းကြီးကျောင်းတွင် နေထိုင်ပြီး ဆွမ်းကွမ်းဝေယျာဝစ္စ လုပ်ကိုင်ပေးနေသော
မိသားစုတစ်စုလည်း အမှုတွဲအဖြစ် ပါဝင်လာသည်။ ထိုသူများမှာ ဘုန်းကြီးခိုင်းသမျှ
မကြောက်မရွံ့ လက်ရဲဖက်ရဲ တစ်သွေးတစ်သံတစ်မိန့်ကို မြေဝယ်မကျ နားထောင်၍
မိုက်ရူးရဲဆန်ဆန် လုပ်ကိုင်ပေးလေ့ရှိသော ကုလားဟူသော နာမည်ဖြင့် လူတစ်
ယောက်လည်း ပါသည်။ သူ့အမေက ဒေါ်တင်လှ ဖြစ်သည်။ သူ၏ ညီမက မဖြူဖြူ ဟု
ခေါ်တွင်ပါသည်။

တကယ်တမ်းတော့ မဖြူဖြူမှာ လွန်စွာချောမောလှပပြီး ဖြူစင်ယဉ်ကျေးသော
မိန်းမပျိုလေးတစ်ယောက် ဖြစ်ပါသည်။

လူသတ်သည့်အမှုထဲတွင် ၎င်းသူ မပါဝင်ခြင်းမရှိသော်လည်း အမှုစတင်
ဖြစ်ပွားပုံမှာ သူမနှင့်ပတ်သက်နေပါသည်။ ထို့ကြောင့် သူမအားလည်း အမှုတွဲထဲတွင်
ဆွဲသွင်း၍ ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။

⭐

ထိုစဉ်အချိန်က ကျွန်တော်သည် အမှတ် (၁) အိပ်ဆောင် အဆောင်မှူး ဖြစ်
သည်။ ကျွန်တော်တို့ အမှတ် (၁) အိပ်ဆောင်ဝင်းအတွင်း၌ ထောင်ကျရုံးရှိသည်။
ထိုရုံးကို ကွပ်ကဲသူက ထောင်မှူးကြီးဦးစံသိန်း ဖြစ်သည်။ ထိုဆရာကြီးမှာ အရပ်ရှည်
ရှည်၊ အသားညိုညို၊ မျက်နှာရှည်ကြီးဖြစ်သောကြောင့် ကျွန်တော်တို့ အရာရှိငယ်
www.burmeseclassic.com

www.burmeseclassic.com

များက နောက်ကွယ်တွင် ထိုဆရာကြီးအား ရသေ့ကြီးဦးစံသိန်းဟူ၍ နာမည်ပြောင် ပေးထားသည်။ ထိုဆရာကြီးမှာ အညာသားပီပီ လွန်စွာအလုပ် လုပ်သည်။ သဘော လည်း ကောင်းသည်။

ကျွန်တော်တို့အမှတ် (၁) အိပ်ဆောင်ဝင်းအတွင်း၌ သူ၏ရုံးခန်းဖွင့်လှစ်ထား သောကြောင့် ကျွန်တော့်အထက်အရာရှိလည်း ဖြစ်ပါသည်။ ကျွန်တော်နှင့် လွန်စွာ ခင်မင်၍ သားအဖပေါင်း ပေါင်းကြသည်။

တစ်နေ့သောအခါ ထောင်ပိုင်ခေါ်သည်ဟု ထောင်ပိုင်ကြီးရုံးမှ ခေါ်သည်ဟု အော်ဒလီးမောင်မှတ်က ကျွန်တော့်အား လာခေါ်ပါသည်။ မခေါ်စဖူး အခေါ်ထူး၍ ကျွန်တော်မောင်မှတ်နှင့်အတူ ထောင်အရှေ့ဘူးဝသို့အမြန်လိုက်ခဲ့သည်။ ဘူးဝကြီး၏ ဘယ်လက်အခြမ်းမှာ ညွှန်ကြားရေးမှူး ဗိုလ်မှူးတင်အုန်း၏ ရုံးခန်းဖြစ်ပြီး ညာဘက် အခြမ်းမှာ ထောင်ပိုင်ကြီးနှင့် ထောင်ပိုင်လေးတို့ ရုံးခန်းနှင့် တွဲဖက်ပြီး ထောင်ဝင်စာ တွေ့သော သံဆန်ကာခန်းမကြီးလည်း ရှိသည်။ ထောင်ဘူးတံခါးကြီးဆိုသည်မှာ တစ် ပေါက်တည်းသာရှိ၍ အဝင်အထွက်အလွန်ရှုပ်သောနေရာဖြစ်သည်။ ထောင်အတွင်း သို့ ရိက္ခာပို့သော ကုန်တင်ကားကြီးများ အဝင်အထွက်ရှိသလို ရန်ကုန်မြို့အတွင်းရှိ မြို့နယ်ရုံးအသီးသီးသို့ ရုံးထွက်ကျရသော အချုပ်တရားခံများနှင့် နောက်မှ ရုံးထွက် ထောင်ကျတရားခံများလည်းရှိပါသည်။ ထို့အပြင် နယ်မှတရားခံလာအပ်သော ရဲအဖွဲ့ ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ လာရောက်စစ်ဆေးသော ဦးထွန်းကြည်တို့ အဖွဲ့ကလည်း ရှိသေးသည်။ ထို့အပြင် နာမည်ကြီး တရားခံများအား အထူးဆောင်၌ ခေါ်၍ စစ်ဆေးသော (S.B) ခေါ်စုံစမ်းစစ်ဆေးရေးဌာနက ရဲအရာရှိများ ထောင်ဝင်စာ တွေ့သည့်ပြင်ပဧည့်သည်များ စသည်ဖြင့် လွန်စွာရှုပ်ထွေးဆူညံပြီး အလုပ်များသော နေရာတစ်ခု ဖြစ်ပါသည်။

ကျွန်တော်ထောင်ပိုင်ကြီး၏ရုံးခန်းအဝင်အဝ ဆင်နားရွက်တံခါးကလေးအား တွန်း၍ အထဲသို့ဝင်လိုက်ပြီး ထောင်ပိုင်ကြီးအား အလေးပြုလိုက်သည်။

"ထိုင်ပါဦး – ဦးသိန်းဝင်း၊ အရေးကြီးတဲ့ တရားခံတွေ လာဖို့ရှိတယ်။ အဲဒါ ကြောင့် ခင်ဗျားတို့ကို ခေါ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကုလားက မခံမရပ်နိုင်ဖြစ်ပြီး
ဘုန်းကြီးကို တိုင်တယ်။
ဒါကြောင့်လည်း ဘုန်းကြီးက
ကုလားကို ဆုံးမခိုင်းလိုက်တာ
လက်လွန်သွားတယ် ထင်ပါရဲ့။
ဘုန်းကြီးတို့ကတော့ ဒါယိကာမကြီး
ဒေါ်တင်လှ ချက်ပြုတ်ကျွေးမွေးတာ
ကိုပဲ မှီဝဲရတော့ လူသားမှန်း
ဘာမှန်းတောင် မသိလိုက်ပါဘူး။
ဘုဉ်းပေးလိုက်ကြတယ် ...



"ဟုတ်ကဲ့ - ထောင်ပိုင်ကြီး"

ကျွန်တော် ထောင်ပိုင်ကြီးရှေ့ရှိ ချခင်းထားသော ကုလားထိုင်တစ်လုံးတွင် နေရာယူဝင်ထိုင်လိုက်တော့ ကျွန်တော်နှင့်အတူ ထိုင်ခုံအသီးသီးတွင် အရင်ဦးဆုံး နေရာယူထိုင်နေကြသည့် အမျိုးသမီးထောင်မှ ဒေါ်ခင်မြကြွယ်နှင့် တိုက်ထောင်မှူး ဦးသန်းရွှေတို့အားလည်း တွေ့ရှိရပါသည်။

မကြာပါ ထောင်တံခါးကြီး ဖွင့်သံကြားရပြီး ရဲအုပ်ကြီး ဦးစိန်မောင်နှင့်အတူ ရဲတပ်သားများ ခြံရံခေါ်ဆောင်လာသည်။ အချုပ်သား တရားခံများကို တွေ့လိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအထဲတွင် ထူးဆန်းစွာ ဘုန်းတော်ကြီးတစ်ပါး ပါလာသည်။ ထိုဘုန်းကြီးမှာ အရပ်ထောင်ထောင်မောင်းမောင်း ခြောက်ပေခန့်ရှိပြီး လူငယ်တစ်ယောက်ကတော့ အသားမည်းမည်း ဗလကောင်းကောင်းနှင့် အသက်အရွယ် ၂၅ နှစ်ခန့် ဖြစ်သည်။ နောက်တစ်ယောက်ကတော့ပိန်ပိန်ပါးပါး၊ ရိုးသားပုံရသောအသက်၅၀ခန့်အဒေါ်ကြီး တစ်ဦးဖြစ်သည်။ နောက်ဆုံးတစ်ယောက်ကတော့ လွန်စွာချောမောပြေပြစ်ပြီး ဖြူဖွေးနေသည့် အသားအရေနှင့် လိုက်ဖက်လှသည့် မိန်းမပျိုကလေးတစ်ဦး ဖြစ်သည်။

ထိုအခါမှ ရဲအုပ်ကြီး ဦးစိန်မောင်က ကျွန်တော်တို့ ထောင်အရာရှိများအား တရားခံများနှင့် မိတ်ဆက်ပေးပါသည်။ ဘုန်းတော်ကြီး၏ ဘွဲ့အမည်မှာ ဦးလာဘ ဖြစ်သည်။ အသားမည်းမည်းကောင်ကလေးက နာမည်နှင့်လိုက်စွာ ကုလားဟု ခေါ်တွင်သည်။ အဒေါ်ကြီးကတော့ ဒေါ်တင်လှဟု ခေါ်ပါသည်။ မိန်းမပျိုကလေးကတော့ မဖြူဖြူဟု ခေါ်တွင်ကြောင်း သိရပါသည်။

ထို့နောက် ရဲအုပ်ကြီး ဦးစိန်မောင်က အချုပ်ဝရမ်းများအား ထောင်ပိုင်ကြီး လက်ထဲသို့ အပ်သည်။ ထောင်ပိုင်ကြီးက နာမည်များဖြင့် ချုပ်ဝရမ်းများအား တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်သဖြင့် ကျွန်တော့်အား ဘုန်းတော်ကြီး ဦးလာဘကို အပ်သည်။ ကုလားအား တိုက်ထောင်မှူး ဦးသန်းရွှေလက်သို့ အပ်သည်။ အဒေါ်ကြီး ဒေါ်တင်လှနှင့် မဖြူဖြူတို့အား အမျိုးသမီးထောင်မှူး ဒေါ်ခင်မြကြွယ်လက်သို့ အပ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ထောင်အရာရှိများ အချုပ်တရားခံအသီးသီးတို့ကို ခွဲဝေ၍သက်ဆိုင်ရာအဆောင်များသို့ခေါ်ဆောင်ခဲ့ကြပါသည်။ ကျွန်တော်ခေါ်ဆောင်လာသည့် ဘုန်းတော်ကြီး ဦးလာဘမှာ သင်္ကန်းဝတ်နှင့်ဖြစ်ပြီး မကြာမီ ထောင်ဆရာတော်ကိုပင့်၍ သိက္ခာချပြီး သင်္ကန်းချွတ်၍ လူဝတ်လဲရမည်ဖြစ်ပါသည်။ ဦးလာဘမှာ ခန္ဓာကိုယ် တုတ်ခိုင်ကြီးမားသန်စွမ်းသလို သူ၏သွားကြီးများမှာလည်း ကျွန်တော်တို့ လက်မလက်သည်းခွံခန့် ကြီးမားသည်ဟု ထင်ပါသည်။ အပြောအဆိုကလည်း ဘုန်းကြီးနှင့်မလိုက်ဖက်အောင် ကြမ်းတမ်းလှပါသည်။

ကျွန်တော့်အဆောင်တွင် ဘူဇွာစစ်ဆင်ရေးဖြင့် ဖမ်းဆီးထားသော ဆီစက်ဆန်စက်သူဌေးကြီးများ၊ ပွဲရုံလုပ်ငန်းရှင် သူဌေးကြီးများ၊ ဆောက်လုပ်ရေး လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်သူ သူဌေးကြီးများ၊ အရောင်းအဝယ်လုပ်ငန်းကြီး လုပ်ကိုင်သူ သူဌေးကြီးများ စသည်ဖြင့် ထိုခေတ်က လူကြီးလူကောင်းဟု ခေါ်ဆိုခံခဲ့ရသည့် အထက်တန်းစား ပုဂ္ဂိုလ်ကြီးများ အစုံအလင် ရှိပါသည်၊ ထိုပုဂ္ဂိုလ်ကြီးများမှာ ဗုဒ္ဓဘာသာဝင်များ အများစုဖြစ်၍ ဘုန်းတော်ကြီး ဦးလာဘအား သက်နှင်းအရှိန်ဖြင့် လေးစားရိုသေစွာ ဂါရဝပြုကြပြီး ၎င်းတို့ထံ ထောင်ဝင်စာပေးပို့ထားသည့် စားသောက်ဖွယ်ရာများကိုလည်း လှူဒါန်းပူဇော်ကြပါသည်။ ဦးလာဘမှာ စီးကရက်ကြိုက်သူဖြစ်သောကြောင့် ဒကာတစ်ဦးက ထိုခေတ်က နာမည်ကြီး လူကြိုက်များသော ငါးသုံးလုံးစီးရက်ဘူးကိုပင် လှူဒါန်းပါသေးသည်။ ထို့ကြောင့်လည်း ဦးလာဘ ကျွန်တော့်အဆောင်တွင် နေထိုင်စဉ်အတွင်း စားရေးသောက်ရေး ပူပန်ရန်ကိစ္စမရှိပါ။ အားလုံးပြည့်စုံပါသည်၊ ဦးလာဘကလည်း သူဌေးကြီးများအား သူတို့အကြိုက်တရားကို ချီးမြှင့်ဟောကြားပြီး အလိုက်အထိုက် ပေါင်းသင်းဆက်ဆံတတ်ပါသည်။ တစ်နေ့တွင် ကျွန်တော် အချိန်ရသည်နှင့် ...

"ဆရာတော် – ဆရာတော့်အမှုက လူသတ်မှုတကယ်ပဲ ကျူးလွန်ခဲ့တာလား။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း မိန့်တော်မူပါ။ တရားသူကြီးလည်း မဟုတ်၊ ရှေ့နေလည်း မဟုတ်၊ ရဲလည်းမဟုတ်လို့ ပြောပြတာနဲ့ ဆရာတော်ရဲ့အမှုကို ထိခိုက်မှာ မဟုတ်ပါဘူး။ အဲဒါကိုတော့ တာဝန်ယူပါတယ်"

"ဒကာတို့ကရဲမဟုတ်ဘူးလား၊ ဘုန်းကြီးကိုတောင်ဥက္ကလာအချုပ်ခန်းထဲမှာ စစ်လိုက်မေးလိုက်တာလည်း အစုံပါပဲ။ ဒါပေမဲ့ – ဘုန်းကြီး ဝန်မခံခဲ့ပါဘူး"

"ဆရာတော်ကို ပြောပါရစေ၊ ဆရာတော်တို့ ကျောင်းမှာ ချက်တဲ့ ပြုတ်တဲ့ ဟင်းအိုးတွေမှာ လူ့အဆီကို တွေ့တယ်လို့ ဓာတုဗေဒဌာနက သုံးသပ်ထားတာကို သီတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ ဒါ့အပြင် လူ့အရိုးစုတစ်စုကိုလည်း အပိုင်းပိုင်း ခုတ်ပြီး မြွေရေခွံအိတ်နဲ့ ကျောင်းဝင်းထဲက သရက်ပင်ခြေရင်းမှာ မြှုပ်ထားတာကိုလည်း ရဲနဲ့စစ်တပ်က ပူးပေါင်းပြီး ရှာဖွေတွေ့ရှိတယ်လို့ ဖတ်လိုက်ရပါတယ်၊ နောက်ပြီး ကာလသားခေါင်း တောက်ထိန်တစ်ယောက် ဘုန်းကြီးကျောင်းထဲ ဝင်သွားပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

ထွက်မလာဘူးလို့လည်း ကျောင်းဝိုင်းအပြင်ဘက်က နွားကျောင်းသားတွေ ထွက်ဆိုချက်ကိုလည်း သိလိုက်ရပါတယ်။ ဒါကြောင့် ဆရာတော် ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

"အိမ်း - ဒကာရေ - ဘုန်းကြီးကတော့ ရဲစခန်းမှာ အတန်တန် ငြင်းခဲ့တာပဲ။ ဒါပေမဲ့ အခု ဒကာက အာမခံပြီးမေးတော့လည်း အမှန်အတိုင်း ဝန်ခံရတော့မှာပေါ့။ ဘုန်းကြီးတို့ကျောင်းက မြို့စွန်မှာကျတယ်။ သရက်တောနဲ့ တည်းတောကြီးတစ်ဝိုင်းလုံးအုပ်ဆိုင်းနေလို့အပြင်ကကြည့်ရင်တောင်အထဲကကျောင်းအဆောက်အအုံတွေကို မမြင်နိုင်ဘူး။ ဘုန်းကြီးရဲ့တပည့်ကျော် ကုလားကလည်း အလွန်လက်သံပြောင်တယ်။ ဘုန်းကြီးကျောင်းထဲ ဝင်လာသမျှ ကြက်၊ ဆိတ်၊ နွား၊ ကျွဲ၊ ခွေးကအစ ဝင်လာသမျှအကုန်သတ်ပြီးချက်စားတာ။ ဒါကြောင့်လည်း ကျောင်းဝင်းထဲကို တော်ရုံတန်ရုံလူစိမ်း ဝင်မလာရဲကြဘူး။ နာမည်ဆိုးနဲ့ ကျော်စောတယ်လို့ ဆိုပါတော့"

"ဒါနဲ့ ဘုန်းကြီးက ပေါရိသာဒ မော်အောင်,အောင် လူသားစားတယ်ဆိုတာ ဟုတ်ပါသလား"

"ဒါတွေက ပေါက်တတ်ကရ ပြောကြတာပါ"

"အခု အမှုဖြစ်စဉ်မှာ သေဆုံးသူ ကာလသားခေါင်း တောက်ထိန်ကို သတ်ပြီး ချက်ပြုတ်စားတယ်ဆိုတာရော အမှန်ပဲလား ခင်ဗျာ"

"အင်း - ဒါတော့ ဟုတ်တုတ်တုတ်ပဲ။ အဲဒီကာလသားခေါင်း တောက်ထိန်ဆိုတဲ့ ကောင်က လူမိုက်၊ ဘုန်းကြီးကိုလည်း မလေးမခန့်လုပ်တယ်။ ဒါယိကာမကြီး ဒေါ်တင်လှတို့သားအမိကိုလည်း နိုင်ထက်စီးနင်းပြုမူတယ်။ တစ်ကြိမ်တစ်ခါမကဘူး သူ အရက်မူးလာတိုင်း ခဏခဏ ပြုမူကျင့်ကြံတတ်တယ်။ ဒါကြောင့် ကုလားက မခံမရပ်နိုင်ဖြစ်ပြီး ဘုန်းကြီးကို တိုင်တယ်။ ဒါကြောင့်လည်း ဘုန်းကြီးက ကုလားကို ဆုံးမ ခိုင်းလိုက်တာ လက်လွန်သွားတယ် ထင်ပါရဲ့။ ဘုန်းကြီးတို့ကတော့ ဒါယိကာမကြီး ဒေါ်တင်လှ ချက်ပြုတ်ကျွေးမွေးတာကိုပဲ မှီဝဲရတော့ လူသားမှန်း ဘာမှန်းတောင် မသိလိုက်ပါဘူး။ ဘုဉ်းပေးလိုက်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးမှာ သိလျက်နှင့် မလိမ်သာလိမ်သာ ကျွန်တော့်အား လှည့်ပတ်ပြော ဆိုနေကြောင်း ကျွန်တော် ရိပ်မိသိရှိပါသည်။ သို့သော်လည်း တစ်ဖက်သား ဝန်မခံ လိုသည့်ကိစ္စအား အတင်းအကြပ်မေးမြန်းရန် မသင့်လျော်ပါ။ ထို့ကြောင့် ကျွန်တော် ထိုကိစ္စကို ဆက်လက်မေးမြန်းခြင်း မပြုချင်တော့ပါ။

နောက်ပိုင်းမှ သိရှိရသည်မှာ ဘုန်းကြီးက ဒေါ်တင်လှအား ဇနီးမယားအဖြစ် သိမ်းပိုက်ထားပြီး မဖြူဖြူကိုလည်း သိမ်းပိုက်ရန်ကြံရွယ်နေကြောင်း၊ ကုလားမှာ ပညာ မတတ်၍ ကာယအားကိုးဖြင့် ဘုန်းကြီးစေခိုင်းသမျှ ပြုလုပ်နေရသူဖြစ်ကြောင်း ကြားသိလာရပါတော့သည်။

☆

နောက်ပိုင်းတွင် ဘုန်းကြီးအား သင်္ကန်းချွတ်၍ လူဝတ်လဲပြီး ရုံးချိန်းအခါခါ ထွက်၍ ကုလားအား သေဒဏ်၊ ဘုန်းကြီးအား တစ်သက်တစ်ကျွန်း အနှစ် ၂၀၊ ဒါယိကာမကြီး ဒေါ်တင်လှအား သိလျက်နှင့် ပူးပေါင်းကြံစည်မှုအတွက် ထောင်ဒဏ် ၇နှစ်၊ သမီးဖြစ်သူ မဖြူဖြူအား အပြစ်မရှိသောကြောင့် တရားသေလွှတ်လိုက်ပါသည်။ ဘုန်းကြီးအား အင်းစိန်ထောင်မှ မန္တလေးထောင်သို့ ပို့သည်။ ထိုမှ ရေဆင်းကျောက် ထုတ်လုပ်ရေးစခန်းသို့ ပို့သည်။ ၁၉၈၇ ခုနှစ်၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ကုလားက သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းရွှေ့ချမှတ်ပြီး ဘုန်းကြီးက တစ်သက်တစ်ကျွန်းဒဏ်မှ လွတ်မြောက်ပြီး ထောင်ဒဏ်ငါးနှစ်ခန့် နေရကာ လွတ် မြောက်သွားကြောင်း နောက်ဆုံးသိရှိရပါသည်။ ဒေါ်တင်လှကတော့ ၁၉၈၄ ခုနှစ် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျုံးဝင်သောကြောင့် လွတ်မြောက်သွား ပါသည်။

တကယ်တမ်းတော့ ဦးလာဘအမှုမှာ နိုင်ငံကျော်အမှုကြီးဖြစ်ပြီး မှန်ကန်သော် လည်း နိုင်ငံတော်က သက်ညှာထောက်ထားသောအားဖြင့် အကြိမ်ကြိမ် လွတ်ငြိမ်း ချမ်းသာခွင့်ပေးရာတွင် ပါဝင်သွားခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအမှုမှာ အလွန်ထူးခြားဆန်းကြယ်သော အနေအထားများ ရှိပါသည်။ ရိုးဖြောင့်သော လူသတ်မှုတစ်ခုဟု ထင်ရသော်လည်း ဘုန်းကြီး၏ လျှို့ဝှက်ကြံစည်ထားသော အကြောင်းအရာများက တစ်ခုခုကို ဖုံးကွယ်ထားကြောင်း ထင်ရှားနေပါသည်။ ထိုတစ်ခုခုဆိုသည်ကို ဘုန်းကြီးနှုတ်က ဖွင့်မပြောသမျှ ကျွန်တော်တို့ မသိနိုင်ပါ။ ပူးပေါင်းကြံစည်ကြသော ကုလားနှင့် ဒေါ်တင်လှတို့လည်း သိရှိနိုင်ကြမည် မဟုတ်ပါ။ ထိုလျှို့ဝှက်ချက်မှာ သူငါပြောဆိုနေကြသော ပေါရိသာဒမှော်အောင်ရန် ကြိုးပမ်းခြင်းလော၊ အငြိုးဖြင့် ရိုးရှင်းစွာ လူသတ်မှုလော စဉ်းစားတွေးခေါ်စရာ ဖြစ်ပါသည်။ ဘုန်းကြီး အမှု ရွာမပတ်ဘဲ လူကိုပတ်နေခြင်း ဖြစ်သည်။ တကယ့်အမှန်တရားကိုတော့ ဘုန်းကြီး ဦးလာဘကိုယ်တိုင်သာလျှင် သိရှိနိုင်မည်ဖြစ်ကြောင်း ကျွန်တော် စဉ်းစားချင့်ချိန်မိပါတော့သတည်း။

⇒ **ထောင်မှူးကြီး သိန်းဝင်း**

စာဖူးမျှား
ငပႏုပ္ုလိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျေးဖူးတရားဆိုသည်မှာ သုံးဆယ့်တစ်ဘုံအတွင်း ကျင်လည်နေသူတိုင်းတွင် ရှိကြမြဲဖြစ်ပါသည်။ အထူးသဖြင့် သတ္တလောကအတွင်း နေထိုင်ကြသည့် လူနှင့် တိရစ္ဆာန်တို့တွင် ထင်သာမြင်သာရှိသည်ကို သေချာဂရုစိုက်ကြည့်လျှင် မြင်နိုင် တွေ့နိုင်ပါသည်။

လူနှင့် တိရစ္ဆာန်တွင်လည်းကောင်း၊ တိရစ္ဆာန်အချင်းချင်းတွင်လည်းကောင်း ရှိနေပါသည်။ အမှတ်တမဲ့နေကြ၍သာ မသိကြခြင်းဖြစ်ပါသည်။ အလွယ်တကူ မြင်တွေ့နိုင်ကြ




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သည်က လူလူချင်း ကျေးဇူးတရား အပြန်အလှန် ရှိနေခြင်းပင်။ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန်ကျေးဇူးပြုခဲ့ကြရာတွင် မိမိတို့ ကျေးဇူးပြုခဲ့သူအပေါ်တွင် တုံ့ပြန်ကျေးဇူးဆပ်တတ်သူ၊ မိမိကို ကျေးဇူးပြုခဲ့ခြင်း ကို ပြန်လည်ကျေးဇူးမဆပ်နိုင် သော်လည်း ထိုသူပြုပေးခဲ့သောကျေးဇူးတရားကို အမြဲတစေ သတိရကာ စိတ်ထဲမှ မေတ္တာပို့တတ်သူနှင့် ကျေးဇူးပြုပေးခဲ့ခြင်းကို သိပါလျက် ထိုသူကို ကျေးဇူးစွပ်တတ် သူ (တစ်နည်း) ကျေးဇူးကန်းသူဟူ၍ ရှိနေပါသည်။

သည်လိုလူစားသုံးမျိုးသုံးစား ရှိကြရာတွင် နောက်ဆုံးလူတန်းစားဖြစ်သည့် ကျေးဇူးကန်းတတ်လူစားက အများဆုံး ရှိနေကြပါသည်။ ကျေးဇူးကန်းတတ်သူ လ စားမှာ ကောင်းမွန်စွာ နေရ၊ စားရသော်လည်း တစ်ခဏတာကာလဖြစ်ပြီး နောက်ဆုံ ဘဝဇာတ်သိမ်းမကောင်းကြသည်ကို မျက်မြင်တွေ့ခဲ့ဖူးပါသည်။ ကျေးဇူးသိသ ကျေးဇူးပြန်ဆပ်သူတွေလည်း များစွာတွေ့ခဲ့ဖူးပါသည်။ သည့်နှယ်လူစားတွေ ဘဝ ဇာတ်လမ်းကို စာဖတ်သူများ သိရှိပြီး သင်ခန်းစာတစ်ခု မှတ်သားဖွယ်ရာတစ်ခုအဖြ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဖတ်ပြီးသော် မိမိကိုယ်တိုင် အသိဉာဏ်ဖြင့် ဝေဖန်၊ စဉ်းစား၊ ဆုံးဖြတ်ရန်ဂ စာဖတ်သူ စိတ်ဆန္ဒအတိုင်းသာ ရှိပါစေတော့။

☆

ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များ အနက် ကြည့်မြင်တိုင်မြို့နယ်မှာ ရွှေပန်းထိမ် ရွှေမှိုက်လုပ်ငန်း အများဆုံးရှိသည့် မြို့နယ်တစ်ခု ဖြစ်ပါသည်။

ရွှေမှာ ရတနာအားလုံးနှင့် ဆက်စပ်သုံးစွဲရခြင်းကြောင့် ရွှေတူးဖော်ခြင်းလုပ်င နှင့် ရွှေမှိုက်လုပ်ငန်းမှာလည်း ရှေးနှစ်ရာနှင့်ချီ၍ ရှိခဲ့သလို နောင်နှစ် ပေါင်းများစွာတို တည်ရှိနေမည့်လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ လုပ်ကိုင်သည့် နည်းပညာမှာသာ ပြော လဲမှုရှိချင် ရှိပါမည်။ အခြေခံလုပ်ကိုင်မှုကတော့ မပြောင်းလဲပါ။ သည်အတွက်ကြေ သားစဉ်မြေးဆက် လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ အသေအချာ ရေးပြရလျှင် လျားလွန်းပါသည်။ ရေးလိုသည့် ရည်ရွယ်ချက်နှင့်မဆိုင်၍ လိုရင်းဇာတ်လမ်းကို ရေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ရွှေမှိုက်လုပ်ငန်းမှာ အင်မတန်ကျယ်ဝန်းပြီး အဓိကအချက်မှာ မှိုက်ဆရာတစ်ယောက်အနေနှင့်ရွှေပန်းထိမ်ဖိုများကိုသိထားရသည်။ ဘယ်ရပ်ကွက်၊ ဘယ်မြို့မှာ ရွှေပန်းထိမ်ဖို မည်မျှရှိသည်။ လုပ်ငန်းတွင်ကျယ်သည်၊ လုပ်သားမည်မျှ ရှိသည်။ တစ်နှစ် သို့မဟုတ် နှစ်နှစ်တွင်း မှိုက်ရှင်းတတ် သည်။ စသည်တို့ကို သေချာ စုံစမ်းဆက်သွယ်ထားပြီး စာရင်းစာအုပ်နှင့် မှတ်သားထားရသည်။ ပေါ့ပေါ့ဆဆလုပ် ၍မရ၊ ပေါ့ဆပါက သူများ(တခြားမှိုက်ဆရာ)လက်ဦးသွားကာ မိမိအတွက်အများကြီး ထိခိုက်နစ်နာသွားနိုင်သည်။ မိတ်ပျက်သွားလျှင် နောင်ကာလတွေမှာပါ မိမိကို မပေး တော့။

ပန်းထိမ်ဖိုများမှိုက်သိမ်းရန်အတွက် အမြဲတမ်းစာရင်းကိုကြည့်နေရသည်။ ပန်း ထိမ်ဖိုတစ်ခု မှိုက်ရှင်းရန် နှစ်လသုံးလခန့်ကြိုတင်ပြီးမေးထားရသည်။ ပြည်လမ်းပိုင်း၊ မန္တလေးလမ်းပိုင်း၊ ဧရာဝတီတိုင်းရှိ မြို့ရွာများအထိ ဆက်သွယ်ထားရသည်။ လမ်း ကြောင်းတစ်ခုတည်းတွင်မှိုက်သိမ်းရမည့်ပန်းထိမ်ဖိုနှစ်ခု၊ သုံးခုရှိနေလျှင် လောလော ဆယ် စရိတ်ကုန်ကျမှု သက်သာသွားကာ မှိုက်ထွက်အနည်းအများကိုကြည့်ပြီး ဈေး ပေးနိုင်ပေသည်။

စသည်တို့က အပေါ်ယံသဘော သာ ရှိသေးသည်။ လုပ်သက်နှစ်၊ ဝါရင့်မှု၊ ကျွမ်း ကျင်မှုတို့သာမက ရွှေအကြောင်းကိုလည်း သေချာစေ့စေ့စပ်စပ်သိထားရန် လိုသည်။ တစ်ခါတစ်ရံ (အင်)နှင့် ထိလိုက်ပါက ခွက်မှောက်အောင် ခံရနိုင်သေးသည်။ အင်ပိုင်း၊ ချွတ်ပိုင်း ကျင်တတ်ရုံနှင့် မှိုက်ဆရာလုပ်၍မရပါ။ သစ္စာရှိကျွမ်းကျင် အလုပ်သမား ကောင်းတွေလည်း မွေးထားရသေးသည်။

ထို့ကြောင့်သစ္စာရှိလက်ရင်းတပည့်မွေးရသည်။ လက်ထောက်မှိုက်ဆရာအဖြစ် ပန်းထိမ်ဖိုငယ်များကို မှိုက်သိမ်းစမ်းသပ်ခိုင်းပေးရသည်။ ထိုသူမျိုးကို တစ်ရပ်တည်း သား၊ အကြောင်းသိသူကိုသာ ရွေးချယ်လေ့ရှိသည်။ သို့ပါလျက် တစ်ခါတစ်ရံ မဖြစ် ဖူး။ မကြုံစဖူး ငယ်မွေးတပည့်ရင်းက သစ္စာဖောက်တတ်ပါသေးသည်။ ထိုသူတွေ ထဲတွင် ငမြတစ်ယောက် ပါဝင်ခဲ့သည်။

⍟

www.burmeseclassic.com

သူ့စိတ်ကူး အကြံအစည်ကို ဆက်လက်ဖော်ဆောင်ရန်သာ
စိတ်ထဲစွဲမှတ်ထားခဲ့သည်။ တစ်နည်းပြောရလျှင် သားကောင်ပစ်ခတ်သော
မုဆိုးလို အဆိုင်ပစ်ခတ်နိုင်သော ပစ်ကွင်းမရောက်မချင်း
စောင့်ဆိုင်းနေသကဲ့သို့ သူလိုချင်သော အခွင့်အရေးရောက်လာသည်အထိ
စောင့်နေခြင်းသာ ဖြစ်ပါသည် ....



ငြေမြက ရွှေမှိုက်သူဌေးဦးကြည်နှင့် အိမ်ချင်းကပ်နေသူ။ ဦးကြည်၏လုပ်ငန်းတွင်
လုပ်ကိုင်နေသော ဦးမောင်တင်၊ ဒေါ်ဝင်းတို့၏သားဖြစ်သည်။ ငြေမြကို မမွေးခင်အချိ
များစွာကပင် ဦးကြည်၏ ရွှေမှိုက်လုပ်ငန်းတွင် လုပ်ခဲ့သူဖြစ်၍ ဦးကြည်က သူ့အိ
ခြေရင်းဘက်တွင် ဦးမောင်တင်တို့လင်မယားကို နေထိုင်စေခဲ့သည်။ လက်ရင်းလူယ
အဖြစ် သဘောထားခဲ့သည်။ ဦးမောင်တင်က လုပ်ငန်းတွင် ယုံကြည်အားကိုးရပြီး သ
မိန်းမ ဒေါ်ဝင်းကလည်း ဦးကြည်၏ မီးဖိုချောင်အလုပ်ကို လုပ်ကိုင်ရသူဖြစ်သည်
ဦးကြည်မိန်းမကလည်း ဒေါ်ဝင်း ကို စိတ်ချပြီး အားလုံးလွှဲအပ်ထားသည်။

ဦးမောင်တင်၊ ဒေါ်ဝင်းတို့လင်မယား မှာ ဦးကြည် လူယုံလက်စွဲဖြစ်၍ ဆွေ
ရင်းချာလို ကူညီထောက်ပံ့ပေးခြင်း ခံရပေသည်။ ဦးမောင်တင်တို့ကလည်း ကျေး



www.burmeseclassic.com

www.burmeseclassic.com

တရားသိသူများဖြစ်ကြသည်။ လုပ်ငန်းမှာသာမက တခြားကိုယ်ရေးကိစ္စများတွင်ပါ ဆောင်ရွက်ပေးခဲ့ကြသည်။ အပြန်အလှန် ကျေးဇူးရှိကြသူ မိတ်ဆွေကောင်းများ အဖြစ် ရပ်တည်ခဲ့ကြသည်။

သည်လိုနေလာခဲ့ရာ ဦးမောင်တင်၊ ဒေါ်ဝင်းတို့တွင် သားတစ်ယောက် မွေးလာ ခဲ့သည်။ အိမ်ထောင်ကျပြီး ဆယ်နှစ်ကျော်မှ ကလေးရလာသဖြင့် ဦးမောင်တင်လင် မယားမှာ အလွန်ဝမ်းသာကြပြီး ဂရုတစိုက် မွေးမြူခဲ့သည်။ မိခင် ဒေါ်ဝင်းက ပိုပြီး ကဲကဲ သဲသဲဖြစ်ကာ အလိုလိုက်ခဲ့သည်။ ဦးမောင်တင်က စည်းစနစ်သမားပီပီ ဒေါ်ဝင်းကို မကြာခဏ သတိပေးခဲ့သည်။ သားအပေါ် အချစ်လွန်နေသူ ဒေါ်ဝင်းနှင့် မကြာမကြာ စကားများရသည်။ အလုပ်တစ်ဖက်နှင့် ဦးမောင်တင်မှာ စကားများရန်ဖြစ်ရသည်က တစ်မျိုးမို့ ကလေးနှင့်ပတ်သက်ပြီး မပြောတော့။

သားက စိတ်ကောက်လျှင် ဒေါ်ဝင်းက မနေတတ်။ သားအကြိုက် အလိုလိုက် အလျှော့ပေးခဲ့သည်ချည်းဖြစ်သည်။ အရွယ်ရောက်လာသော ငမြကပါးနပ်သည်။ ခင်ရှိလျှင် ငြိမ်နေတတ်သည်။ ငမြကို ကျောင်းထားပေးသည်။ ကျောင်းနေ၍ လေး ကန်းရောက်သောနှစ်မှစကာ ငမြ ပျက်စီးတော့သည်။ ကျောင်းတွင် အပေါင်းအသင်း မျိုးစုံနှင့် တွေ့ရပြီး အကျင့်စရိုက်မျိုးစုံတို့နှင့် ရင်းနှီးခဲ့ကာ လူငယ်သဘာဝ မကောင်းမှု စရိုက်ဘက်သို့ ယိမ်းယိုင်ပါသွားခဲ့သည်။ စာဘက်ကို ဝါသနာမရှိ။ သင်္ချာတွက်ရသည် ကို စိတ်ညစ်သည်။ မှတ်စာ၊ ဖတ်စာတို့ ကျက်မှတ်ရသည်ကို ပျင်းသည်။

သို့ပေမယ့် ဂေါ်လီရိုက်၊ ပိုက်ဆံ ထောင်ပစ်ရသည်ကို သဘောကျသည်။ သူငယ် ချင်းတွေနှင့် ကျောင်းပြေးပြီး အင်းယားကန်၊ ကန်တော်ကြီးတို့ကို သွားရောက်ရကူး သည်။ သည်လို သူငယ်ချင်းအပေါင်းအသင်းများနှင့် သွားလာနေရခြင်းကိုသာ သဘောကျနေရာမှ ကျောင်းကို လုံးဝမသွားတော့။ ဆရာတွေက အကြောင်းကြား တော့မှ ဦးမောင်တင်၊ ဒေါ်ဝင်းတို့ သိကြရပေသည်။ ဦးမောင်တင်က ဒေါသဖြစ်လွန်း၍ ရိုက်နက်ဆုံးမသော်လည်း ငမြက ပေတေခံသည်။ ကျောင်းကို လိုက်ပို့လည်းမရပါ။ မုန့်စားလွှတ်ချိန် လစ်ထွက်သွားလေ့ရှိသည်။

ကြာသော် ကျောင်းမှ သည်းမခံနိုင်တော့သဖြင့် အပြီးအပိုင် ကျောင်းထုတ်ပစ် လိုက်ခြင်း ခံလိုက်ရပါသည်။ ငမြ၏ ဆိုးပေဖွဲကို ဦးမောင်တင် အရှုံးပေးလိုက်ရသည်။ ထိုအချိန် ငမြ၏ ဘက်တော်သားမိခင် ဒေါ်ဝင်း သေဆုံးသွားရာ ငမြ နည်းနည်းခြေငြိမ်



www.burmeseclassic.com

www.burmeseclassic.com

သွားသည်၊ အခြေ အနေကိုကြည့်ပြီး ဦးမောင်တင်က သူ၏ ရွှေမှိုက်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်စေလိုက်သည်။ သက်တူရွယ်တူ တွေ၊ တစ်ရပ်ထဲ တစ်လမ်းထဲ နေသူ အပေါင်းအသင်းတွေနှင့် လုပ်ကိုင်ရသည်မို့ မြေ အလုပ်တွင် စိတ်ပါသလို ဖြစ် သွားသည်၊

လုပ်ရင်းကိုင်ရင်းတဖြည်းဖြည်းလုပ်ငန်းတွင်စိတ်ဝင်တစားရှိလာ၍ကျွမ်းကျင်မှု ရှိလာသည်၊ ထိုအခါမှ ဦးမောင်တင်မှာ စိတ်အေးသွားရသည်၊ သူနှင့်အတူ မျက်စိ အောက်တွင် လုပ်ကိုင်နေသောကြောင့်လည်း ဖြစ်ပါသည်၊ လုပ်ငန်းရှင်ဖြစ်သော ဦးကြည်ကလည်း လူယုံ၏သားဖြစ်၍တစ်ကြောင်း၊ အလုပ်တွင်လည်း ကျွမ်းကျင်နေ ၍တစ်ကြောင်း လုပ်ခငွေကို တခြားသူတွေထက် ပိုပေးသည်၊ အခွင့်အရေးလည်း ပေးခဲ့သည်၊ အဝတ်အစားကအစ ဝယ်ပေးခဲ့သည်၊

မြေမှာ အလုပ်သမားများထဲတွင် အသွက်လက်ဆုံး အကျွမ်းကျင်ဆုံးဖြစ်လာရာ ဦးမောင်တင်ထက် ဦးကြည်က ပိုပြီးသဘောကျနေသည်၊

"ကိုတင် - ခင်ဗျားသား မြေကတော့ လူတော်ဗျ၊ တကယ်ကို ခင်ဗျား ခြေရာ နင်းမဲ့ကောင်"

ဦးကြည်က သူ့စိတ်ထဲရှိသည့်အတိုင်းတစ်ခါကဦးမောင်တင်ကိုထုတ်ဖော်ပြော ခဲ့ဖူးသည်။ ထိုစကားကြောင့်ဦးမောင်တင်မှာမြေဘဝရေးအတွက်စိတ်အေးသွား ခဲ့ရသည်၊ သူ့သား မြေမှာ ကျောင်းပညာ မထွန်းကားသော်လည်း အသက်မွေးရန် အတွက်တော့ မပူပင်ရတော့ဟု၍ စိတ်ချသွားသည်၊

မြေက တကယ်လည်းအလုပ်ကိုစိတ်ပါလက်ပါလုပ်ကိုင်သည်၊ သူ့စိတ်ထဲတွင် ဦးကြည်တို့မိသားစု ချမ်းသာကြွယ်ဝမှုကို အတူတူအနီးကပ်နေရ၍ မြင်တွေ့သိရှိနေ သည်ဖြစ်ရာ အားကျအတုယူလိုစိတ် ရှိနေသည်။ သူတို့လို နေချင်သည်၊ ထို့ကြောင့် ကြိုးစားလုပ်ကိုင်နေခြင်း ဖြစ်ပါသည်။ နယ်ဘက်ဒေသရှိ ပန်းထိမ်ဖိုများထံသို့ မှိုက် သိမ်းသွားသည့်အခါများတွင် သေချာစေ့စေ့စပ်စပ် လှည်းကျင်း၊ သိမ်းကျုံးခြစ်ယူ သည်။လက်သုတ်အဝတ်စပင်မကျန်စေရပါ။တံမြက်စည်းဟောင်းကိုပင် ချိုးဖဲ့အဝတ် နှင့် သေချာထုပ်ယူခဲ့သည်၊

ဖခင်ဖြစ်သူ ဦးမောင်တင်ဆီမှလည်း အတွေ့အကြုံအရရော နှုတ်မှ သင်ကြား ပေးမှုတွေ၊ လက်တွေ့လုပ်ငန်း ရင်း သင်ကြားပေးမှုတွေကြောင့်ပါ မြေမှာ ဦးကြည်



www.burmeseclassic.com

www.burmeseclassic.com

လက်စွဲတော် လူယုံတစ်ယောက် ဖြစ်လာသည်။ မြေအရွယ် ရောက်လာပြီမို့ တစ်ရပ်ကွက်ထဲနေသူ မိမော်နှင့် ချစ်ကြိုက်သည့်အခါ ဦးကြည်က အစစအရာရာ အကုန်အကျခံပြီး မင်္ဂလာဆောင်ပေးခဲ့သည်။

လက်ထပ်ပြီး သုံးလကျော် ရှိသေးသည်၊ မြေမိန်းမ မိမော်က နေထိုင်ရသည်မှာ မလွတ်လပ်ပါ။ ဘာညာအကြောင်းပြ၍ မြေကို ဂျီတိုက်လွန်း၍ အိမ်ခွဲနေကြပါတော့သည်။ ဖခင်ဖြစ်သူဦးမောင်တင်ကိုဦးကြည်ကပင်စားရေးသောက်ရေးကအစတာဝန်ယူလိုက်သည်။ ဦးမောင်တင်ကတော့ ချီးသည်၊ ခါးသည် မပြောခဲ့၊ အချိန်တန်၍ အသိုက်ခွဲသည်မှာ နိယာမတစ်ခုအဖြစ် သဘောထားခဲ့ပါသည်။

အလုပ်ကတော့ အတူတူဖြစ်၍ ညမိုးချုပ်မှသား သားအဖတွေ ခွဲအိပ်ရသည်သာ ထူးသွားသည်ကိုး။

တစ်နှစ်ကျော်ကျော် ရှိလာသည်။ ဦးမောင်တင်က မြေတို့လင်မယားကို ထောက်ပံ့ပေးနေရသေးသည်။ နှစ်နှစ်ကျော်လည်း မြေတို့မှာ ဘာတစ်ခုမှ စုစုဆောင်းဆောင်း မရှိသေး။ ငွေကြေးကအစ ဦးမောင်တင်ထံ လက်ဖြန့်တောင်းနေဆဲသာဖြစ်သည်၊ ဖခင်ပီပီဦးမောင်တင်က ထုတ်ပေးခဲ့သည်ချည်းဖြစ်ပါသည်။ မြေမိန်းမက အိမ်ရှင်မဖြစ် လာသည့်တိုင် ဘာတစ်ခုမှ မကျွမ်းကျင် ပါ။ အသုံးအစွဲကလည်း စည်းစနစ်မရှိ။ ရုပ်ရှင်အစ ပွဲလမ်းသဘင် အပျော်အပါး ခုံမင်သည်၊ အိမ်နှင့်နီးသော သီတာရုပ်ရှင်ရုံတွင် သောကြာအပတ် ရုပ်ရှင်ကား လဲတိုင်း ကြည့်သည်။

မြေနီကုန်း၊ ပဒ္မာကွင်းတွင် ဇာတ်သဘင်အဖွဲ့တွေ လာရောက်ကပြသော ရာသီရောက်ပြီဆိုလျှင် ရပ်ကွက်ထဲမှ အဖော်တွေနှင့် မိုးအလင်းသွားကြည့်သည်။ ပြန်လာလျှင် အိမ်ကိစ္စ စားရေး သောက်ရေးကိုပင် မလုပ်တော့။ အိပ် ရာထဲ ထိုးအိပ်တတ်သည်။ မြေက ထမင်းတစ်အိုး ချက်ထားပြီးမှ အလုပ်ကို လာသည်။ နေ့လယ်ထမင်းစားချိန်ရောက်လျှင် အလွယ်တကူဝယ်ရနိုင်သော အကြော်စုံ၊ သည်လိုမှမဟုတ်လျှင်တော့ သူ့လက်ဖက်သုပ်တို့ ဝယ်ကာစားရသည်၊ သည်အဖြစ်တွေကို သိမြင်နေရသူဦးမောင်တင် စိတ်မကောင်းဖြစ်နေ ရသည်၊

သို့သော်လည်း သူကိုယ်တိုင်က ဦးကြည်အိမ်မှာ စားနေရသူဆိုတော့ ဘာမှမတတ်နိုင်ပါ။ ကိုယ့်သားဆိုပြီး မြေကို ဆုံးမစကား ပြောဖူးသည်၊ မြေက နားမဝင်သည့်ပြင် ဦးမောင်တင်ကိုပင် ကလန်ကဆန်ပြန်ပြောခဲ့သည်၊ ချွေးမဖြစ်သူ မိမော်က မကြာ



www.burmeseclassic.com

www.burmeseclassic.com

ခဏ စောင်းမြောင်းပြောဆိုတတ်သည်၊ လင်ဖြစ်သော မြေကိုလည်း သွေးထိုးမြှောက်ပေးသည်။ ကျေးဇူးရှင်ဖြစ်သော ဦးကြည် မိသားစုကိုပါ ပုတ်ခတ်ပြောဆိုလာသည့်အခါတွင် ဦးမောင်တင် မနေသာပြီမို့ လင် မယားနှစ်ယောက်လုံးကိုပါ ခပ်တင်းတင်းမျက်နှာထားမာမာနှင့် ကြိမ်းမောင်းခဲ့ရသည်။

ဖခင်ကိုယ်ကြောက်ဖြစ်သည်မို့ မြေအတော်ကိုငြိမ်သွားသည်။ တစ်ရပ်တည်းသားတွေမို့ ဦးမောင်တင်က လူရိုးဖြောင့်၊ မတရားလုပ်လျှင် ရပ်ကွက်သူကြီး (ထိုစဉ်ကာလ ရပ်ကွက်တစ်ခုလျှင် သူကြီးတစ်ဦး၊ ဆယ်အိမ်ခေါင်း တစ်ဦးစီနှင့် အုပ်ချုပ်ခဲ့သည်။)ကို ပြန်လှန်ပြောဆိုရဲသူဆိုတော့ တကယ်တမ်း ကြိမ်းမောင်းလာသည့်အခါ ကြောက်ရွံ့သွားကာ မိမော်ပါ ငြိမ်သွားခြင်းဖြစ်သည်။ ထိုနေ့မှစပြီး ဦးမောင်တင်ကို မျက်နှာသာမပေးတော့။ ခပ်မာမာ ဆက်ဆံပြောဆိုနေသည်။

ကံကြမ္မာတရားက ကြိုတင်မြင်နိုင်စွမ်းရှိသည်မဟုတ်လေတော့၊ ဖြစ်လာသည့်အခါမှ ရင်ဆိုင်လိုက်ရသည်။ ကောင်းသည်ဆိုးသည်ကလည်း ရေးဘဝကုသိုလ်အကျိုးပေးအတိုင်းသာ ဖြစ်ပါသည်။ ဖြစ်ခြင်း၊ ပျက်ခြင်းဆိုသည် ကလည်း အတူတူပင်။ တစ်နေ့ ဦးမောင်တင် အပူငုပ်၍ အပြင်းဖျားသည်။ ဦးကြည်က အိမ်ပြန်ပြီး အနားယူနိုင်းသဖြင့် အိမ်ပြန်ကာ အိပ်နေလိုက်သည်။ နောက်တစ်နေ့ အလုပ်ဆင်းချိန်ဦးမောင်တင် ရောက်မလာသော်လည်း မသက်သာသေး၍သာ မလာခြင်းဖြစ်မည်ထင်ကြသည်။ သည်အတွက် နားပါစေဆိုပြီး တစ်ယောက်ကမှ သွားမခေါ်ခဲ့ကြပါ။

သို့သော်လည်း နေ့လယ်ထမင်းစားချိန်တိုင် ရောက်မလာသည့်အခါမှ ဦးကြည်ကိုယ်တိုင် သွားရောက်ကြည့်သောအခါ ဦးမောင်တင်တစ်ယောက် သေဆုံးနေပြီကိုတွေ့လိုက်ရလေသည်။ လူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ ကိုယ်စီကိုယ်စီလုပ်သင့်လုပ်ထိုက်သည့်ကိစ္စများကိုဝိုင်းဝန်းကူညီလုပ်ပေးကြသည်။ နာရေးကိစ္စအပြင် ရပ်ကွက်သူရပ်ကွက်သားတွေက ချစ်ခင်လေးစားသူမို့ သားအရင်း မြေပင် ဘာမှတာဝန်မယူရပေ။ အားလုံးက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ဦးမောင်တင်ကိစ္စ ပြီးစီးသွားသည့်အခါ အလုပ်ရှင် ဦးကြည်က လုပ်ငန်းကျွမ်းကျင်ပြီး အကြောင်းကြောင်းများစွာကို ထောက်ထား၍ မြေကို ဦးမောင်တင်နေရာလွှဲအပ်ပေးခဲ့သည်။ အလုပ်ကောင်းကောင်းလုပ်ကိုင်ရန်မှအစ လိုအပ်သည်များကိုကူညီပေးမည်၊ ဆွေမျိုးသားချင်းလို စိတ်ထားပြီး လုပ်ပေးရန်ကို ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မြေကလည်း ဝန်ခံကတိပေးခဲ့သည်။ လုပ်ဖော်ကိုင်ဖက်တွေကလည်း မကျေနပ်သူ မရှိ။ အားလုံးက ဝမ်းပမ်းတသာ လက်ခံကြပါသည်။

မြေက တကယ်လည်း အားကြိုးမာန်တက် လုပ်ကိုင်ပေးခဲ့ပါသည်။ နယ်ဒေသများ မှိုက်သိမ်းထွက်သည့်အခါတွင် ယခင်ကလို စေ့စေ့စပ်စပ် လုပ်ကိုင်ခဲ့သည်။ ရန်ကုန်ပြန်ရောက်လျှင် အားလုံး တိတိကျကျ စာရင်းကို သေချာအပ်သည်။ ဘယ်ပန်းထိမ်ဖိုက ဘယ်လောက်၊ ဘယ်သူ့ဆီက ဘယ်လောက်၊ အမှိုက်ထုပ်များကိုသေချာအပ်သည်။ စားစရိတ်၊ လမ်းစရိတ်ကုန်ငွေ၊ ကျန်ငွေတို့ကို တစ်ခုချင်း ရှင်းပြသည်။ သူ့ဖခင် ဦးတင်မောင်လုပ်ပုံကိုင်ပုံအတိုင်း ထပ်တူတစ်ပုံစံတည်း စနစ်ကျသည်ကို ဦးကြည်က ကျေနပ်သဘောကျခဲ့လေသည်။ ဝမ်းသာမဆုံး ရှိနေသည်။

တကယ်တမ်း မြေ စိတ်ထဲတွင် ရှိနေသည်ကိုတော့ မည်သူကမှ သိနိုင်မည်မဟုတ်ပါ။ မြေသည် ပညာတတ်၊ ပညာရှိမဟုတ်ပါ။ သာမန်လူတစ်ယောက်သာ ဖြစ်ပါသည်။ သို့စေကာမူ သူ၏စိတ်ကူးအကြံအစည်ကို သူ့ရင်ထဲတွင်သာ သိမ်းဆည်းထားသည်။ တခြား လူမဆိုနှင့် သူ့မိန်းမ မိမော်ကိုပင် ပြောမထားခဲ့ပါ။ ရှေးလူကြီးများ ပြောလေ့ပြောထရှိကြသော (ပညာရှိအမျက်အပြင်မထွက်) ဆိုစကားမှာ သည်တစ်ခါတော့ မှားနေပြီဟု ဆိုရပေမည်။

ဘာကြောင့်လည်းဆိုတော့ (လူမိုက်အမျက် အပြင်မထွက်) ဟူ၍ ပြောင်းလဲရအောင် ဖြစ်လာ၍ပင်။ သည် လိုဖြစ်ရန်လည်း မြေက သိုသိုသိပ်သိပ် နေထိုင်နိုင်ခဲ့၍ ဖြစ်ခြင်းကြောင်း ပြောရမည်ထင်သည်။ မြေက အသွားအလာ မပျက်၊ အလုပ်အကိုင်တွင်လည်း ပေ့ါပေ့ါဆဆ မလုပ်ပါ။ သည်အတွက် ဦးကြည် ကိုယ်တိုင်သာမဟုတ် အတူလုပ်ကိုင်နေကြသူများပါ မြေကို ချီးကျူးနေခဲ့ကြ သည်က ထင်ထင်လင်းလင်း ဖြစ်နေသည်။

"ဒီကောင်က သူ့အဖေအတိုင်း တစ်ပုံစံတည်းကွ၊ တကယ်ကျွမ်းတယ်"

"ဟုတ်တယ် - အလုပ်လုပ်တဲ့နေရာမှာ တကယ့်ကို စေ့စပ်တယ်။ သူများ လုပ်ပြီးပြီဆိုတာကို သူက ထပ်လုပ်ရင် အနည်းဆုံး တစ်ရွေး၊ နှစ်ရွေးတော့ ထပ်ပြီးထွက်အောင်လုပ်နိုင်တာ"

စသည့် ချီးမွမ်းစကားတွေကြားရတတ်သည်။ သူ့ကိုလေးစားကြသည်။ သည်လိုပြောစကားများအတွက် မြေက အထူးတလည် ခံစားရမှုမရှိခဲ့ပါ။ သူ့စိတ်ကူး အကြံ



www.burmeseclassic.com

www.burmeseclassic.com

အစည်ကိုဆက်လက်ဖော်ဆောင်ရန်သာစိတ်ထဲစွဲမှတ်ထားခဲ့သည်။ တစ်နည်းပြော ရလျှင် သားကောင်ပစ်ခတ်သောမုဆိုးလို အပိုင်ပစ်ခတ်နိုင်သော ပစ်ကွင်း မရောက် မချင်း စောင့်ဆိုင်းနေသကဲ့သို့ သူလိုချင်သော အခွင့်အရေး ရောက်လာသည်အထိ စောင့်နေခြင်းသာ ဖြစ်ပါသည်။

သူက သည်လိုစောင့်နေသည်ကိုမသိသောမယားဖြစ်သူမိမော်က မကျေနပ်ပါ။ မိန်းမပီပီ မိန်းမတွေးပင် တွေးသည်။ တခြားမိန်းမတွေထက် ပိုပြီးဝတ်ချင်သည်၊ စားချင်သည်၊ ကြွားချင်သည်ကိုး။

"ရှင်ကလည်း - တော်တော်ကို အေးတာပဲ။ တခြားမှိုက်ဆရာတွေကို ကြည့်၊ အနည်းဆုံး ကိုယ်ပိုင်အိမ်နဲ့ ဆိုင်ကယ်နဲ့။ မိန်းမဆိုလည်း ဆွဲကြိုး၊ နားကပ်၊ လက် ကောက်နဲ့ ဝင်းဝင်းကို လက်နေတာ"

"ဟ - နင့်မှာရော ဘာမှမရှိလို့လား။ ငါရှာနေတာ နင့်အတွက် မဟုတ်ဖူးလား။ အခုရော ကိုယ်ပိုင်အိမ်နဲ့ နေရတာလေ"

"ဟို - အေးမတို့၊ မိစိန်တို့ဆွဲကြိုးတွေနဲ့ယှဉ်ကြည့်လေ။ ကျုပ်ဆွဲကြိုးကအပ်ချည် ကြိုးလောက်ကလေး"

"တော်တော - မိမိုးတို့၊ မိစိန်တို့၊ အေးမတို့ဆိုတာ သူတို့မိဘတွေ အစဉ်အဆက် ကိုက ချမ်းသာလာကြတာ နင် မသိဘူးလား"

မြေက သည်လို ခပ်ထန်ထန်ပြောလိုက်မှ မိမော် ပါးစပ်ပိတ်သွားသည်။ ဆက် ပြောလျှင် မြေက လက်ပါလာပေတော့မည်။ သူသာ အနာခံရမည်ကို သဘောပေါက် ထားသည်ကိုး။

⊛

အမှန်စင်စစ် မိမော်ပြောသည်မှာ မှန်ပါသည်။ တခြားလူတွေနှင့်ယှဉ်လျှင် မြေ တို့လင်မယားမှာ ဘာမှစုစုဆောင်းဆောင်းမရှိပါ။ လက်ရှိနေသောအိမ်ကလေးမှာ မြေမိဘတွေထားခဲ့၍သာ နေထိုင်ရခြင်းဖြစ်သည်။

လင်ရော မယားပါ ရှေ့နောက် ဘာမှမတွေးခဲ့၊ ငွေရလာခဲ့သည်နှင့် ဆယ်ရက်မ မခံပါ။ စားလိုက်သောက်လိုက်၊ ပွဲလမ်းသဘင် သွားလိုက်နှင့် ပြောင်သလင်းခါ သည်ချည်း ဖြစ်ပါသည်။ အိမ်ထောင်သက် သုံးနှစ်ကျော်ရှိသည့်တိုင် ကလေးမ



www.burmeseclassic.com

www.burmeseclassic.com

သေး၍ တော်ပေသေးသည်။ ကလေးသာရှိလျှင် လွယ်မည်မဟုတ်ပေ။ နှစ်ယောက်လုံးကလည်း ကလေးမရသည်ကိုပင် ဝမ်းသာနေသေးသည်။ ကလေးမရှိတော့ လွတ်လွတ်လပ်လပ်ရှိသည်။ ပျော်ချင်တိုင်း ပျော်နိုင်သည်။

အပျော်အပါးဆိုလျှင် မြေတို့လင် မယားစုံတွဲက ရှေ့ဆုံးက နေရာယူပြီးသား၊ နှစ်ခါမခေါ်ရ၊ ထလိုက်သွားသည်သာဖြစ်သည်။ လင်မယားနှစ်ယောက် တက်ညီလက်ညီလုပ်ကိုင်ပြီး ချွေတာစုဆောင်းသည်ကိုတော့ မလုပ်၊ သုံးဖြုန်းသည့်နေရာတွင်သာ စိတ်တူကိုယ်တူ ရှိသည်။ ပြီးတော့မှ သူတစ်ပါး လုလုပပ ဝတ်စားသည်ကိုသာ အားကျသည်။ မကျေမနပ်ဖြစ်သည်။ ထိုသူတွေက ဤသို့ဝတ်စားနိုင်ရန် မည်သို့ကြိုးစားလုပ်ကိုင်ခဲ့သည်၊ ခြိုးခြံချွေတာသည်၊ စုဆောင်းသည်ကိုတော့ အားမကျ၊ အတုမယူပါ။

မြေကလည်း သိပ်မထူးခြား။ တစ်ခါက အအေးမိဖျားစဉ်က ဆေးဝါးအဖြစ် သုံးစွဲခဲ့သော အရက်၏အရသာကို စွဲလမ်းကာ နေ့စဉ်သောက်သုံးသူဘဝ ရောက်နေခဲ့သည်။ ညနေအလုပ်ပြီးလျှင် လမ်းဆုံတွင်ရှိသော မကျင်မွှေးဆိုင်သို့ရောက်နေသည်။ အစကတော့ တစ်ပိုင်း၊ ထမင်းစားကောင်းရုံလေးပါ။ ကြာတော့ တစ်ပိုင်းတစ်စိတ်ဖြစ်လာသည်၊ အညောင်းအညာပြေ၊ အပန်းဖြေတာပါ၊ တဖြည်းဖြည်း အရက်ဒီဂရီတိုးလာသည်။ နေ့စဉ်သောက်လေ့ရှိလာသည်။

တစ်ခုတော့ရှိသည်၊ မြေက အရက်သောက်ပြီးသည်နှင့် မည်သည့်နေရာမှ သဝေမထိုးပါ၊ အရက်သောက်ပြီး အိမ်ကိုသာ တန်းပြန်လေ့ရှိသည်၊ မူးပြီးရစ်ခြင်း၊ ပြဿနာရှာခြင်းမလုပ်တတ်၊ အိမ်ရောက်လျှင် ရေချိုးထမင်းစားပြီး အိပ်တော့သည်၊ သည်အတွက် အားလုံးက အကောင်းမြင်ကာ ချီးမွမ်းစကား ပြောကြသည်။

"မင်းကတော့ တကယ်ကို အချိန်မှန်ရထားကြီးပဲကွ၊ အရက်ခွက်ချပြီးတာနဲ့ အိမ်ပြန်မယ်ဖြစ်တာပဲ"

"ဟာ - မင်းတို့ကလည်း သူက (မ.ယ.က)လေကွာ"

"မင်းတို့ပြောတာ မှားနေပြီကွ၊ မြေ က မင်းတို့ထင်သလို (မ.ယ.က) မဟုတ်ပါဘူးကွာ"

"ဟေ - ဒါဆိုရင် ဘာကြောင့်နောက်ဆုံးခွက်ချပြီးတာနဲ့ အိမ်ပြန်မယ်ဖြစ်တာလဲ၊ မင်းသိရင် ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ကလည်း - အတော်ကိုဒုံးဝေးတဲ့ကောင်တွေကိုးကွ။ အရက်သောက်ပြီး ပြီးချင်းအိမ်ကိုပြန်တာဆိုတော့ ဒီဂရီအပြည့်ရှိနေတယ်လေကွာ။ သူ့ရဲ့မိမော်ကလည်း အခုထိ ကလေးတစ်ကောင်မှ မမွေးသေးဘူးလေ"

"အဲဒါနဲ့ ဘာဆိုင်လို့။ အော် - အေး - အေး - သဘောပေါက်ပြီဟေ့ - ဟား - ဟား - ဟား"

ဆိုင်ထဲရှိ အတူသောက်နေကြသူတွေရော အနီးရှိလူတွေကပါ အားရပါးရ ရယ်ကြလေ့ရှိသည်မှာ နေ့စဉ်လိုပင် ဖြစ်ပါသည်။

ဘယ်သူတွေ ဘာပြောပြော မြေကတော့ တကယ်ကို အချိန်မှန်ရထားကြီး ဖြစ်ပါသည်။ (အချိန်မှန်ရထားကြီး ဆိုသည်မှာ ထိုခေတ် ထိုအချိန်က မြန်မာ့မီးရထားပို့ဆောင်ရေးဌာနကြီးမှာ တကယ်ကို ရထားအဝင်အထွက် အချိန်မှန်လွန်းသောကြောင့် ပြည်သူအားလုံးက တလေးတစား ဂုဏ်ပြုခဲ့ကြသော စကားပင်ဖြစ်ပါသည်။ အစစအရာရာ တိုးတက်လာသောခေတ်တွင်မှ မမ ခေါ်မြန်မာ့မီးရထားဌာနကြီးမှာ - ဒါပါပဲ။)

မြေတစ်ယောက် အတန်းပညာ သိပ်မတတ်သော်လည်း ဦးနှောက်မှတ်ဉာဏ်ကတော့ ကောင်းသည်။ လုပ်ငန်း နှင့်ပတ်သက်သော ရန်ကုန်မြို့မှစပြီး ပုသိမ်၊ ပြည်၊ မန္တလေး၊ မော်လမြိုင်မြို့ကြီးများမှ ပန်းထိမ်ဖိုတွေ၏ ရွှေမှိုက်သိမ်းရသည့်အချိန်တွေကိုလည်း သူမှတ်သားထားသည်။ အချိန်ကာလ မည်မျှကြာလျှင် ရနိုင်မည့်ရွှေမှိုက်နှင့် ထုတ်လုပ်လျှင် ထွက်လာနိုင်သောရွှေချိန်ကိုပါ ခန့်မှန်းနိုင်သည်ထိ ကျွမ်းကျင်နေသည်။

သို့သော်လည်း မြေက လုပ်ငန်းနှင့် ပတ်သက်သမျှ သူသိရှိထားသည်တို့ကို မည်သူ့ကိုမှ မပြောပြခဲ့ပါ။ ပိုင်ရှင်ဖြစ်သူ ဦးကြည်ကိုပင် ပြောမပြခဲ့ပါ။ သည်နှယ် လျှို့ဝှက်ထားခဲ့ခြင်းမှာ အကြောင်းရှိသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် သူ့စိတ်ထဲမှ အကြံအစည်ကို ပြုလုပ်သည့်အခါ အသုံးချရန်အတွက် ဖြစ်သည်။

လုပ်ငန်းတစ်ခု တည်ထောင်လုပ် ကိုင်သူတစ်ဦးသည် ပထမဆုံး မိမိလုပ်ကိုင်မည့်လုပ်ငန်းနှင့်ပတ်သက်၍ စေ့စေ့စပ်စပ် လုပ်ကိုင်နိုင်စွမ်းရှိရမည်ဖြစ်သည်။ မကျွမ်းကျင်လျှင်လည်း နံ့နံ့စပ်စပ်သိရှိထားဖို့ လိုပေသည်။ သည်လိုအရည်အချင်းရှိမှသည်



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏အလုပ်သမား ဝန်ထမ်းများ၏ အလှည့်အပတ်၊ အလိမ်အညာ မခံရနိုင်တော့၊ ယခု ဦးကြည်အနေနှင့် ကိုယ်တိုင်ဦးစီးပြီး ဖိဖိစီးစီးမလုပ်ခဲ့။ ယုံကြည်ရသည်ဆိုပြီး ယုံကြည်မှုလွန်ကဲကာ လူယုံလက်ရင်းကို အားလုံးလွှဲအပ်ထားခဲ့သည်။

အထူးသဖြင့် အဝေးနယ်ဒေသများသို့ ကိုယ်တိုင်လိုက်မသွားခဲ့၊ ပြန်လာလျှင် စေ့စပ်သေချာစွာ စစ်ဆေးခြင်း၊ စာရင်းဇယားနှင့် မှတ်သားခြင်းတို့ မပြုခဲ့ပေ။ လူယုံ ကိုယ်စားလှယ်ပြန်ပြော သမျှခေါင်းညိတ်လက်ခံခဲ့သည်ချည်းဖြစ်သည်၊ သည်ကဲ့သို့ ပေါ့ပေါ့ဆဆ ပြုလုပ်ခဲ့မှုက တစ်နေ့သောအခါ ဆိုးကျိုးများ ရရှိနိုင်ကြောင်း ဦးကြည် မတွေးမိခဲ့ပါ။ မြေနှင့်ပတ်သက်၍လည်း ဖခင်ဦးမောင်တင်ကဲ့သို့ သစ္စာရှိလိမ့်မည်ဟု တရားသေ ထင်မှတ်ခဲ့သည်။ သူ၏ အထင်အမြင်တို့က ဆန့်ကျင်ဖက်သာ ဖြစ်မည် မမျှော်လင့်ခဲ့ပေ။

တကယ်တမ်း တွေ့ကြုံလိုက်ရပြီ ဆိုသောအခါမှ ဦးကြည်မှာ မယုံကြည်နိုင် လောက်အောင် အံ့အားတသင့်ဖြစ်ခဲ့ရသည်။ မချင့်မရဲ တောက်တခေါက်ခေါက်နှင့် ပြော မဆုံးတော့။

“တောက် - ဒီကောင်ကွာ - တကယ်ကို ရက်ရက်စက်စက် လုပ်ရက်ပလေ တယ်”

“ဟင်း - ငါတို့ရွှေလောကဆိုတာ နယ်ကျဉ်းကျဉ်းလေးပါ။ ဒီကောင် အခုလို လုပ်သွားတော့ သူတစ်ကြိမ်တည်းနဲ့ နိဂုံးချုပ်သွားပြီပေါ့။ သူ့ကို ဘယ်သူက ယုံယုံ ကြည်ကြည်နဲ့ ခိုင်းတော့မှာလဲ”

ဦးကြည်ပြောသည်မှာမှန်ကန်ပါသည်။ ရွှေလောကမှာသာမဟုတ်ပါ။ မည်သည့် နေရာ၊ ဌာနတွင်မဆို လူလိမ်တစ်ယောက်၊ ခိုးတတ်သူတစ်ယောက်အတွက် ဝင်ဆန့် ရန်နေရာမရှိပါ။ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ လိမ်ညာတတ်သူ၊ ခိုးတတ်သူတစ် ယောက်ကို မည်သူမှ မယုံကြည်ကြပါ။ ထိုသူ၏အကျင့်စရိုက်ကို မသိကြသေးသည့် ကာလတွင်သာ ပေါင်းသင်းဆက်ဆံကြသည်၊ တစ်ဦးတစ်ယောက် သိသွားပြီဆိုလျှင် တစ်ယောက်မှတစ်ဆင့် တစ်ရာဆိုသလို သိသွားကြလျှင် တစ်စတစ်စပျံ့နှံ့ပြီး ရှောင် ကြဉ်ခြင်းခံရတတ်ပါသည်။ မည်သည့်နေရာတွင်မှ လုပ်ကိုင်စားသောက်၍မရတော့ ပါ။



www.burmeseclassic.com

www.burmeseclassic.com

ယခုငမြလည်းသည်အတိုင်းပင်ဖြစ်သည်။ သူ့အနေနှင့်ဘဝအတွေ့အကြုံနည်းပါးပြီး အသိဉာဏ်နှင့်ပညာနည်းပါးသူပီပီ ရှေ့နောက်မြော်တွေးခြင်း မရှိ။ စိတ်ကူးယဉ်ကာမပြုလုပ်သင့်သော ကျေးဇူးပြုထားသူ ကျေးဇူးရှင်အပေါ်တစ်ခါစားကျေးဇူးကန်းလိုက်ခြင်းဖြစ်သည်။ ငမြက အချိန်အခါကောင်းကို စိတ်ရှည်ရှည်ထား၍ စောင့်နေခဲ့သည်၊ သူ စောင့်နေသည်က နယ်မြို့များသို့ ရွှေ မိုက်သိမ်းရမည့်အချိန်ဖြစ်သည်၊ လမ်းကြောင်းတူမြို့များရှိ ပန်းထိမ်ဖိုများကို တစ်ကြိမ်တည်း တစ်ခေါက်တည်း သွားလျှင် စားသောက်သုံးစွဲမှုကအစ သုံးဆမှ သက်သာသည်ကပင် အမြတ်တစ်ခု ဖြစ်သည်။

နာမည်ကြီးအပ်ထည်များသော ပန်းထိမ်ဖိုနှစ်ခုမျှ ပါဝင်လျှင် အမြတ်တစ်ခု ဖြစ်ပြန်သည်။ ဦးကြည်လုပ်ကိုင်လေ့ရှိသည်ကို သိထားသူ ငမြက အချိန်ကိုစောင့်နေခြင်းဖြစ်သည်၊ အထူးသဖြင့် ရန်ကုန် – ပြည်လမ်း၊ ရန်ကုန် – မော်လမြိုင်၊ ရန်ကုန် – မန္တလေးလမ်းတွေ အသိမ်းကိုဖြစ်သည်၊ မြစ်ဝကျွန်းပေါ် ဒေသဘက်က ခရီးလမ်း ခက်ခဲကြန့်ကြာပြီးစရိတ်ကြီးမားသည်။ ယခုလိုမော်တော်ကားလမ်းတွေမရှိသေး။ သင်္ဘောလမ်းကို အားကိုးပြီး နောက်တစ်ခါ ကားငှားရသေးသည်မို့ အမြတ်နည်းသည်ကိုး။ ဒါကြောင့် ငမြက မသွားချင်ပါ။

ယခုအခေါက် မန္တလေးကို အဓိကဖြစ်၍ အပြန်မှ လမ်းကြုံသည့်မြို့များမှ ပန်းထိမ်ဖိုတွေကိုဝင်သိမ်းရန်ဖြစ်သည်၊ လုပ်ငန်းသုံးရန် ပစ္စည်းက ယူသွားရန်မလိုပေ။ လိုအပ်သည့်အခါမှ ဝယ်ယူသုံးနိုင်ပါသည်။ ငမြက နယ်သွားလျှင် ခေါ်နေကျ သူ့လူသုံးယောက်ကို ရွေးချယ်ပြီး ရထားနှင့် ထွက်ခဲ့သည်၊ မန္တလေးရောက်မှ ရနိုင်သော ပန်းထိမ်ဖိုတွေနှင့် ထွက်ရှိမည့် ရွှေမိုက်ကိုကြည့်ပြီး ကားငှားမည်။ ငမြက စာသိပ်မတတ်ပေမယ့် အတွက်အချက်ကတော့ ကောင်းသည်လေ။

မန္တလေးရောက်တော့ ငမြတို့သုံး ယောက် ဈေးချိုအနီးရှိ ဇန္ဒုလတည်းခိုခန်းမှာ တည်းသည်။ သူက သပ်သပ်တခြားနေရာမှာ တည်းသည်။ (သူ့ကိစ္စကို သူ့လူ သုံးယောက် မသိရန်ဖြစ်သည်။) ထိုစဉ် တည်းခိုခန်းခက တစ်ရက်လျှင် တစ်ယောက်အိပ်ခန်းတစ်ခန်း (၅ိ – ၅၀ါး) ငါးကျပ်ပြားငါးဆယ်သာ ပေးရသည်။ ငမြက အခန်းငှားပြီးသည်နှင့် မြို့ထဲသို့ ထွက်လာခဲ့သည်၊ မြို့ထဲရှိ ပန်း ထိမ်ဖိုများအခြေအနေကို စုံစမ်း

www.burmeseclassic.com

မိမေ်ာရော အောင်မြင့်ပါ နှစ်ယောက်စလုံး အမှုအရာတွေ ပျက်နေကြသည်။ သူတို့ လုံးဝမထင်ထား၊ မျှော်လင့်မထား သည့်အဖြစ်ကို ရုတ်တရက်တွေ့လိုက်ရသည်ဆိုတော့ မေ့ဆေးပေးခံထားကြသူတွေလို ဖြစ်နေကြသည်။ နှစ်ယောက်လုံး အဝတ်အစားတွေကလည်း ဖရိုဖရဲ မသပ်မရပ်တွေ။ အတွေ့အကြုံရှိသူ ငမြအဖို့ ချက်ချင်းအခြေအနေကို တွေးမိလိုက်ပါသည် ...



ရန် ဖြစ်ပါသည်။ ညနေပိုင်းရောက်မှ သူ့လူသုံးယောက် တည်းခိုခန်းဆီသွားပြီး အစီအစဉ် လုပ်ကြသည်။

အားလုံးစီစဉ်ပြီးလျှင် တစ်ရက်နှစ်ရက် အနားယူပြီး လည်ပတ်ရန်အတွက် ငွေ ထုတ်ပေးသည်။

"မန္တလေးကိုရောက်တုန်းရောက်ခိုက် ဒီနှစ်ရက်မှာ လည်ပတ်ကြည့်ကြ၊ နောက် ရက်တွေမှာ အားလပ်ကြမှာ မဟုတ်ဘူး၊ အခုပေးတဲ့ပိုက်ဆံက ငါ့ပိုက်ဆံ၊ ဦးကြည် ပေးတဲ့ငွေထဲက မဟုတ် ဘူး"

"မင်းတို့ဆီက လုပ်ခထဲက ပြန်နုတ် မှာမဟုတ်ဘူး။ မင်းတို့ကို စေတနာနဲ့ သုံးဖို့ ပေးတာနော်။ အဲ - အလုပ်လုပ်တဲ့ အခါမှာသာ သေချာဂရုတစိုက်လုပ်ပေးကြ"



www.burmeseclassic.com

www.burmeseclassic.com

ငမြကလူပါးလူနပ်၊ ထောင်မြင်၍ ရာစွန့်ခြင်းဆိုသလို စည်းရုံးလိုက်ခြင်း ဖြစ်သည်၊ နောက်ရက်တွေ ပန်းထိမ်ဖိုများတွင် မှိုက်ထုတ်သည့်အခါ ပြောစရာ မလိုအောင် စေ့စေ့စပ်စပ်လုပ်ကိုင်ပေးကြသည်၊ သေချာသိမ်းဆည်းထုပ်ပိုးပေးကြသည်၊ ငမြကသူယူလာခဲ့သောအိတ်တွင်ထည့်၊ ချိန်တွယ်မှတ်သားသည်၊ ချိပ်တံဆိပ်နှိပ်ပြီး ပြန်လည်အပ်နှံလိုက်သည်၊

"ကျွန်တော်တို့ ရန်ကုန်ပြန်ဆင်းတဲ့ နေ့ကျမှ ဝင်ယူတော့မယ်နော်"

ပြောဆိုအပ်နှံထားခဲ့သည်၊ မှိုက် သိမ်းရမည့်နေရာအားလုံး စုံလင်မှ တစ်ဖိုပြီး တစ်ဖိုဝင်ယူလိုက်ပြီး ရန်ကုန်ကိုပြန်ဆင်းရန်ဖြစ်သည်၊ သည်လိုပြုလုပ်ခြင်းဖြင့် တစ်နေရာတစ်ခါသိမ်းလိုက်၊ သယ်လိုက်နှင့် ထားရန်နေရာရှာရဒုက္ခတွေပါ သက်သာသွားသည်၊ စရိတ်အပိုလည်း မကုန်တော့ပေ၊

သည်လိုနှင့် မန္တလေးတွင် ဆယ့်ငါးရက်မျှ လုပ်ကိုင်ပြီး ပြန်ဆင်းလာခဲ့သည်၊ လူလေးယောက်သက်သက်ဖြစ်သည်၊ သိမ်းဆည်းခဲ့သော ရွှေမှိုက်များ ပါမလာခဲ့ပေ၊ ရွှေမှိုက်များကို ဂုံမှုန့်အိတ်များတွင်ထည့်ကာ သေချာထုပ်သည်၊ ပြီးတော့ ဈေးချိုမှ ဝယ်လာသော ထင်းရှူးသေတ္တာကြီးများနှင့်ထည့်၊ သွပ်ကြိုးနှင့် တုပ်နှောင်လိုက်သည်၊ သော့ခတ်သည်၊ မန္တလေး - ရန်ကုန်ကားနှင့် ပို့ရမည့်လိပ်စာကပ်ပြီး ပို့လိုက်ခြင်းဖြစ်သည်၊

သူ့လုပ်ပုံက ဦးမောင်တင်လုပ်သည်နှင့် တစ်မျိုးစီဖြစ်နေသောကြောင့် သူ့လူတွေက အံ့သြနေကြသည်၊ နားမလည်သလို ဖြစ်နေ၍ မေးကြတော့သည်၊

"ကိုမြ လုပ်ပုံက ကိုမြအဖေ လုပ်သလို မဟုတ်ဘူး၊ တစ်မျိုးဖြစ်နေတယ်"

"ဟုတ်တယ်ဗျ၊ ကိုမြအဖေက ကားကို တစ်ခါထဲငှားပြီးမှ တစ်ဖိုပြီးတစ်ဖို သိမ်းတာလေ"

"ကိုမြက ဘာဖြစ်လို့ အခုလိုလုပ်တာလဲဟင်"

သူ့လူတွေ အမေးစကားကြောင့် ငမြက ပြုံးလိုက်သည်၊ ပြီးလေမှ သူလုပ်သည့် အစီအမံကို ရှင်းပြသည်၊

"အဖေကတော့ လူကြီးမဟုတ်လား၊ သူ့အနေနဲ့ တစ်လက်စတည်း ပြီးအောင် လုပ်တာလေ၊ ဒါပေမဲ့ - အချိန် ပိုကုန်သွားတယ်၊ ကားခကလည်း ပိုကုန်သွားတာ ... တော့ ထည့်မတွက်ခဲ့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

"အော် - ဟုတ်သားပဲ"

"ဒါပေမဲ့ - ပစ္စည်းတွေ (မှိုက်) ကို ကုန်ကားနဲ့ ပို့တာ စိတ်ချရပ့ါမလားဗျာ"

"မင်းကလည်း - စိတ်ပူမနေပါနဲ့ကွ။ ဒီအမှိုက်တွေကို ဘယ်သူက ယူမှာလဲ။ လူတစ်ရာမှာ တစ်ယောက်ကတော့ ရွှေဖြစ်မယ်ဆိုတာ သိပ့ါမလား"

"နိုးမယ့်လူက ဖောက်ကြည့်ပြီး - ဟင်း - ဒီလိုအမှိုက်မျိုးကိုတောင် ကားနဲ့ ပို့ရသလား။ သောက်ရှုးတွေဆိုပြီး ငါတို့ကိုတောင် ဆဲနေမှာကွ"

ငမြက ပြောပြီးရယ်နေသည်။ ထိုအခါမှ သူ့လူတွေမှာ သဘောပေါက်သွားကြသည်။ ငမြကိုလည်း အထင်ကြီးသွားကြပါလေသည်။ အမှန်စင်စစ် ငမြက သူ့အကြံအစည်အတိုင်းပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း။ ထိုစဉ်အခါက မည်သူမှ မရိပ်မိခဲ့ကြပေ။ ငမြပြောသည့်အတိုင်း ယုံကြည်ခဲ့ကြပါသည်။

အကယ်၍ ထိုအခါက စပ်စပ်စုစု လုပ်တတ်သူ အလုပ်သမားတစ်ယောက်သာ ရှိခဲ့ပြီး ငမြပို့ခဲ့သော ရွှေမှိုက်သေတ္တာပေါ်မှ ပေးပို့ရမည့်လိပ်စာမှာ ပိုင်ရှင် ဦးကြည်အိမ်လိပ်စာ မဟုတ်ခဲ့ကြောင်း သိမြင်နိုင်ပေသည်။ သည်သို့သိခဲ့မည် ဆိုပါက ငမြအကြံအစည်မှာ အောင်မြင်ချင်မှ အောင်မြင်မည်ဖြစ်သည်။

အကြံသမား ငမြက ရန်ကုန် အပြန်ခရီးတွင် မိတ္ထီလာနှင့် တောင်ငူရှိ ပန်းတိမ်ဖိုများကိုပါ ဝင်သိမ်းပြီးသည်နှင့် သူ့လူသုံးယောက်ကို အရင်ဆုံး ပြန်နိုင်းလိုက်သည်။ သူက နောက်ချန်နေခဲ့သည်။ အလုပ်သမားသုံးယောက်ကလည်း ငမြက ဦးစီးခေါင်းဆောင်ဖြစ်သူမို့ ဘာမှမမေးမိကြ။ သူ့တွင် အလုပ်တစ်ခုခုရှိနေသေး၍ နေခဲ့သည်ဟု ထင်ခဲ့ကြသည်။ ထိုအချိန်မှစပြီး ငမြတို့လင်မယားကို မတွေ့ရတော့ပါ။

အလုပ်သမားသုံးယောက် ရန်ကုန်ပြန်ရောက်လျှင် ငမြလုပ်ရပ်တွေကို သံသယဖြစ်စရာ ရှိလာသည်။ နယ်မှ သိမ်းယူလာခဲ့သော ရွှေမှိုက်များက ဆယ်ရက်ခန့်ကြာသည်ထိ ရောက်မလာခဲ့ပါ။ နောက်ထပ်သိမ်းယူလာခဲ့သော ရွှေမှိုက်များလည်းရောက်မလာခဲ့ပေ။ ကီလီလမ်းနှင့် လသာလမ်းရှိ အဝေးပြေး ကားဂိတ်များကို သွားရောက်စုံစမ်းကြည့်သော်လည်း လုံးဝမသိခဲ့ရပေ။ ဦးကြည်မှာ တစ်ခါမှ မဖြစ်ဖူးခဲ့သဖြင့် စဉ်းစားမရအောင်ဖြစ်နေသည်။ လုပ်ငန်းကိုပင် ခေတ္တရပ်နားထားခဲ့ရသည်။ ရွှေမှိုက်များ ရောက်လာမှ ရွှေထုတ်ရနိုင်မည်။ ယခု ထုတ်လုပ်စရာ ကုန်ကြမ်း၊ ရွှေမှိုက်မရှိလေတော့ ဘာမှလုပ်စရာမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

မြေကလည်း ပြန်ရောက်မလာ၊ လုပ်ငန်းကိုလည်း ရပ်ဆိုင်းထားရသည်မို့ ဦးကြည် စိတ်ညစ်နေရသည်။ ထိုသို့ဖြစ်နေစဉ် စိတ်ညစ်စရာပြဿနာတစ်ခုက ထပ်ဆင့်လာပြန်သည်။ မြေတို့လင်မယားနေသည့်အိမ်ကိုလူတစ်စုက လာဝိုင်းပြန်သည်။ မြေတို့လင်မယားနေသည့် အိမ်ကို လူတစ်စုက လာရောက်ဖျက်သိမ်းခြင်းဖြစ်သည်။ ဦးကြည်က သွားရောက်မေးမြန်းကြည့်လေမှ မြေက သူနေသောအိမ်ကို ရောင်းစားခဲ့ကြောင်း ပြောပြလျှင် ဦးကြည်မှာ ဒေါသလည်းထွက်၊ စိတ်လည်း ညစ်ရပြန်သည်။ မြေမိန်းမ မိမော်က မြေနယ်ထွက်သွားသည့် နေ့တွင်ပင် သူ၏မိဘများအိမ်တွင် သွားပြီးနေသည်ကို သတိရကာ ခေါ်ခိုင်းလိုက်သည်။

ထိုအခါမှ မြေ၏ပိပိရိရိ လုပ်ဆောင်သွားခဲ့သောဇာတ်လမ်းကို သိရတော့သည်။ လွန်ခဲ့သောဆယ်ရက်က မြေကိုယ်တိုင် လာရောက်ပြီး သူ့မယား မိမော်ကို လာခေါ်သွားကြောင်း၊ သူတို့ အိမ်ပြောင်းရွှေ့သွားကြောင်း၊ သူ့ကိုယ်ပိုင် အလုပ်ခွဲလုပ်တော့မည်ဖြစ်ကြောင်းတို့ကို ပြောပြသွားခဲ့သည်ဟူ၍ သိခဲ့ရသည်။ ထို့ထက်ပို၍ ဘာမှမသိရပေ။ မြေ က တကယ်ကို အပိုင်ကြံစည်လုပ်သွားခြင်း ဖြစ်ပေသည်။ ရွှေမှုံကော်ကိစ္စကို ထားတော့ လောလောဆယ်ပြဿနာက မြေက အိမ်ရောင်းသွားခြင်းကိစ္စ ဖြစ်ပါသည်။ အိမ်ကိစ္စက ပိုအရေးကြီးနေသည်။

ဘာကြောင့် အရေးကြီးရပါသလဲဆိုသော် အိမ်က ဦးမောင်တင် ဆောက်လုပ်ထားခဲ့သော အိမ်ဖြစ်သော်လည်း မြေကွက်က ဦးကြည်ပိုင် မြေကွက်ဖြစ်သည်။ မြေကို မမွေးစဉ်က ဦးကြည်က ဦးမောင်တင်၊ ဒေါ်ဝင်းတို့ လင်မယားကို ခြေရင်းဘက်ရှိမြေပိုတွင် အိမ်ဆောက်ပြီး အခမဲ့နေစေခဲ့ခြင်းသာဖြစ်သည်။ အပြီးအပိုင်ရောင်းခြင်း၊ ငှားခြင်းမလုပ်ခဲ့ပေ။ သည်အကြောင်းကို ရပ်ကွက်လူကြီး၊ ဆယ်အိမ်ခေါင်းကအစ တစ်ရပ်ကွက်လုံး သိထားကြသည်။

ဦးကြည်တို့နေသော ရပ်ကွက်က ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ရှိခဲ့သော မြေကွက်ကြီးဖြစ်သည်။ အစိုးရပိုင် မဟုတ်ပေ။ တရုတ်သူဌေး ချင်းရှောင်းပိုင်ဖြစ်သည်။ (တရုတ်သူဌေးချင်းရှောင်းဆိုသူက အလွန်ချမ်းသာသည်။ ကမ္ဘာအေးစေတီလမ်းနှင့် တက္ကသိုလ်ရိပ်သာ လမ်းထောင့်ရှိ ဘုံခုနစ်ဆင့်နှင့် မျှော်စင်အဆောက်အအုံကြီး ဆောက်လုပ်သူဖြစ်သည်။) ချင်းရှောင်းနန်းတော် သူဌေးအမည်နှင့် အလွန်သင်ရှာ



www.burmeseclassic.com

www.burmeseclassic.com

ရဲ၍ ချင်းချောင်းရိပ်သာအဖြစ် လူသိများခဲ့ရာမှ ၁၉၆၂-ခုနှစ်တွင် တော်လှန်ရေးကောင်စီခေတ်တွင် ပြည်သူပိုင် သိမ်းယူခဲ့သည်။

ဦးကြည်အပါအဝင် တစ်ရပ်ကွက်လုံး နေထိုင်သူများက ချင်းချောင်းသူဌေး ထံမှ မြေငှားစာချုပ်နှင့် အခပေးနေခြင်း ဖြစ်ကြသည်။ မြေက သူ့အိမ် သူ့မြေအဖြစ် ရောင်းထားခဲ့ခြင်းဖြစ်ရာ ဦးကြည်မှာ မနေသာသဖြင့် သူ့တွင် သိမ်းဆည်းထားသည့် မြေငှားခပေးဆောင်ရသော ပြေစာများနှင့် ရပ်ကွက်သူကြီးရှေ့တွင် တင်ပြပြီး မြေအိမ်ဝယ်ယူသူနှင့် ဖြေရှင်းရလေသည်။ သည်လိုဖြေရှင်းလိုက်တော့မှ တစ်ရပ်ကွက်လုံးမှာ မြေ၏ရက်စက်ယုတ်မာမှုတွေကို ရပ်ကွက်သူ ရပ်ကွက်သားတွေ သိရှိကုန်ကြတော့သည်။

အဖြစ်အပျက်စုံကို သိရှိသွားကြသူ တိုင်း မြေအပေါ် ဒေါသထွက်ကုန်ကြသည်။ မရှင့်မရဲ ဝေဖန်ပြောဆိုကြသည်။ ဦးကြည် စိတ်စေတနာကောင်းပုံများကို သိထားကြသည်မို့ မြေသာမက မယားဖြစ်သူ မိမော်နှင့် မိဘတွေကိုပါ အပြစ်တင်ကြလေသည်။ ယားသမီးမကောင်းတော့ မိဘခေါင်းဆိုသလို မိမော်၏မိဘတွေမှာ ရပ်ကွက်ထဲ မနေရဲအောင်ဖြစ်ကြပြီး တခြားနေရာသို့ ပြောင်းရွှေ့သွားရတော့သည်။

“အေးကွာ - ဦးမောင်တင် ရိုးသားသလောက် ဒီကောင် မြေကျမှ ယုတ်မာတဲ့ကောင်၊ တစ်ခါတည်း အပိုင်လုပ်သွားတာ”

“အို - ဒီလိုကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်စားတွေ မကြာပါဘူး - ဒုက္ခတွေမှာပါ”

မြေတို့လင်မယားကို အားလုံး ရွံရှာမုန်းတီးသွားကြပါသည်။ ဖေးဖေးမမနှင့် မပြောဆိုသူတစ်ယောက်မှ မရှိကြ။ လူအေးလူကောင်းကြီး ဦးကြည်က တရားသဘောနှင့် ဖြေသိမ့်ကာ သူ၏ လုပ်ငန်းကို ပြန်လည်တည်ထောင်ရသည်။

ဦးကြည်၏မိတ်ဆွေအပေါင်းအသင်းများကလည်း သတင်းစကားကြားသည်နှင့် လာရောက်မေးမြန်းကြ၊ အားပေးစကားပြောကြနှင့် နှစ်သိမ့်ကြပါသည်။ လုပ်ငန်းတူပိုင်ရှင်တွေကလည်း လိုအပ်သည့်အကူအညီများ ပေးလာကြသည်။ ဦးကြည်တို့လင်မယား ဝမ်းသာပြီး စိတ်ထိခိုက်စေသည်ကတော့ သူ၏လုပ်သားများက -

“ဦးလေးကြည် - ဘာမှတွေးမနေနဲ့၊ ပူမနေနဲ့။ ကျွန်တော်တို့အားလုံးကို ထမင်းကျွေးပါ။ ဘာတစ်ပြားတစ်ချပ်မှ မပေးနဲ့။ အရင်အခြေအနေရောက်တော့မှ လုပ်ခပေးပါ။ ကျွန်တော်တို့ အလကား လုပ်ခမယူဘဲ လုပ်ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် - ဦးလေးကြည်၊ ကျွန်တော်တို့အားလုံးတိုင်ပင်ကြပြီးမှ အားလုံးက သဘောတူလို့ ပြောတာပါ"

ဆိုသည့် လုပ်သားအားလုံး၏ စေတနာမေတ္တာစကားကို ကြားလိုက်ရ၍ ဖြစ်ပါသည်၊ လုပ်သားအားလုံး၏ရင်ထဲကလာသောစေတနာ၊ မေတ္တာစကားကိုကြားလိုက်ရစဉ်က ဦးကြည်မှာ ဝမ်းသာလွန်း၍ မျက်ရည်ဝဲရုံရှိခဲ့သော်လည်း မိန်းမသားဖြစ်သ ဦးကြည် မိန်းမ ဒေါ်စိန်မြမှာ မျက်ရည်ပေါက်ပေါက် ကျခဲ့ရလေသည်။

စေတနာကောင်းပြီး ရိုးသားကြိုးစားသူဦးကြည်မှာ မိတ်ဆွေများကပါထောက် ကူညီပေးမှုကြောင့် ယခင်ကထက် နှစ်ဆမျှ တိုးတက်လာခဲ့လေသည်။ သုံးနှစ်ကျေ လေးနှစ်ခန့်ရှိသော အခါမှ မြေတို့လင်မယားအကြောင်း သတင်းစကား ပျံ့နှံ့လာခဲ့ရ သိကြရသည်။ တွေ့မြင်သူတွေက တစ်ယောက်၊ နှစ်ယောက်၊ သုံးလေးယောက် တစ် ယောက်တစ်မျိုး ပြောပြလာသည်တို့ကို ဆက်စပ်ပုံဖော်ကြည့်ရသမျှ စိတ် စားဖွယ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ကြားသိရသူတွေက တစ်ဆင့်ပြီးတစ်ဆင့် တ ယောက်မှတစ်ယောက် ပြောပြ၍ ကြားရသူတွေမှာ အံ့သြတကြီးမဖြစ်ကြ၊

ထူးခြားသောခံစားမှုတွေမဖြစ်ကြ။ ပြောလာသူ၏စကားအဆုံးသတ်တွင်လည စာနာသမားပုံ မဖြစ်ပေါ်ကြ။ စုတ်သပ်၍ "စိတ်မကောင်းလိုက်တာနော်" ဟူသ အားနာပါးနာစကားမျှကို မဆိုခဲ့ကြပါ။ မြေတို့လင်မယားဘက်မှ မေတ္တာထား တစ်ဦးတစ်ယောက်မှ မရှိကြပါ။

"ဟင်း - ကျေးဇူးကန်းတဲ့ကောင်ပဲ။ ဘာဆန်းတာမှတ်လို့"

"အေးလေ - သူလုပ်သွားကတည်းက အားလုံးက သိပ်မကြာဘူး၊ ဒီလိုဖြစ်မ ဆိုတာ တွက်ဆပြီးသားမဟုတ် လား"

"အခုလောက်ဖြစ်တာ နည်းတောင် နည်းသေးတယ်"

လူအများ ပြောဆိုကြသည်မှာလည်း မှန်ပါသည်။ မြေ လုပ်သွားပုံက တစ် ကလေးမှ ကောင်းကွက်မရှိ၊ ကျေးဇူးရှင်ကို ကျေးဇူးမသိတတ်သော်မှ ယခုလို ရက်စက်စက်ဒုက္ခပေါင်းစုံပေးသွားခြင်းကိုမည်သူက စာနာပါတော့မည်နည်း၊ သ စိတ်ထားသူ ရှိမည်နည်း။ ရိုင်းရိုင်းစကားဆိုရလျှင် ခွေးရူးကောင်းစား၊ တစ် ဆိုရပေမည်သာ။



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည် ငွေနှင့် ဝယ်ယူခဲ့သော လုပ်ငန်းကုန်ကြမ်းဖြစ်သည့် ရွှေမှိုက်တွေကို သာမက ဦးကြည်ပိုင် မြေနှင့် ဆောက်ပေးထားသောအိမ်ကိုပါ ရောင်းစားသွားခဲ့သည် ဆိုတော့ သူ့ကို စာနာသနားမည့်သူ တစ်ယောက်မှမရှိခြင်းမှာ ဆန်းသည်မဟုတ်ပေ။ ဦးကြည်ပစ္စည်းများကို မြေက သူကြိုတင်ငှားရမ်းထားသောနေရာတွင် လုပ်ငန်းတည် ထောင်ပြီး လုပ်ခဲ့သည်။ မြေက ရွှေမှိုက်လုပ်ငန်းကျွမ်းကျင်သူဖြစ်သည့်တိုင် သူတစ် ယောက်တည်း လုပ်ကိုင်၍ရသည်မဟုတ်ပါ။ အနည်းဆုံး အလုပ်သမားနှစ်ယောက် ရှိမှ လုပ်ကိုင်၍ရသည်။

သည်အတွက် မြေက သူနေသော ရပ်ကွက်ထဲမှ လူငယ်နှစ်ယောက်ကို သူကိုယ် တိုင် သင်ပြပေးကာ လုပ်ကိုင်စေခဲ့သည်။ သူနေသောနေရာက ပဲခူးမြို့နှင့် မဝေးလှ သဖြင့် အဆင်ပြေနေသည်။ ပဲခူးမြို့နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ရွှေပန်းထိမ်ဖိုများ ကို စုံစမ်းပြီး ဦးကြည် နှင့် ဆက်စပ်မှုမရှိသော ဖိုများကိုသာ ရွေးချယ်ပြီး လုပ်ကိုင်ခဲ့ သည်။ သုံးနှစ်အတွင်း အတော်အသင့် လုပ်ငန်းအောင်မြင်လာသည်။ အိမ်ငှားအနေ အထားမှ မြေပိုင်အိမ်ပိုင် ဖြစ်လာသည်။

အခြေခိုင်လာသည်နှင့် မြေက လုပ်ငန်းတွင် ပေါ့ဆလာကာ ယမကာ မှီဝဲမှုဘက် ပိုပြီးအားသန်လာသည်။ တစ်ခါတစ်ခါတွင် ပဲခူးမြို့ပေါ် တက်ကာ အပျော်ကြူးတတ် ခဲ့သည်။ မြေ ဇနီး မယားဖြစ်သူ မိမော်ကလည်း သူ့စရိုက်အတိုင်း ပေါ့ပေါ့နေ၊ ပေါ့ပေါ စား၊ အပျော်အပါးမက်မှုက တိုးလာသည်။ ကောင်းကောင်းနေချင်၊ စားချင်၊ ဝတ်ချင် သည်။ အဝတ်အစားကိုပင် အိမ်တွင်နေရင်း တစ်နေ့သုံးထည် လဲဝတ်သည်။ အသုံး အစွဲက မလျှော့။ ယခုလို မိဝေး ဖဝေးတွင် နေပြီး ပြောဆိုဆုံးမမည့်သူ၊ ကြောက်ရ မည့်သူမရှိလေတော့ ပိုပြီးဆိုးနေတော့သည်။

ပထမတော့ မြေက အမှတ်တမဲ့ နေ မိသည်။ မိမော် အလုအပကြိုက်သူမှန်း အစကတည်းက သိခဲ့သည်။ သည်လို နေတတ်သူမို့ မြေက ကြိုက်ခဲ့သူမဟုတ်လား။ သို့သော်လည်း သို့သော်လည်းပေါ့။ မိမော် ယခုနေပုံထိုင်ပုံတွေက ယခင်ကနှင့် လုံးဝ မတူသည်ကိုမြင်တွေ့လာရသည်။ အိမ်နေရင်းကာခြယ်တွေ၊ လိုင်နာတွေ ခြယ်သည်။ နက်ခမ်းဆိုးဆေး သုံးလာသည်၊ လည်ဟိုက်အကျီတွေ ဝတ်လာသည်ကိုတွေ့မြင်နေ ရသည်၊ တစ်နေ့တော့ မြေစိတ်ထဲ မထားနိုင်တော့၍ မိမော်ကို မေးမိသည်။

"ဟဲ့ - မိမော် - နင် ဘယ်သွားစရာ ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှမသွားပါဘူး - ကိုမြရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ နင့်ပုံက အလှူသွားတော့မယ့်လူလို ပြင်ဆင်ထားတာကိုး"

မြေက မျက်မှောင်ကြီးကုတ်ကာ ပြောလိုက်သည်၊ မိမော်က အလိုမကျသလို အမူအရာ၊ လေသံတွေနှင့် ပြောလိုက်သော မြေစကားကြောင့် မျက်နှာအမူအရာကို အချိုသာဆုံး အသွင်ပြောင်းကာ ကန့်ကလျနှင့် မြေ အနီးကပ်ပြီး ဟိုပွတ် သည်ပွတ် နှင့် -

"ကိုမြရယ် - မိမော် ခုလိုပြင်ဆင်ထားရတာက ကိုမြအတွက်လေ၊ ကိုမြက အမြဲ တမ်း လှလှပပနေမှ ကြိုက်တာမဟုတ်လား၊ ပြီးတော့လည်း ..."

မိမော်က မြေလက်မောင်းကို ဆုပ်ကိုင်ထားရင်း ပါးပြင်ကိုပွတ်၊ နှာခေါင်းကိုညှစ် နှင့် မိန်းမတို့မာယာ ကုဋေပေါင်းများစွာနှင့် ချော့မြှူစည်းရုံးနေသည်၊ မြေ ကြာကြာ တင်းခံမနေနိုင်တော့၊ မိမော် ခါးကို ဆွဲဖက်လိုက်သည်၊

"ကဲ - ပြောပါဦး - မင်းစကားက ပြီးတော့လည်း ဘာဖြစ်သလဲ"

မြေက မိမော် မေးစေ့ကို လက်ညှိုး လက်မနှင့်ညှပ်ပြီး မေးသည်၊ မိမော်က ကြာ မျက်စောင်းလေးထိုးသည်၊ ဘာမှ မဖြေပါ၊ မြေစိတ်တွေ နာဂစ်မုန်တိုင်းနှယ် ပြင်းထန် ထကြွလာသည်၊ မိမော်ကို တင်းတင်းဖက်ပြီး အခန်းတွင်းသို့ ဆွဲခေါ်သွားခဲ့သည်၊

မြေနှင့် မိမော်တို့ ဝန်းကျင်တစ်ခုလုံးကို မေ့နေသည်ထိ အချစ်မိုးမှောင် ဖတ် လမ်းပျိုးနေချိန် အိမ်ခြေရင်းဘက် အလုပ်ရုံထဲရှိ အလုပ်သမားနှစ်ယောက်က သူတို့ နှစ်ယောက်ကိုကြည့်နေကြသည်ကို မြေရော မိမော်ပါ မသိကြပါ၊ ကြည့်နေကြသော အလုပ်သမားနှစ်ယောက်မှ တစ်ယောက်က ကြည့်ရင်း ပြုံးစေ့စေ့ရှိနေပေမယ့် တစ် ယောက်ကတော့ ဘာကိုမကျေနပ်သည်မသိ၊ မျက်နှာကြီးက ခက်ထန်နေသလို အံတကြိတ်ကြိတ်နှင့် မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေပါလေသည်၊

⊛

မြေက ဦးကြည်ထံမှ ထွက်လာခဲ့ပြီး သည်နောက် အချိန်များတွင် အသွားအလာ လှုပ်ရှားသည့်အခါများတွင် သူ၏ မူလရုပ်ပုံစံကို အတတ်နိုင်ဆုံး ဖုံးကွယ် ပြောင်းလဲပြီး သွားခဲ့သည်၊ ဦးထုပ်ဆောင်းသည်၊ နေကာမျက်မှန်တပ်သည်၊ ရန်ကုန်မြို့သို့ အဓ သဘောအရ မဖြစ်မနေသွားရသည့်အခါများတွင် ပိုပြီးဂရုစိုက်ပေသည်၊ ဘာကြ



www.burmeseclassic.com

www.burmeseclassic.com

လည်းဆိုတော့ သူက တစ်နပ်စားအကြံဆိုး အကြံမိုက်နှင့် ဦးကြည်အပေါ် ယုတ်မာရက်စက်ခဲ့သည်ကိုး။

သည်တော့လည်း ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ရဲ ဆိုစကားအတိုင်း ဦးကြည်ကိုသာမက ဦးကြည်နှင့်ပတ်သက်သူ အသိုင်းအဝန်းမှ လူတွေနှင့် မျက်နှာချင်း မဆိုင်ရဲပေ။ အိမ်ထဲမှ အိမ်အပြင်ထွက်လိုက်သည်နှင့် မြေစိတ်တွေ မလုံခြုံသလို တထိတ်ထိတ်လန့် တောင်ကြည့်မြောက်ကြည့်နှင့် သွားလာရသည်ကပင် ဒုက္ခတစ်မျိုး ဖြစ်နေရသည်။

အပြင်မထွက်လျှင်လည်း မဖြစ်ပြန်။ လုပ်ငန်းအတွက် လိုက်လံစုံစမ်းနေရသည်။ ယခုတစ်လော အလုပ်အတွက် ပန်းထိမ်ဖိုတွေက အသိမ်းအဆည်း သိပ်မရ။ သတ်မှတ်ရက်တွေအတိုင်း သွားသည့်အခါမရှိတော့။ သူ့ထက် ဦးသွားသည်ချည်း ဖြစ်နေသည်။ သထုံဘက်၊ မော်လမြိုင်ဘက် ဆင်းလည်း မရနှင့် ဘာတွေဖြစ်ကုန်ပြီမသိတော့။ လုပ်ငန်းပြိုင်တွေက ဦးသွားသည်ကိုသာ တွေ့ကြုံနေချက်ကို စဉ်းစားမရပေ။ မြေအတွက် စီးပွားရေးနယ်ပယ်တွေက တစ်စတစ်စ ကျဉ်းမြောင်းလာနေလေသည်။

နောက်လေးငါးလကြာသောအခါ တွင်မှ ဦးကြည်အပေါ် သူပြုလုပ်ခဲ့သော ကိစ္စအကြောင်း တစ်ဆင့်စကား တစ်ဆင့်ကြားသိရသောကြောင့် သူ့ကို ရှောင်ကြဉ်လာနေကြခြင်းဖြစ်မှန်း သိရတော့သည်။ မြေအတွက် ရွှေလုပ်ငန်း ဆက်လုပ်၍ စီးပွားဖြစ်ရန် မည်မျှကြိုးစားသော်လည်း ရရန်မဖြစ်နိုင်တော့။ ပုံမှန် လည်ပတ်နိုင်ဖို့ရာပင် အခက်အခဲဖြစ်လာနေတော့သည်။ သူ့ထက် အမြဲတမ်း ဦးစွာသိမ်းယူသွားသူမှာ မည်သူဖြစ်ကြောင်း မသိရ။ ပန်းတိမ်ဖိုတွေကလည်း တိတိကျကျမပြော။ ရန်ကုန်က လာသူ ဖြစ်သည်ဆိုသောအဖြေကိုသာ ရသည်။ ထိုအဖြေထက် ပို၍မပြောကြပါ။

သည်တော့ မြေ အကြီးအကျယ် ဒေါသအမျက်ထွက်သည်။ ဦးကြည်ကလွဲ၍ အခြားသူမဖြစ်နိုင်ဟူ၍ တစ်ထစ်ချ ယူဆလိုက်သည်။ ဦးကြည်မိသားစုအပေါ် ရန်သူကြီးသဖွယ် သတ်မှတ်ပြီး အမျိုးစုံ ဆဲဆိုရေရွတ်သည်။ ကျိန်ဆဲသည်။ ဤသို့ဖြင့် မကျေးဇူးရှင် ဦးကြည်ကို ဒုတိယအကြိမ်မြောက် စော်ကားနေတော့သည်။ မယားဖြစ်သူကိုလည်း ဦးကြည်က သူတို့စီးပွားရေးကို ဖျက်ဆီး နေကြောင်း ပြောသည်။ လင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သူကို အမြဲတမ်းအားပေးအားမြှောက်လုပ်တတ်သူ၊ မိမော်က အားရပါးရ ထောက်ခံ ခဲ့သည်။

ပင်ကိုစိတ်ထားက အတ္တကြီးသူ၊ လောဘတက်နေသူတွေဖြစ်ပြီး အခြေခံပညာ မရှိ၊ စာပေအသိမရှိ၊ မဖတ်ကြသူတွေပီပီ မြန်မာစစ်စစ်တွေဖြစ်ပါလျက် လင်ရော မယားပါ နှစ်ယောက်စလုံး ဗုဒ္ဓဘာသာဝင်တွေဖြစ်လျက် ဘုရားမသိ၊ တရားမရှိကြ။ ကျေးဇူးတရားဆိုသည်ကတော့ ဝေးမှဝေးပေ့ါ။ ယခင် ... ယခင်က ကောင်းမှုကုသိုလ် ကံအကြွင်းအကျန်လေးကြောင့် လူပြန်ဖြစ်လာရချိန် စားမယ်၊ သွားမယ်၊ ပျော်မယ် ဆိုသည်ကလွဲ၍ ဘာတစ်ခုမှ မစဉ်းစားကြသူတွေ ဖြစ်ကြသည်။

သူတို့ဘဝကံဇာတာ ကြမ္မာတွေ ညှိုးမှိန်လာပြီကို သေချာမဆန်းစစ်၊ တွေးတော ခြင်းမပြုကြပါ။ ကျေးဇူးရှင်အပေါ်တွင်သာ ထပ်တလဲလဲ ပြစ်မှားနေကြသည်။ အကုသိုလ်တွေ ရယူနေကြသည်။ ဦးကြည်မှာ သူ၏မိတ်ဆွေများမှတစ်ဆင့် မြေနေ သည့်နေရာ၊ အလုပ်အကိုင် အခြေအနေတို့ကို အားလုံးသိရှိနေပါသည်။ သို့စဉ်တိုင် မြေအပေါ် ဘာတစ်ခုမှ အရေးယူမှုမလုပ်ခဲ့။ လူကြီးပီပီ ဗုဒ္ဓအဆုံးအမတရားကို နလုံး သွင်းကာ ယခုဖြစ်ပျက်ခံစားနေရမှုတို့မှာ ရှေးဘဝ ဘဝတွေက သူပြုလုပ်ခဲ့သမျှ အကုသိုလ်တရားကိုပြန်လည်ပေးဆပ်ရခြင်းအဖြစ် သဘောထားပြီး ခွင့်လွှတ်ခဲ့ခြင်း ဖြစ်ပေသည်။ မြေကသာ တစ်ဖက်သတ် အထင်အမြင်တွေနှင့် ဦးကြည်အပေး မကျေ မနပ်ဖြစ်နေသည်။

အကယ်၍ ဦးကြည်နေရာတွင် သူ ရှိနေခဲ့ပြီး သူ့အပေါ်တွင် သူလုပ်ခဲ့သလို ရက် စက်ယုတ်မာသွားခဲ့သူတစ်ယောက် အပေါ်တွင် သူ့အနေနှင့် ဦးကြည်ကဲ့သို့ တရား သဘောနှင့် ဖြေသိမ့်နိုင်ပါမည်လား၊ ခွင့်လွှတ်နိုင်ပါမည်လား။ ဆိုသည့် မျှတသော စိတ်သဘောမျိုးနှင့်တော့ တစ်ခါဖူးမျှ မြေ မတွေးမိခဲ့မိပါ။ ဘယ်သောအခါမှ တွေးမိ မည်လည်းမဟုတ်ပေ။ မြေက အဇာတသတ်လိုလူစားမျိုး မဟုတ်လား။ သို့သော် အဇာတသတ်ကမှ နောင်တရမှု ဖြစ်ပေါ်သေးသည်။ မြေက နောင်တမရသည့်ပြင် ထပ်ခါတလဲလဲ မိုက်မဲနေပါလေသည်။

သံသရာဆိုသည်က မြင်နိုင်သည် မဟုတ်သော်လည်း သံသရာ၏ လည်ပ ကြောင့် ကောင်းမှု၊ မကောင်းမှုတို့ကပါ လိုက်ပါနေရစမြဲဖြစ်ကြောင်း လူအားလုံး



www.burmeseclassic.com

www.burmeseclassic.com

သိရှိကြပါသည်။ သံသရာ လည်ပတ်မှုကို မည်သူကမှ ရှောင်တိမ်းမရနိုင်ပါ။ သည်တော့ မြေလို အကုသိုလ်လူတစ်ယောက်လည်း ရှောင်လွှဲမရနိုင်ခဲ့ပါ။

တစ်နေ့ မြေပန်းထိမ်ဖိုများဆီသို့ ထွက်သွားသည်။ မော်လမြိုင်မြို့ရှိ ဖိုများကို အခြေအနေ သွားကြည့်ခြင်းဖြစ်သည်။ သွားနေကျဆိုလျှင် တစ်ညအိပ်ပြီးပြန်လာလေ့ရှိသည်။ ယခုတစ်ခေါက် အသွားခရီးတွင်တော့ မြေမှာ စိတ်မပါသလိုလို ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသည်။ လိုင်းကားစီးလာရင်း ကိုယ်ပူသလိုလို မူးဝေသလိုလို ဖြစ်လာသောကြောင့် သထုံမြို့ရောက်သည့်အခါ ကားပေါ်မှ ဆင်းနေရစ်ခဲ့သည်။ စိတ်က အိမ်ကိုသာ ပြန်ချင်နေသောကြောင့် ပဲခူးလိုင်းကားစီးပြီး ပြန်လာခဲ့သည်။

အိမ်ခြံဝန်းထဲရောက်လျှင် အလုပ်ရုံဘက်တွင် သူ့အလုပ်သမားနှစ်ယောက်ကို မတွေ့ရ။ ထမင်းစားပြန်ကြပုံရသည်ထင်၍ အိမ်ပေါ်တက်လာခဲ့သည်။ နားထဲတွင် မိမော်၏အသံကို ကြားလိုက်ရသည်။ သူ သေသေချာချာ သိသည်။

မိမော်တစ်ယောက် သူ စိတ်ကျေနပ်အားရလျှင်၊ သူ့အလိုပြည့်လျှင် ပြောလေ့ရှိသည့်လေသံတွေမှန်း သိနေသည်။ အသံက နောက်ဘက်မီးဖိုဆောင်မှ တောက်လျှောက်ဝင်လာခဲ့သည်။

"ဟင် - ကိုမြ"

မီးဖိုဆောင်ထဲတွင် လူချင်းပူးကပ်နေရာမှ မျက်နှာချင်းဆိုင်ဖြစ်သော မိမော်ဆီမှ အသံထွက်လာသည်။ ကျောပေးထားသောလူကပါ ရုတ်တရက်လှည့်လာသည်။ သူ့အလုပ်သမား အောင်မြင့် ဖြစ်နေသည်။ မိမော်ရော အောင်မြင့်ပါ နှစ်ယောက်စလုံး အမူအရာတွေ ပျက်နေကြသည်။ သူတို့ လုံးဝမထင်ထား၊ မျှော်လင့်မထားသည့် အဖြစ်ကို ရုတ်တရက်တွေ့လိုက်ရသည်ဆိုတော့ မေ့ဆေးပေးခံထားကြသူတွေလို ဖြစ်နေကြသည်။ နှစ်ယောက်လုံးအဝတ်အစားတွေကလည်း ဖရိုဖရဲ၊ မသပ်မရပ်တွေ၊ တွေ့အကြုံရှိသူ မြေအဖို့ ချက်ချင်းအခြေအနေကို တွေးမိလိုက်ပါသည်။

ခဏမျှသာ ရပ်ကြည့်ပြီး မြေက ပြန်လှည့်လာကာ အိပ်ခန်းထဲသို့ဝင်လာခဲ့သည်။ အခန်းထဲရှိ သူတို့လင်မယားအိပ်နေကျ ကွပ်ပျစ်ပေါ်တွင် ခေါင်းအုံး၊ စောင်တွေက သူ ထွက်သွားခဲ့သည်နှင့် ဆန့်ကျင်ဘက် ရှုပ်ပွနေသည်ကို တွေ့ရသည်။ မနက် သူ ထွက်သွားစဉ်က မိမော်ခေါင်းတွင် ရစ်ပတ်လျက် ပန်ထားသည့် စပယ်ပန်းကုံးကလေးမှာ ကွပ်ပျစ်ပေါ်တွင် ပိပြားညှိုးနွမ်းနေပါလေသည်။ မြေက စပယ်ပန်းကုံးလေးကို ငေးစိုက်

www.burmeseclassic.com

ကြည့်နေမိသည်။ သူ့မျက်လုံးအစုံက စပယ်ပန်းကုံးဆီမှ ကွပ်ပျစ်ခြေရင်းဘက်ဆီ
လျားသွားသည်။ ကွပ်ပျစ်ခြေရင်းဘက်တွင် မိမော် ဝတ်ဆင်နေကျ SMILE အမှတ်
တံဆိပ်အတွင်းခံဘောင်းဘီလေးက တွန့်ခွေလျက်ရှိနေသည်။

ဖရိုဖရဲဖြစ်နေသော ခေါင်းအုံး၊ စောင်၊ နွမ်းကြေနေသော စပယ်ပန်းကုံးနှင့် တွ
ခွေနေလျက် အတွင်းခံဘောင်းဘီတို့က ကိလေသာကာမ တဏှာဇာတ်လမ်းတစ်ပု
ကိုဖော်ထုတ်ပြသနေကြောင်းအလွယ်တကူသိနိုင်ပါလေသည်။ ငမြရင်ထဲတွင် ခံစ
ချက်များက တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲနေသည်။

ပထမဆုံး မိမော်ကို သည်လိုဖောက် ပြန်လိမ့်မည်မထင်ခဲ့ရာမှ လုံးဝယုံကြ
စိတ်ချခဲ့သော အချစ်ဆုံးမိန်းမက ယခုလို ကိုယ်တိုင်မျက်စိနှင့် တပ်အပ်မြင်လို
ရသဖြင့် အံ့အားသင့်သွားသည်။ တစ်ဆက်တည်း ဒေါသစိတ်တို့ ဖြစ်သွားရသ
ဒေါသစိတ်များမှတစ်ဆင့် ဝမ်းနည်းသလိုလို ကြေကွဲသလိုရှိသည်။ ဆက်တိုက်
နမြောစိတ်၊ ဝန်တိုစိတ်၊ ရွံ့ရှာမှု၊ မသတီမှုတွေ၊ မုန်းတီးမှုတွေကပါ ဆက်တိုက်ပြေ
လဲသွားကာ နာကြည်းမှုတို့က နောက်ဆုံးကျန်ရစ်ခဲ့သည်။ စိတ်ဆိုသည်က လော
ကြီးတွင် ရှိရှိသမျှအသံ၏ အလျင်မြန်ဆုံး၊ အလင်း၏ လျင်မြန်နှုန်းတွေထက် အ
ပေါင်းမနိုင်းယှဉ်သာအောင်မြန်လွန်းသည်ဆိုသည့်အတိုင်း စက္ကန့်ပိုင်းလေးအတ
ပြောင်းလဲသွားနေသည်။

ငမြက သူ့စိတ်ကို ပြန်လည်ထိန်းချုပ်ပြီး အိပ်ခန်းအတွင်း ဝင်လာခဲ့ရာမှ တ
ငြိမ်စပြုနေသော သူ့စိတ်တို့ကို အိပ်ခန်းတွင်းအခြေအနေတွေက အဆပေါင်းများ
ပြင်းထန်သောယမ်းအိုးကို ဖောက်ခွဲပစ်လိုက်သလို ဖြစ်သွားစေခဲ့ပါတော့သည်။

"တောက် - ခွေးမ"

ထိန်းချုပ်ထားသည့်ကြားမှ ခံပြင်းနာကြည်းမှုကြောင့် တောက်တစ်ချက် မြ
ထန်စွာ ခေါက်လိုက်မိလေသည်။ အတန်ကြာကြာ ရပ်နေရာမှ "မိမော်" ဟု အသံ
အော်ဟစ်ခေါ်လိုက်မိသည်။

"ဘာ - ဘာလဲ - ကို - မြ"

မိမော် အိပ်ခန်းထဲ ရောက်လာပြီး ထစ်ထစ်ငေါ့ငေါ့ မေးလာရင်း ငမြလက်ထဲ
ထားသောအရာဝတ္ထုကို တွေ့လိုက်ရသည်။ ထိုအရာဝတ္ထုက သူဝတ်နေကျ အ
ဘောင်းဘီပင်ဖြစ်သည်။ SMILE အမှတ်တံဆိပ်လေး ရှိနေပါသည်။ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com

ည်နှင့်တစ်ပြိုင်နက် သူ့ရင်ထဲရှိ နှလုံးသားတွေ ပေါက်ထွက်မတတ် ခံစားလိုက် ည်။ သူ ဘာမှပြင်းဆန်လိမ်ညာဖို့ မဖြစ်နိုင်မှန်း တွေးမိလိုက်သည်။

"မင်း - မင်း"

မြေမှာခံစားချက်ပြင်းထန်လွန်းသောကြောင့်စကားကိုပင်သေချာဖြောင့်ဖြောင့် န်းတန်း ချောမောစွာ မပြောနိုင်တော့။ ကိလေသာတဏှာမီးက မည်သည့်အပူမီး ှ်မှ မယှဉ်နိုင်အောင် ပူပြင်းစွာ လောင်ခဲ့ပြီမဟုတ်လား။ မြေသွေးတွေ ဆူပွက်နေ က မျက်စိဖွင့်ထားလျက်က ဘာမှမမြင်နိုင်အောင် ဖြစ်သွားသည်။

"အား - အမလေး"

မိမော်၏ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့် နာကျင်မှုတွေပေါင်းစပ်၍ထွက်လာသော ာ်သံကြီး ပေါ်ထွက်လာခဲ့ပြီးနောက် အားလုံးတိတ်ဆိတ်သွားတော့သည်။

⇒ ဇော်မြင့်သိန်း

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းသော
# ယုန်သားစားရများ

www.burmeseclassic.com

www.burmeseclassic.com

ဆေးဖော်စပ်ရန် တောထဲမှ ယုန်များကို
ရှာဖွေဖမ်းယူကြစဉ် ထူးဆန်းသောဖြစ်စဉ်များနှင့်
တွေ့လာကြပုံ

လောကသဘာဝသည် အားနည်းသူကို အားကြီးသူက အနိုင်ထက်စီးနင်း ပြုစမြဲဖြစ်သည့်သဘောကိုလက်တွေ့တွင်ငြင်းဆန်၍မရပေ။ ရုပ်ရှင်၊ စာပေ၊ ဇာတ်လမ်းများနှင့် အပြုသဘောဖြင့် အားနည်းသူဘက်မှအနိုင်ရခြင်းကိုဖော်ပြကြသော်လည်းတကယ့် လက်တွေ့ဘဝတွင်မူ အားနည်းသူကို အရှုံးနှင့်သာ ရင်ဆိုင်ရစမြဲ ဖြစ်၏။ ကြောင်က ကြွက်ကို နိုင်သည်၊ ကျားက သမင်ကို နိုင်သလို ငွေရှင်သူဌေးက ငွေမဲ့ ဆင်းရဲသားကို အနိုင်ရစမြဲပင်တည်း။ သို့ရာတွင် တစ်ခါတစ်ရံ အချို့သော အရာများ၌ကား အားနည်းသူတို့ထဲတွင် မမြင်နိုင်သော ထူးခြားဆန်းကြယ်သည့် အင်အားတွေ ရှိနေတတ်သည်ဆိုလျှင် ယုံနိုင်ပါမည်လော။

ကျွန်ုပ်သည် ယုန်ထောင်မုဆိုးတစ်ယောက် ဖြစ်၏။ စစ်ကိုင်းမြို့နားက ညောင်ပင်ဝန်း၊ အုန်းတောကျေးရွာအုပ်စုက မုဆိုးကြီးဖိုးတေဆိုလျှင် မသိသူမရှိပေ။ ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းအလုပ်က ယုန်ထောင်ခြင်းပင်။ ယုန်ထောင်သည့် အလုပ်ကို (၂၅) နှစ်မျှ လုပ်ခဲ့ပြီး ကျွန်ုပ် အသက် (၄၀) ပြည့်သည်ဟု တွက်ဆရလျှင် (၁၅) နှစ် သားကတည်းက လုပ်ကိုင်ခဲ့ခြင်းဖြစ်၏။ မုဆိုးတကာ့ မုဆိုးတွေထဲ ယုန်မုဆိုးဆိုတော့ အထင်သေးကြပေမည်။ အခြားမုဆိုးတွေက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ယုန်တစ်ကောင်၏
ထူးဆန်းသော အပြုအမူကြောင့်
လွန်စွာမျှ အံ့အားသင့်သွားရလေ
သည်။ အဘယ်ကြောင့်ဆိုသော်
ယုန်ဆိုသည်မှာ လူကို ဆွဲဖို့မပြောနှင့်
လူရိပ်မြင်တာနှင့်ပင် ပြေး၏။
အသံကျယ်ကျယ်ကြားရုံနှင့်ပင်
နှလုံးရပ်၍ သေ၏။ အခုတော့
အတင့်ရဲလှသည် ...



"ဗျို့- ကိုဖိုးတေ၊ ခင်ဗျားလည်း သားကောင်ကြီးတွေ ပစ်ပါလားဗျာ၊ ဘယ့်နယ်ကြောင့် ယုန်တွေချည်း ဖမ်းနေရတာလဲ"

"ကျုပ်က ယုန်သားကြိုက်တာကိုးဗျ"

ဟုတ်သည်။ ယုန်သားမစားရလျှင် မနေနိုင်တာက အဓိကဖြစ်နေသည်။ ယုန်တစ်ကောင် အရှင်လတ်လတ် ရောင်းရလှ လေးသောင်း။ ငါးသောင်းသာ ရသည်၊ မုံရွာ - မန္တလေး ကားလမ်းဘေးသွားရောင်းသူတွေ ဒုန့်ဒေး မဟုတ်လား။

ကျွန်ုပ်တစ်နေ့ ယုန်ထောင်လျှင် ခြောက်ကောင်ခန့် တွေ့ရသည်၊ တစ်ကောင်က ကျွန်ုပ်စားရန်ဆိုတော့ ငါးကောင်သာ ရောင်းရသည်။ အခု ခရီးသွားတွေက ယုန်ကိုမစားရဲကြ၊ မစားရက်ကြပေ။ အလှမွေးရန် ဝယ်ယူသူက များသဖြင့် ယုန်ဖမ်းရောင်းသူတွေကမိန်းမရော၊ ကလေးတွေပါရှိလာသည်။ ကြုံတုန်းပြောရဦးမည်၊ ယုန်သားက နုးညံ့ပြီး ချိုသလို သူ့သွေးက ကာမခွန်အားကို တိုးစေ၏။ ယုန်သွေးကို အစိမ်းသော လျှင် အသက်ခြောက်ဆယ်ကျော်ပင် မြင်းတစ်ကောင်လို သွားလာနိုင်၏ဟု ဆိုရှိ

www.burmeseclassic.com

ဝလသည်။ ကျွန်ုပ်၏ ဇနီး မအေးမေက ယုန်သားမစားချေ။ သူမက ဘုရား၊ တရား သမားမို့ စိုက်ပျိုးရေးခြံစိုက်စားသည်။

"မချမ်းသာမယ့်အတူတူ အကုသိုလ်တော့ အားပေးအားမြှောက် မလုပ်ကြ ပါရစေနဲ့။ အော် - အသီးအရွက်နဲ့ပဲ စားပါရစေ"

ဒီလိုနဲ့ သူမကား ကျွန်ုပ်နှင့် တစ်ထပ်တည်း မကျရာ ကျွန်ုပ်ဘာသာ တစ်နေ့ တစ်ကောင်ကျ ယုန်ဖမ်းစားလာခဲ့သည်။ တစ်နေ့တော့ ကျွန်ုပ် ဘဝဝယ် အကြီး အကျယ် ကြမ္မာငင် ပြောင်းလဲမည့် လူတစ်စု မန္တလေးမှ ရောက်လာလေတော့သည်။ ထိုလူစုထဲတွင် နှစ်ဦးက မြန်မာဖြစ်ပြီး သုံးဦးက တရုတ်လူမျိုးများ ဖြစ်၏။ သူတို့ လာရင်းကိစ္စက ဆန်းကြယ်သည်။ ကျွန်ုပ်နှင့် ထိပ်တိုက်တွေ့ရန် လာခဲ့ခြင်းဖြစ်ပြီး တွေ့သောအခါ မြန်မာနှစ်ဦးက အောင်လင်းနှင့် ခင်မောင်နိုင်ဟု သိရသည်။ တရုတ် နာမည်ကိုတော့ မမှတ်မိတော့ပါ။ အောင်လင်းက အသက် (၂၀) ခန့် ရှိပြီး ခင်မောင် နိုင်က (၂၅) နှစ်ခန့်ရှိမည် ထင်ရ၏။ ကျွန်ုပ် အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် လာသည် တွင် အောင်လင်းက ကျွန်ုပ်အား စ၍ မိတ်ဆက်သည်။

"မုဆိုးကြီး ဖိုးတေဆိုလို့ အသက်ကြီးပြီမှတ်တာ လေးဆယ်လောက်ပဲ ရှိသေး တာပဲ။ တွေ့ရတာ ဝမ်းသာတယ် ဦးလေးရာ"

"အေး - ဦးလည်း ဝမ်းသာတယ်ကွာ။ ဒါနဲ့ ငါ့ကို မင်းတို့က ဘာလို့ လာတွေ့ တာလဲ"

"ဟုတ်ကဲ့ - လာရင်းကိစ္စက ယုန်လိုချင်လို့ပါပဲ"

"ဩော် - ယုန်လိုချင်တာများကွာ လူတွေ အများကြီးဖေါ်လာရသလား။ ... ပြော၊ အနောက်မှာ လှောင်ထားတာ (၁၀) ကောင်ရှိသေးတယ်၊ ဘယ်နှကောင် ယူမှာ လဲ..."

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် ဇနီးဖြစ်သူ မအေးမေကို အချက်ပြလိုက်ရာ မအေးမေက အိမ်နောက်ဖေးဝင်သွား၏။ အောင်လင်းက တရုတ်များကို တရုတ်စကား ဖြင့် အနည်းငယ်ပြောနေသည်။ ပြီးမှ ကျွန်ုပ်ဘက်လှည့်ကာ ပြောသည်။

"ကျွန်တော်တို့ လိုချင်တဲ့ ယုန်အရေအတွက်က အကောင် ၅၀၀ ဗျ"

"ဘာ"

ကျွန်ုပ် မျက်လုံးကျယ်သွားသည်။

www.burmeseclassic.com

"အကောင် (၅၀၀) ဟုတ်လား ဘာလုပ်ဖို့လဲကွ၊ စားသောက်ဆိုင်ဖွင့်ဖို့လား။ အဲဒါဆိုလည်း စုပေးမယ်၊ တစ်ပတ်လောက်စောင့်ကွာ။ ဒီတောထဲမှာတော့ အကောင် (၅၀၀) မသေချာဘူး။ အခြားနယ်အထိ တက်ရှာမှရမယ်၊ မင်းဘူးထိပေါ့"

ကျွန်ုပ် စကားကို ခင်မောင်နိုင်က ဝင်၍ရှင်းပြ၏။

"ဒီလိုပါ - အန်ကယ်၊ အဲ - ဦးလေးဖိုးတေ၊ ကျွန်တော်တို့ လိုချင်တာ ဒီယုန် မဟုတ်ပါဘူး၊ တောင်ကတုံးယုန်ပါ"

"ဟမ် - တောင်ကတုံးယုန်လား"

ကျွန်ုပ်ထပ်မံအံ့သြသွားရသည်။ တောင်ကတုံးယုန်ဆိုတာစစ်ကိုင်းအနောက် တောထဲမှ တောနက်ထဲတွင်သာရှိသည်ဟု ကြားဖူးသည်။ ထိုနေရာတွင် သစ်ပင် လုံးဝမပေါက်သော တောင်ကတုံးတစ်လုံးရှိနေပြီး ထိုတောင်ခြေတွင် ယုန်များပေါ သည်ဟု ဘိုးဘေးများက ပြောဖူး၏။ သို့ရာတွင် ထိုယုန်များသည် အကောင်ကြီးပြီး လူကို အန္တရာယ်ပြုတတ်၏ဟု ကြားဖူးသဖြင့် ဘယ်သူမှ သွားမဖမ်းရဲကြချေ။ ထို့ကြောင့် ကျွန်ုပ် ပြန်မေးရတော့၏။

"နေပါဦးကွ - မင်းတို့က အဲဒီတောင်ကတုံးယုန်တွေကို ဘာလုပ်ဖို့လဲ"

"ဆေးဖော်ဖို့ပါ"

အောင်လင်းက ဝင်ပြောလေ၏။ ထိုသို့ပြောရင်း သူ၏ လက်ဆွဲအိတ်ထဲမှ ဖန်ပုလင်းလေးတစ်လုံးကိုထုတ်ရာ ထိုပုလင်းထဲတွင် အဆီရည်ညိုညစ်ညစ်များ ရှိနေ သည်ကို တွေ့ရ၏။

"ဒါက ခွေးလှေးယားစေ့ကို ဖော်စပ်ထားတဲ့ အနှစ်ဆီပါ၊ ဒီအဆီကို ယုန်ရဲ့ သွေးကြောထဲသွင်းပြီး အဲဒီယုန်ရဲ့ သွေးရည်ကြည်ကို ဆေးဖော်ရင် မြွေပွေးအဆိပ် တောင် ပျောက်စေပါတယ်၊ ဟောဒီက သာကောတို့က တရုတ်ပြည် ကွမ်းဂျိုးစက်မှု ဇုန်မှာ ဆေးဝါးစက်ရုံထောင်ထားတဲ့ သူဌေးတွေပါပဲ"

(မှတ်ချက် - သာကောဆိုသည်မှာ တရုတ်လို ပြောခြင်းဖြစ်ပြီး မြန်မာပြန် ရသော် "အစ်ကိုကြီး" ဟု အဓိပ္ပာယ်ရ၏)

အောင်လင်း၏ စကားမဆုံးမီ ကျွန်ုပ် အားလုံးသဘောပေါက်သွား၏။ ၎င်းတို့ က ယုန်သွေးဖြင့် ဆေးဖော်လိုကြခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ-ညီလေး၊ မင်းတို့ပြောတာကို သိပါပြီ။ ဒါပေမဲ့ ယုန်ချင်းအတူတူကို ဘာလို့ တောင်ကတုံးယုန်ကိုမှ မင်းတို့က လိုချင်ရတာလဲ။ အဲဒါက အန္တရာယ်တယ် များတယ်လေ"

ကျွန်ပ်က မေးရာ ခင်မောင်နိုင်က ဝင်၍ပြော၏။

"တောင်ကတုံးယုန်က ကျားခွန်အားတိုးဆေးပါ ဖော်လို့ရတယ် ဦးလေးရဲ့"

"ဟေ-ဟုတ်လား၊ ဘာလို့လဲ-"

"ဘာလို့လဲဆိုတော့ ကျန်ခဲ့တဲ့နှစ်က ရက္ခဗေဒပညာရှင်တစ်ယောက် အဲဒီကို ရောက်သွားပြီး စမ်းသပ်မှုတွေ လုပ်ခဲ့လို့ သိရတာပါ။ အဲဒီအနားမှာ မုန်လာဥနီပင်တွေ ပါတယ်လေ၊ မုန်လာဥနီစားတဲ့ ယုန်မှန်သမျှ ကျားခွန်အားတိုးဖို့ ဆေးဖော်လို့ ရပါ တယ်။ မုန်လာဥနီဟာ မျိုးပွားနှုန်းကို ပိုမိုစေတယ်။ ဦးလေးလည်း သိမှာပါ"

ခင်မောင်နိုင်စကားကြောင့် ကျွန်ပ်သည် ၎င်း၏ဗဟုသုတကို ချီးကျူးမိတော့ သည်။ သူက ဆက်ပြော၏။

"ကျွန်တော်တို့က အဲဒီယုန်တွေကို အရှင်ဖမ်းပြီး တရုတ်ပြည်အထိ တင်သွင်း သွားမှာပါ။ ကာမအားတိုးဆေးရော၊ မွေးဆိပ်ဖြေဆေးပါ ဖော်မှာပါ။ ဦးလေးလည်း ဆေးဖော်တဲ့ အကူအညီပေးတော့ ကုသိုလ်ရတာပေါ့လေ"

"ဟုတ်ပါပြီ၊ မင်းတို့ပြောတာ ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီကိုသွားဖို့ မလွယ် ဘူးကွ။ လမ်းကြမ်းတယ်၊ မင်းတို့ပြောရင် ယုံမလားမသိဘူး။ အဲဒီနေရာကို သား ကောင်ကြီးတွေတောင် မသွားဘူးကွ။ မသွားကြလို့လည်း ယုန်တွေ ပေါ်နေတာလေ၊ အန္တရာယ်ကြီးတယ်"

ထိုသို့ ကျွန်ပ်က ပြောရာ ခင်မောင်နိုင်က မျက်မှန်ဖြင့် တရုတ်လို ကွိစိကွစိ ပြောလိုက်သည်။ ရှင်းပြနေသည် ထင်၏။ ထိုအခါ အနီမျက်မှန်ဖြင့် တရုတ်သည် သူ၏ အိတ်ထဲမှ ငါးထောင်တန်တစ်အုပ်ကို ထုတ်ကာ ကျွန်ပ်လက်ထဲ ထည့်လိုက်လေတော့ သည်။

☆

ကျွန်ပ်၏အဖြစ်ကား တွတ်ပီဇာတ်လမ်းနှင့်ပင် တူနေသေးတော့၏။ တကယ် ရှီးကြမ်းထဲ ရောက်လျှင် ဘာတွေဆက်ဖြစ်မည်မသိချေ။ လောလောဆယ် နံနက်



www.burmeseclassic.com

www.burmeseclassic.com

စောစော တောစပ်သို့ ခြေချမိချေပြီ။ ကျွန်ုပ်တွင် တွတ်ပီကဲ့သို့ တပည့်ကျော် ဗိုက်ကလေးတော့ မပါချေ။ တစ်ဦးတည်းသော ဒူးလေးလည်း ပါဖြစ်၏။ တောထဲမဝင်မီ အောင်လင်းတို့ကို မှာစရာရှိတာ မှာရသေး၏

"တောထဲမှာ မစင်ကို စွန့်ချင်တဲ့နေရာ မစွန့်ရဘူး။ တစ်ဦးနဲ့တစ်ဦး နာမည် တပ်မခေါ်ရဘူး။ မှတ်ထားပါ"

ထို့နောက် တောထဲဝင်ခဲ့တော့၏။ တရုတ်တွေက ကင်မရာ တဖျပ်ဖျပ်ဖြင့် တော်တော်ပျော်နေဟန်ရှိ၏။ ကျွန်ုပ်က ရှေ့မှ ဦးဆောင်ပြီးသွားရာ အန္တရာယ်မှန်သမျှကို ရင်စီးခံပေးရမည်ဖြစ်သည်။ သို့သော် ဤတောကား နက်သာနက်၏။ ခြင်္သေ့၊ ကျားသစ်တို့တော့ မရှိပါချေ။

အချိန်အတော်ကြာ ခရီးဆက်ခဲ့ပြီးနောက် နေ့တစ်ဝက်ကျိုးပေါက်သောအခါ စမ်းချောင်းတစ်ခုသို့ရောက်သည်။ ထိုစမ်းချောင်းကျော်လျှင် တောင်ကတုံးသို့ဝင်ရာ လမ်းမို့စမ်းချောင်းတွင် နေ့လယ်စာစားရန် ပြောလိုက်သည်။ တရုတ်တွေလည်းပါလာသော စည်သွပ်ဘူးတွေကို ဖောက်စားကြ၏။ အောင်လင်းတို့ကမူ ကျွန်ုပ်နှင့်အတူ ထမင်းနှင့် အသားခြောက်များ၊ ဘဲဥပြုတ်များကိုသာ စားကြသည်။ စားသောက်ပြီး သောအခါ တစ်ရေးမေးကြသေး၏။ ခရီးက မဝေးတော့ပြီမို့ အေးဆေးနေကြခြင်းပင် ဖြစ်၏။ ထိုသို့ အေးဆေးနေခြင်းကား ကြမ္မာငင်ခြင်း၏ အစပင်တည်း။

ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော ယုန်တစ်ကောင်သည် အိပ်နေသော ခပ်ဝဝတရုတ်တစ်ယောက်၏ ဘောင်းဘီစကို သွား၍ ပါးစပ်ဖြင့် ကိုက်ဆွဲနေ၏။

"ဟာ"

ကျွန်ုပ်သည် ယုန်တစ်ကောင်၏ ထူးဆန်းသော အပြုအမူကြောင့် လွန်စွာမှ အံ့အားသင့်သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ယုန်ဆိုသည်မှာ လူကိုကိုက် ဆွဲဖို့မပြောနှင့် လူရိပ်မြင်တာနဲ့ပင် ပြေး၏။ အသံကျယ်ကျယ်ကြားရုံနှင့်ပင် နလုံးသွေး ရပ်၍သေ၏။ အခုတော့အတင့်ရဲလှသည်။ တရုတ်သည် ယုန်ကလေး၏ကိုက်ဆွဲခြင်း ကြောင့်လန့်နိုးလာ၏။ နိုးလာပြီး သူ့ခြေရင်းမှယုန်ကိုတွေ့သောအခါဝမ်းသာအားရဖြင့် လိုက်ဖမ်းလေ၏။ ယုန်ကား အပြေးသန်ပြီး ချောင်းကိုဖြတ်ထားသော ကျောက်တုံး များပေါ် ခုန်ပေါက်၍တစ်ဖက်ကမ်းသို့ကူးသွားလေရာ တရုတ်ကြီးက ထိုကျောက်တုံး တွေပေါ် လိုက်တက်ပြီး ယုန်ကို ဖမ်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယုန်ကတော့ တစ်ဖက်ကမ်းရောက်ပြီး တောထဲဝင်ပြေးသွားသည်။ ဒုက္ခရောက်သူကား တရုတ်ကြီးပေတည်း။ ရေလယ်ကျောက်တုံးပေါ်တွင် ရေညှိဖြင့်ချော်ကျမလိုဖြစ်နေသည်တွင် ဤတရုတ်နစ်ယောက်က လှမ်းခေါ်၏။ သူတို့လှမ်းခေါ်သော်လည်း ဟိုတရုတ်က ပြန်မလာနိုင်၊ ခြေချော်ပြီး ချောင်းထဲ ပြုတ်ကျသွားတော့သည်။ ထိုအခါ ကမ်းပေါ်မှ တရုတ်နစ်ယောက်က အားရပါးရ ရယ်လေ၏။ ရေကတိမ်နေသည်ကိုကျွန်ပ်လည်း ရေထဲမှပြန်တက်လာမလားဟုစောင့်ကြည့်ရာ အတန်ကြာသည်အထိ ပြန်မပေါ်လာသဖြင့် ရေနစ်နေပြီအထင်ဖြင့် ဆင်း၍ကြည့်လိုက်ရာ ...

"ဟင် - ရေ - ရေဆင်တွေပါလား"

ရေဆင်များသည် မည်သည့်သတ္တဝါကိုမဆို စားတတ်ကြ၏။ တရုတ်ကားရေဆင်ချောင်းထဲကျပြီး သေပြီတည်း။ အောင်လင်းက ကျွန်ပ်ကို မေး၏။

"ဦးလေး - ဟိုတရုတ် ဘာလို့ပြန်မပေါ်လာတာလဲ၊ ရေငုပ်နေတာလား"

"သူ သေပြီကွဲ့"

"ဗျာ - မဟုတ်တာ"

"ဟုတ်တယ် - သူ သေပြီကောင်လေး။ အဲဒီချောင်းက ရေဆင်တွေရှိမှန်းဘယ်သူမှမသိဘူး၊ အခုမှ သိတာ၊ ရေဆင်ကကိုက်ရင်သေတယ်။ အခုဟိုလူသေပြီးမယုံရင် မင်းလည်း ဆင်းကြည့်"

ကျွန်ပ်စကားကြောင့် အောင်လင်း ဘာလုပ်ရမှန်းမသိဖြစ်သွားပြီး ဂနာမငြိမ်ပတ်လျှောက်နေ၏။ ပြီးသော် တရုတ်နစ်ယောက်ကို ရှင်းပြလေရာ တရုတ်နစ်ဦးမှာရှုံ့မဲ့ချင်တော့သည်၊ သူတို့၏ ဘော်ဒါနာမည်ကိုတ၍ ရင်ထုငိုကြ၏၊ မြေပေါ်ဒူးတုပ်ထိုင်ပြီး တောင်းပန်နေကြ၏။

ဒီခရီးက ဒီလိုအဖြစ်ဆိုးမည်ဟု ဘယ်သူမှ ထင်မထားသဖြင့် အလွန်ပင်တုန်လှုပ်သွားကြသည်။

"ကဲ - ခရီးဆက်မယ်၊ အလောင်းက ပြန်မရတော့ဘူး"

ထိုသို့ပြောပြီးနောက် ကျွန်ပ်သည် ချောင်းကို ကျောက်တုံးများပေါ်မှ ဂရုစိုက်ကူးပြရာ အနောက်မှ လိုက်ကူးကြပြီး တစ်ဖက်ကမ်းသို့ ရောက်သော် တောင်ကတုံးရှိရာသို့ မြန်မြန်ပင် သုတ်ခြေတင်ခဲ့တော့၏။ နာရီဝက်ခန့်အကြာ တောထဲဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ရာ တောင်ကတုံးကို တွေ့ပါတော့၏။ အောင်လင်းနှင့် ကျွန်ုပ်က ဆွေးနွေးရန်လိုပြီ ဖြစ်သည်။

"ကဲ - မင်းတို့ တွေ့တဲ့ တောင်ကတုံးက ဒါပဲ။ ယုန်တွေက တောင်ခြေမှာ ပေါ တယ်။ အဲဒီယုန်တွေကို ဘယ်လိုဖမ်းကြမှာလဲ။ အကောင်များရင် ငါလည်း ပိုက်ကွန် နဲ့ဖမ်းဖို့ မလွယ်ဘူးကွ။ ဘယ်လိုဖမ်းမယ် စိတ်ကူးထားလဲ"

"အင်း - ပြဿနာရှိရင် အဖြေရှိရမှာပေါ့ဗျာ။ သူတို့ တစ်စုတစ်ဝေးတည်းနေ တဲ့ နေရာကို ရှာရမယ်ဗျ။ အဲဒီရောက်ရင် မေ့ဆေးငွေ့ပေးပြီး ဖမ်းမယ်လေ"

"မင်းအကြံက မဆိုးပါဘူး။ ဒါပေမဲ့ ဂရုစိုက်နော်။ ဟိုတရုတ်တွေက ထင်ရာ လုပ်ကြလို့ ကြိုသတိပေးတာ။ ထပ်ပြီး လူမသေစေနဲ့"

"အင်းပါ - ဦးလေးရ"

သို့နှင့်ပင် ကျွန်ုပ်တို့လူစုသည် ယုန်များ တစ်စုတည်းနေနိုင်သည့် လိုဏ်ဂူ (သို့မဟုတ်) သစ်ခေါင်းတစ်ခုကို ရှာကြသည်။ ယုန်တစ်ကောင်တလေ တွေ့သည် တွင် ထိုတစ်ကောင်နောက်ကိုပြေးလိုက်ရင်း ခြေရာခံမမိဘဲ မောဟိုက်ကာ လျှာထွက် လာ၏။ "ယုန်တောင်ပြေး ခွေးမြှောက်လိုက်" ဆိုသောစကားသည် ကျွန်ုပ်တို့ လူစု အတွက်လို ဖြစ်နေ၏။ တရုတ်များသည် ယုန်များကိုတွေ့တိုင်း ဒေါသထွက်ပြီး အော် ဟစ်နေကြသည်။ ခင်မောင်နိုင်က ပြောပြ၏။

"အဲဒါ ဆဲနေတာဗျ တရုတ်လို။ ဒီလူတွေ မလွယ်ဘူး"

ကျွန်ုပ်တို့လှည့်ပတ်ကြည့်ပြီးသော်နောက်ဆုံးတွင် မောင်ရီပိုးတဝါးအချိန်သို့ အရောက်၌ ဇရာမသစ်ပင်ကြီးတစ်ပင်ကို တောင်ခြေတွင် တွေ့ရ၏။ ထိုသစ်ပင်၏ ခြေရင်းဝမ်းပိုက်သစ်ခေါင်းကြီးကား ဆယ်ပေမျှကျယ်ဝန်းပြီး ထိုထဲတွင် ယုန်များ ဝင် ပုန်းနေသည်ကို တွေ့ရလေသည်။ တရုတ်တစ်ယောက်သည် သူ့အိတ်ထဲမှ ဆေးရည် ပါသည့် ဖန်ချောင်းရှည်လေးကို ထုတ်ကာ ထိုသစ်ခေါင်းအတွင်းသို့ ပစ်ထည့်လိုက် ရာ "ဖောင်း" ခနဲ ပေါက်ကွဲသံနှင့်အတူ မီးခိုးများ အလိပ်လိပ်ထွက်လာတော့၏။ မေ့ ဆေးငွေ့ရည်ပင် ဖြစ်ရာသည်။ နာရီဝက်မျှ စောင့်ပြီးနောက် သစ်ခေါင်းထဲ ဝင်ကြည့် ကြသော်ယုန်အကောင် ၁၀၀ ကျော်သည် သတိလစ်မေ့မြောနေသည်ကိုတွေ့ရတော့ ၏။ ကျွန်ုပ်တို့သည် ပါလာသော ပိုက်အိတ်များထဲ အလွယ်ပင်ကောက်ထည့်ကြပြီး ပျော်နေကြသည်။ ည (၉)နာရီထိုးသော် မီးပုံဖို၍ ထိုထဲမှ ယုန်ငါးကောင်ကို ထုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com

ကင်၍တစ်ယောက်တစ်ကောင်စားကြလေ၏။ ယုန်သားက မွှေး၍ချိုကာ နူးညံ့လေ မတော့၏။ ကျွန်ုပ်တို့ ကင်ထားသော ယုန်များသည် မကင်မီကတည်းက ထိုယုန်များ ၏သွေးကြောထဲသို့ဆေးထိုးအပ်ဖြင့် ခွေးလေ့ယားသီးအရည်များ ထိုးထည့်ထားပြီး ဖြစ်သည်။ မြွေဆိပ်မပြေပြီးကာမအားတိုးစေသည်ဟု ဆိုသဖြင့် ကျွန်ုပ်လည်း စိတ်ဝင် စားစွာစားသုံးသည်။ တရုတ်တွေကားအပြိုင်းနှင့်စားလေသလား၊ ငတ်နေ၍စားသလော ဟု မပြောတတ်ပေ။ ယုန်တစ်ကောင်ကား (၁၀)မိနစ်အတွင်း အရိုးပုံလေးသာ ကျန် တော့၏။ စားပြီးကြသော် ကာမခွန်အားတွေ တိုးပွားလာမည်အထင်နှင့် ငါးယောက် လုံး အိပ်ပျော်သွားကြလေတော့သည်။

☆

မျက်နှာကိုနေရောင်ထိုးတော့မှ နိုးလေသည်။ အိပ်ရာနိုးနိုးချင်း မျက်နှာမသစ် ဖိအပ်မှုန်စုံမှားဖြင့် ညတုန်းက မီးဖိုထဲမှ မီးသွေးခဲကိုယူကာ သွားတိုက်လိုက်သည်။ အခါ ကျွန်ုပ်၏သွား ရေနှစ်ချောင်းသည် ရှေ့သို့တဖြည်းဖြည်းငေါ်ကာ ချွန်ထွက်နေ သည်ကို သိလိုက်ရ၏။

"ဟာ - ဟာ - ဘာဖြစ်တာ"

ထို့အပြင် နားရွက်များလည်း ရှည်နေသည်ကို တွေ့ရ၏။

"ငါ - ငါ - ဘာဖြစ်တာလဲ၊ ဟော့ကောင်လေးတွေ ထကြစမ်း - ထထ"

အိပ်နေသော လူများကို နိုးလေရာ ၎င်းတို့ ငါးယောက်သည် နားရွက်ရှည် မျက် ထောင်နေပြီး ရှေ့သွားနှစ်ချောင်းခေါ်၍ထွက်နေသည်ကို တွေ့လိုက်ရ၏။

"ဟင် - ဟာ - ဟာ - မင်းတို့လဲ"

ကျွန်ုပ်က ရယ်မိသော် အောင်လင်းက ထလာပြီး ကျွန်ုပ်ကိုကြည့်ကာ မယ်၏။

"ဟင် - ဦးဖိုးတေ ခင်ဗျားမျက်နှာက ယုန်မျက်ခွက်ရုပ်ပါလားဗျ။ ဘယ်လိုဖြစ် တာလဲ၊ ဟာ - ဟိုလူတွေရော"

ခြုံ၍ပြောရလျှင် ကျွန်ုပ်တို့အားလုံး ယုန်မျက်နှာတွေ ဖြစ်ကုန်ကြချေပြီ၊ မျက်တွေ ငိုကြလေ၏။ ခင်မောင်နိုင်က ဒေါသတွေထွက်ပြီး အော်ဟစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါမဖြစ်နိုင်ဘူး။ ယုန်သားလေးစားရုံနှင့်ဒီပုံဖြစ်မလာနိုင်ဘူး။ ကျိန်စာသင့်တ
ပဲ ဖြစ်ရမယ်"

"အေး – ငါတို့ ဘာဆက်လုပ်ကြမလဲ၊ ဒီပုံစံနဲ့ ပြန်လို့မရဘူးလေ"

အားလုံးအကြပ်ရိုက်ပြီး ပြန်ရန် ခက်ခဲနေကြ၏။ ညက သတိလစ်သွားသေ
ပိုက်ကွန်အိတ်ထဲမှ ယုန်များပိုပြီး လှုပ်လှုပ်ရွရွနေကြသည်။

ကျွန်ုပ်တို့အားလုံး အကြပ်ရိုက်ပြီး ကိုယ့်ရုပ်ကိုယ်ဓားနှင့်လှီးပစ်ချင်နေကြ
စဉ် ရုတ်တရက် ကြေးစည်သံတစ်သံ ကြားရလေ၏။ ထိုအသံသည် တဖြည်းဖြည်း
လာပြီး ကျွန်ုပ်တို့အနီးသို့ ရောက်သော် ဘုန်းကြီးတစ်ပါး ဖြစ်နေလေသည်၊ ထိုဘု
ကြီးက သပိတ်လွယ်လျက်ကြေးစည်နှင့်တူကိုကိုင်ကာ မေတ္တာဘာဝနာပွားရင်းလှ
ပတ်နေဟန်ရှိသည်၊ ကျွန်ုပ်တို့ကိုတွေ့သောအခါ ပြုံး၍ ရပ်ကြည့်နေ၏။ ကျွန်ုပ်က

"အရှင်ဘုရား – တောထဲ တစ်ပါးတည်း မကြောက်ဘူးလား ဘုရား"

ဟုမေးရာ အနီးဦးပဉ္ဇင်းက ပြန်ဖြေ၏။

"ဘုန်းကြီးက ဘာအကုသိုလ်မှ မလုပ်လို့ ကြောက်စရာမရှိဘူး၊ အခု
မင်းက သတ်ရင်တောင် သုဂတိဘုံကိုပဲ ရောက်မှာ"

ထိုစကားကြောင့် ကျွန်ုပ်လည်း လွန်စွာကြည်ညိုသွားပြီး အနားကပ်
ကန်တော့လိုက်၏။ ပြီးသော် ဒုက္ခရောက်နေသဖြင့် ကျိန်စာကို ကူညီပြောပေးပါ
တောင်းပန်လိုက်သည်၊ ဦးဇင်းက ကျွန်ုပ်တို့အားကြည့်၍ သူ၏ သပိတ်ထဲမှ ပန်း
ငါးလုံးကို ထုတ်ကာ စွန့်လေ၏။

"ရော့ – ဒကာ၊ အခု ဖမ်းလာတဲ့ယုန်လေးတွေကို လွှတ်လိုက်၊ လာလ
အတိုင်းပြန်၊ မိုးချုပ်တဲ့အခါ ရောက်လိမ့်မယ်၊ အိပ်ခါနီး ဒီအသီးတစ်ယောက်တ
လုံးစားရင် ပြဿနာတွေ ပြေလည်အေးချမ်းသွားမှာပါ"

ထိုသို့ပြောပြီး သူ့လမ်းသူ လျှောက်သွားတော့၏။ ကျွန်ုပ်က တရုတ်တွေ
ယုန်တွေလွှတ်ပေးမည်ဟုပြောရာ လုံးဝလက်မခံကြပေ၊ တစ်ယောက်တစ်ပေါ
နှင့် ငြင်းကြခုန်ကြဖြစ်ကြရသေးသည်၊ နောက်ဆုံးတွင် ၎င်းယုန်များထက် မိမိဘ
မိမိသနားသူများမို့ယုန်တွေကိုလွှတ်လိုက်ကြသည်၊ အဘယ်ကြောင့်လွှတ်ရသ
ဆိုသော် စောစောက ရဟန်းသည် တောထဲတောင်ထဲ သာမန်မဟုတ်မှန်း သိ
သဖြင့် သူ ပြောသလို လုပ်ရခြင်းပင်တည်း။

⍟



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်တို့သည် လာလမ်းအတိုင်း ပြန်ခဲ့ကြပြီး မိုးချုပ်သောအခါ စစ်ကိုင်းတောစပ်သို့ပြန်ရောက်ရှိလေ၏။ ဘုန်းကြီးမှာထားသည့်အတိုင်းပင် သစ်သီးတစ်လုံးစီ စားပြီး အိပ်ရာဝင်ကြသည်။ အိပ်၍ကောင်းလိုက်သို့ ဖြစ်ခြင်း။ မနက်မိုးလင်းသော် ကျွန်ပ်တို့အားလုံး အကောင်းပကတိ ပြန်ဖြစ်နေကြလေသည်။ ကျွန်ပ် ရွာသို့ စိတ်ချမ်းသာစွာပြန်ပြီး တရုတ်တွေနှင့် အောင်လင်းတို့လည်း ကျွန်ပ်နှင့် လမ်းခွဲကာ မန္တလေးသို့ပြန်သွားကြတော့၏။ ကျွန်ပ်သည် ထိုနေ့မှစ၍ ယုန်ကလေးများကို မဖမ်းတော့ဘဲ အသားပါ မစားတော့ရာ ဇနီးဖြစ်သူက အံ့သြနေသည်။

သုံးနှစ်ခန့်အကြာတွင် ထိုအဖြစ်ကို မြို့ကလာသော ဆရာဝန် လူငယ်တစ်ယောက်ကို ပြောပြမိ၏။ ထိုအခါ ဆရာဝန်လေးက သိပ်အံ့သြဟန်မပြဘဲ သိပ္ပံကျကျရှင်းပြသည်။

"တကယ်တော့ အဲဒီယုန်တွေဟာ တောင်ခြေက စိတ်ကစဉ့်ကလျား ဖြစ်စေတဲ့ အရွက်တစ်မျိုးမျိုးကို စားခဲ့ကြလိမ့်မယ်ဗျ။ ခင်ဗျားတို့က ခွေးလျှေးယားသီးအရည်နဲ့ရောပြီးစားကြတော့ ယုန်သားတွေဟာ မသင့်တဲ့ဓာတ်ပြုပြီး လူ့စိတ်ကို မြင်ချင်ရာမြင်မိစေတဲ့ ဓာတ်တွေဖြစ်ကုန်တာပဲဗျ။ ဒါ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲဒါကို ပြန်ဖြေပေးခဲ့တဲ့ တောထဲက ရဟန်းကတော့ တကယ်ထူးခြားတယ်ဗျာ၊ ခင်ဗျားတို့ကို ကယ်လိုက်တာပဲ၊ တကယ်တော့ ခင်ဗျားတို့က နားရွက်လည်း မရှည်ခဲ့ဘူး၊ သွားလည်း ရှည်မထွက်ခဲ့ဘူး။ စိတ်ကပြန် ခြောက်နေတာ၊ စိတ်ထဲထင်နေတာ၊ အဆိပ်မိသလို ဖြစ်နေတာကို သစ်သီးလေးတစ်လုံးစားရုံနဲ့ ပျောက်တယ်ဆိုတော့ အရမ်းကြည်ညိုစရာပါပဲ၊ အဲဒီရဟန်းက ..."

ဟုတ်သည်။ အကုသိုလ်မလုပ်လျှင် ဘာကိုမျှကြောက်စရာမရှိဆိုသည့် စကားက ကျွန်ပ်နားထဲ စွဲနေမိ၏။ လောက၏ သဘောကား အားနည်းသော ယုန်သတ္တဝါလေးတို့ အသက်သေရမည်ကိုပင် မမြင်ရသော စွမ်းအင်များက ရပ်တည်ကာကွယ်ပေးနိုင်သဖြင့် ဆန်းကြယ်ပေစွ ...။

⇒ **ဝေယံသိန်း**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးချစ်သူ လူသတ်မှုဖြင့် သေဆုံးသွားရာ
တရားခံမည်သူနည်း၊ တရားသူကြီး ဆုံးဖြတ်ချက်တွင်
တရားခံသည် ယောကျ်ားလေးဖြစ်သော်လည်း ...

ဒီနေ့မနက်စောစာကတည်းက ရှုံးရောက်နေတယ်။ နေကလည်း သိပ်မပူ၊ မိုးလေးကလည်း အေးဆိုတော့ အလုပ်ထဲ စိတ်သိပ်မရောက်ဘဲ ဟိုတွေး ဒီတွေးရှိနေစဉ် ဖုန်းဝင်လာတယ်။ နာရီကြည့်လိုက်တော့ (၉း ၃၀)၊ လေးပင်နေ သောစိတ်တွေနဲ့ပဲ မကိုင်ချင် ကိုင်ချင်နဲ့ ကောက်ကိုင်လိုက်တော့ နယ်ထိန်းကိုနန္ဒ။

"အမိန့်ရှိပါ - ဒုရဲအုပ် လင်းဝေပါ"

"ဆရာလင်းဝေ - (၃၈)လမ်းက သူဇာဆိုတဲ့ မိန်းကလေးအဆောင်ကို အခုလာခဲ့ပါ။ ဒီမှာ လူသတ်မှုတစ်ခု ဖြစ်ထားလို့ပါ"

"ကောင်းပါပြီ - ဆရာကြီး - လာခဲ့ပါမယ်။ လိုအပ်တာတွေဆက်လုပ်ထားပါ"

"... ... ..."

"လေးစားပါတယ်"

ဖုန်းချလိုက်ပြီး ချက်ချင်းမသွားသေးဘဲ သူငယ်ချင်းဖြစ်သူ စစ်နိုင်ကိုဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တယ်။ သာမန်အားဖြင့်တော့ ခေါ်သွားလေ့မရှိ ပေမယ့် စစ်နိုင်က လူသတ်မှုတို့လို အမှုကြီးတွေဆို စိတ်ဝင်စားတတ်ပြီး သူ့ရဲ့တွေးခေါ်သုံးသပ်မှုတွေကလည်း နိုင်လုံတိကျတယ်။ ကောက်ချက်တွေက လက်တွေ့ဆန်တယ်။ အားကိုးအားထားထိုက်တဲ့သူတစ်ယောက်ဆိုတာ ငြင်းလို့မရဘူး။


www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကျွန်တော် သူ့ကို အခင်းဖြစ်တဲ့နေရာဆီ ခေါ်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်တို့ ရောက်သွားတော့ ရပ်ကွက်လူကြီးတွေနဲ့ အဆောင်ပိုင်ရှင်က ရောက်နှင့်နေကြပြီ။

"ဟော - ရောက်လာကြပြီလား"

ဟု နယ်ထိန်း ကိုနန္ဒက ခရီးဦးကြိုပြုတယ်။

"ကဲ - ကိုနန္ဒ - တွေ့ရှိချက်လေး ပြောပါဦး" ဟု ကျွန်တော်ကပြောတော့ ကိုနန္ဒက အလောင်းရှိရာ နောက်ဖေးသို့သွားပြီး အလောင်းနားထိုင်ချရင်း -

"အသတ်ခံရတဲ့ကောင်မလေးနာမည်က နင်းဇကရီ၊ အသက်က (၂၆)နှစ်ကျော်ပြီ။ ဝဲဘက်ရင်အုံထိုးသွင်းဒဏ်ရာနဲ့ သေဆုံးနေတယ်။ အသတ်ခံရတဲ့အချိန် အခန်းမှာ သူတစ်ယောက်ထဲ ကျန်ခဲ့တယ်လို့ သူ့အခန်းဖော်တွေက ပြောတယ်"

"အင်း - အခန်းမှာ ဘယ်နှယောက် နေရတာလဲ" ကိုစစ်နိုင်က ကြားဖြတ်မေးလိုက်တော့ ကိုနန္ဒက မကျေနပ်တဲ့အမူအရာနဲ့ ကျွန်တော့်ကို လှမ်းကြည့်တယ်။ မဆိုင်တဲ့သူတွေ ဘာလို့ခေါ်လာလဲဆိုတဲ့သဘောနဲ့ပေါ့။ ကျွန်တော်လည်း မသိချင်ယောင်ဆောင်ပြီး -

"ဘယ်နှယောက်လဲဗျ - ကိုနန္ဒ" ဆိုတော့ ...

"လေးယောက်ပါ - ဆရာ"

"အင်း - ဆက်ပါဦး"

ကိုနန္ဒ မျက်နှာမကြည့်တော့တာ သိသာနေပေမယ့် အထက်အရာရှိက မေးလာတော့လည်း တာဝန်အရ ဖြေရတာပေါ့"

"အဆောင်ခန်းဆိုပေမယ့် ဒီတိုက် ခန်းတစ်ခန်းလုံးကို လေးယောက်ပေါင်းငှားနေတဲ့သဘောပါပဲ"

"အသတ်ခံရတဲ့ကောင်မလေးက မော်လမြိုင်က လာတာပါ။ ရန်ကုန်ကို သူ တက္ကသိုလ်တက်ကတည်းက ရောက်နေတာပါ။ ဒီအဆောင်ကို ရောက်တာတော့ (၆)လလောက် ရှိပါပြီ။ ကျန်တဲ့သုံးယောက်ကတော့ အဟောင်းဆိုရမှာပေါ့။ သူက ဒီအဆောင်ကို နောက်ဆုံးရောက်တာ။ သူ့မှာ ရည်းစားရှိတယ်။ သူ့ကောင်လေးက ဒလမှာနေတယ်လို့တော့ ဒီက မဝင်းပပက ပြောတယ်" ဟု ဆိုကာ မဝင်းပပဆီသို့ ကြည့်လိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝင်းပပဆိုသူလည်း ဒီလိုအဖြစ်အပျက်ကို မျက်မြင် အခုမှတွေ့ဖူးတာဆိုတော့ တုန်ယင်ကြောက်လန့်နေတာ မပြောဘဲနဲ့ သိသာနေတယ်။ သူ့ကို ဒီအချိန်မှာ အမှုနဲ့ ပတ်သက်ပြီးတော့ ဘာမှထပ်မေးလို့ရမှာ မဟုတ်လောက်တော့ဘူး။

"ကဲ – ဆရာကြီး – လုပ်စရာရှိတာ သေချာစေ့စပ်စွာလုပ်ပြီး အလောင်းကို ရေခဲတိုက်ကို ပို့ဖို့လုပ်ပါ။ မှုခင်းဆရာဝန် မှတ်ချက်ယူပါ။ အဆောင်ပိုင်ရှင်ဆီမှာ သေသူရဲ့ နယ်လိပ်စာကိုမေးပြီး ဆက်သွယ်ဖို့လုပ်ပါ"

ဟု မှာကြားခဲ့ပြီး ကျွန်တော်တို့အဆောင်ရှိရာ လေးလွှာကနေ ထွက်လာခဲ့တယ်။ ကျွန်တော်နဲ့ စစ်နိုင်တို့ စခန်းပြန်ရောက်တော့ ရုံးခန်းထဲ တန်းမဝင်သေးဘဲ ရုံးဘေးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ နစ်ယောက်ထိုင်ဖြစ်ကြတယ်။ ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာတာ မြင်ရုံနဲ့ စားပွဲထိုးကောင်လေးက –

"ကျဆိမ့် နစ်ခွက်" ဟု မှာလိုက်တဲ့ အသံ ကြားရတယ်။ စားပွဲမှာ ထိုင်လိုက်ရင်း ကိုစစ်နိုင်က သူ့မှာ အသင့်ပါလာတဲ့ စီးကရက်ကို ထုတ်သောက်ပြီး ကျွန်တော့်ကို လည်း လှမ်းပေးတယ်။

"ကဲ – စစ်နိုင် – မင်းအခု ဒီအမှုကို ဘယ်လိုမြင်လဲ" ကျွန်တော့်အမေး မဆုံးခင်မှာပဲ –

"သူငယ်ချင်း မင်းလည်း ငါ့အကြောင်း သိရဲ့သားနဲ့ကွာ။ ဘာမှကို သေသေချာချာ မလေ့လာရသေးဘဲ ငါ ကောက်ချက်မချဘူးလေ"

ကျွန်တော်ကလည်း ကျွန်တော်ပဲ၊ သူ့အကြောင်းသိလျက်နဲ့ သွားလျှာရှည်မိသလိုဖြစ်သွားတယ်။ သူက ဒီလိုပြောလိုက်တော့ အမှုနဲ့ပတ်သက်ပြီး သူနဲ့ ဘာမှဆက်မပြောဖြစ်တော့ဘဲ အခြားအကြောင်းတွေ ဆက်ပြောနေကြတယ်။ ကျွန်တော်တို့ စကားပြောနေတုန်း နယ်မြေရဲကားတစ်စီး စခန်းကို ရောက်လာတယ်။ ကားနဲ့ နယ်ထိန်း ကိုနန္ဒပါ ပါလာတယ်။ သိပ်မကြာဘူး၊ ကိုနန္ဒ ပြန်ထွက်လာတယ်။ ကျွန်တော် လည်း လက်ဖက်ရည်ဆိုင်က လှမ်းပြီး ...

"ဗျို့ – ကိုနန္ဒ – ဘယ်တုံး"

"ဒလဘက်ကို – ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုရင်း အမှုတစ်ခုကို အောင်မြင်စွာ ဖော်ထုတ်နိုင်သော စုံထောက်ကြီး တ ယောက်ရဲ့လေသံမျိုးနဲ့ တက်ကြွသောခြေလှမ်းတို့နဲ့ အတူထွက်သွားခဲ့တယ်။

ကျွန်တော့်စိတ်ထဲမှာတော့ -

"အင်း - ကိုနန္ဒတစ်ယောက်တော့ ဘာတွေလုပ်လာဦးမလဲမသိဘူး" ဟု တွေး နေချိန်မှာပဲ -

"မင်းကလည်းကွာ - ဘာတွေးနေစရာလိုလဲ။ အသတ်ခံရတဲ့ကောင်မလေးရဲ့ ရည်းစားဆိုတဲ့သူကို သွားဖမ်းလာမှာပေါ့ကွာ"

ဟု စစ်နိုင်ထံမှ အသံကို ကျွန်တော် အံ့သြစွာ ကြားလိုက်ရပါတယ်။

⍟

ထိုနေ့ ရုံးချိန်ကုန်ဆုံးလို့ညနေ နေဝင်သွားသော်လည်း ကိုနန္ဒတစ်ယောက် ပြ လာတာကို မတွေ့ရဘူး။ ဒါနဲ့ ကျွန်တော်လည်း ရုံးဆင်းအိမ်ပြန်ခဲ့တယ်။

နောက်တစ်နေ့ ရုံးရောက်တော့ နယ်ထိန်း ကိုနန္ဒကို ရုံးမှာ မတွေ့ရပါဘူး။ အပြ ကို တာဝန်နဲ့သွားနေတယ်လို့ သိရပါတယ်။ ကျွန်တော် လုပ်စရာရှိတာတွေ လုပ်ေ ရင်း မနေ့က အမှုကို စဉ်းစားနေမိပါတယ်။ မှုခင်းဓာတ်ပုံတွေလည်း ထွက်လာပြီ သေချာအောင် အပြန်ပြန်အလှန်လှန် စမ်းစစ်နေပါတယ်။ ဒီလိုနဲ့ လုပ်စရာရှိတာတွေ လုပ်နေရင်း နေ့လယ်ထမင်းစားချိန် ရောက်လာတယ်။ ကျွန်တော်လည်း ထမင်းစားဖို့ ရုံးနားက ထမင်းဆိုင်ကို ထွက်ခဲ့ပါတယ်။ ထမင်း၊ ဟင်းမှာထားရင်း စစ်နိုင်ကို သတိ ရတာနဲ့ ဖုန်းခေါ်ကြည့်လိုက်တယ်။

"ဟယ်လို - လင်းဝေ - သူငယ်ချင်း ပြော - ဘာဖြစ်ပြန်ပြီလဲ"

"ဘာမှထပ်မဖြစ်ပါဘူးကွာ။ မနေ့က အမှုများ မင်းဘာတွေ တွေးမိနေလဲဆိုတာ သိချင်လို့ပါ"

"အော် - အဲဒီကိစ္စလား။ ငါဒီရက်ထဲ မင်းဆီလာခဲ့ပါမယ်ကွာ။ အဲဒီကျမှ ပြောတာ ပေါ့"

"အေး - ဒါဆိုလည်း ပြီးရောကွာ။ မင်းမလာခင် ငါ့ဆီ ကြိုဖုန်းဆက်ကွာ"

"အေး - အေး - အဲဒါဆို ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

"အေး - သူငယ်ချင်း"

စိန်နိုင်ဆီကလည်း ဘာမှမကြားရ။ ကိုနန္ဒကိုလည်း အခုထိမတွေ့ရသေးဆိုတော့ အားမလိုအားမရဖြစ်နေတယ်။ ဒီလိုနဲ့ ရုံးဆင်းချိန်ကျော်လာတယ်၊ ကျွန်တော်လည်း လုပ်လက်စအလုပ်တွေ မပြီးပြတ်သေးတော့ တော်ရုံနဲ့ အိမ်မပြန်ဖြစ်ဘူး။ ည(၈)နာရီ ကျော်တော့ ကျွန်တော် အိမ်ပြန်ဖို့လုပ်လိုက်တယ်၊ အဲဒီအချိန်မှာပဲ ကိုနန္ဒတစ်ယောက် ရုံးထဲဝင်လာတယ်။

"ကိုနန္ဒ - လာပါဦး - ဒီကို"

"ဟုတ် - ဆရာ။ ဆရာ မပြန်သေးဘူးကိုး။ ဆရာ မခေါ်လည်း လာမလို့ပါပဲ ဆရာ"

"ကဲ - ပြောပါဦး - ဒလဘက်သွားတာ ဘာထူးခဲ့လဲ"

"ထူးပြီလား - ဆရာရယ်။ မနေ့က နိုင်လင်းဆိုတဲ့သူ သူ့အိမ်ကို ပြန်မအိပ်ဘူး"

"ဘယ်က နိုင်လင်းလဲဗျ"

"အော် - နိုင်လင်းဆိုတာ မနေ့က အသတ်ခံရတဲ့ကောင်မလေးရဲ့ရည်းစားပါ"

"ဒါဆို - ခင်ဗျားက လူသတ်တရားခံက နိုင်လင်းလို့ ဆိုလိုချင်တာလား"

"အမှန်ပဲပေါ့ - ဆရာ"

"ဘာဖြစ်လို့ ဒီလိုယူဆသလဲ"

"မနေ့က နိုင်လင်းဆိုတဲ့သူရယ်၊ နိုင်လင်းရဲ့သူငယ်ချင်း ခက်ထန်ဆိုတဲ့သူရယ် ဟာ အိမ်ပြန်မလာကြဘူးတဲ့ ဆရာ။ သူတို့အိမ်ကို မေးကြည့်လိုက်တော့ နေ့လယ်က တစ်ခေါက်ပြန်လာပြီး ရေးကြီးသုတ်ပျာနဲ့ ပြန်ထွက်သွားကြတယ်။ ခရီးထွက်မယ်၊ ဘာမယ်လို့တော့ ပြောမထားဘူး။ ဒါပေမဲ့ - ဒီလိုပဲ အိမ်ကို တစ်ခါတလေ ပြန်မအိပ် တတ်ကြဘူးတဲ့"

"အဲဒါနဲ့ပဲ ခင်ဗျားက သူ့ကို လူသတ်တရားခံပါလို့ ဘာကြောင့်စွပ်စွဲနိုင်တာလဲ"

"ဟာ - ဆရာကတော့ ဝေးပြန်ပြီ၊ စဉ်းစားကြည့်လေ - ဆရာရယ်၊ အခင်းဖြစ်တဲ့ နေ့က မနက်စောစော အိမ်က ထွက်သွားတယ်၊ နေ့လယ်လောက်က တစ်ခေါက်ပြန် လာပြီး ရေးကြီးသုတ်ပျာနဲ့ပြန်ထွက်သွားတယ်။ အဲဒီနေ့ကလည်း အိမ်ပြန်မလာ၊ ဒီနေ့ လည်း အခုထိ ပြန်မရောက်သေးဆိုတော့ သူဖြစ်ဖို့က ခုနစ်ဆယ်ရာခိုင်နှုန်း သေချာ နေပြီလေ - ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးဗျာ - ခင်ဗျားဘက်က သေချာနေရင်တော့ ဘာမှမပြောလိုပါဘူး။ ဒါပေမဲ့ - ခိုင်လုံတဲ့သက်သေမရှိဘဲနဲ့တော့ တစ်ဖက်သားကို မစွပ်စွဲသင့်ဘူး"

"ဒါတွေ ကျွန်တော် နားလည်ပါတယ် - ဆရာ"

"ကောင်းပါပြီဗျာ - ကျွန်တော်လည်း ရုံးဆင်းတော့မယ်။ ခင်ဗျားလည်း လုပ်စရာရှိတာ ဆက်လုပ်ပါ"

"ဟုတ် - ဆရာ" ဟု ပြောကာ ကျွန်တော့်အား အလေးပြုပြီး ထွက်သွားတယ်။

ကျွန်တော် အဆောင်ပြန်ရာ လမ်းတစ်လျှောက် ဒီအမှုနဲ့ပတ်သက်ပြီး စဉ်းစားလာခဲ့ပါတယ်။ ပြန်စဉ်းစားတော့လည်း ကိုနန္ဒပြောတာ ဖြစ်နိုင်တာတွေ များပါတယ်၊ ဒီတစ်ခါတော့ ကိုနန္ဒတစ်ယောက် ငါ့ထက်တောင် သာသွားပါလားလို့ မနာလိုဖြစ်လာသလိုလိုပါပဲ။

"ငါတော့ နောက်ကောက်ကျသွားပြီ - စစ်နိုင်ရေ"

ည(၁၂)နာရီခွဲသွားသော်လည်း ကျွန်တော် အိပ်မပျော်သေးသဖြင့် စစ်နိုင်ထံ ဖုန်းကောက်ဆက်လိုက်ခြင်း ဖြစ်သည်။

"ဘာဖြစ်လို့လဲ - လင်းဝေ"

"ကိုနန္ဒတစ်ယောက်တော့ လူသတ်တရားခံကို ခြေရာခံမိသွားပြီ"

"ဘယ်လိုလဲ - ပြောပါဦး"

"တရားခံက သေသူရဲ့ရည်းစားလို့ ပြောနေတယ်"

"ဘာသက်သေနဲ့လဲ"

"အတိအကျတော့ မဟုတ်ပေမယ့် သူပြောတဲ့အချက်တွေက ဖြစ်နိုင်တယ် စစ်နိုင်"

ဟုဆိုကာ ကိုနန္ဒ၏ သုံးသပ်ချက် တွေကို စစ်နိုင်ကို ပြောပြလိုက်တယ်၊

"ဒီလောက်အချက်လေးနဲ့တော့ တရားသေ မပြောနိုင်သေးပါဘူးကွာ"

"အေး - ငါလည်း သိပါတယ်ကွာ။ ဒါပေမဲ့ - အေး - သူငယ်ချင်းရာ - ညဥ့်လည်း နက်လှပြီ၊ အိပ်တော့ကွာ - ငါလည်း အိပ်တော့မယ်"

"အေး - လင်းဝေ - ငါ မနက်ဖြန် လာခဲ့မယ်"

"အေး - ကောင်းပြီ - သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဒီလိုပြောလို့ ကျွန်မကို
ပေါ့ပေါ့တန်တန်မိန်းကလေးလို့
ထင်ရင်တော့ ရှင် မှားမယ်။
ရှေ့လျှောက် ကျွန်မကို တန်ဖိုးမထား
ဆက်ဆံခဲ့ရင်လည်း ရှင် ဒုက္ခရောက်ပြီ
မှတ်ပါ။ ရှင်တစ်ယောက်တည်း
ဒုက္ခရောက်မယ်လို့တော့ မထင်ပါနဲ့။
ရှင့်ကို လွယ်လွယ်အဖြေပေးမိတဲ့
ကျွန်မကိုယ်တိုင်လည်း ကျွန်မ
အပြစ်ပေးရလိမ့်မယ် ...



စစ်နိုင် မနက်ဖြန်လာမယ်ဆိုတော့ အားတက်သွားတယ်။ သူလာတယ်ဆို အဖြေတစ်ခုခုတော့ ရလိမ့်မယ်လို့ ထင် နေတယ်"

⍟

မနက်(၁၀)နာရီရှိသွားပြီ၊ စစ်နိုင်တစ်ယောက်လာမယ်ဆိုပေမယ့်အခုထိတော့ ရောက်မလာသေး၊ သူကလည်း ဘယ်အချိန်ရောက်မယ်ဆိုတာ မပြော ထားတော့ ကျွန်တော့်မှာ သူ့ကို မျှော်ရင်းကလွဲပြီး မရှိဖြစ်နေတုန်း ကိုနန္ဒတစ်ယောက် လူငယ် တစ်ယောက်ကိုလက်ထိတ်ခတ်လျက်သားနဲ့ စခန်းထဲ ဝင်လာတယ်၊ ပြီးတော့ - စခန်းမှူးကို သတင်းပို့နေတယ်၊ အတူပါလာတဲ့လူငယ်ကိုအချုပ်ထဲထည့်လိုက်ပြီး ကျွန်တော့်စားပွဲဆီကို လာထိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - ကိုနန္ဒ ပြောပါဦး။ အဲဒါ ဘယ် သူတုံး။ ဘာအမှုနဲ့ ဖမ်းလာတာတုံး"

"ဟုတ် ဆရာ - သူက နိုင်လင်းဆိုတဲ့ တစ်ယောက်ပါ။ နင်းဇကရီကို သတ်မှု အဓိကသံသယရှိသူအနေနဲ့ ဖမ်းလာတာပါ။ နောက်မှာလည်း သူ့သူငယ်ချင်း ခင်ထန်ဆိုသူကိုလည်း မေးစရာရှိရင် မေးနိုင်အောင် ခေါ်လာပါတယ် - ဆရာ"

"သေချာလှချည်လား"

"သေချာတာပေါ့ - ဆရာ။ အခြေ အနေကိုလည်း ကြည့်ဦးလေ - သူက အခင်းဖြစ်တဲ့နေ့ မနက်က သူ့ကောင်မလေးနဲ့ တွေ့ဖြစ်သေးတယ်။ ပြီးတော့ မနေ့က ညသန်းခေါင်ကျော်မှ ပြန်ရောက်လာတယ်လေ။ ဒါဟာ မရိုးသားတာပေါ့။ ပြီးတော့ ပဏ္ဏာမစစ်ချက်အရ သေချာသလောက်ဖြစ်နေတယ် - ဆရာ"

"အေးဗျာ - ဘာပဲပြောပြော၊ စစ်ဆေးကြည့်ကြတာပေါ့"

ဟုဆိုရင်း တရားခံအမှုစစ်ခန်းရှိရာသို့ သွားကြတယ်။ တရားခံဟာ အမှုစစ် စားတစ်ဖက်မှာ ကြေကွဲမှုအပြည့်မျက် နှာနဲ့ ရှိနေတယ်။ "ဟာ - တယ်မှင်သေပါလား" ဟု ကျွန်တော့်စိတ်ထဲ တွေးမိလိုက်တယ်။

"ဒီလိုလုပ်ဗျာ - ကိုနန္ဒ - တရားခံကို နောက်မှစစ်မယ်။ သူ့သူငယ်ချင်းဆိုတဲ့ တစ်ယောက်ကို အရင်စစ်လိုက်မယ်"

"ဆရာ့သဘောပါ - ဆရာ" ပြောပြောဆိုဆိုနဲ့ နိုင်လင်းကို ပြန်ခေါ်သွားပြီး ခင်ထန်ဆိုသူကို ခေါ်သွင်းလာတယ်။ ရောက်လာတာနဲ့ ကျွန်တော်က -

"အခု စခန်းကိုရောက်နေရတဲ့ အကြောင်းအရင်းကို ငါ့ညီ သိပြီးလောက်ပြီနော်။ အဲဒီတော့ အခင်းဖြစ်တဲ့နေ့ အဖြစ်အပျက်လေးတွေကို ပြန်ပြောပြပါ"

"ဟုတ်ကဲ့ - ဆရာ။ ကျွန်တော်တို့ အဲဒီနေ့က မနက်အစောကြီး အစောကြီးဆိုပေမယ့် အိမ်ကထွက်တာ (၇)နာရီ လောက်တော့ ရှိပြီ။ နင်းဇကရီတို့ အဆောင်ရောက်တော့ (၈)နာရီကျော်ပြီထင်တယ်။ ကျွန်တော်တို့နှစ်ယောက် တက်သွားတော့ အဆောင်မှာ နင်းဇကရီတစ်ယောက်တည်းရှိတယ်။ သူ့သူငယ်ချင်းတွေကတော့ အလုပ်က နေ့တစ်ဝက်ဆိုတော့ အလုပ်ကို ထွက်သွားကြပြီ"

"သူကရော အလုပ်မသွားဘူးလား"

"သူ့အလုပ်က စနေ၊ တနင်္ဂနွေ ပိတ်တယ်ဆိုတော့ အိမ်မှာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"နိုင်လင်း သူ့ကောင်မလေးအဆောင်ကိုသွားရင် အမြဲလိုက်သွားနေကျလား"

"အမြဲတော့ မဟုတ်ဘူး - တစ်ခါ တလေပါ"

"သူတို့ ဘယ်ရက်တွေမှာ တွေ့နေကျလဲ"

"သူ့ကောင်မလေးက စနေ၊ တနင်္ဂနွေ ပိတ်တယ်တော့ စနေနေ့ သူ တစ်ယောက်တည်းဖြစ်လို့ တစ်ပတ်စာ သူ့အလုပ်တွေကို အဲဒီနေ့မှာ လုပ်တယ်။ တနင်္ဂနွေနေ့ကျမှ သူတို့ တွေ့ဖြစ်ကြတယ်လို့တော့ နိုင်လင်း ပြောဖူးတယ်"

"သူတို့ ချစ်သူသက်တမ်း ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် အဲဒီလောက်အထိတော့ မသိဘူး။ သိဖို့လည်း မလိုအပ်ဘူး ထင်တယ်"

ခက်ထန်ရဲ့ဘောက်ဆတ်ဆတ်အဖြေကြောင့် သူတို့ဟာ လူငယ်ပီပီ ဒေါသကြီးမယ်၊ လုပ်ချင်ရာ ဖွတ်လုပ်တတ်မယ်၊ ဖြစ်ချင်ရာဖြစ် နောက်မှကြည့်ရှင်းမယ်ဆိုတဲ့ ပုံစံမျိုးပါလားလို့ ကျွန်တော် သုံးသပ်လိုက်တယ်။

"အေး - ဟုတ်ပါပြီကွာ - ဆက်ပါဦး။ အဆောင်ရောက်တော့ ဘာဆက်ဖြစ်လဲ"

"ကျွန်တော်တို့ အဆောင်ရောက်တော့ နင်းဇေကရီ မျက်နှာမကောင်းဘူး။ ကျွန်တော့်ကို ကိုခက်ထန် - ကျွန်မ ကိုနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်လို့ ပြောတော့ ကျွန်တော် သူတို့နှစ်ယောက်ကို ထားခဲ့ပြီး လမ်းထိပ်လက် ဖက်ရည်ဆိုင်ကို သွားထိုင်နေလိုက် တယ်"

"ဒါဆို သူတို့နှစ်ယောက် ဘာတွေပြောတယ်၊ ဘာတွေဖြစ်တယ်ဆိုတာ မသိတော့ဘူးလို့ ပြောချင်တယ်ပေါ့"

"အမှန်ပဲပေါ့"

"နိုင်လင်းပြန်ထွက်လာတော့ သူ့ပုံစံက ဘယ်လိုဖြစ်နေလဲ၊ ဘာတွေထူးခြားလဲ၊ ဘာတွေပါလာသေးလဲ"

"သူ့ပုံစံ - အင်း - နည်းနည်းတော့ စိတ်ရှုပ်ထွေးနေပုံတော့ပေါ်တယ်"

"ဒီမတိုင်ခင် ရက်တွေကရော သူ့ပုံစံ ဘယ်လိုရှိလဲ"

"အင်း - နည်းနည်းတော့ စိတ်ရှုပ်နေပုံပဲ"

"အဲဒီကနေ ဘယ်ကိုသွားကြလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်ပြန်မယ်ဆိုလို့ ကျွန်တော်တို့ အိမ်ပြန်ကြတယ်"

"အိမ်ပြန်ပြီး ဘာတွေဆက်လုပ်လဲ"

"အပြန်လမ်းမှာ ပဲခူးက သူငယ်ချင်း ပိုင်စိုးဆီ ဖုန်းဆက်ပြီး ငါတို့ လာခဲ့မယ်လ ပြောသံကြားတယ်။ ကျွန်တော်တောင် မင်းကလည်း ပဲခူးသွားမယ့်ဟာ အိမ် ဘာပြ လုပ်သလဲလို့ပြောလိုက်တော့ ငါလည်း အခုမှ စိတ်ကူးပေါက်တာကွလို့ ပြောတယ်"

"အိမ်အပြန်လမ်းမှာ ဘာတွေလုပ်ဖြစ်ကြသေးလဲ"

"အိမ်ပြန်ဖို့ သဘော်စောင့်နေတုန်း သူ့ဆီက အထုပ်ကို ရေစပ်ကနေ လွှမ်းပ လိုက်တယ်"

"သူတစ်ယောက်တည်း သွားပစ်တာလား။ မင်းရော ပါသွားလား"

"သူတစ်ယောက်တည်း"

"အဲဒီအထုပ်က နစ်သွားလား၊ မျောသွားလား"

"ဟာ - အဲဒါတော့ ကျွန်တော် မသိဘူး။ ကျွန်တော် CCTV မဟုတ်ဘူး"

သူ့စကားဆုံးတော့ ကျွန်တော် ကိုနန္ဒကို မျက်စပစ်လိုက်တယ်။ သူကလည် သဘောပေါက်လွယ်တယ်။ ထထွက်သွားတယ်။

"မင်းတို့ ဘယ်အချိန် အိမ်က ပြန်ထွက်လဲ"

"ပြန်ရောက်ပြီး သိပ်မကြာဘူး၊ ပြန်ထွက်တယ်"

"အဝတ်အစား ယူသွားသေးလား"

"နေ့ချင်းပြန်မယ်ပြောလို့ ဘာမှမယူတော့ဘူး"

"အိမ်ကိုရော ဘယ်သွားမယ်ပြောသွားလဲ"

"ပြောလေ့မရှိကြဘူး"

ခက်ထန်ကို စစ်တာ နည်းနည်းကြာလာတော့ ကျွန်တော်လည်း ညောင်းလာ တယ်။ သူလည်း ညောင်းတော့မယ်ထင်တာနဲ့ ထမင်းစားရင်း ခဏနားလိုက်ကြ တယ်။ ထမင်းစားပြီးတော့ ခဏနားနေတဲ့အချိန် ကိုနန္ဒ ပြန်ရောက်လာတယ်၊ လက် ထဲမှာလည်း အထုပ်တစ်ထုပ်နဲ့။

"ဆရာရေ - တရားခံဆိုတာ သေချာပြီ၊ ဒီမှာ လူသတ်လက်နက် ရှာတွေ့ခဲ့ပြီ"

"ဟာ - တယ်ဟုတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို သိပ်မေးစရာတောင် မလိုတော့ဘူးပေါ့"

"ဒါပေါ့ - ဆရာ"

ခက်ထန်ကို ဆက်မေးရင် ကောင်းမလား၊ နိုင်လင်းကိုပဲ စစ်ရမလား စဉ်းစားနေမိတယ်။ စစ်မယ်ဆိုရင်ရော ဘာတွေမေးရမလဲ။ သမီးရည်းစားတွေ ဖြစ်နေကျ လွန်လွန်ကျွံကျွံများဖြစ်ကြလို့လား။ ဖြစ်ဖို့က အင်မတန် အလားအလာများတယ်။ သေသူရဲ့အဆောင်နေ သူငယ်ချင်းတွေကို မေးကြည့်တော့လည်း အသတ်မခံရခင် တစ်ပတ်နှစ်ပတ်လောက်ကတည်းက သေသူဟာ မျက်နှာမကောင်းဖြစ်နေတယ်။ နေထိုင်မကောင်းဘူးလို့ ပြောသံလည်းကြားတယ်လို့ပြောတယ်လို့ သူငယ်ချင်းတွေက ပြောထားတာရှိတယ်။ ဒီအတိုင်းဆို သိပ်စဉ်းစားစရာ မလိုလောက်အောင် အမှုက ရှင်းနေတယ်။ ဘာပဲပြောပြော ထွက်ဆိုချက်တော့ ယူရမှာပဲလေ။

⍟

"ငါ့ညီနာမည်"

"နိုင်လင်းပါ"

"အဘအမည်"

"ဦးနိုင်နိုင်အောင်ပါ"

"... ... ..."

"... ... ..."

"ကဲ - ဖြစ်စဉ်လေးကို ပြောပါဦး"

"ဘာကိုပြောပြရမလဲ - ဆရာ"

"မင်း - သူ့ကို ဘာကြောင့်သတ်ရတာလဲ"

"ကျွန်တော်သတ်တယ်လို့ ဘာကြောင့်တစ်ထစ်ချစွပ်စွဲသလဲ"

"ဖြစ်စဉ်အားလုံးကို ခြုံကြည့်ရင် တရားခံဟာ မင်းဆိုတာကို ညွှန်ပြနေတယ်ကွ"

သူ့မျက်နှာမှာ တွေဝေခြင်း၊ ကြေကွဲခြင်းသောကအရောင်တွေ လွှမ်းနေတယ်။ ကျွန်တော်ကတော့ သူလုပ်ချင်ရာ လုပ်ပြီးမှ နောင်တရနေတယ်လို့ ထင်တယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

မပွင့်တပွင့် ပြောလိုက်သံကို ကျွန်တော် သေချာအောင် နောက်တစ်ခေါက် ပြန်ပြောနိုင်းရတယ်။

"ဘာပြောလိုက်တာလဲ"

"ကျွန်တော် သူ့အသတ်ခံရတယ်ဆိုတာ ဆရာတို့ကျွန်တော့်အိမ်လာပြီး မေးမြန်းသွားပြီးမှ သိတာပါ။ ဒါပေမဲ့ - ဆရာ - နှင်းကို ကျွန်တော် သတ်လိုက်တာပါ"

သူပြောတဲ့စကားဟာ ရှေ့နောက်မညီပေမယ့် သူဝန်ခံတယ်လို့ ကျွန်တော် ထင်တယ်။ သူ့ စကားဆက်ပြောဖို့ အင်အားရှိမှ ရှိပါ့မလားလို့ တွေးမိတာနဲ့ ခဏနားဖို့ ဆုံးဖြတ်လိုက်တယ်။ ခဏနားတုန်း ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့တယ်။ မထင်မှတ်ဘဲ -

"ဟာ - စစ်နိုင် - မင်းရောက်နေမှကိုး"

"အေး - လင်းဝေ - လာ - မင်းကို စောင့်နေတာကွ"

"စစ်နိုင် - ဘာထူးလဲ"

"မင်းလည်း တော်တော်များများ သိပြီးရောပေါ့ကွာ"

"အေးကွ - တရားခံလည်း မိထားပြီးပြီ။ ဝန်လည်း ဝန်ခံထားပြီးပြီ"

"ဟာ - ဒီတစ်ခါ ငါ့သူငယ်ချင်းက လက်သွက်လှချည်လား"

"ဒါပေါ့ကွာ"

"မင်း အခု တရားခံကိုစစ်တာ ပြီးပြီလား"

"စစ်တုန်းပဲ - ဒါပေမဲ့ - ဝန်ခံထားပြီးပြီဆိုတော့ ထပ်ပြီး များများစားစား မေးစရာ သိပ်မရှိပါဘူး"

"ဘာပဲပြောပြော ငါလိုက်ခဲ့ချင်တယ်ကွာ"

"အေး - လိုက်ခဲ့လေ"

လက်ဖက်ရည်သောက်ပြီး စီးကရက်တစ်ယောက်တစ်လိပ်ဖွာနေတုန်း နိုင်လင်းရဲ့ ဖြောင့်ချက်တွေကို စစ်နိုင်ကို ပြောပြလိုက်တယ်။ ပြီးတော့ စခန်းကို ပြန်လာကြတယ်။ ကိုနန္ဒက စစ်နိုင်ကို မြင်တာနဲ့ ဘာလာရှုပ်ပြန်ပြီလဲဆိုတဲ့မျက်နှာ ရှိနေမယ်ဆိုတာ သူ့မျက် နှာကိုမကြည့်ဘဲ သိနေတယ်။ အမှုစစ်ခန်းကိုသွားတော့ နိုင်လင်းက အစဉ်သင့် ပဲ ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - နိုင်လင်း - မင်း - မင်းချစ်သူကို ဘာကြောင့်သတ်လိုက်သလဲ"

"ဘာကြောင့်သတ်လဲ မေးမနေနဲ့တော့ဗျာ - ကျွန်တော်လည်း ဝန်ခံပြီးပြီပဲ"

ကျွန်တော်လည်း ဘယ်လိုလဲဆိုတဲ့သဘောနဲ့ စစ်နိုင်ကိုလှမ်းကြည့်လိုက်တယ်။ စစ်နိုင်က ငါ မေးကြည့်လို့ရမလားဆိုတဲ့ပုံနဲ့ကျတော့ကို မျက်နှာအမူအရာ လုပ်ပြတယ်။ ကျွန်တော်လည်း မေးလေလို့ အမူအရာနဲ့ပဲ ပြန်ဖြေလိုက်တယ်။

"ငါ့ညီမိန်းကလေးမှာကိုယ်ဝန်ဘယ်လောက်ရှိပြီလို့မင်းကိုဘယ်အချိန်လောက်က ပြောသလဲ"

ကျွန်တော်တောင် ထင်မထားတဲ့ မေးခွန်းကို မေးချလိုက်တယ်။ တရားခံ ဖြစ်သူ နိုင်လင်းမျက်နှာကတော့ ရဲခနဲ ဖြစ်သွားတယ်။ ဒေါသကြောင့်လား၊ ရှက်စိတ်ကြောင့် လားတော့ မသိဘူး။ သူ ချက်ချင်းပြန်မဖြေဘူး၊ ငြိမ်နေတယ်။ ကျွန်တော်တို့ စိတ်ရှည် စွာပဲ စောင့်နေတယ်။ စစ်နိုင်က ငါ့ညီ ဆေးလိပ်သောက်တတ်လားဆိုပြီး စီးကရက် တစ်လိပ် ထုတ်ပေးတယ်။ နိုင်လင်းကလည်း မငြင်းဘဲ လှမ်းယူပြီး ပါးစပ်မှာ တေ့လိုက် တော့ စစ်နိုင်ကပဲ မီးညှိပေးလိုက်တယ်။ ဆေးလိပ်ကို ဖွာနေရင်း -

"လွန်ခဲ့တဲ့တစ်ပတ်လောက်က ပြောပါတယ်"

"အဲဒီတော့ မင်းက ဘယ်လိုလုပ်မယ်စိတ်ကူးရှိတယ်လို့ တိုင်ပင်ကြလဲ"

"ကျွန်တော်လည်း စိတ်ဓာတ်ကျသွားပြီး ဘာမှဆက်မပြောဖြစ်ကြဘူး။ စကော စောင့်ပါဦးသာ ပြောလိုက်မိတယ်"

"အဲဒီလိုပြောလိုက်တော့ သူ မပေါက်ကွဲဘူးလား"

"သူက လူတစ်မျိုးဗျ။ အရမ်းတည်ငြိမ်တယ်။ ဘာမှလည်းမပြောဘူး။ လုပ်ချင်တဲ့ အရာကို တည်တည်ငြိမ်ငြိမ်ပဲ။ သူ့မှာ ဘာမှထွေထွေထူးထူး မဖြစ်သလိုပဲ"

"အဲဒီလိုပြောကြပြီးတော့ မင်းတို့ ဆက်တွေ့ကြဖြစ်သေးလား"

"မတွေ့ဖြစ်ဘူး။ ဖုန်းသာဆက်ဖြစ်ကြတယ်။ ဖုန်းထဲမှာတော့ ဒီအကြောင်းတွေ မပြောဖြစ်ကြတယ်။ သူ တည်တည်ငြိမ်ငြိမ်ပြောနေပေမယ့် ကျွန်တော့်စိတ်ထဲ တစ်မျိုး ပဲဖြစ်နေတယ်"

ဟုတ်တယ်လေ၊ သူ ဘယ်လောက်ပဲတည်ငြိမ်ပါတယ်ပြောပေမယ့် သူက မိန်းမ သားပဲ မဟုတ်လား။ သူများတွေ မသိအောင် ကြိတ်ငိုနေမှာပဲ၊ အိမ်ကို ဘယ်လိုပြော



www.burmeseclassic.com

www.burmeseclassic.com

ရမလဲဆိုတာ သူ စိတ်ညစ်ညစ်နဲ့ စဉ်းစားနေလိမ့်မယ်ဆိုတာတော့ အသေအချာပဲ မဟုတ်လား။

"အခင်းဖြစ်တဲ့နေ့က မင်း ဘာ ကြောင့် အစောကြီး သူ့အဆောင်ကို သွားလဲ"

"သူ ကျွန်တော့်ကို ညကတည်းက ဖုန်းဆက်ပြီး အစောကြီးလာဖို့ ပြောတာနဲ့ ကျွန်တော်ထွက်သွားတာ"

"သူ့ဆီရောက်တော့ ဘာတွေဖြစ်ကြသေးလဲ"

"သူ အရမ်းရှက်တာပဲလို့ ဆွေးဆွေးမြည့်မြည့်ပြောတယ်။ နာကြည်းနေတဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်လိုက်တယ်လို့ထင်တယ်။ ကျွန်တော်လည်း အရမ်းဝမ်းနည်းသွားတယ်။ ရှက်လည်း ရှက်မိတယ်။ ကိုယ့်တာဝန်ကိုယ်ယူဖို့ အဆင်သင့်မဖြစ်သေးတာ သိလျက်နဲ့ ကျွန်တော် မိုက်ခဲ့တယ်"

"ဒါတွေဟာ အခုတော့ ဘာမှအသုံးမဝင်တော့ဘူးလေ"

"ဟုတ်ပါတယ်"

"ဒါနဲ့ မင်းတို့ ရည်းစားသက်တမ်း ဘယ်လောက်ရှိလို့ ဒီလိုမိုက်ရူးရဲအလုပ်ကို လုပ်လိုက်ကြတာလဲကွာ"

ကျွန်တော့်စကားအဆုံးမှာ နိုင်လင်းတစ်ယောက် နောင်တကြီးသောမျက်နှာ၊ ဝမ်းနည်းပူဆွေးသောမျက်နှာနဲ့ တဒင်္ဂတိတ်ဆိတ်သွားတယ်။

⍟

ကန်တင်းမှာခက်ထန်နဲ့နှစ်ယောက်သားထိုင်ရင်းတစ်ဖက်ဝိုင်းကကောင်မလေးတစ်သိုက်ရဲ့တွတ်ထိုးသံတွေကို နားမခံသာအောင်ကြားနေရတယ်။ ထူးခြားတာက သူတို့တစ်သိုက်မှာ တစ်ယောက်သောသူကတော့ စကားကို လိုအပ်တာထက်ပိုမပြောဘူး။ တစ်ချက် တစ်ချက်မှသာ ဝင်ပြောတာကို သတိထားမိတယ်။

ကျွန်တော်ကျောင်းတက်လာတဲ့တောက်လျှောက်တွေခဲ့တဲ့မိန်းကလေးတွေကို ကျွန်တော်စိတ်မဝင်စားခဲ့ပါဘူး။ စီးပွားတက္ကသိုလ်မှာမိန်းကလေးတွေကအများကြီးဆိုတော့ သူငယ်ချင်းအုပ်စုတွေကိုကြည့်လိုက်ရင် မိန်းကလေး (၄)ယောက်ယောကျ်ားလေးက (၂)ယောက်လောက်ပဲ ပါတတ်ကြတယ်။ ကျောင်းသားအပြော



www.burmeseclassic.com

www.burmeseclassic.com

ဆရာ၊ ဆရာမအင်အားထဲမှာတောင် ဆရာဆိုတဲ့အင်အားက နည်းတယ်မဟုတ်လား။ ကျွန်တော်တို့မေဂျာမှာတောင် တစ်ဦးတည်းသောဆရာ ဦးထွန်းထွန်းအောင်တစ်ယောက်သာ ရှိတယ်လေ။

"ခက်ထန် - မင်း သူ့ကိုသိလား"

"ဘယ်သူ့ကိုပြောတာလဲ"

"ဟို ဆံပင်ရှည်ရှည် အကျီပန်း ရောင်ဝတ်ထားတဲ့ကောင်မလေးကို ပြောတာ"

"ဟာ - မင်းကလည်းကွာ - ငါတို့ မေဂျာကမှ မဟုတ်တာ၊ ငါလည်းမသိဘူးကွ"

"အေး - အဲဒါဆိုလည်း တို့ လိုက်စုံစမ်းရအောင်"

"အေး - လုပ်လေ၊ အခု အတန်းလည်းမရှိလို့ ပြန်ရမယ့်ဥစ္စာပဲ"

ပြောပြောဆိုဆိုနဲ့ သူတို့စားပွဲပြီးတဲ့အထိ စောင့်နေလိုက်တယ်၊ စောင့်နေရင်း ကျွန်တော် သူ့ကို တစ်ချက်တစ်ချက် လှမ်းကြည့်မိတယ်၊ ဒါကို သူသတိထားမိသွားတယ်ထင်တယ်၊ ကျွန်တော့်ကို မျက်တောင်မခတ်ဘဲ ပြန်ကြည့်နေတာနဲ့ သွားသွားတုံမိတယ်၊ ကျွန်တော် မအံ့သြပေမယ့် ကျွန်တော် ငေးမောနေမိတယ်၊ သူတို့စားပွဲပြီးတော့ ထပြန်ကြတယ်၊ ကျွန်တော်တို့လည်း ပိုက်ဆံရှင်းပြီး သူတို့နဲ့ ခပ်လှမ်းလှမ်းက လိုက်သွားတယ်၊ သူတို့အဖွဲ့ကတော့ နောက်ကို တစ်ချက်ကလေးတောင် လှည့်မကြည့်ကြပါဘူး၊ သူတို့စာရင်းအင်းမေဂျာ အဆောင်ဘက်ကို ချိုးသွားကြတယ်၊

သူ့ရဲ့ပြုံးခဲလှတဲ့အပြုံး၊ မြင်ရခဲတဲ့အပြုံးဟာ ကျွန်တော့်ကို ဖမ်းစားသွားခဲ့တယ်၊ ကျွန်တော် သူ့ကို ချစ်ရေးဆိုဖို့ ဆုံးဖြတ်လိုက်တယ်၊

"ဟေ့ကောင် နိုင်လင်း - မင်းသူ့အကြောင်းတော့ စုံစမ်းသင့်သေးတယ်၊ အနည်းဆုံး၊ သူ့မှာ ရည်းစား ရှိ၊ မရှိပေါ့"

"ခက်ထန် - ဒီအချိန် ဒီအရွယ်မှာ ရည်းစားရှိတာ၊ ရည်းစားရှိခဲ့တာက မထူးဆန်းဘူး၊ အရေးကြီးတာ ငါ သူ့ကို ချစ်နေတယ်ဆိုတဲ့အကြောင်း သူသိအောင် လုပ်ဖို့ပဲတယ်"

"မင်း ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

"ဟေ့ကောင်ရာ - ချစ်နေတာသိအောင်လုပ်ဖို့က အရိုးရှင်းဆုံးနည်းလမ်းနစ်ခုပဲတယ်၊ ချစ်သဝဏ်လွှာပေးရင် ပေး၊ မပေးရင် ချစ်ခြင်းကို အလက်ာဖွဲ့စာသီပြီး ပြောဖို့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - မင်းတောင် တော်တော်ဖွံ့ဖြိုးနေပြီပဲ"

"အေး - ငါကတော့ ဒီနှစ်နည်းထဲက ဒုတိယနည်းကိုပဲ သုံးမယ်ကွာ"

"မင်း ဘယ်တော့ပြောမလဲ"

"ဒီသောကြာ"

⍟

"ဒီက နင်းဇေကရီ နော်"

သူတို့အဖွဲ့တစ်ခုလုံး လှည့်ကြည့်တယ်။ ဘာတုံးဆိုတဲ့သဘောပေါ့။ ခက်ထန်ကတော့ မသိသလိုနေ နေတယ်။ ကျွန်တော်က ထပ်ပြီး -

"နင်းဇေကရီ - ဟုတ်ပါတယ်နော်"

"ဟုတ်တယ် - ဘာကိစ္စရှိလို့လဲ"

"ကျွန်တော် ပြောစရာရှိလို့ပါ"

နင်းဇေကရီက သူ့သူငယ်ချင်းတွေကို မေးငေါ့ပြလိုက်တယ်။ မင်းတို့ အရင်သွား နင့်ဆိုတဲ့သဘောပေါ့။ သူ့သူငယ်ချင်းတွေကလည်း အလိုက်သိစွာ ထွက်သွား တယ်။ အလိုက်မသိတာက ခက်ထန်။ ကျွန်တော် ခက်ထန်ကို လက်နဲ့ တွန်းထု ပြီး -

"ဟော့ကောင် - မင်းလည်းသွား" ဆိုပြီး တွန်းလွှတ်လိုက်တယ်။ ခက်ထန်လည် ရောင်နနနဲ့ ထွက်သွားတယ်။

"ကျွန်တော့်နာမည် နိုင်လင်းပါ။ BBA နောက်ဆုံးနှစ်ကပါ"

"ကောင်းပါပြီ - ရှင်လိုရင်းကိုသာ ပြောပါ"

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘူး။

"ကျွန်တော် မနင်းဇေကရီကို ချစ်တယ်"

ကျွန်တော် ရုတ်တရက် ပြောချလိုက်တယ်။ သူ့မျက်နှာ လုံးဝတုန်လှုပ်ဟန်မ အံ့သြခြင်းမရှိ၊ ပကတိတည်ငြိမ်လျက်။ သူ့အပြုံးတစ်ချက် ပြုံးလိုက်တယ်။ သူ့အ ဟာ တည်ငြိမ်ပြီး အဓိပ္ပာယ်ပြည့် ရှိတယ်။

"ရှင် ကျွန်မအကြောင်းကို ဘယ်လောက်သိပြီးပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မနင်းဇေကရီအကြောင်းကိုဒီကနေ့ကစလို့နောက်ဖြစ်ပျက်လာမယ့်အကြောင်း တွေပဲ ကျွန်တော် သိချင်တယ်။ ဒီကနေ့ရဲ့ရှေ့က ဖြစ်ပျက်ခဲ့သမျှကို မသိချင်ဘူး။ သိလည်း မသိဘူး။ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့လဲ ကျွန်တော် မနင်းဇေကရီကို ချစ်တယ်"

"ရှင်က ကျွန်မကို နောက်ကြောင်းမရှင်းဘူးလို့ ပြောချင်တာလား"

"ဟာ - ကျွန်တော် အဲဒီလိုမဆိုလိုပါဘူး။ ပြောလည်း မပြောပါဘူး။ ကျွန်တော် နင်းဇေကရီကိုချစ်ခြင်းက အခြားအကြောင်းအရာတွေကိုချစ်ခြင်း၊ ဂရုစိုက်ခြင်း မပါ ပါဘူး။ နင်းဇေကရီဆိုတဲ့ ခင်ဗျားကိုပဲ ဦးတည်ပါတယ်"

"ရှင် ကျွန်မကို အပျော်လား၊ အတည်လား"

"ကျွန်တော်တို့ဟာ တက္ကသိုလ်ရဲ့နောက်ဆုံးနှစ်ကို ကိုယ်စီရောက်နေကြပါပြီ။ ကျောင်းသားဘဝရဲ့ပျော်စရာအချိန်တွေက ကုန်ဆုံးတော့မှာပါ။ ကျောင်းတော်ကြီးကို ချစ်လွန်းလို့ဆိုပြီး ကျွန်တော်တို့ ဒီမှာ တစ်သက်လုံးနေသွားကြမှာ မဟုတ်ပါဘူး။ ရှေ့ ဆက်ပြီး ဘဝအတွက် လုပ်စရာရှိတာတွေ အများကြီး ရှိပါတယ်။ အဲဒီအတွက် ကျွန် တော်တို့ ပြင်ဆင်နိုင်အောင်သာ ဒီကျောင်းတော်ကြီးက သင်ပေးလိုက်တာပါ။ အဲဒီ တော့ ကျွန်တော် ဆိုလိုချင်တာက ဒီအချိန်က ကျွန်တော်တို့ရဲ့ကျောင်းသားဘဝ ဟိုမရောက် ဒီမရောက်အရွယ်ကိုကျော်ပြီး ရင့်ကျက်သင့်သလောက် ရင့်ကျက်ပြီလို့ ထင်ပါတယ်။ ဒါကြောင့်မို့ကျွန်တော်ဟာ ဒီအချိန် ဒီစကားပြောတာဟာ ဘဝအတွက် ရင်ဆိုင်ဖို့ ပြောတယ်ဆိုတာ အခိုင်အမာပါပဲ"

"ရှင့်ကို ကျွန်မ အခုတစ်ခါတည်း အဖြေပေးလိုက်ရင် ရှင် ကျွန်မကို ဘယ်လို ထင်မလဲ"

"အဲဒါဟာ ပိုကောင်းတာပေါ့။ အဲဒီလို ရဲရင့်တဲ့စိတ်ရှိတဲ့သူကို ကျွန်တော် ချစ်မိ တာ ကျွန်တော် ကံကောင်းတာပဲ"

"ရှင့်ကို ကျွန်မ ချစ်တယ်"

ကျွန်တော် အံ့သြခြင်း၊ ဝမ်းသာခြင်းတွေနဲ့ အပြည့်ပဲ။ ကျွန်တော်က သူ ချက်ချင်း အဖြေပေးမယ်ဆိုတော့ ကျွန်တော့်ကို ဘာမှစဉ်းစားစရာမလိုဘဲ အပြတ်ငြင်းလိုက် မယ်လို့ ထင်ထားတာ။ သူလည်း ကျွန်တော် အံ့သြနေတာကို သိတယ်။ သူ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက် ရှက်ပြုံး ပြုံးပြီး ခေါင်းငုံ့သွားတယ်။ ဒါပေမဲ့ - တစ်ခဏပဲဖြစ်ပြီး ပြန်လည်တည်ငြိမ်စွာပဲ ...

"ကျွန်မ ဒီလိုဖြေလို့ ကျွန်မကို ပေါ့ပေါ့တန်တန် မိန်းကလေးလို့ထင်ရင်တော့ ရှင်မှားမယ်။ ရှေ့လျှောက် ကျွန်မကို တန်ဖိုးမထား ဆက်ဆံခဲ့ရင်လည်း ရှင် ဒုက္ခရောက်မှတ်ပါ။ ရှင်တစ်ယောက်တည်း ဒုက္ခရောက်မယ်လို့တော့ မထင်ပါနဲ့။ ရှင့်ကို လွယ်လွယ်အဖြေပေးမိတဲ့ ကျွန်မကိုယ်တိုင်လည်း ကျွန်မ အပြစ်ပေးရလိမ့်မယ်"

"ဟာ - ကျွန်တော် အဲဒီလို ဘယ်တော့မှ သဘောမထားပါဘူး။ ဖြစ်လည်း မဖြစ်စေရပါဘူး"

"ကဲ - အဲဒါဆို ဒီနေ့တော့ ဒီလောက်နဲ့ တော်ကြတာပေါ့"

"ဟုတ်ကဲ့ - ကောင်းပါပြီ။ ကျွန်တော် နောက်ရက်တွေ လာတွေ့နိုင်မယ် မဟုတ်လား"

"လာနိုင်ပါတယ်"

⍟

ကျွန်တော်တို့ ချစ်သူတွေဖြစ်သွားကြောင်း ခက်ထန်ကို ပြောပြလိုက်တယ်။ ခက်ထန်က သိပ်အံ့ဩသွားတယ်လို့ ထင်လား။ မဟုတ်ပါ။ သူ သိပ်မအံ့ဩပါ။ သူက တောင် ဒီလိုပဲဖြစ်ရမယ်လေဆိုတဲ့ မျက်နှာထားမျိုးနဲ့၊ ဟုတ်တာပေါ့၊ သူ ဘယ်အံ့ဩမလဲ၊ ကျွန်တော်တို့နှစ်ယောက် သူတို့အဖွဲ့နဲ့တွေ့ပြီး လိုက်သွားတဲ့နေ့ နောက်ရက်ကျတော့ သူတို့အဖွဲ့ထဲကတစ်ယောက် ကျွန်တော်တို့ အတန်းထဲကို ရောက်လာပြီး သူ့သူငယ်ချင်းတစ်ယောက်နဲ့ စကားတီးတိုးပြောနေတာကို ခက်ထန်က တွေ့ရ အဲဒီစာရင်းအင်းမေဂျာက သူငယ်ချင်းပြန်သွားတော့ ခက်ထန် ကျွန်တော်တို့ အတန်းထဲက တစ်ယောက်စီချင်းကပ်ပြီး အကျိုးအကြောင်း စကားထောက်ကြည့်တော့ ကျွန်တော့်အကြောင်းလာမေးတာတဲ့။ လာအမေးခံရတဲ့သူကလည်း ကျွန်တော့်အကြောင်းကို သိလို့ အမှန်အတိုင်း ပြောပြလိုက်ကြောင်း၊ အခြေအနေက ကောင်းကြောင်း ခက်ထန်ကို ပြောပြလိုက်တယ်။ အဲဒါကို ခက်ထန်က ကျွန်တော့်ကို ဘာမှပြန်မပြောထား။



www.burmeseclassic.com

www.burmeseclassic.com

"မင်းကွာ - နေနိုင်လိုက်တာ"

"ဘာကိုတုံးကွ"

"သူ ငါ့အကြောင်း လာစုံစမ်းတယ်ဆိုတဲ့အကြောင်းကို ဘာလို့မပြောတာလဲ"

"ဒီလိုပါပဲကွာ - ဒါမျိုးဆိုတာ ပြောပြလိုက်ရင် အရသာပျက်သွားမှာပေါ့"

"အေးပါကွာ - ဘာပဲပြောပြော ကျေးဇူးတင်ပါတယ်ကွာ"

"ဒါနဲ့ - မင်းက ရည်းစားစကားပြောတော့ အလင်္ကာဖွဲ့မယ်လေး၊ ဘာလေးနဲ့ ပြောလိုက်တော့လည်း တည့်တိုးနဲ့ ခပ်ပြတ်ပြတ်ပဲပါလား"

"အေးကွာ - တကယ်တမ်း ပြောမယ်ကျတော့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ဖွဲ့နွဲ့မနေတတ်တော့ဘူး။ ဒီ့ပြင်လူတွေရော ငါ့လိုပဲ ပြောကြသလား မဆိုနိုင်ဘူးနော်"

"အေး - မင်းကမှ ချစ်တယ်ဆိုတဲ့ စကားကို ကိုယ်ချစ်တဲ့သူကို ပြောခွင့်ရပြီးပြီ။ ငါ့မှာတော့ ပြောခွင့်မရှိသေးပါဘူးကွာ"

"ဟာ - မင်းမှာရော ပြောရမယ့်သူ ရှိပြီလား"

"ဟဲ - ဟဲ - ရှာတုန်းပါကွာ"

"ဖြစ်လာမှာပါကွာ။ လူဆိုတာ တစ်သက်မှာ တစ်ခါတော့ အချစ်နဲ့ တွေ့မြဲပဲကွ"

"အောင်မယ် - ဒဿနတွေ ဆန်နေပါလား။ လူပျိုကြီး အပျိုကြီးတွေကျတော့ ဘယ့်နယ်လုပ်မလဲ"

"သူတို့လည်း အချစ်ကို တွေ့ခဲ့ကြပြီး အလင်္ကာဖွဲ့သီဖို့ မေ့ခဲ့ကြလို့ နေမှာပေါ့ကွာ"

⍟

ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေ ကျောင်းပြီးသွားကြတယ်။ ကျောင်းပြီးတော့ "နင်း" က နယ်ခဏပြန်သွားတယ်။ မိဘတွေကို လွမ်းနေတာကတစ်ကြောင်း၊ သူ့ရဲ့ဘဝရေ့ရေးကို မိဘတွေနဲ့ တိုင်ပင်မယ်လို့လည်း ပြောတယ်။ သူ ပြန်သွားပေမယ့် ကျွန်တော်တို့အဆက်အသွယ် မပြတ်ကြဘူး။ တစ်ပတ်ကိုလေးရက်လောက်က ဖုန်းပြောဖြစ်ကြတယ်၊ နယ်ပြန်ပြီး နှစ်လလောက်ကြာတော့ သူ ရန်ကုန်ပြန်လာတယ်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော် ဂိတ်မှာ သွားကြိုတယ်။ သူနေမယ့်အဆောင်ကို လိုက်ပို့ရင်း ကျွန်တော်တို့ စကားတွေ ဖောင်ဖွဲ့ပြောခဲ့ကြတယ်။ ခွဲခွာခဲ့ရတဲ့နှစ်လအတွင်း လွမ်းဝေဒနာတွေက ပြန်တွေ့လိုက်တဲ့အချိန်လေးမှာ ဘာတစ်ခုမှ မရှိတော့သလိုပဲ။ ကျွန်တော် ကြည်နူးနေမိတယ်။

ကျွန်တော်တို့ ချစ်သူသက်တမ်း (၃)နှစ်လောက်ရှိတဲ့အခါမှာ ကျွန်တော့် စိတ်တွေ ဖောက်လာတယ်။ အတူနေချင်စိတ်တွေ ဝင်နေတယ်။ ဒါပေမဲ့ - ကျွန်တော် အဆင်သင့်မဖြစ်သေးဘူး။ ကျွန်တော့်ဘဝက ကြိုးစားဆဲအဆင့်ထက် ပိုပြီးဘာမှ ဖြစ်မလာဘူး။ တစ်ရက်ကျတော့ နင်းဆီကနေ ခွင့်တောင်းကြည့်တယ်။ အဲဒါဟာ ကျွန်တော့်အမှားပဲ။ ကျွန်တော့်ကို သူ စိတ်ဆိုးသွားတယ်။ ဘယ်လိုမှ ချော့မရတော့ဘူး။ သူ စိတ်ဆိုးတာ တော်တော်ကြောက်ဖို့ကောင်းတာ ကျွန်တော် သိပေမယ့် ကျွန်တော် အရဲစွန့်ပြီး လုပ်ကြည့်လိုက်တာပဲ။ ထင်တဲ့အတိုင်းဖြစ်လာတော့ ကျွန်တော် ဘယ်လိုရှင်းရမလဲမသိခဲ့ဘူး။ တစ်ရက်မှာတော့ သူ့အဆောင်လိုက်သွားတာ သူ မရှိတော့ဘူးဆိုတာ သိလိုက်ရတယ်။ ကျွန်တော် အမြဲလာနေလို့အဆောင် အတူနေတဲ့ သူ့သူငယ်ချင်းတွေကိုတောင် သူ ဘယ်ပြောင်းမယ်ဆိုတာ ပြောမသွားဘူး။ ဖုန်းနံပါတ်လည်း ပြောင်းလိုက်တယ်။ ကျွန်တော့်ရဲ့မဟာအမှားဟာ ကျွန်တော့်ကို ဒုက္ခပေးနေပါတယ်။ ဒါပေမဲ့ - ကျွန်တော် သူနဲ့တွေ့ဖို့ကြိုးစားနေတုန်းပါ။ ကျွန်တော် လက်မလျှော့ပါဘူး။ ကျွန်တော် သူ့ကို ဆက်ရှာနေခဲ့တယ်။ တစ်ရက်မှာတော့ ကျွန်တော် စိတ်ညစ်ညစ်နဲ့ ဆူးလေဘုရားဘက်ကို လျှောက်ခဲ့တယ်။ ကံတရားရဲ့မျက်နှာသာ ပေးမှုကြောင့် ဘုရားပေါ်မှာ သူ့ကို သွားတွေ့တယ်။ သူ့မျက်နှာက အခုထိ စိတ်ဆိုးမပြေသေးတဲ့ပုံပါပဲ။ ဒါပေမဲ့ - ကျွန်တော် မရရအောင်ကြိုးစားမယ်လို့ စိတ်ကို တုံးတုံးချထားတယ်။ ကျွန်တော် သူ့ကို မရမကလိုက်ချော့တယ်။

"ကို"

တဲ့။ ကျွန်တော် မကြားရတာကြာပြီဖြစ်တဲ့ သူ့ရဲ့ခေါ်သံလေးကို ပြန်ကြားလိုက်ရတော့ စိတ်ထဲမှာ ဘယ်ပုံဖော်ပြရမှန်းမသိအောင် ဝမ်းသာသွားတယ်။ စိတ်ထဲက သိလိုက်တာတော့ သူ စိတ်ဆိုးပြေသွားပြီဆိုတာပါပဲ။ နောက်ပိုင်း အဲဒီကိစ္စနဲ့ပတ်



www.burmeseclassic.com

www.burmeseclassic.com

သက်ပြီး ကျွန်တော် စကားမပြောတော့ပါဘူး။ ဒီလိုနဲ့ ကျွန်တော်တို့ ပျော်ရွှင်သော ချစ်ခရီးလမ်းကို လျှောက်လှမ်းလာခဲ့တာ (၅)နှစ်နီးပါး ရှိလာခဲ့တယ်။

ကျွန်တော့်စိတ်တွေ ပြန်ဖောက်လာတယ်။ ကျွန်တော် သူ့ကို မရဲတရဲနဲ့ ဖွင့်ပြောလိုက်တယ်။ ဒီတစ်ခါတော့ သူ စိတ်မဆိုးဘူး။ ကျွန်တော့်ရဲ့စိတ်ကို သူ အလိုလိုက်ခဲ့တယ်။ ကျွန်တော် ဝမ်းသာပျော်ရွှင်နေပေမယ့် သူကတော့ အမှားကြီးတစ်ခုကို လုပ်လိုက်မိတဲ့သူတစ်ယောက်လို ဖြစ်နေတယ်။ ဒါပေမဲ့ - သူ့မျက်နှာကတော့ တည်ငြိမ်လျက်ပဲ။ ကျွန်တော်တို့ အဆက်အသွယ်မပြတ် နေလာခဲ့ကြတယ်။ တစ်ရက်မှာတော့ ...။

☆

"ကို - ဒီမှာကြည့်စမ်း"

ကျွန်တော့်ကို ကိုယ်ဝန်စစ်တဲ့ ကိရိယာလှမ်းပေးတယ်။ ကျွန်တော် ကြောင်တောင်တောင်နဲ့ ကြည့်နေမိတယ်။

"ဒါက ဘာလဲ"

"ကို မသိချင်ယောင်မဆောင်ပါနဲ့။ ဒါဟာ ကိုယ်ဝန်စစ်တဲ့ဟာပါ"

"ဟင် - ဒါဆို - အခု - အခု"

"ဟုတ်တယ် - ကို"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ကိုက နှင်းကို ပြန်မေးနေတာလား"

သူ့ရဲ့အမေးလေးသံဟာ ကျွန်တော့်ရဲ့ကြောက်ရွံ့စိတ်ကို ငယ်ထိပ်သို့ တွန်းပို့လိုက်သလိုပါပဲ။ ကျွန်တော် ဘာလုပ်ရမှန်းမသိအောင် တုန်လှုပ်သွားတယ်။ ကျွန်တော် သူ့ကို ဘယ်နည်းနဲ့မှ မနစ်နာစေချင်ဘူး။

"ကို တို့နှစ်ယောက် လက်ထပ်ရအောင်"

"ဒါအဖြေလား"

"ဟင် - နှင်း - ဒါဟာ အခုဖြစ်နေတဲ့ ပြဿနာကို ဖြေရှင်းရမယ့်နည်းပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်။ ကို့ဘက်ကတော့ အဲဒီလိုပြောလာမှာပါပဲ။ နင်းဘက်ကတော့ ဒါဟာ ပြစ်မှုတစ်ခုလို့မြင်တယ်။ နှစ်ယောက်လုံးမှာ အပြစ်ရှိတယ်လို့မြင်တယ်၊ ဒီအပြစ်တွေကို ဘယ်လိုအပြစ်ပေးမလဲ၊ ဘယ်သူက ပေးမှာလဲ"

"နင်း - ဘာတွေလျှောက်ပြောနေတာလဲ"

"ကို - နင်းစိတ်ကိုနားလည်ချင်မှနားလည်လိမ့်မယ်။ အခုတော့နင်းတစ်ယောက် တည်း နေချင်တယ် - ပြန်ကြရအောင်"

ကျွန်တော်တို့နင်းရဲ့အဆောင်ကိုပြန်လာကြတယ်။ ပထမတော့နင်းအဆောင် မှာ ခဏတစ်ဖြုတ်လောက် ထိုင်ပြီးစကားပြောဦးမလို့ပါပဲ။ ဒါပေမဲ့ - နင်းက အတင် ပြန်နိုင်းတော့ ပြန်လာဖြစ်ခဲ့တယ်။

☆

အဲဒီနေ့က နင်းက မနက်စောစော လာခဲ့ပါဆိုပြီး ဖုန်းဆက်ခေါ်တာကြောင့် ကျွ တော်နဲ့ခက်ထန် နှစ်ယောက်သွားဖြစ်တယ်။ နင်းက တစ်ယောက်တည်း စကားပြေ ချင်တယ်ဆိုလို့ ခက်ထန်ကို အပြင်ပြန်လွှတ်လိုက်တယ်။

"ကို - အခု ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"ကိုတို့နှစ်ယောက် မိဘတွေမသိအောင် တရားရုံးမှာ လက်ထပ်ထား အောင်"

"ဘာ"

"ဟင် - နင်း ဘာဖြစ်လို့လဲ"

"တော်ပြီ - ကို။ ကို့မှာ နင်းထင်ထားသလို သတ္တိတွေမရှိဘူး။ သူ့ရဲဘောကြောင် တဲ့ သွေးတွေပဲရှိတယ်"

"မဟုတ်ပါဘူး - နင်းရယ်။ ကို ပြောဖို့ အဆင်သင့်မဖြစ်သေးလို့ပါ"

"တော်ပြီ - ကို။ အခုကိစ္စကို ထပ်မပြောနဲ့တော့"

ကျွန်တော် အံ့သြသွားတယ်။ ဒီကိစ္စဟာ အရမ်းအရေးကြီးနေတာကို သူ သေ အေးနေနိုင်သေးတာကို၊ ဒီကိစ္စကို ဆက်မပြောလို့ဖြစ်ပါ့မလား။ စိတ်ထဲ မတင်မကျ နဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ကို – နောက်ဖေးက ဓားတစ်ချောင်းလောက် သွားယူပေးပါ"

"ဘာလုပ်မလို့လဲ" ကျွန်တော် လန့်သွားတယ်။ ဒါတော့ ဒီတစ်ခါ သွားပြီလို့ စိတ်ထဲမှာ ထင်လိုက်တယ်။

"သစ်သီးခွဲဖို့ပါ။ သိပ်လည်း ကြောက်မသွားပါနဲ့"

သူ့မျက်နှာ ပကတိ အေးစက်သော အမူအရာနဲ့ပဲ။ ကျွန်တော် နောက်ဖေးသွားပြီး ဓားတစ်လက် ယူလာခဲ့တယ်။ သူ့ကိုပေးလိုက်စဉ်မှာ သူက ဓားအနောင့်ကမယူဘဲ ဓားသွားဘက်က လှမ်းယူလိုက်တယ်။ သူ့လက် ဓားရှသွားတယ်။

"ဟာ – နှင်း ဘယ်လိုလုပ်လိုက်တာလဲ"

"ရတယ် – ရတယ် – ဘာမှမဖြစ် ဘူး။ ဓားလေးရှတာက ဘာအရေးလဲ"

ကျွန်တော့်ကို မထီတရီမျက်နှာထားနဲ့ လှမ်းကြည့်တယ်။ ကျွန်တော် နောက်ကျောချမ်းသွားတယ်။ သူ့ရဲ့ ရက်စက်တဲ့အပြုံးတွေများ ပေးတော့မလား။ စိတ်ပူနေတယ်။

"တော်ပါပြီ – ကိုရယ်။ လက်ဓားရှသွားတော့ ပန်းသီးလည်း မလှီးချင်တော့ဘူး။ ဪ – ဒါနဲ့ – နှင်းတို့ကိစ္စအဆင်ပြေချောမွေ့အောင် ယတြာချေရမယ်။ ဟောဒီအထုပ်ကို ကို အခုပြန်ရင် မြစ်ထဲမျှောပေးပါ"

လို့ပြောရင်း အထုပ်ထဲကို ခုနက ယူလာတဲ့ဓားကို အိတ်ထဲထည့်နိုင်းပြီး ကျွန်တော့်ကို အဲဒီအထုပ် လှမ်းပေးတယ်။ ကျွန်တော်လည်း ရှည်ရှည်ဝေးဝေး မပြောချင်တော့တာနဲ့ ကျွန်တော် ယူလိုက်တယ်။ အဲဒီနောက် သူလုပ်စရာရှိသေးလို့ ပြန်တော့လို့ ပြောတယ်။

"ဟင် – နှင်းခေါ်ပြီး ဘာပြောမလို့လည်း။ အခု ဘာမှလည်း သေချာမပြောရသေးဘဲ ပြန်ရတော့မှာလား"

"နှင်းပြောပြီးပြီလေ။ ကိစ္စကတော့ နှင်းတို့ကိစ္စပဲလေ။ ဒါပေမဲ့ – အခု ဒီအတွက် ဘာမှထပ်မပြောချင်တော့ဘူး။ ဒီလောက်နဲ့ပဲတော်ပြီ"

ကျွန်တော် ဘာမှဆက်မပြောဖြစ်တော့ဘူး။ ပြန်လာခဲ့တယ်။ လမ်းမှာလည်း ခက်ထန်ကို ဘာမှပြန်မပြောဖြစ်ခဲ့ဘူး။ အိမ်အပြန်လမ်းမှာ သူပေးတဲ့အထုပ်ကို မြစ်အစပ်နားမှာပဲ မျှောပေးခဲ့တယ်။ စိတ်ညစ်နေတာနဲ့ ခရီးလေးထွက်လိုက်ရင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ကြည်လာမလားဆိုပြီး ပဲခူးမှာရှိတဲ့ သူငယ်ချင်း ပိုင်စိုးဆီ ဖုန်းဆက်ပြီး ကျွန်တော်တို့ လာမယ့်အကြောင်း လှမ်းပြောလိုက်တယ်။ ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ အိမ်မှာပိုက်ဆံနည်းနည်းယူပြီး ချက်ချင်းပြန်ထွက်ခဲ့ကြတယ်။ ပဲခူးရောက်တော့ ပိုင်စိုးက အိမ်ရှင်ပီသစွာ အစစအရာရာ ပြင်ဆင်ထားတယ်။ ပထမ ကျွန်တော်တို့ နေ့ချင်းပြန်လာဦးမလို့ပဲ။ ဒါပေမဲ့ - ယမကာရဲ့အစွမ်းတွေနဲ့ ပိုင်စိုးက အတင်းဆွဲထားတာနဲ့ နောက်ရက်မှပြန်ဖို့ဆုံးဖြတ်လိုက်တယ်။ နောက်ရက်ကျတော့လည်း အိမ်ရှင်ရဲ့ဧည့်ခံကောင်းမှုကြောင့် ညနေစောင်းအထိ မပြန်ဖြစ်ဘူး။ ရဲတွေက နင်း အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို လာရှာသွားတယ်ဆိုတာ အိမ်က လှမ်းအကြောင်းကြားတော့ ကြုံရာကားနဲ့ ပြန်လာကြတယ်။ ဒီပြန်ရောက်တော့ ကျွန်တော် တန်းပြီးအဖမ်းခံရတယ်။

☆

နိုင်လင်းရဲ့ဖြောင့်ချက်တွေကို နားထောင်ပြီး ကွဲလွဲချက်လေးတွေကို သုံးသပ်နေမိတယ်။ ဒါပေမဲ့ - ဘယ်လိုပဲတွေးတွေး တရားခံဟာ နိုင်လင်းပဲလို့ ကျွန်တော် တစ်ထစ်ချ ကောက်ချက်ချလိုက်တယ်။ စစ်နိုင်ကတော့ ဘာမှပြန်မပြောပေမယ့် သူ့အတွေးထဲမှာ အလုပ် လုပ်နေတယ်ဆိုတာ သိသာနေတယ်။

"စစ်နိုင် - မင်း ဘာတွေစဉ်းစားနေတာလဲ"

"ငါဖြစ်နိုင်ခြေတွေကိုပဲ စဉ်းစားနေတာကွ"

"မင်း အခု ဘာတွေပဲစဉ်းစားစဉ်းစား အဖြေကတော့ ထွက်နေပြီပဲ"

"သူ့ထွက်ဆိုချက်ထဲမှာ သူမသတ်တဲ့အကြောင်းအရာတွေ ပါနေတာပဲ"

"အေး - ပါနေတယ်။ ဒါပေမဲ့ - ဒါတွေဟာ အလိမ်တွေမဟုတ်ပါဘူးလို့ မင်းပြောနိုင်လို့လား"

"မလိမ်ဘူးဆိုရင်ရော ..."

"အရေးကြီးတာ သက်သေပဲ သူငယ်ချင်း။ မင်းစိတ်ထဲက ဘယ်လိုပဲထင်ထင်၊ ကုန်ကုန်ပြောရရင် မင်း ဘယ်လိုပဲသိသိ သက်သေမပြနိုင်ရင် ဘာမှလုပ်လို့မရဘူး"

"ဒါတွေ ငါ နားလည်ပါတယ် - သူငယ်ချင်း။ ဒါပေမဲ့ - အမှုမှန်ပေါ်ဖို့ ငါ ကြိုးစားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး - ငါလည်း တတ်နိုင်သလောက် ပါဝင်မယ်ကွာ"

"ငါတို့ အခင်းဖြစ်တဲ့တိုက်ကို တစ်ခေါက်လောက် သွားကြည့်ချင်တယ်"

"အေး - သွားလေ - သွားတဲ့နေ့ ငါလည်း လိုက်မယ်"

"အချိန်ကြာသွားလို့တော့ မဖြစ်ဘူးကွ၊ အစုတောင် သက်သေတွေက ပျောက်နေလောက်ပြီ"

"အေးပါကွာ - မနက်ဖြန်သွားမယ်ကွာ"

ကျွန်တော်တို့အခင်းဖြစ်တဲ့အဆောင်ကိုရောက်သွားတော့တနင်္ဂနွေနေ့ဆိုတော့ အဆောင်သူတွေအားလုံးရှိကြတယ်၊ ကျွန်တော်တို့သိချင်တာတွေမေးမြန်းပြီးတော့ နင်းဇကရီ အသတ်ခံရတဲ့နောက်ဖေးကို သွားကြည့်ကြတယ်။ အမှန်တိုင်းပြောရရင် ကျွန်တော် သိပ်စိတ်မပါချင်ဘူး။ သူငယ်ချင်း စစ်နိုင်က စိတ်အားထက်သန်နေတဲ့ အတွက်သာလိုက်လာရခြင်းဖြစ်တယ်၊ သေချာအသေးစိတ်လိုက်ကြည့်နေတဲ့စစ်နိုင် ဟာ တစ်နေရာမှာ အချိန်အကြာကြီး ဂရုတစိုက်ကြည့်နေတယ်။ ပြီးတော့ ကျွန်တော့်ကို ခေါ်ပြပြီး ...

"လင်းဝေ - ဒီမှာကြည့်စမ်း၊ မီးဖိုအောက်က ခံတဲ့အုတ်ခဲက ဒီတစ်ပိုင်းက ဟိုဘက်ကအပိုင်းတွေလိုမဟုတ်ဘဲ အခုမှ လောလောလတ်လတ် ထည့်ထားတဲ့ပုံစံပဲ"

ကျွန်တော်တို့ ပြောနေတာကို အဆောင်သူတစ်ယောက်ကြားပြီး -

"ဟုတ်တယ် - ကျွန်မ ထည့်ထားတာ၊ မီးဖိုအောက်ခံက ဘယ်လိုပျောက်သွားမှန်းမသိလို့ လမ်းဘေးက ကောက်လာပြီးထည့်ထားတာ"

စစ်နိုင် တစ်ခုခုကို စဉ်းစားလိုက်နိုင်တဲ့ မျက်နှာဖြစ်သွားတာ ကျွန်တော် တွေ့လိုက်တယ်၊ သူ ဆက်ပြီး နောက်ဖေးပြတင်းပေါက်နား လျှောက်သွားတယ်၊ တံခါးကျင်ပေါင်တွေကို သေချာလိုက်ကြည့်တယ်၊ တံခါးကျင်ပေါင်ညာဘက် အောက်ခြေထောင့်နေရာလေးမှာ ပလတ်စတစ် နိုင်လွန်ကြိုးစအမျှင် အနည်းငယ်ဟာ ကျင်ပေါင်မှာ ညှပ်ပြီးနေတာတွေ့ရတယ်၊ စစ်နိုင် သေချာကြည့်နေတယ်၊ နောက်အဖြေတစ်ခု သူ ရသွားပြီ၊ ဆက်ပြီးအဆောင်သူတစ်ယောက်ကို လှမ်းမေးလိုက်တယ်။

"ဒီမှာ လူသတ်မှုဖြစ်ပြီး ဓားဘယ်နေရာင်း ပျောက်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com

အဆောင်သူတွေကြောင်အမ်းအမ်းဖြစ်ပြီးပြန်စဉ်းစားနေကြတယ်။ အဆောင်သူတစ်ယောက်က -

"အင်း - နှစ်ချောင်းပျောက်သွားတယ်"

စစ်နိုင်က ကျွန်တော့်ကို လှမ်းပြီး ပြောတယ်။

"မင်းတို့ သက်သေအဖြစ် သိမ်းထားတဲ့ဓားက ဘယ်နှချောင်းလဲ"

"တစ်ချောင်းလေ - ဘာဖြစ်လို့လဲ"

"မင်းတို့သိမ်းမိတာက တစ်ချောင်းဆိုတော့ ကျန်တဲ့တစ်ချောင်းက ဘယ်မှာလဲ"

"ဇါ ဘယ်သိမလဲ"

"လာ - နောက်ဖေးကြားကို သွားကြည့်ကြမယ်"

ပြောပြောဆိုဆိုနဲ့ သူ အောက်ဆင်းသွားတယ်။ နောက်ဖေးလမ်းကြားဘက် ဝင်လိုက်ကြတယ်။ နောက်ဖေးလမ်းကြားဟာ အရင်လိုမှ မဟုတ်တော့ဘဲ ရှင်းလို့လင်းလို့ဘာအမှိုက်မှမရှိဘူး။ သူအကြံအိုက်သွားတယ်ထင်တယ်။ နောက် သူ့မျက်နှာဝင်းစနဲ့ဖြစ်သွားပြီး မြို့နယ်စည်ပင်ရုံးဘက် ထွက်လာတယ်။ စည်ပင်ရုံးမှာ (၄)ရပ်ကွက်ကိုကိုင်တဲ့ သန့်ရှင်းရေးဝန်ထမ်း ဘယ်သူဆိုတာ စုံစမ်းပြီးလိုက်ရှာခဲ့တယ်။ အဲဒီရပ်ကွက် ကိုင်တဲ့ဝန်ထမ်းက ဒီနေ့မှ ခွင့်ယူထားတယ်ဆိုတော့ သူနေတဲ့ဆီကို လိပ်စာမေးပြီး လိုက်ခဲ့ကြတယ်။ သိပ်မရှာလိုက်ရဘူး။ တွေ့ခဲ့တယ်၊ တွေ့တာနဲ့ စစ်နိုင်က မေးမြန်းစစ်ဆေးနေတယ်။ ကျွန်တော်ကတော့ စစ်နိုင် ဘာတွေလုပ်နေမှန်း မသိတာနဲ့ ဘေးကနေပဲ အသာကြည့်နေလိုက်တယ်။

"ဆရာပြောတဲ့အတိုင်း အုတ်ခဲတစ်ပိုင်းကို ကြိုးချည်ထားတာတော့ သတိထားမိတယ်။ ဘာအတွက် တစ်ဖက်မှာ အုတ်ခဲကိုကြိုးနဲ့ချည်ထားပြီး ကျန်တစ်ဖက်မှာ ဓားကိုချည်ထားရလဲမသိဘူး။ ဓားကအကောင်းကြီးရှိသေးတော့ ကျွန်တော့်အိမ်မှာသုံးဖို့ယူသွားတယ်။ အိမ်မှာ ရေနဲ့ သေချာဆေးပြီး သုံးတောင်သုံးနေပြီ"

သူ့စကားလည်းဆုံးရော စစ်နိုင် ရုတ်တရက် -

"ဟာ - သွားပါပြီကွာ - ဟိုကောင်လေးကို ကယ်နိုင်မယ့်လမ်းတော့ ဝေးသွားပြီကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် နားမလည်စွာ စစ်နိုင်ကို ကြည့်နေမိတယ်။ ပြီးတော့ သူက သန့်ရှင်းရေးဝန်ထမ်းဆီက ဓားကို ပြန်ယူလာခိုင်းတယ်။

"လင်းဝေ – ဒီဓားကို ရလိုရငြား သေသူလက်ဗွေရာတွေ၊ သွေးနမူနာတွေ ရှိ၊ မရှိ စစ်ပေးကွာ"

"စစ်နိုင် – မင်း ဘာတွေလုပ်နေတာလဲကွာ"

"ငါပြောတာသာ အရင်လုပ်ပေးပါကွာ။ ပြီးရင် ငါရှင်းပြပါ့မယ်"

ကျွန်တော် သူပြောတာကို လိုက်လုပ်ပေးလိုက်တယ်။ ဒါပေမဲ့ – သူ မှန်းသလို သေသူနဲ့ပတ်သက်ပြီး ဘာမှမတွေ့ရဘူး။ သွေးလို့ယူဆရတဲ့အရာတော့ တွေ့ပေမယ့် ကိုရင်ဆွာန်သွေးလည်းဖြစ်နိုင်တာကြောင့် အသေအချာ မပြောနိုင်ဘူးဖြစ်သွားတယ်။ သူ သက်ပြင်းတစ်ချက် ချလိုက်ပြီး ...၏

"နောက်ဆုံး သူ့ထိုက်နဲ့ သူ့ကံပဲပေါ့လေ" တဲ့။ ကျွန်တော်က ဘာကိုပြောတာလဲလို့မေးတော့မှ –

"အဖြစ်မှန်က ဒီလိုကွ။ ဒါက အမှန်တော့ လူသတ်မှုမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အမှုပဲ"

"ဘယ်လို – ဘယ်လို"

"ဟုတ်တယ် – လင်းဝေ။ သေသူဟာ သူ့ကိုယ်သူ သတ်သေသွားတာပဲ။ ဒါပေမဲ့ – သူ့ကိုယ်သူ သတ်သေမှန်းမသိအောင်ရယ်၊ သူ့ကိုသတ်သွားတဲ့ပုံစံ လုပ်ထားပုံရယ်၊ သူ့ရည်းစားကို လူသတ်တရားခံအဖြစ် ဖန်တီးသွားပုံဟာ တော်တော်ပိရိတယ်ကွာ။ သေသူဟာ ဆရာကြီး ရွှေဥဒေါင်းရဲ့စုံထောက်ဦးစံရှားဝတ္ထုတွေကို ဖတ်တတ်တယ်ဆိုတာ သူ့စာအုပ်စင်ကိုကြည့်လိုက်တာနဲ့ သိတယ်။ စာအုပ်စင်မှာ ဆရာကြီးစာအုပ်တွေ တော်တော်များများ ရှိတယ်။ အဲဒီထဲက နည်းတစ်နည်းကို သုံးလိုက်တာပဲ"

"ဘယ်လိုနည်းလဲကွ"

"ငါ ဝတ္ထုနာမည်တော့ မသိတော့ဘူးကွ။ ဒီလိုကွာ – အကျဉ်းချုံးပြောရရင်တော့ တစ်အချက် သူ့ရည်းစားကိုလူသတ်တရားခံဖြစ်အောင်ဖန်တီးတဲ့အချက်မှာ သူ့လက်ကို ဓားအရှုခံပြီး သူ့သွေးစွန်းသွားတဲ့ဓားကို အိတ်ထဲထည့်ခိုင်းပြီး ယတြာချေသလို ပုံစံလုပ်ပြီး သက်သေကို ဖျောက်တဲ့ပုံစံဖန်တီးတယ်။ မင်းတို့ သက်သေကို ရှာတွေ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာတော့ ဓားမှာ သူ့သွေးရယ်၊ သူ့ချစ်သူ လက်ဗွေရယ်က အတိအကျပဲ မဟုတ်လား။ နှစ်အချက် သူ့ကိုယ်သူ သတ်သေပေမယ့် သူများသတ်သွားတဲ့ ပုံစံလုပ်ထားတာ အဆောင်မှာတုန်းက မင်း ကြားတယ်မဟုတ်လား။ ဓားနှစ်ချောင်း ပျောက်သွားတယ်ဆိုတာ ပထမတစ်ချောင်းက မင်းတို့သိမ်းမိတဲ့အချောင်း၊ ဒုတိယအချောင်းကတော့ အခု ဒီမှာတွေ့ရတဲ့ဓားပဲ"

"ဒီဓားက ဘာဖြစ်လို့ အောက်ကိုပြုတ်ကျရတာလဲ။ သေသူက သေပြီးမှ အောက်ကို ပစ်ချလိုက်တာလား"

"လာမယ်လေကွာ - မင်းကလည်း။ သူသေတာနဲ့ ဒီဓားဟာ သူ့လက်ထဲမှာ ကျန်ခဲ့မယ်ဆိုတာ သူသိတယ်။ အဲဒီတော့ ပထမ ကြိုးတစ်ချောင်းရှာတယ်။ ဒုတိယ မီးဖိုအောက်က အုတ်ခဲနီအပိုင်းတစ်ပိုင်းမှာ ခုနကြိုးကို တစ်ဖက်စမှာ ချည်တယ်၊ နောက်တစ်ဖက်မှာ ဓားကိုချည်တယ်။ ပြီးတော့ အုတ်နီခဲကို ပြတင်းပေါက်ကနေ တန်းလန်းချထားတယ်။ အဲဒီမှာ သူ့ကိုယ်သူ နလုံးရှိတဲ့နေရာကို ထိုးစိုက်လိုက်တာပဲ။ သူ့လက်က ဓားကိုလွှတ်လိုက်တဲ့အချိန်မှာ ဓားက တစ်ဖက်အုတ်နီခဲဆွဲထားတဲ့ အလေးချိန်ကြောင့် အောက်ကို ပြုတ်ကျသွားတယ်။ ကြိုးဟာ ပြတင်းပေါက်ပေါင်နဲ့ ပွတ်တိုက်မှုကြောင့် ကြိုးစအမျှင်လေးတွေက ပြတင်းပေါက်ပေါင်မှာ ကျန်ခဲ့တာ မင်း တွေ့တယ်မဟုတ်လား။ ငါတို့က ပထမ ဒါတွေကို သာမန်ကာရှန်ကာ ကြည့်မိတော့ အဖြေက မပေါ်ဘူးပေါ့။ အဲဒီမှာတင် ငါတို့ လမ်းကြောင်းလွဲသွားတော့တာပဲ။ အခုမှ ငါတို့လာရှာတော့ ဓားမှာ သေသူရဲ့လက်ဗွေလည်း မတွေ့တော့ဘူး။ သွေးလည်း မရှိတော့ဘူး။ ဒီမှာတင် ဇာတ်လမ်းက ဆုံးပြီ"

သူ အသေးစိတ်ရှင်းပြမှပဲ ကျွန်တော် ထုံမှန်း ကျွန်တော်သိလိုက်ရတယ်။ ရဲလုပ်နေတဲ့ ကျွန်တော်တောင် သူ့လောက် အသေးစိတ်မတွေးမိဘူး။ ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေ နောက်ပိုင်းသိပ်မတွေ့ဖြစ်ကြဘူး ဖြစ်နေတယ်။ သူလည်း သူ့အလုပ်နဲ့သူ၊ ကျွန်တော်လည်း ကျွန်တော့်အလုပ်နဲ့ ကျွန်တော်ဆိုတော့ ကုန်ကုန်ပြောရင် ဖုန်းတောင် မဆက်ဖြစ်ကြဘူး။ တစ်ရက်တော့ စစ်နိုင် ဖုန်းဆက်လာတယ်။

"လင်းဝေ - ဟိုအမှု ဘာဖြစ်သွားလဲ"

"အေး - သူငယ်ချင်း - မနက်ဖြန် အမိန့်ချမယ်"

⊛



www.burmeseclassic.com

www.burmeseclassic.com

"အမိန့်"

တရားသူကြီးရဲ့ကြည်လင်ပြတ်သားတဲ့အသံကို နိုင်လင်းကြားနေရတယ်။ သူ့ရဲ့ ကြေကွဲမှုဝမ်းနည်းမှုတွေနဲ့ မျက်နှာကို အတိုင်းသား မြင်နေရတယ်။

"တရားခံ မောင်နိုင်လင်း၊ (ဘ) ဦးနိုင်နိုင်အောင်၏သားသည် သေဆုံးသူ မနှင်း ဇကရီအား မိမိကိုယ်တိုင်သတ်ကြောင်း ဝန်ခံထားခြင်းကြောင့်လည်းကောင်း၊ သက် သေခံပစ္စည်းဖြစ်သော လူသတ်လက်နက်ဓားပေါ်တွင်လည်း တရားခံ၏လက်ဗွေရာ နှင့် သေဆုံးသူ၏သွေးအဖြေမှာ တူညီသောကြောင့်လည်းကောင်း သေဆုံးသူ မနှင်း ဇကရီအား တရားခံမောင်နိုင်လင်းမှ သတ်ကြောင်းပြစ်မှုထင်ရှားသဖြင့် အလုပ်ကြမ်း နှင့် ထောင်ဒဏ်(၁၀)နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်"

တရားသူကြီး၏ အမိန့်သံအဆုံးမှာတော့ နိုင်လင်းရဲ့မျက်နှာဟာ ကျွန်တော်တို့ ထင်ထားသလို ဝမ်းနည်းကြေကွဲနေတဲ့ မျက်နှာမဟုတ်တော့ဘဲ ပြုံးရွှင်နေတယ်။ ဒါပေမဲ့ - ပါးပြင်မှာ မျက်ရည်စတွေနဲ့ပါ။


"နှင်းရယ် - ကို့ကိုပေးတဲ့အပြစ်က ဒီလောက်လေးပဲလားကွာ။ နှင်း - ကို့ကို အလို လိုက်မိလို့ နှင်းကိုယ်တိုင် ခံယူသွားတဲ့အပြစ်က ကို့ထက် အဆပေါင်းများစွာ များပါ တယ်ကွာ။ နှင်းခံယူသွားတာ အသက်နှစ်ချောင်းပါ - နှင်းရယ် - အသက်နှစ်ချောင်း ပါ"

နိုင်လင်းရဲ့ကြေကွဲဖွယ်စကားဟာ ကျွန်တော့်ရင်ထဲ တိုးဝင်လာပြီး မိန်းကလေး တစ်ယောက်ရဲ့အရှက်ဟာ သတ္တဝါတွေ မွေးဖွားပေးသလို အသက်တွေကိုလည်း ရန်ရှာ နိုင်ပါလားလို့ တစ်ယောက်တည်း တွေးကျန်ရစ်ခဲ့မိပါတော့တယ်။

⇒ မင်းဝေအောင် (YIE)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ် - အံ့မယ် - ဒီကနေ့ ချုပ်သစ်(၂၀)ကြီး များတောင် တိုးလာပါကလားဟေ့။ ထောင်အပြင်က ခုနှစ်ရက်သားသမီးတွေတော့ ခေါင်းပြားအောင် အိပ် ခွင့်ရနေ ကြပြီပေါ့ - ဟုတ်စ။ တို့ ထောင်အမှိုက်ပုံကြီး ထဲကိုတော့ဖြင့် ခေးထုပ်ကြီးတွေ၊ ဆူးလှည်းကြီးတွေ တရပေါ်လိုမ့်ဝင်လာခဲ့ပကော - ရှီးတဲ့မှ"

www.burmeseclassic.com

www.burmeseclassic.com

တံခါးထောင်မှူး ဦးထွန်းဟန်ကြီး၏ အသံကို အတိုင်းသား ကြားနေရသည်။

ထောင်ဟူသည် တံခါးမကြီး (Main Gate) တစ်ပေါက်တည်းသာ ရှိတတ်၏။ ဝင်လျှင်လည်း ထိုအပေါက်ကပဲ ဝင်၊ ထွက်လျှင်လည်း ထိုအပေါက်မှသာထွက်၊ ပုလင်းများ၊ ဘူးများ၌ အပေါက်ဝတစ်ခုတည်း ရှိနေဘိသို့တည်း။ ထို့ကြောင့် ထောင် အဝင်အထွက် မိန်းတံခါးမကြီးကို ဘူး၊ ဘူးဝဟု ကင်ပွန်းတပ်၍ တွင်တွင်ကြီး သုံးနှုန်း နေကြခြင်း ဖြစ်၏။

အနီထောင်ကြီး၏ တစ်ပေါက်တည်းသာ ခံတွင်းဝနှင့်တူသည့် ဘူးတံခါးကြီး အတွင်းသို့ဝင်သမျှအကျဉ်းသား၊ အချုပ်သား မောင်မောင်မမ သပ္ပုရိသများနှင့်တကွ ပစ္စည်းတိုထွာဗူလိနတ်စတွေပါမကျန် စစ်ဆေးမေးမြန်း၊ မှောက်လှန်ရှာဖွေခြင်း ကို ရှောင်မလွတ် ပြေးမလွတ်ခံကြရပေသည်။

တံခါးတာဝန်ကျအရာရှိ၊ တာဝန်ခံ၊ အကြပ်ကြီး၊ တံခါးစာရေး၊ ရှာဖွေရေးဝန်ထ တို့က သိန်းစွန်ငှက်ရဲများ အစာချောင်းသည်သို့ မမိုတ်သောမျက်စိ၊ စူးရဲပြူးပြဲသော မျက်ဝန်းတို့ဖြင့် တရစပ်၊ တလစေ ဒေါက်ထောက်ကြည့်ခြင်း၊ ပပ်ပပ်နပ်နပ်၊ ပယ်ပ နယ်နယ် ရှာဖွေခြင်းတို့ကို ကြုံကြရမည်ပင်။ ဤသည်ကိုပင် တလာစီခြင်းဟု ပ ကိုလိုနီခေတ်ဟောင်းက ဝေါဟာရဖြင့် ယနေ့ထက်တိုင် နှုတ်ကျိုးလျက် တွင်နေပေ ၏။

လာပြန်ချေသေး၊ Body Searching တဲ့။ အဝတ်အစား ကြိုကြိုကြားကြားပေ တွင်မက ခေါင်းထက်က ဆံပင်များကိုဖွ၍ စစ်ခြင်း၊ ဖြဲ၍ရှာခြင်း၊ ခံတွင်းကိုဟ၍ ကြည့် ခြင်း၊ ပါးစောင်ကို ခပ်ဆတ်ဆတ်ပုတ်၍ရှာခြင်း၊ နွားကုန်သည်လက်ထဲက ရှောင်းနှ ကြီးတွေနယ် သွားများကို အကုန်လိုက်ပေါ်အောင် ဇေ့ထားစေ၍ သွား၌ ကြိုးမျှင်မျှ ကလေးဖြင့် ချည်လျက် ပိုက်ဆံ (သို့မဟုတ်) ဘိန်းတစ်မျိုးမျိုးကို မျိုချထားခြ ရှိ၊ မရှိ စေ့ငုရခြင်း၊ သည့်ထက်သည် လိုအပ်ပြီဆိုလျှင် အများပြည်သူ အမြင်ကွယ် တလာစီခန်းအတွင်း၌ ထိုင်ချီထချီ ကုန်းကုန်းကွကွပြုစေလျက် (ကန်တော့ပါ ခင် နားနှဲ့မနာ ဖဝါးနဲ့သာ နာတော်မူပါ၊ မရှိသေ့စကား) စအိုအတွင်း ငွေကြေး (သို့မဟု လျှို့ဝှက်စာ (သို့မဟုတ်) ဘိန်းဖြူ၊ ဘိန်းမည်းမူးယစ်ဆေးဝါး တစ်မျိုးမျိုးကို



www.burmeseclassic.com

www.burmeseclassic.com

စံသွင်းလာလျောင်လာသည်များ ရှိ မရှိ စေ့စပ်သေချာစွာ ရှာဖွေခြင်း စသည် စသည် ဖြင့် ဇကန်ဒက်ထိ မျက်နှာချင်းဆိုင်ကြရချေသည်။

ဘယ့်နယ် ခင်ဗျာ၊ ထိုထိုဤဤ အလီလီသော နည်းတွေဖြင့် ထိုသို့မျှ ဂယနက ပပ်ပပ်နှံ့နှံ့ အရှာအဖွေမပြုခဲ့လျှင် လူလွန်မသား (Above the avarage) ကကိုအတ၊ မအတ အချုပ်သားတို့၏ ဉာဏ်နီဉာဏ်ဝါ ဉာဏ်တက္ကနီကာလာတွေအောက်မှာ အကျဉ်းထောင်ကြီးတစ်ခုလုံး စုန်းစုန်းနစ်မြုပ်ရချေရဲ့ ဟုတ်စ၊

သို့ဖြစ်၍ ထောင်ဘူးဝကြီးထဲမှာ "တလာစီ"ခြင်းက ဓမ္မစစ် မင်းမှုနေရခြင်း ပါပေ။

"ဦးထွန်းဟန် ခဏလာပါဦး"

ဦးစီးထောင်မှူးကြီး ဦးဆန်နီ၏ အသံ။ ဇကန္တတော့ ကေန္တပဲ။ ဘာတွေရယ် ဖြစ် သည်မသိ၊

"ခင်ဗျား ချုပ်သစ်တွေထဲမှာ ပြည့်တန်ဆာပုဒ်မနဲ့ ငနဲ၊ ငနဲမတွေ ဘယ်လောက် ပါတုံး"

"အားလုံး ရှစ်ယောက်ပါ ချိ(ဖ်) (Chief)။ အကုန်လုံး အမျိုးသားတွေချည်းပါ"

"အေးဗျာ - အဲဒီရှစ်ယောက်ထဲမယ် ဘိန်းစားတွေ အမှန်ပါလာလိမ့်မယ်၊ ဒီအလုပ်မျိုး လုပ်စားတဲ့သူတွေဟာ ဘိန်းဖြူ ဘိန်းမည်း စိတ်ကြွဆေးပြား စတဲ့ မူးယစ် ဆေးဝါးတစ်ခုခုနဲ့မကင်းတတ်ကြဘူး။ တစ်ခုမငြိတစ်ခုငြိပဲ၊ ဒီတော့ - ကျုပ်တို့ထောင် ထဲကို မူးယစ်ဆေးဝါးတွေ ဆီလိုအပေါက်ရှာပြီး ဝင်မလာရလေအောင် ဒီမောင်တွေ ကို သေသေချာချာ စောင့်ကြည့်ထားဗျာ၊ တလာစီတာလည်း သေချာလုပ် - ကြား လား"

"ဟုတ်"

ထောင်သမ္ဘာချိုးကပ်နေသည် စီနီယာထောင်မှူးကြီးမို့ အကင်းအညာ ပါးလိုက် သည်ဖြစ်ခြင်း။ ပြည့်တန်ဆာအမှုသံ ကြားရကတည်းက သူ့နားထဲမှာ မီးကင်းက သံ ချောင်းမွှေသံများနှယ် အန္တရာယ်အချက်ပေးသံ ဒေါင်ဒေါင်ဒင်ဒင်တွေကို တစီစီ တည် ညံ့ကြားနေပေပြီ၊ ချက်ဆို နားခွက်က မီးထတောက်နေပြီ၊ သည်တော့လည်း "ကင်း



www.burmeseclassic.com

www.burmeseclassic.com

ထောင်ထဲမှာ ဘုရားဘုတ်က ဘုရားအကာတွေတိုင်း အကောင်းချည်း မဟုတ်ဘူး။ ဘိန်းပုန်း၊ အရက်ပုန်း ရောင်းချင်ရောင်းတတ်ကြသေး တာရယ်၊ ဆင်းတုတော်မြတ်တွေမှာလည်း သူတို့ အကိုးကွယ်ခံပြီး ကပ်တဲ့လှူတဲ့ဆွမ်း၊ ကွမ်းတွေတင် အလှူခံကြရှာတာ မဟုတ်သေးဘူး။ သူတို့တွေ ဘိန်းတို့ ဟိုဟာ ဒီဟာ ဘာညာကွိုကွတို့ ဝှက်ထားသမျှကို လည်း မတုန်မလှုပ်ကြည့်ပြီး သည်းခံနေတော်မူကြရှာသေးတယ် ...



ဦးကင်း၊ ကြက်ဦးကြက်" လက်မနေးတမ်းကြို၍ ကာတန်သည်များကို ကြိုကာထား

စေ့ချင်သည်က မဆန်း။

လူကိုလူချင်းလူကလူချင်း၊ လူနှင့်လူချင်းစီမံခန့်ခွဲအုပ်ချုပ်ရသည့်ထောင်အလုပ် မျိုးက အလွန်တရာ ဦးနှောက်စားရသည့်အလုပ်။

အဲ - အဲသည် ထောင်ထဲမှာမှ ကိုရွှေဘိန်းစားတို့သည်ကား ဖရာနန္တ ပြဿနာ ထုပ်ကို ရင်ခွင်ပွေ့ ကျောပိုးလွယ်လျက် ထောင်အတွင်းသို့ မခေါ်ပင့်ရျေ။ ဒုတ်ဒုတ် ရောက်လာခဲ့ကြသည့် ဒုက္ခအိုးကြီးများ စစ်စစ်ဖြစ်၏တည်း။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါသကော။ ဘိန်းစားအကျဉ်းသားသည် ဘိန်းကိုရသလိုရှာကြံတတ်သည်။ မည်သို့မျှ ရှာကြံကုလားဖန်ထိုး၍ မရခဲ့ဘူးဆိုပါစို့။ မည်သူ့ပစ္စည်းဖြစ်ဖြစ်၊ အလစ်သုတ်ဖို့ ဝန်မလေး။ ထောင်မှ ထုတ်ပေးထားသည့် ထောင်ပုံစံ အဝတ်အစား၊ အိပ်ရာခင်း၊ ဖြူစောင် စသည် စသည်တို့ကို သူ့အဘိုး၊ သူ့အဖထံက အမွေရထားသည့် ပစ္စည်းတွေနယ် ရတတ်သမျှဈေးနှင့် ပေါပေါလောလော ရောင်းစားပစ်တတ်လား ရောင်းတတ်ရဲ့။ အကြံအဖန် ရပေါက်ရလမ်းမြင်သည့် ထောင်တွင်းက ပေါက်ပန်းဈေး အလုပ်ဟူသမျှကို မရှက်မကြောက် လုပ်တတ်လား လုပ်တတ်ရဲ့။

"မြေပေါ်ချလျှင် မီးလောင်၊ ရေထဲထားလျှင် ရေခန်း" အားကြီး ဒုက္ခမီးမွှေးသည့် ပြဿနာကြီးဦးခေါင်းနယ်၊ သူတို့မို့ ရောက်လေရာရာ ထောင်ကျဆောင်၊ အချုပ်ဆောင်များ၌ ထောင်တွင်းရိုက်ပွဲများ ဖြစ်ရော့မလား။ လူသတ်မှုပဲဖြစ်မလား။ ဘာလား ညာလား လားတွေထပ်လျက် တောင်တောင်အီအီ တစ်သီကြီးကို နားတစွင့်စွင့် ရင်တခံခံနှင့် စိတ်မအေး လက်မအေး တအုံနွေးနွေး နေရချေ၏။

ထောင်ပိုင်၊ ထောင်မှူးကြီးတို့အား အိပ်မပျော်ဆေးကို ဖွတ်အတင်းကြီး ပါးစပ်ဖြဲ "ပွ့"တတ်ချေ၏။

အပြင်လောက၌ ဘိန်းစားသည် မိဘကို ဒုက္ခပေးသည်။

ဝန်းကျင်ပတ်ချာလည်တွေ့ကရာမြင်ကရာ မည်သူမည်ဝါ၏ပစ္စည်းကိုမျှ အလွတ်မပေး။ လွယ်လွယ် အလစ်သုတ်၍ အပျောက်ရိုက်ပစ်တတ်ကြသည်။

တိုင်းကြီးပြည်ကြီးခများမှာ သူတို့ထံက အကူအညီ တစ်ပြားသားမရ။ အနှောင့်အယှက်တွေသာ ဖောချင်းသောချင်း စားပို့နှင့်မတတ် ရတတ်ပေသည်။

ကိုင်း၊ ဘိန်းစားများကောင်းတာ ဘာရှိတုံး။

"နေဦးဗျ၊ အဲဒီချုပ်သစ်ငတိတွေကို ဟို ကျုပ်တို့ သီးခြားတိုက် ရှိပါရောလား။ အဲဒီမှာ ခေါထားပြီး တစ်အောင့်တစ်ဖြုတ် စောင့်ကြည့်ရင် ကောင်းမယ်ထင်တယ်။ ဟိုဗျာ – နောက်မှရှိတဲ့ အကျဉ်းသားတွေရယ်၊ ထောင်ဒဏ်နှစ်(၅၀)၊ နှစ်(၁၀၀) ထိကြီးသမားတွေရယ်၊ ဖော်ကောင်အချုပ်သားတွေရယ်၊ မိန်းမလျာဂန်ဒူးတွေရယ်၊ စောင့်ကြည့်ထားရမယ့် ကျော်ဇောတွေရယ်ကို ထားတဲ့တိုက်ဟာကော"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - ချိ(ဖ်) ၁ တိုက်ပါ ခင်ဗျ"

"အဲ - အဲဒီတိုက်ကိုပို့လိုက်ဗျာ။ အဲဒီမှာတင် တစ်ပတ်လောက် စောင့်ကြည့်ထား ထူးခြားမှု ရှိ၊ မရှိ သတင်းပို့ခိုင်း၊ အဆက်အသွယ် လုံးဝဖြတ်ထား။ ဒီငတိတွေကို လာ ချိတ်လမ်းကြောင်းတွေ ရှိခဲ့ရင်လည်း မိအောင်သာဖမ်း။ ကျုပ်ရဲ့အမိန့်မရဘဲ ဒီဘိန်း မည်း သံသယကောင်တွေကို တိုက်က လုံးဝထုတ်မပေးကြနဲ့ - ဟုတ်ပလား"

"ဟုတ် - ချိ(ဖ်)"

မှတ်ဟ၊ ပေသီးတို့၊ အိုက်စံတို့၊ ဒေါင်းနီတို့၊ ပြည့်တန်ဆာမှ ဘိန်းသံသယချုပ်သ တစ်သိုက်မှာ တိုက်ကြီးစံဖို့ကိန်းကား ကျိန်းသေသွားပေပြီ။

ဘိန်းစားကို တိုက်ပိတ်ထားလိုက်ပြီဆိုလျှင် ဘိန်းရဖို့ လမ်းပေါက်လမ်းစ မ တော့။ မြွေပွေးအကိုက်ခံရသလို၊ လူ ရိုက်ခံရသလို "အမေ ကယ်ပါ၊ အဘကယ်ပါ ရှာဦးထိပ်က ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီး ကယ်တော်မူပါ" ဟု အလ တကြားအသံတွေ ခုနစ်သံချီပေးပြီး ထွက်လာတတ်ကြစမြဲ။

"အရှုံးကွဲပါပြီဗျ - သေပါပြီ - အမေရေ" သနားပဲ သနားလိုက်ရတော့မလိုလို၊ ပဲ ကလောရတော့မလိုလို မုန်းစရာ အသံနက်ကြီးတွေနှင့် တစာစာအော်နေကြ သည်သာ။

ပြီးတော့ကောတဲ့၊ ဟုတ်ကဲ့။ နောက်တော့ ဘိန်းချေးတွေ၊ ဘိန်းဝမ်းတွေ တ ပေါ့ ပါချိမ့်မည်၊ ဘိန်းယဉ်းတွေ ထ၊ ဘိန်းပူတွေ ကပ်တော့မည်။ သည်အတိုင်းတို ဖြစ်ချင်ရာဖြစ် ပစ်ထားလိုက်ပါကလည်း နေရင်းထိုင်ရင်း မာလက သွားနိုင်သည် ဘိန်းသက်နုသေးက အရေးမဟုတ်၊ ဘိန်းစားရင့်မာကြီး ဆိုခဲ့လျှင် အချိန်မီ ဘိန် ချင်ရ၊ ထိထိရောက်ရောက် ကုချင်ကု၊ သို့မဟုတ်က တကယ်သေတတ်သည်။

"ကဲဟေ့ - အချုပ်ရုံး - ဟောဒီဘိန်းသမားအုပ်ရကို မင်းတို့ လူသစ်မှတ်ပုံတ ပြီးတာနဲ့ ထောင်မှူးဦးလှိုင်ထွန်းရဲ့(၃) တိုက်ကိုသာ တန်းပြီးအပ်လိုက်ကြပေရော

☆

"ဆရာကြီးတင့်လွင် - ဆရာကြီး"

"ဟေ - လကွာ"



www.burmeseclassic.com

www.burmeseclassic.com

"တန်းစီး၊ ဗျို့-တန်းစီး အစ်ကို သန်းရင်"

"ငါဒီမှာဟေ့၊ လူသစ်ပုံစံ ပြနေလို့ဟ"

"ထောင်မှူးကြီး လွှတ်လိုက်လို့ဗျို့၊ အမိန့်ပါတယ် - အမိန့်ပါတယ်"

"ဟော"

သွားကျိုးကျော်မိုးသည် ထောင်မှူးကြီး ဟာရာ ဖြစ်၏။ လူယုံလူရင်း အတွင်းနေ တပည့်ကြီးဖြစ်၏။ ထောင်မကြီးတစ်ခွင် ပြံပြံစင်အောင် တံခါးမရှိ၊ ဓားမရှိ၊ ကိုးကုန်း ကိုးကျင်း "ဝင်စေ၊ ထွက်စေ" ဗျာဒိတ်ရထားသူ၊ ကျော်မိုးမို့ မမြင်လိုက်နှင့်၊ လာပြီဆို လျှင် သည်ပုံ သည်အချိုးမျိုးချည်း၊ ပြီးတော့ - သူနှင့် ပါပါလာသမျှ အမိန့်တွေက ကောင်းသတင်းမပါ၊ ဘုရားတ မလွတ်သည်က ခပ်များများ။

"ဒီလို - ဒီလိုတဲ့ ဆရာကြီးရေ"

"အင်း - အင်း"

"ခုနင်က ပို့လိုက်တဲ့ ချုပ်သစ်ပြည့်တန်ဆာခေါင်းတွေရဲ့ အဝတ်အစားဟောင်း တွေကို ထောင်ဆေးရုံကို ပို့ပြီး စစ်ခိုင်းလိုက်တယ်လေ"

"အေး - ဘာဖြစ်တုံး"

"သူတို့အဝတ်အစားတွေမှာ ဘိန်းမည်းတွေလို့တဲ့ ခင်ဗျ။ ဘိန်းမည်းကို ရေနဲ့ဖျော်၊ သုတ်လိမ်း၊ အခြောက်ခံပြီးမှ သင်းတို့က ဝတ်လာခဲ့ကြတာကိုး။ မသိရင် အဝတ် ဟောင်းပေပေညစ်ညစ်တွေပဲ ထင်ကြရတာ၊ အဲဗျို့-ရေနဲ့စိမ်လိုက်တော့မှ ထွက်လာ လိုက်တဲ့ဘိန်းရည်တွေ အားကြီးကြီးဆိုပဲ"

"အေးဟ - ထင်တော့ ထင်လိုက်မိသား၊ ဒီအကောင်တွေရဲ့ မျက်လုံးများဟာ သိပ်မရိုးချင်ပါဘူးဆို၊ ဘိန်းစားဆိုတာ သိပ်ပလီစိချောက်ချက်များတဲ့ ကလီကမာ ကောင်တွေပဲဟာ၊ ကဲ - အဲဒီတော့ ထောင်မှူးကြီးက ဘာတဲ့တုံး"

နဂိုကမှ မျက်စိတစ်ဖက် တိမ်စွဲနေသဖြင့် တိမ်တစ်လုံးဟု နာမည်ရနေသည့် တပ်ကြပ်ကြီး တင့်လွင်ခမျာ သူ့ကို ဘယ် သူက ဘာပြောပြော - "အေး - ထင်တော့ ထင်လိုက်မိသား" ချည်း ရောကြိတ်တတ်လွန်းသဖြင့် ထင်တစ်လုံးဟုလည်း ကျော်သူ ဖြစ်သည်၊ ယခုပင်လျှင် သူက အလျှင်ဦးအောင် ထင်ထားပြီး ဖြစ်ရပြန်ပတဲ့။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီဘိန်းတွေ ဘယ်ကရသလဲ၊ ထောင်ထဲမှာ သူတို့အဆက်အသွယ် ဘိန်းစား တွေ ဘယ်သူရှိသေးသလဲ။ ပြီးတော့ - ဘိန်းဖြန့်မယ့်လမ်းကြောင်းကို ပေါ်အောင် ဖော်ပေးရမတဲ့"

"အေး - အေး - သိပြီ၊ သုံးကားပေါင်းမိုးအလင်းပြရမယ့်ရွှေဘာ၊ ကျော်ဇော်ကြီးနဲ့ ရှီးဘူးတို့ လူကြမ်းပေါင်းစုံပါတဲ့ "တုန်ခြင်းမှုန်ခြင်းသည်းခံပါ" ဇာတ်ထုပ်ကြီးကို ကြည့် ရတော့မယ်ပေါ့၊ ဟုတ်စ"

"ထောင်မှူးကြီးကို ဘာသတင်းပို့ လိုက်ရဦးမလဲ ခင်ဗျ"

"စိတ်ချ - နေ့မကူးစေရဘူးလို့၊ ထောင်မပိတ်ခင် အဖြေရရစေ့မယ်လို့၊ ကြား လား - သွားကျိုး။ ဟဲ - ဟဲ - ဟဲ"

⊛

"ဆရာ - ဆရာ"

"ဟေ - ဘာတုံးဟ၊ သန်းမြိုင်ရ၊ အလန့်ထညက်"

"ဟောဟို - အကောင်ဟာ တစ်မြန်နေ့က တိုက်ကထွက်လာတဲ့ ဘိန်းချီးပေသ မဟုတ်လား - ဆရာ"

"အေးဟ - နေပါဦး၊ ဟုတ်ပါပြီတဲ့၊ ဘာဖြစ်သတုန်း - ဟော့ကောင်ရ"

"အောင်မယ် - ဒီအကောင် အတော် ဟုတ်သွားပြီ - ဆရာ။ တိုက်ပိတ်ပြစ်ဒဏ် (၁၄)ရက် ခံလိုက်ရတာနဲ့တင် အီစလံဝေပြီး ကျောင်းမှန်းကန်မှန်း သိသွားပြီနဲ့တူပါ ရဲ့"

"ဟေ - ဘယ့်နှယ်ကြောင့်"

"မမြင်လိုက်ဘူးလား - ဆရာ၊ ပေသီးကပေမင့် ဘုရားရှေ့မှာ သေသေချာချာ ပုတီးတွေ၊ ဘာတွေများစိပ်လို့"

"ဟင်၊ အဲ - အဲဒါဆို ပုံမှန်မဟုတ်သေးဘူး - ဟော့ကောင်ရေ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ထောင်ကျအိပ်ထောင်အဆောင်မှူး ကျောက်ဘီလူးဦးမြမောင် မျက်စိပြူးသွား ရတော့၏။ သူတို့အိမ်ထောင်ရှေ့ဉောင်ပင်ရိပ်ဝန်း၌ အာရုံခံတန်ဆောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

တောင်ပြည့် မြေပေါက်စေတီလေး တစ်ဆူရှိသည်။ စကျင်ကျောက်သားဆင်းတုတော်မြတ်ကလေးလည်း စံပယ်တော်မူနေ၏။ ထိုထို ခမ္ဘအေးရိပ်မှ ကော့လန် ကော့လန်နှင့်အိမ်ထောင်ဘက်ဆီကူးသွားနေသည့်ခေါင်းတုံးပြောင်ပြောင်ရိုးကြီးဂေါင်ဂင်လန်ဘားပေသီးကို အိမ်ထောင်စည်းကမ်းထိန်း ဓားပြသန်းမြိုင်ကြီးက အမြင်တော်စူးလိုက်ခြင်းပါပေ။ ထောင်ထဲက စည်းကမ်းထိန်းမောင်များမှာ ထောင်မှူးတိုင်း၊ အဆောင်မှူးတိုင်း စိတ်ချယုံကြည်အားကိုးရသော ထောင်တွင်း စီအိုင်ဒီ ခါးပိုက်ဆောင်တပ်ဖွဲ့ကို လက်သပ်မွေးထားကြသူများ ဖြစ်၏။

"ဘာ – ဘာဖြစ်လို့လဲ – ဆရာ"

"ဟဲ့ကောင် – ရဲ့ – မင်းမလည်း စည်းကမ်းထိန်းပါးမဝသေးပါကလားဟ။ ပါးရေနပ်ရေ မရှိလိုက်လေ။ မသေမချင်း မှတ်ထား။ ထောင်ထဲမှာ ဘုရားဘုတ်က ဘုရားဒကာတွေတိုင်းအကောင်းချည်းမဟုတ်ဘူး။ ဘိန်းပုန်း၊ အရက်ပုန်း ရောင်းချင် ရောင်းတတ်ကြသေးတာရယ်၊ ဆင်းတုတော်မြတ်တွေမှာလည်း သူတို့ အကိုးကွယ်ခံပြီးကပ်တဲ့လှူတဲ့ဆွမ်း၊ ကွမ်းတွေတင် အလှူခံကြရရှာတာ မဟုတ်သေးဘူး။ သူတို့တွေဘိန်းတို့ဟိုဟာဒီဟာ ဘာညာကွိကွတို့ဝှက်ထားသမျှကိုလည်း မတုန်မလှုပ်ကြည့်ပြီးသည်းခံနေတော်မူကြရရှာသေးတယ်။ ကဲ – မင်း မယုံရင် ပေသီးနောက်ကို မင်းရဲ့လူတစ်ယောက်ထည့်ပြီး မယောင်မလည် လိုက်ကြည့်ခိုင်းထားစမ်း။ ဘိန်းသမား၊ ဘိန်းစားများရဲ့မာယာတစ်သိန်းကို လျှော့တော့မတွက်နဲ့ – မောင်။ သင်းတို့တွေက လက်ကွက် သိပ်စိပ်တယ်။ ငါ့အထင် မမှားရင်တော့ မင်းကောင်တွေလက်ထဲမှာ ဘိန်းရှိနေပုံရတယ် – နော့။ ဟန်သိပ်ကောင်းလို့များတော့ မယုံစားမိလိုက်လေနဲ့။

"ဟုတ်ကဲ့ – ဆရာ"

ပေသီးပဲ ကံဆိုးမိုးမှောင် ကျလေသလား။

စည်းကမ်းထိန်း သန်းမြိုင်ကပဲ ပြေးရင်းလွှားရင်း၊ ချေးပုံဟာပ်မိလေရော့သလားမသိ။ ဘုရားဆင်းတုတော်ရှေ့မှာ ခပ်တည်တည် ပုတီးစိပ်ကောင်းခဲ့သည့် ပေသီးထံက ဘိန်းမည်းတစ်မူးသားခန့် လက်ရမိ၏။ ဘုရားဘုတ်ကိုင် ဘိုကေကြည်လည်းပါလေသေးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဘိန်းသီလကြောင်း ပေသီးနှင့် ဒုသီလ ဘုရားဒကာ ဘိုကေကြည်တို့ တစ်ရှဉ်းခမျာ၊ အပြူးလိုက်ကြီး ပြစ်ဒဏ်တိုက်ဆိ တန်းခနဲပါတော်မူရှာရပြန်တော့သည်။

ဩော် - ဒုက္ခ - ဒုက္ခ - ဒုက္ခ - ဖြစ်ကြောရယ် ရှည်တတ်လွန်းသည့် ဘိန်းသံသရာ ပေကတား။

⊛

"ကိုင်း - အဲဒါပဲ - ကိုဇော်မြင့်ရေ။ အစုတလော ဘိန်းမည်းသမားတွေကို အတော်ဖိဖိစီးစီးကလေးပိုက်စိပ်တိုက်ပြီး နှိပ်ကွပ်ပစ်လိုက်တော့ နည်းနည်းငြိမ်ကျသွားသဗျ။ သင်းတို့ သတင်းကွင်း ဆက်တွေကို လက်ထဲ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားနိုင်တော့ လှုပ်လိုက်တာနဲ့ ကွဲခနဲမိတာချည်းပဲ"

"ကောင်းတာပေါ့ - ဆရာ။ သင်းတို့တွေ တစ်တောရှင်းသွားတော့လည်း ထောင်ကျက်သရေ တိုးပေတာပေါ့"

"ဟုတ်တော့ ဟုတ်ပါရဲ့ - ဒါပေမဲ့"

"ဘယ့်နှယ် - ဒါပေမဲ့ - ရပြန်တာလည်း - ဆရာရဲ့"

"ဒီလိုလေ - ဇော်မြင့်ရဲ့ - အမည်းတွေဘက်ကို ဖိလိုက်ကြတဲ့အခါ ဦးနှင်းတော့ပဲ့ထောင်ဆိုသလို အဖြူငတိတွေ ခေါင်းထောင်သောင်းကျန်းလာကြပြန်သတဲ့။ အစုတလော ထောင်ဆေးရုံဘက်ကနေ နံပါတ်ဖိုးနဲ့ စိတ်ကြွဆေးပြားတွေ ထွက်ထွက်နေတယ်လို့ သိုးသိုးသန့်သန့် သတင်းပြန့်နေသတဲ့ - ကိုယ့်လူရဲ့"

"အယ် ..."

"ကျုပ်တို့ ကြိုပြီးရထားတဲ့သတင်းမဟုတ်ဘူး - ခင်ဗျားရေ၊ ညွှန်ကြားရေးမှူးကြီးဆီကို သူ မြှုပ်နှံထားတဲ့ သတင်းပေးတွေ သံတော်ဦးတင်တော်မူလိုက်လို့ ပဲ့တင်သံပြန်လာတဲ့ ရွာလွန်ရွက်တိုက်သတင်းကြီးဗျ"

"အဲ - အဲ - ကောင်းကြရော"

"အဲဒါ - ကျုပ်နဲ့ ခင်ဗျားရဲ့ဆရာ ထောင်ပိုင်ကြီးကို ညွှန်မှူးကခေါ်ပြီး ရာဇ ပေးလိုက်ပြီလေ။ လက်သည်တရားခံနဲ့ လမ်းကြောင်းကို ဒီရက်တစ်ပတ်အတွင်း ဖေ



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံဆောင်က ဓာ့းတွေ အကုန်လုံးကို ထောင်အပြင် ထုတ်ပစ်လိုက်တော့ သင်းတို့ရဲ့ လမ်းကြောင်းကြီးပျောက်သွားလို့ အဲဒီ အကောင်တွေ ဇစ္စည်းပြတ်၊ ယဉ်းကပ်ပြီး အိမ်ပြောင်အမြီးပြတ် ဖျတ်ဖျတ်လူး ဖြစ်နေကြပြီ၊ ရှစ်ရှစ် ဒိုးဒိုးဒုန့်ဒုန့်နဲ့၊ မီးစိမ်းပြလိုက်ပြီ ဆိုတာနဲ့ ဖားကောက်သလို အသာကလေး ဖမ်းကုပ်ပစ်လိုက်ရုံပဲ–ဆရာ



နိုင်ရင်ဖော်၊ မဖော်နိုင်လို့ကတော့ သူကိုယ်တိုင် မန္တလေးသင်တန်း ကျောင်းက သင်တန်းသားတွေနဲ့ ဆင်းမွှေပြီး မြေလှန်ပစ်မတဲ့။ ကိုယ့်အိပ်ရာလိပ် ကိုယ်လိပ်ပြီး နုတ်ထွက်စာသာ အသင့်ရေးထားကြပေတော့တဲ့။ တစ်ချက်လွှတ် အမိန့်ပဲ – ကိုရင်"

"ဗုဒ္ဓေါ – အာဏာသံက ပြင်းလှချေကလား – ဆရာရယ်"

"အဲဒါ – ခင်ဗျားကို ယုံယုံကြည်ကြည်နဲ့ တာဝန်တစ်ခု ပေးချင်တယ်။ ကျုပ်နဲ့ ထောင်ပိုင်ကြီး ခေါင်းချင်းရိုက်ထားကြပြီးသား"

"ဟုတ်ကဲ့ – ပြောပါ ဆရာ"

"ဆေးရုံဆောင်ကို နည်းနည်းဝင်မွှေပေးစမ်းပါ။ ခင်ဗျားကို ယာယီဆေးရုံ အဆောင်မှူးအဖြစ် တွဲဖက်အမိန့် ထုတ်ပေးထားလိုက်မယ်၊ ဖိဖိစီးစီးသာ ချပေတော့"



www.burmeseclassic.com

www.burmeseclassic.com

"မုန့်ဝေတာနဲ့ မကြုံ၊ တုတ်ဝေတော့မှ ကြုံပါပေါ့လား – ဆရာရယ်။ ဒီတစ်ရှိ တွတ်ပီတို့ ကံကောင်းနိုင်ပါဦးမလား မသိ – ဟူး"

"ခင်ဗျားမှာက တပည့်တပန်း အဒအုံအကျင်း ကောင်းပါတယ်ဗျာ။ ခင်ဗျား လက်သပ်မွေး စည်းကမ်းထိန်းတွေက ခေသူမဟုတ်တွေချည်းပဲဟာ။ မြွေပွေးသိန်းမောင်ဗျာ၊ ဖော်ဝိတ်ဗျာ၊ ကံလှဗျာ၊ မိုးကျရွှေကိုယ်အောင်ထီဗျာ။ ကျော်ဇနဲ့ နူတ်ခမ်းမွေး စိန်ကြိုင်ဗျာ – ဝိဇ္ဇာသောင်းဗျာ။ ကဲ – မှတ်ဘူးလား"

"အချိန် ဘယ်လောက်လောက် ရမလဲ – ဆရာ"

"တစ်ပတ် – တစ်ပတ်အတိပဲ"

"အင်"

"ဘာလဲ – နည်းလို့လား။ ဈေးဆစ်ဖို့များတော့ ကြံမနေနဲ့ – ကိုယ့်လူရေ၊ အဲဒါ ကျုပ်တို့ဆရာသမား ညွှန်ကြားရေးမှူးကြီးရဲ့ရာဇသံ ခင်ဗျ"

"ကြိုးစားကြည့်ရမှာပေါ့ – ဆရာရယ်"

"ကြိတ်လိုက်စမ်းဗျာ – ဒီပွဲအောင်ရင် လားရှိုးကြီးကြိုက်ကြိုက်၊ ကိန်ကြည်ကြိုက်ကြိုက်၊ ဝိုင်းကြီးတစ်ဝိုင်းတော့ ဖြစ်ရစေမပေါ့"

"တကယ်"

"တကယ်ပေါ့ဗျ – ခင်ဗျားကလည်း"

"ဒါဆို – အိုကေ – ဆရာရေ၊ အိုကေ – အိုကေ"

"အိုကေ"

☆

"ကြည်စိန်ရေ"

"အေး – သူငယ်ချင်း – ဘာ – ကိတ်စန ရှိလဲ"

"ဆေးရုံက တို့ကောင်ကြီး ခဏ ပြေးခေါ်ချေစမ်းပါဦးကွာ၊ အရေးကြီးလို့"

"တို့အကောင် နပ်ဘီလူးလား၊ အောင်စိုးကြီးလေ"

"ဟုတ်ပ – ဟုတ်ပ"



www.burmeseclassic.com

www.burmeseclassic.com

သည်ထောင်ကြီးဇရာထဲတွင် သံယောဇဉ်ကြီးရလွန်းသည့် သူငယ်ချင်း အရင်း အချာ အကျဉ်းသားနှစ်ဦး ရှိ၏။ "ရဲကြီး – ရဲကြီး" ဟု နှုတ်ကျိုးနေပြီဖြစ်သည့် ရဲစခန်းမှူး ဘ၀မှ ကံမကောင်း၊ အကြောင်းမလှစွာ ထောင်ကျလာခဲ့ရရှာသည့် ကြည်စိန်။ ဟုမ္မ လင်းနယ်၊ သောင်သွပ်ရဲကင်းစခန်းကလေးကို သူ တာဝန်ယူထားစဉ်အခိုက် နာဂ သူပုန်တွေ ဝင်စီးခံလိုက်ရပြီး စခန်းလည်းကျ လက်နက်ခဲယမ်းတွေလည်း ရန်သူ့ လက်ပါ။ ထောင် (၁၀) နှစ်ကျလာခဲ့ရရှာသူက တစ်ဦး။

တကယ်တမ်းကား သူတို့ ညံ့လွန်း လှ၍မဟုတ်။

သူ့ကို ရန်ကုန်တိုင်း၊ ရွှေပြည်သာ ဘက်ဆီပြောင်းဖို့ အမိန့်ရပြီးဖြစ်၏။ တပည့် တပန်းများနှင့် နှုတ်ဆက်မီးပုံပွဲကြီး ဝှဲခြီးကျင်းပပြီးသကာလ ဆက်ရက် မင်းစည်းစိမ် ဖြင့် "ခလောပေး"ကောင်းနေကြခိုက် မောင်မင်းကြီးသားများက အလစ်ဝင်စီးသွား ကြခြင်းတဲ့။ ကောင်းရော။

နောက်တစ်ယောက်သော ရဲအုပ်မင်းအောင်စိုးဇာတ်လမ်းက တစ်မျိုး။

အရေးရှိက အအေးမိ နာစေးနေတတ်ပြီး နာရည်တရွှဲရွှဲ၊ နပ်တတွဲတွဲနှင့်မို့ မန္တလေးရဲသိပ္ပံ၊ ဒုရဲအုပ်လောင်းသင်တန်း၊ သီဟ – ၁၆ အပတ်စဉ်တွင် နပ်ဘီလူးဟု အမည်တွင်ခဲ့သူ အောင်စိုးသည် အထူးမှူးယစ်တွင် လက်သံပြောင်လွန်းခဲ့သည့် လူစွာလူချွန် ရဲအရာရှိတစ်ဦးပင်။ ခြောက်မရ၊ လှန့်မရ၊ ငွေပေးဝယ်မရ၊ Not for sale သမား အောင်စိုးကြီးကို အနီးကပ်အယုံသွင်းပေါင်းပြီးမှ သူ ကြိုက်တတ်သည့် "ဘင် ဆင်အင်န်ဟက်ဂျက်"စီးကရက်ထဲမှာ ဘိန်းဖြူထည့်လျက် မစွဲစွဲအောင် ပြုစားနိုင်ခဲ့ ကြသည်တဲ့။ ဘိန်းဖြူကျွန်လုံးလုံး ဖြစ်သွားရရှာသည့် သူ့ဘဝဇာတ်သိမ်းခန်း၌ကား ထောင်(၁၀)နှစ်ကျ၊ A ကိုက်ပြီး HIV ရောဂါပိုးရှိသူအဖြစ် ထောင်ဆေးရုံမှာ ကိုယ့် မသာ ကိုယ်ထမ်းလျက် သေမင်းအခေါ်စောင့်နေရရှာသူ။

"မောနင်း(န်) – သူငယ်ချင်း"

"လာ – လာ – ထိုင် – သူငယ်ချင်း။ ဘယ့်နယ်လဲ – နေကောင်းရဲ့လား"

"အေး – ဒီလိုပါပဲ"

"အင်း – မင်းကြည့်ရတာ နည်းနည်း လေးပြည့်လာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဂလိုပေါ့။ ဒါနဲ့ - ငါ့ကို တကူးတက ခေါ်ရအောင်ဟာ ဘာတွေများ အရေးကြီးနေ တုံးဟ"

"အမှုအပ်ချင်လို့ပေါ့ - အမှုအပ်ချင်လို့"

"ဟော - ဘယ်လို"

"မင်းက မူးယစ်ကမ္ဘာမှာ ဒိုးလို မွေလာခဲ့တာဆိုတော့ မူးယစ်သရဲဘီလူးတွေရဲ့ ပရိယာယ်ကို မင်းမှ သိမှာမို့လို့ - ကိုရင်"

"အောင်မယ် - လာလာချေသေး။ ကဲ - ဒါဖြင့်လည်း လုပ်ပါဦး၊ နားထောင်ကြည့် ရအောင်"

"ဒီလို သူငယ်ချင်းရေ၊ ဒီလို - ဒီလို"

⊛

"ဝုတ်"

"ဝုတ် - ဝုတ် - ဝုတ်"

"ဝူ - ဝူ - ဝူး"

"ဂရား - ဂရား - ဂရား"

"ဟာ - ဟာ - သောက်ပလုတ်တုတ်၊ ဘယ့်နှယ် ထောင်ထဲမှာ ခွေးတွေ ဒီလောက် များနေရတာတုန်းဟ။ ထောင်ဆိုတာမျိုးဟာ အထဲမှာ ခွေးတစ်ကောင်ကြောင်တစ်မြီး တောင်မှ မရှိရတဲ့ အရပ်မျိုးပါ။ မင်းတို့ဆေးရုံကျမှ ဘယ့်နှယ်လဲ"

"ဟဲ့ - ခွေး၊ ဟဲ့ - ခွေး၊ ရွှေး - ရွှေး"

"ကိုင်းဟာ - ကိုင်းဟာ"

"ဂိန် - အိန် - အိန်"

"ဝေါ - ဝုန်း - ဝုန်း"

အကြောင်းရင်းဖစ်မြစ် စကန်မသိချေက ရုတ်ခြည်း ကမ္ဘာပျက်ချေပြီလောဟု ထင်ရချိမ့်မည်။ မဟုတ်ပေါင်ပါခင်ဗျား။ ကျွန်တော်တို့ ဆရာတပည့်တစ်သိုက် အလုပ် ရုံတံခါးကိုဖြတ်၍ ထောင်တွင်းဆေးရုံသို့ ဝင်မိလျှင်ပင် မည်သို့မျှ ထင်မထားမိခဲ့ရုတ်



www.burmeseclassic.com

www.burmeseclassic.com

တရုတ်သားကြီး ခွေးတွေအပိုင်းခံလိုက်ရပြီးပါခင်ဗျား။ မကြုံစဖူးမကြားစဖူး၊ ထူးထူးခြားခြားကြီး။

"ဂျက်ကီ - ရမ်ဘို - အာနီး၊ ဟဲ့ကောင်တွေ။ လာကြစမ်း၊ လာကြစမ်း ဒီကို။ ရှိ - ရှိ - ရှိ"

"ဟော - ဆရာသမား၊ မလာစဖူး ဆေးရုံဘက်ကို မျက်စိလည်လာသလား၊ တပည့်လက်သားအစုံအညီနဲ့ပါကလား"

"ကဲ - ကဲ - ကိုရင်စန်းယု၊ နင့်ခွေးတွေကို နင် အရင်ခေါ်စမ်း၊ ထိန်းစမ်းပါဦး။ တကတည်းဆူညံနေရော၊ လာ - လာ - ဆရာဦးဇော်မြင့် - လာ။ ဒီအကောင်တွေက တကယ်မကိုက်တတ်ပါဘူး။ အသံပြကြီးတွေနဲ့ ဖြဲဖြဲခြောက်ပြနေရုံပဲ လုပ်တတ်တဲ့ အီးဘောလောကြီးတွေပါ"

"ဟဲ့ကောင်တေ - လာ - လာ၊ တိုက်ဖက်ကို သွားမယ်"

ဆေးရုံတာဝန်ကျ တပ်သားစန်းယုက ခွေးတစ်ပြုံတစ်မကြီးကို လက်ပါးတိုက် (Leprocy Cell) ဘက်ဆီ ခေါ်သွား၏။ အလှဲ့ကွယ်၊ စောစောကလေးကတင် ဟိန်းဟိန်းညံ ပွက်ပွက်ထနေခဲ့ကြသည့် ခွေးပိန်၊ ခွေးလိန်၊ ခွေးနံချောင်၊ ခွေးဝဲစား၊ ခွေးဒုက္ခိတတစ်အုပ်ကြီးမှာ သူနင့်ကျတော့ ငြိမ်ချက်သားကောင်းလို့။ အမြီးတနံ့နံ့ လျှာရည် တမြားမြားနှင့် ဟုတ်ပေ့ကို ဖြစ်နေပါရောလား။

"ဆရာကြည်ရေ - ဘယ့်နယ်ခွေးတွေက များလှပါမင့်ကလား။ မန္တလေးတောင်ခြေက ခွေးဂေဟာက ထောင်ထဲကိုများ ရွှေ့လာလေရော့သလား။ တကတည်းမှ ..."

"ဒေါက်တာဦးအေးချိုပ - ခင်ဗျာ၊ ဟိုကဒီက ခွေးအိုခွေးမင်းတွေ၊ ခွေးကျိုးခွေးပဲ့တွေကို ဆေးကုပေးဖို့တဲ့၊ ဒီအထဲကို ဖမ်းဖမ်းခေါ်တယ်၊ ရောဂါတော့ ပျောက်သွားကြပါရဲ့၊ သင်းတို့တစ်တွေက ထောင်အပြင်ကို ပြန်မထွက်ကြတော့ဘူး။ အကျဉ်းသားတွေပေးတာ ကျွေးတာတွေစား၊ လျှာအရသာလည်ပြီး ခွေးပါးဝနေကြတော့တာ၊ ထောင်ပိုင်လေး ဆူလို့ဆဲလို့ တစ်ခါနှစ်ခါလားမသိ၊ တစ်ကောင်တစ်မြီးမကျန်အောင် ထောင် အပြင်ကို အကုန်ထုတ်ပစ်ခဲ့ပါသေးရဲ့၊ စန်းယုနဲ့ ဒွေးလှ ငမူးရွှေညီအစ်ကိုက ပြန်ပြန်ခေါ်သွင်းလာလို့ ဒီအတိုင်းတိုင်း ရောက်ရောက်နေကျပြန်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေးဗျာ - တချို့ကောင်ကြီးတွေများ ဖီးလို့၊ နို့ပေတဲ့ ဆေးရုံဆောင်က အရာရှိ၊ ဝန်ထမ်း၊ အကျဉ်းသားတွေကလွဲရင် တခြားလူတွေကိုဆို ဟိန်းလိုက်၊ ဟောင်လိုက်၊ သွားကြီးတွေဖြဲပြီး ခြောက်လိုက်၊ လှတ်လုပ်နေဆို။ သတင်းတော်တော်ကြီးနေတယ်၊ အထူးသဖြင့် ညကင်းသမားတွေ ကင်းဝင်စစ်ဖို့တောင် ခပ်ခက်ခက်ပဲတဲ့၊ ဟုတ်ရဲ့လား - ဆရာကြည်"

"ဟုတ်ပါ့ - ဆရာရယ်။ ဆေးရုံက အကောင်တွေ ပစားပေးထားလွန်းလို့ သင်းတို့က ရောင့်တက်နေကြတာလေ"

"အဲဒါ မကောင်းဘူးဗျ။ သိလား"

"ဟုတ်ကဲ့"

"ဪ - ဒေါက်တာကြီးတွေ ရှိကြရဲ့လား"

"ရှိပါ့ - ရှိပါ့"

ဆေးရုံအုပ်ကြီး ဒေါက်တာဦးအေးချိုနှင့် လက်ထောက်ဆရာဝန် ဒေါက်တာ သန်းဇော်တို့ကို အခန့်သင့်ပင် တွေ့ရသည်။

"လာဗျို့ - ဆရာဦးဇော်မြင့်။ အလုပ်ရုံနဲ့တွဲပြီး ဆေးရုံဆောင်၊ အဆောင်မှူးအဖြစ် တာဝန်ပေးတဲ့အမိန့်စာကို ခုနကလေးကပဲ ရတယ်။ လောလောဆယ် အရေးကြီး ကေ့စ်နဲ့ အရေးပေါ်လူနာတော့ မရှိပါဘူး။ အလုပ်စခန်းတွေက ပြန်ပို့ထားတဲ့ ဘီ အမ်အိုင် သမား (သတ်မှတ်စံ ကိုယ်အလေးချိန် မပြည့်သည့် ပိန်ချုံးချည့်နဲ့ အကျဉ်းသား) တချို့ကိုပဲ နည်းနည်းဂရုစိုက်နေကြရတာ ရှိပါတယ်"

"မင်္ဂလာပါ - ခင်ဗျာ၊ ဒီအတိုင်းဆို ရေစဲနှင်းဆောင်းပ"

"ဟုတ်ပါ့ - ဆရာ"

"အင်း - ခရီးရောက်မဆိုက်ဆိုသလိုပြောရတော့မှာပဲ - ဒေါက်တာကြီးရေ့၊ ဆရာ့ ဆေးရုံဆောင်က ခွေးတစ်အုပ်ကြီးကိုတော့ ဒီကနေ့ပဲ ထောင်အပြင်ကို ထုတ်ပစ်လိုက်ရတော့မယ်။ ဒီခွေးတွေ ဒီလောက်သောင်းကျန်းနေတာဟာ ရေရှည်မှာ မကောင်းဘူး ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေဗျာ - ကျွန်တော်ကတော့ သနားလို့ဆေးကလေးဘာလေးကုသပေးလိုက်ရုံသက်သက်ပါပဲ၊ နောက်ပိုင်းလည်း သိပ်သတိမထားမိတော့ပါဘူး၊ ထောင်အုပ်ချုပ်ရေးအတွက်မသင့်တော်ဘူးဆိုရင်တော့ သင့်သလိုသာ လုပ်ကြပါ၊ ပြဿနာမရှိပါဘူး"

"ဆရာ့ဘက်က ပြဿနာမရှိပေမယ့် ကျွန်တော့်မှာတော့ ဇရာမ ပြုံးတုံးပြုတဲ့ ပြဿနာတန်းလန်းကြီးနဲ့ - ဆရာရေ့"

"အလို - ဘယ်လိုပါလိမ့်ဗျာ"

"အဲဒါက ဒီလိုဆရာရေ့ - ဒီလို - ဒီလို"

ကျွန်တော့် ဒီလိုကြီးက အတော်ထိသွားပုံရသည်။ သူ့မျက်လုံးကြီးတွေ လင်းကွင်းလောက် ပြူးထွက်လာ၏။

"ဟာ - အဲဒါဆို - ဘယ်လိုလုပ်ကြမတုန်း"

"ဘယ့်နယ်မှ မတုန်းဘူး - ဆရာ။ ဒီအကောင်ကြီးတွေကို အရင်ရှင်းထုတ်ပစ်လိုက်မှ ဝင်လမ်းထွက်လမ်းဖြောင့်ပြီး သွားရေးလာရေးလွယ်လာလိမ့်မယ်။ ဒီအကောင်တွေက ဆေးရုံအဝင်ပေါက်က နေနေပြီး ဟောင်လိုက် ဟိန်းလိုက် လုပ်နေတော့ မဟုတ်တာလုပ်မယ့်သူများ ရှောင်ဖို့တိမ်းဖို့ သိုဖို့ဝှက်ဖို့ အချိန်ကောင်းကောင်း ရနေတော့တာပေါ့ - ဆရာရဲ့"

"အင်း - ဟုတ်ပါတယ်လေ၊ ကျွန်တော့်စေတနာက မယောင်ရာဆီလူး တစ်လွဲကြီးဖြစ်နေတော့တာကိုး"

"စိတ်မကောင်းမဖြစ်ပါနဲ့ - ဆရာရယ်။ ဆရာမှ ထောင်ရဲ့သဘောသဘာဝနဲ့ ထောင်တွင်းပြဿနာတွေအကြောင်းစေ့စေ့ငငမသိတာကိုး။ ရည်ရွယ်တာကလည်း ခွေးဒုက္ခိတတွေကိုဆေးကုသပေးချင်ရုံသက်သက်ပဲဟာ၊ အဲ - ဒါပေသိ အဲဒီအကွက်ကိုပဲ မသူတော် အကြံသမားတွေက အပိုင်ဖမ်းပြီး အသုံးချနေကြတာလေ"

"ဟုတ်ပ - ဆရာ ဦးဇော်မြင့်ရယ်၊ ဆရာပဲ ကြည့်သာရှင်းလိုက်ပါတော့၊ ကျွန်တော်တော့ နောင်ကို ဘယ်ခွေးမှ ခေါ်လာကုမပေးဝံ့တော့ဘူး၊ ကြောက်သွားပြီ"

"ကျေးဇူးပါ - ဆရာ၊ နားလည်မှုလွဲသွားမှာကိုပဲ စိုးရိမ်နေခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

"အိုး - မဟုတ်တာ။ Never mind, never mind"

ခြေသံတဖျပ်ဖျပ်တွေနှင့်အတူ အရပ်ရှည်ကိုင်းကိုင်း၊ အသားအရေ မွဲခြောက်ခြောက်၊ မျက်စိတစ်ဖက်က တိမ်တစ်လုံး၊ ယူနီဖောင်းကိုလည်း ဘိုသီဖတ်သီ ဖရိုဖရဲဝတ်ထားသည့် ဆေးရုံအကူဝန်ထမ်း၊ တပ်သားစန်းယုက ဂဏှာမငြိမ်ပြဒလက်ခတ်နေသည်။ ဆေးရုံအုပ်ကြီး ဗိုလ်မှူးဆရာမောင်တူး (ခ) တူးတူးနှင့် အိုက်ဆွေ နှစ်ကောင်သားတို့ကလည်း ပြုံတော့မည့်မိုးလို မျက်နှာကြီးတွေ မည်းလို့၊ အင်း - မဟုတ်ခါမှ လွဲရော့။

သို့ဖြင့် - ထောင်တွင်းပျော် ခွေးတစ်အုပ်တစ်သင်းကြီးကို ရှင်းရင်း တစ်နေ့ခင်းလုံး ဖတ်ဖတ်မော။

"ဩော် - ထောင်မှူးရဲ့ အလုပ်ဆိုတာထဲမှာ ခွေးတရားစီရင်တာလည်း ပါလိုက်သေးသကိုး" ဟုသာ ကိုယ့်အဖြစ်ကို ကိုယ် မချိပြုံးလေး ကြိတ်၍ ပြုံးလိုက်မိရသေးသောဟူ၏။

⍟

"ဆရာရေ"

"ဗျာ ရေ"

"ဗျို့ - ဆရာ"

"ဟ - ဘာလဲဟ၊ နင့်မေလွှားတဲ့၊ ဒီက ထူးနေတာကိုဖြင့် မကြားဘဲ နားပင်းကိုးကန်းနဲ့။ ကဲ - ကဲ - ဘာတုံး"

"ထောင်ကျအိပ်ထောင်နဲ့ အချုပ်ဆောင်တွေဘက်က အဖြူနဲ့ ဘောလုံးသမားဘိန်းစားစာရင်းတွေ၊ ကယ်ရီ ကိုကိုတွေရဲ့သတင်းတွေ တော်တော်ကလေး တိတိကျကျ သိခဲ့ရပြီ - ဆရာ။ တကယ့်ဖော်တွေ၊ ထိတ်တွေပါပါနေတယ်။ တစ်စ ဆွဲလိုက်ရင်တော့ တစ် ထွေးတစ်လုံးကြီးပဲ ပါလာလိမ့်မယ် - ဆရာရေ့"

"ဟေ - တကယ်"

"ဟုတ်ပါတယ် - ဆရာရဲ့။ ပင်မ မိန်း (Main) ကတော့ ဆေးရုံဆောင်က ဆရာစန်းယုပဲ။ မောင်တူးရယ်၊ အိုက်ဆွေရယ်၊ ရှမ်းတရုတ်ကလေး ရှောက်ရော်ရယ်က

www.burmeseclassic.com

www.burmeseclassic.com

အဓိက ဖြန့်ချိရေးသမားတွေ။ ပစ္စည်းကို တရုတ်တန်းက ဒိုက်ဆွေရဲ့မရီး အားယန်က ဆရာစန်းယုအိမ်အထိ အရောက်လာလာပို့ပေးနေတာတဲ့"

"သေချာရဲ့လား - မြွေပွေးကြီးရယ်၊ နင့်ဟာက"

"ဟာ - ဆရာကလည်း ခက်တော့နေပါပြီ။ ကျွန်တော်ရယ်၊ မိုးကျရွှေကိုယ်ရယ်၊ ငရှိရယ်၊ ကံလှနဲ့ အငယ်လေးရယ်၊ တစ်ထောင်လုံးမွှေထားရတဲ့ဥစ္စာ။ ပြီးတော့ - ဆရာ့သူငယ်ချင်း ဟိုမှုးယစ်ရဲကြီးက ဦးနှောက်ပြေးလိုက်ချက်တော့ လက်လန်ခြေခွင်ပဲ - ဆရာရေ့။ သူကပဲ ကျွန်တော်တို့ကို ဟို့နယ် ဒီနယ် ခွင်ချပေးပြီး ခြေရာကောက်နိုင်းနေတာ။ သူတွက်တဲ့အတိုင်း တန်းခနဲချည်းပဲ။ ကွက်တိ၊ ကွက်တိ"

"ငါ့သူငယ်ချင်း အောင်စိုးကြီးလား"

"ဟုတ်ပါ့ - ဆရာ"

"နင့်ဘိုးအေတဲ့မှ၊ ပြော - ပြောတတ်ပလေ။ အထူးမှုးယစ်က တကယ့်ကိုးတောင်ကျားကြီး ဖြစ်ခဲ့ဖူးပါတယ်ဆို။ တစ်ကွက်မှားတဲ့ကျားကြီး - ဟဲ့ကောင်ရဲ့။ စီးကရက်ကနေ ဘဝပျက်ခဲ့ရရှာတာ"

"ဩော် - အဲသလိုကြီးလား"

"ကဲပါ - သူ့ကိစ္စ အသာထားပါဦး။ ငါတို့က ပစ္စည်းတွေကို ဒင်းခနဲ လက်ပူးလက်ကြပ် အပိုင်ဖမ်းနိုင်ခဲ့ပြီဆိုရင် အဲဒီ ဖိုးငနဲ ဆေးပြားငတိ၊ ကယ်ရီပွဲစားတွေ အကုန်လုံးကို ကွိခနဲ ဆွဲစေ့နိုင်အောင်သာ မျက်စိပြူးပြီး စောင့်ကြည့်ထား၊ ကြားလား - ဟဲ့ကောင်"

"စိတ်ချစမ်းပါ - ဆရာရယ်။ ဆေးရုံ ဆောင်က ခွေးတွေ အကုန်လုံးကို ထောင်အပြင် ထုတ်ပစ်လိုက်တော့ သင်းတို့ရဲ့လမ်းကြောင်းကြီး ပျောက်သွားလို့ အဲဒီအကောင်တွေ ပစ္စည်းပြတ်၊ ယဉ်းကပ်ပြီး အိမ်မြှောင်အမြီးပြတ် ဖျတ်ဖျတ်လူးဖြစ်နေကြပြီ။ ရှစ်ရှစ် ဒိုးဒိုးဒန့်ဒန့်နဲ့၊ မီးစိမ်းပြလိုက်ပြီဆိုတာနဲ့ ဖားကောက်သလို အသာကလေး ဖမ်းကုပ်ပစ်လိုက်ရုံပဲ - ဆရာ"

"ကောင်းမှကောင်းပေ့။ မင်းတို့ကတော့ တကယ့်မောင်တွေပဲ"

"အဲ - အငှာလေ၊ ဆရာ့တပည့်တွေကိုး - ဆရာရဲ့၊ ဟဲ - ဟဲ - ဟဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် - ငါ့ရှီးတဲ့မှပဲ"

"ဟား - ဟား - ဟား"

☆

"သူငယ်ချင်းရေ"

"အေး - ရဲကြီး၊ ပြော - သူငယ်ချင်း"

"နပ်ဘီလူးက မှာလိုက်တယ်"

"အေးဟ - ဒီမောင်တွေ ပစ္စည်းပြတ်နေကြပြီ။ ယဉ်းကပ်တဲ့သူတွေက မဟာ၊ တရားဖြစ်နေကြတော့ မျက်ကန်းတစ္ဆေမကြောက် စွတ်ရွတ်လုပ်ကြလိမ့်မတဲ့"

"ဟော"

"အဲဒါ၊ ဒီကနေ့ညနေ ရုံးထုတ်ရုံးပြန် လမ်းကြောင်းကားတွေအဝင် အချုပ်ရုံးပြ တွေနဲ့ အတူတူ သူတို့ ပစ္စည်းပစ္စယတွေထဲမှာပဲ ဝှက်လာကြမှာလား၊ ဘယ်လို တုန်း"

"မဟုတ်ဘူး - ဆရာ"

"ဟင် - ဒါဖြင့် - ဘယ်လို"

"ဒီလိုတဲ့ - ဒီလို - ဒီလို"

"ဟော - လာပြန်ပြီ - ဒီလို - ဒီလို"

ထိုသည့် "ဒီလို - ဒီလို" သံတွေ ကြားရတိုင်း ကျောချမ်းပြီး အူစတွန့်လှချည့် ကိုင်း - သည်တစ်ခါလည်း လာပြန်ချေပေါ့ - ဒီလို - ဒီလို။

"ဟူး - သောက်ခွေးတဲ့မှပဲ - ဒီလိုဒီလို"

☆

"ဟဲ့ - ဟဲ့ခွေး - ဟာ - ဒီခွေးတွေက ဖွတ်ကြီး တိုးပြီး စွတ်ရွတ်ဝင်လာတော့တာပဲ ဟဲ့ - ဟဲ့ကောင် ရမ်ဘို၊ အာနိုး ပြန်ထွက်စမ်း၊ ရှူး - ရှူး - ရှူး"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါစန်းယုရဲ့-ခွေးတွေပဲဟာ၊ထောင်ပိုင်လေးနဲ့ဆရာဦးဇော်မြင့်တို့ကဟိုးနေ့ကပဲ ဆေးရုံဆောင်ကနေ အပြင်ကို ထုတ်ပစ်ထားတာ၊ အဝင်မခံကြနဲ့၊ ပြန်မောင်းထုတ်၊ ပြန်မောင်းထုတ်"

"ဟဲ့-ဟဲ့၊ ရှူး-ရှူး"

ထောင်ဘူးတံခါးကြီးအတွင်း၌ ခွေးသုံးကောင်နှင့် ပွက်လောလန်နေသည်၊ သည်ခွေးသုံးကောင်က အမှတ်(၈)နယ် မြေရုံးပြန်ကားအဝင်၊ ရုံးပြန်အချုပ်သားများနှင့်အတူ တိုးတိုးဝှေ့ဝှေ့ ဖွတ်အတင်းဝင်လာကြခြင်းဖြစ်၏၊

"ဟေ့-ဟေ့-နေကြဦး-နေကြဦး"

"ဗျာ-ဆရာ"

"အဲဒါ-ဟိုအကောင် စန်းယုရဲ့ခွေးကြီးတွေ မဟုတ်လား"

"ဟုတ်"

"ဟ-ဟ-အပြင်ကို မထုတ်ပစ်လိုက်ကြနဲ့၊ ထောင်ပိုင်လေးရဲ့ရုံးခန်းထဲကို ဆွဲခေါ်ခဲ့ကြ၊ လာ-လာ"

"ခင်ဗျာ"

"ရော်-ထောင်ပိုင်လေးရဲ့ရုံးခန်းထဲကို ဆွဲခေါ်လာခဲ့ကြပါဆိုမှပဲ မင်းတို့ကလည်း အူတိအူလည်နဲ့ ..."

"ဟုတ်ကဲ့-ဟုတ်ကဲ့"

"တံခါးမကြီး ဆရာကြီး အဘ ဦးထွန်းမြင့်ရေ-ထောင်မှူးကြီးကို သတင်းပို့ပေးပါဦး၊ ခွေးတွေ ဝင်လာပြီလို့၊ ပြီးတော့-ခဏနေ ညကင်းအဖွဲ့တွေ ဂျူတီဝင်လာကြတဲ့အခါ ဟိုကောင် စန်းယု ပါလာလိမ့်မယ်၊ သူ့ကို ထောင်ပိုင်လေးရဲက ရုံးခန်းထဲကို ခေါ်လာခဲ့ပေးနော်-ဆရာကြီး"

"ဟုတ်ကဲ့-ဆရာ"

ခွေးကြီးသုံးကောင်က ထောင်ပိုင်လေး၏ ရုံးခန်းထဲမှာ ငုတ်တုတ်၊ ထောင်ပိုင်လေး၊ ထောင်မှူးကြီး၊ တံခါးထောင်မှူး၊ ဂါတ်စာရေးကြီးနှင့် ကျွန်တော်၊ အားလုံးရှိတစ်အုပ်ကြီးက ခွေးသုံးကောင်ကို ဝိုင်းလို့၊

www.burmeseclassic.com

"ဂါတ်စာရေးကြီးရေ - ခွေးလည်ပတ်တွေကိုဖြုတ်ပြီး ကြမ်းခင်းပေါ် ပစ်ချပေး လိုက်စမ်းဗျာ။ ကဲ - တံခါးထောင်မှူး ဆရာဦးထွန်းဟန်က အဲဒီလည်ပတ်တွေကိုအပြီး ပြန် ခေါင်းပြန်သာ တလာစီပေတော့။ တစ်ခုခုတွေ့ရမှာ သေချာပေါက်ပဲ"

"အံ့မယ်မယ် - ကိုယ့်လူက ဘယ်အချိန်မှာ ဦးဖွအပ်ချလောင်းဘိုးတော်ဖြစ်သွား လိုက်ရပြန်တာတုန်း။ အပ်ကျမပ်ကျကြီးပြောလို့"

"ကဲပါ - ဆရာကြီးရယ်၊ ရှာမှာသာရှာစမ်းပါ၊ အချိန်တန်တော့ နွားပိန်ကန်လိမ့် မပေါ့"

ခွေးကြီးရမ်ဘို၏လည်ပတ်က အလျင်ပြုတ်ကျလာသည်။

"ဟင် - ဟယ် - ဟာ - အို"

အံ့အံ့အဲအဲ အသံတွေပြိုင်တူထွက်လာကြ၏။ မထွက်ခံနိုင်ပါရိုးလား။ လည်ပတ် အတွင်းသားကို ကပ်လျက်ချုပ်ထားသည့် သားရေတု လယ်သာအိတ်ကလေးများ၊ အစီ အရီ၊ အိတ်တွေက ဖုဖုဖောင်းဖောင်း။

"အိတ်တွေကို ဓားနဲ့ ခွဲလိုက်စမ်း ဗျာ"

"ဟုတ်ကဲ့ - ထောင်ပိုင်လေး"

"အဲ - အဲ - ဘိန်း - ဘိန်းဖြူမှုန့်တွေ"

"ဟင် - ဒါတွေက စိတ်ကြွဆေးပြား တွေပဲ"

"အိုး - အိုး"

ပလတ်စတစ်အကြည်အိတ် ကလေးများဖြင့် ထုပ်ထားသည့် ဘိန်းဖြူဟု ထင်ရ သော အဖြူမှုန့်ကလေးများ။ စိတ်ကြွဆေးပြားဖြစ်တန်ရာသည့်ဆေးပြားထုပ်ကလေး တွေ၊ ဟောတစ်ထုပ်၊ ဟောတစ်ထုပ် တဖုတ်ဖုတ် ပြုတ်၍ကျ၍လာသည်။

"အလိုလေး - ဒီနစ်ကောင်ရဲ့လည် ပတ်တွေမှာလည်း ထိုနည်းလည်းကောင်း တွေချည်းပါပဲလား ခင်ဗျာ။ ဒီကောင်တွေ ဒီပစ္စည်းတွေကို ဒီခွေးတွေသုံးပြီး ဒီနည်း နိုးသွင်းနေကြတာကိုး"

"အဲဒါ - ခင်ဗျားတို့တံခါးက ရှာဖွေရေးညံ့လို့၊ စနစ်မကျလို့၊ စေ့စေ့စပ်စပ် မရှိလို့ ပေါ့ - ဦးထွန်းဟန်ရဲ့၊ ထောင်ဆိုတာမျိုးဟာ ခွေးတစ်ကောင် ကြောင်တစ်မြီး ဝင်မရ

www.burmeseclassic.com

ဝင်မဖြစ်တဲ့အရပ်ပဲ၊ အခုတော့ ခင်ဗျားတို့လုပ်ပုံက ထောင်ထဲမှာ ခွေးဂေဟာ ဖွင့်ထားရတယ်လို့၊ ကိုယ့်သေတွင်း ကိုယ်တူးနေကြတာလေ၊ ဗွီ – ပြော မပြောလိုက်ချင်ဘူး"

အရေးထဲ ထောင်ပိုင်လေးက ဒေါ်ဖောင်းနှင့် ဖွတ်ဖိုကြိမ်းနေပြန်တော့သည်၊

"ကဲ – ဒီအခြေဆိုက်မှဖြင့် ဟိုအကောင် စန်းယုကိုသာ အမိအရဖမ်းကြပေတော့၊ တံခါးကို လာတဲ့အထိ စောင့်မနေနဲ့၊ လိုင်းထဲအထိ လိုက်ဆွဲကြ၊ ထောင်မှူးကြီးနဲ့ တာဝန်မှူးက အဲဒီတာဝန်ကိုယူ"

"ဟုတ်ကဲ့"

"ဟော – ဦးထွန်းမြင့် – ဘာတုံး၊ စန်းယုတစ်ကောင် ဘူးတံခါးထဲ ရောက်လာပတဲ့လား၊ ဟုတ်လား"

"ဟို စန်းယုတို့ လင်မယားတစ်တွေ လစ်ပြေးကုန်ကြပြီတဲ့ ထောင်ပိုင်လေး"

"ဗျာ"

"တံခါးတွေမှာ သူ့ခွေးကြီးတွေကိုဖမ်းပြီး တလာစီနေတာကို သတင်းအနံ့ရသွားပုံပေါ်တယ်၊ ထောင်ဝင်စာလာ တွေ့တဲ့ကားနဲ့ သူတို့သံသေတ္တာတွေ၊ အထုပ်အပိုးတွေကိုပါတင်ပြီး ပြေးကြ ပြီတဲ့ လိုင်းမှူး၊ ဒုတပ်ကြပ်သန်းဦးက လာသတင်းပို့ပါတယ်"

"သေဟဲ့ – နန္ဒိယ၊ လထွက်ကို မွတ်ကရောပ လကွာ – ဟူး"

ထောင်ပိုင်လေးသည် သူ့နဖူးကြီးကို သူ ဖြန်းခနဲ ပိတ်ရိုက်ပစ်လိုက်၏၊ ကြိမ်ကုလားထိုင်ကြီးပေါ်သို့ စိတ်ပျက်လက်ပျက် ပျော့ပြဲပြဲကြီး ထိုင်ချလိုက်တော့သည်၊

☆

ဤသို့ဖြင့်၊

ထောင်ထဲသို့ ဆီလို အပေါက်ရှာပြီး ဝင်နေတတ်သည့် ဘိန်းမည်းများကို ဆီးဆို့ဟန့်တားနိုင်ခဲ့ပါ၏၊ တစိမ့်စိမ့်လျှို့ဝင်လာနေသည့် ဘိန်းဖြူနှင့် စိတ်ကြွဆေးပြားလမ်းကြောင်းကိုလည်း အမြစ်ပြတ် ဖြတ်တောက်သုတ်သင်နိုင်ခဲ့ပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com

အသားထဲက လောက်၊ ဝန်ထမ်းသစ္စာဖောက်စန်းယုကိုလည်းကောင်း၊ ထောင်ကျတန်းကျ ဘဝပိတ်ပိတ်တုံးနေရသည့်တိုင် ခွေးမြီးကောက် မဖြောင့်နိုင်ကြသေးသည့် အိုက်ဆွေ၊ မောင်တူး၊ ရောက်ရော်တို့ကိုလည်းကောင်း၊ ထောင်ကိုပင်လျှင် ပစ်မှတ် ဈေးကွက်ကြီးတစ်ခုပမာ ညာကာကစားလာသည့် မူးယစ်ကုန်သည် အားယန်တို့လူတစ်သိုက်ကိုလည်းကောင်း ဥပဒေလက်အတွင်းသို့ ဖိကုပ်၍ လက်ရအပ်နိုင်ခဲ့သည်။

"ကံသီပေလို့ဗျာရေ့။ နို့မဟုတ်ရင် အိပ်ရာလိပ်ပြင်ပြီး နတ်ထွက်စာပဲ ရေးတင်ရဦးတော့မလိုလို၊ တော်သေးလို့၊ ဟဲ-ဟဲ-ဟဲ"

ယခုမှသာ ရယ်ပွဲဖွဲ့နိုင်ရှာသည့် ထောင်ပိုင်လေး ဦးထွန်းလှစိန်ခမျာ လားရှိုးကြီးကို ပြေးဖို့အရေး သူ့အိတ်ကပ် သူစမ်းရင်း မျက်စိပေါက်ပိတ်မတတ် ဖြီးတီးတီးကြီးလုပ်နေရာမှ -


"ညာကဲညာကဲချင်း ယှဉ်လိုက်ရင် ကိုယ်က ဦးနှောက်တစ်လုံး အမြဲသာနေစေမယ်၊ ကြားလား။ သုံးသုံးလီ တစ် ဆယ်ဖြစ်ချင်ဖြစ်သွားပစေ။ သုံးသုံးလီခြောက်တော့ ဘယ်တော့မှ မဖြစ်ကြစေနဲ့။ ကိုယ်အုပ်ချုပ်တဲ့ အကျဉ်းသား အချုပ်သားတွေက ကိုယ့်ကို တာပေါ်ရေလျှံ လာလုပ်တာမျိုးကို ဘယ်တော့မှ မခံရစေနဲ့" တဲ့။

ဟုတ်ကဲ့၊ ထောင်ဘူးတံခါးကြီးအတွင်း၌ ညဂျူတီဝင်ဖို့ ရောက်နေကြသည့် ညကင်းဝန်ထမ်းများအား ဩဝါဒမြွက်ကြားပဒေသာပင် (Briefing) သီးနေလိုက်ခြင်း ဖြစ်ကြောင်းပါ ခင်ဗျား။

⇒ ဇေယျမင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com



# ဒဂုန်ရွှေမျှား

# ထူးတစ်ထွေ

ထူးတစ်ထွေ

www.burmeseclassic.com

www.burmeseclassic.com


# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရသင်း(သမင်ဖြူ)

LEUCODERMA

---

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နက်ကွက်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

---

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

---

သရာဦးခင်မောင်မြင့်(မြင့်စေတနာဆေးတိုက်)

အမှတ်(၃)၊ ပိတောက်ရိပ်မြိုမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ

အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ငါးပြေမကို ဖမ်းမိရာမှ တောင်းထဲမထည့်ဘဲ
ပါးစပ်နှင့် ကိုက်ဖမ်းရာမှ ...

ဒီနေ့သည်ကြွက်နီအတွက်အားလပ်သောနေ့တစ်နေ့၊ အဘိုးဖြစ်သူ အဘညက်သည် ငါးသလောက်ပိုက်မှ ပေါက်ပြဲနေသည့်နေရာများကို အိမ်ရှေ့မန်ကျည်းပင်အောက်တွင် ဖာထေးနေ၏။

ကြွက်နီ၏ညီမ ပူတူးမက အဘညက်ကို ကူညီပြီး ရှုပ်ထွေးနေသော ပိုက်များကို ရှင်းလင်းပေးနေ၏။

မန်ကျည်းပင်အထက်မှ တောကျီးကန်းတစ်ကောင်သည် ပျင်းရိလေးတွဲ့စွာ တအာအာနှင့် အော်မြည်နေသည်။

"ဟေ့ - ကြွက်နီ - ကြွက်နီ - ငါဆောင်းလိုက်မလားဟေ့"

အိမ်ရှေ့မှ လှမ်းခေါ်လိုက်သော အသံကို ကြားကတည်းက တက်ပု၏အသံမှန်း ကောင်းကောင်းသိသည်။

ဘယ့်နှယ် မသိပဲနေနိုင်ပါမည်နည်း။

မွေးကတည်းက အတူပေါင်းသင်းလာသည့် တစ်ရပ်တည်းသား ငယ်သူငယ်ချင်းတွေကိုး။

ထွေခင်းဖက်၊ ဒိုးပစ်ဖက်၊ လေးခွပစ်ဖက်။

ဒါပေမဲ့ - ဒီကောင်နှင့် တယ်ပြီး အလုပ်မလုပ်ချင်။

တက်ပုက ဘာအလုပ်မဆို အလွန် ဖြစ်ကတတ်ဆန်း အလျင်စလို လုပ်တတ်သည်။

ကြည့်ပါ။

ယမန်နှစ် မိုးတွင်းက ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြွက်နီနှင့် တက်ပုတို့ လယ်ကွင်းဆင်းပြီး ပုစွန်လုံးရှာသွားကြသည်။

သူတို့အဖို့ ပုစွန်လုံးကို ဆားကလေး နှင့်လူးပြီး နီနေအောင် ကျွတ်ကျွတ်ကလေး ဖုတ်လိုက်ပါက ဟင်းတစ်နပ်စာတော့ ရသည်။ အဆာပြေလည်း စားလို့ ရသည်။

အခါတိုင်း လယ်ထွန်ချိန်ဆိုလျှင် ထွန်တုံးနောက်က လိုက်ရှာရုံနှင့် ပုစွန်လုံး တစ်ဟင်းစားတော့ အလွယ်ကလေးရသည်။

တက်ပုနှင့် ကြွက်နီတို့ ပုစွန်လုံးရှာသည့်အချိန်က လယ်ထွန်ချိန်ပင် လွန်နေပြီ၊ ကောက်ပင်တို့ပင် တစ်တောင်ခန့် ရှိနေပြီ။

သည်တော့ ကန်သင်းရိုးဘေးမှ ပုစွန်လုံးတွင်းများကို လိုက်နှိုက်ရှာမှသာ ရှိသည်။

ပုစွန်လုံးတွင်း၏ ကျစ်စာများအပေါ်မှ ပုစွန်လုံးခြေရာကလေးများ တွေ့သည်နှင့် တွင်းကို နှိုက်လိုက်လျှင် ပုစွန်လုံးတစ်ကောင်တော့ ရစမြဲ။

တစ်ခါတစ်ခါ ခြေရာပင် ကြည့်ရန်မလို၊ ဖမ်းသူရောက်မှ စုပ်ခနဲ ငုပ်သွားသော တွင်းဝတွင် ထွက်နေတတ်သည့် ပုစွန်လုံးများကလည်း အများအပြား။

မိလိုက်သော ပုစွန်လုံးသည် လက်မှ တကားကား၊ ပါးစပ်မှ အမြှုပ်တစီစီဖြင့် သူ့တွင်ရှိသော အင်အားရှိသမျှနှင့် ရန်သူလူသားကို ခုခံတတ်သည်။ မိသည့်နေရာကို စွဲစွဲမြဲမြဲ သူ၏ လက်မဖြင့် ညှပ်၏။ ညှပ်မိလျှင် အတော်တော့ နာသည်။

ထို့ကြောင့် ပုစွန်လုံးကို ကိုင်လျှင် အရမ်းကိုင်၍မရ။

လက်မနှင့် လက်ညှိုးနှစ်ခုကို အသုံးပြုပြီး ပုစွန်လုံး၏ လက်မနှစ်ဖက်အပေါ် ကျောခွံစောင်းကို ကိုင်လျှင် ဒီကောင်တွေ ဘာမှမတတ်နိုင်တော့။

ပုစွန်လုံး၏ အောက်ပိုင်းဗိုက်သား ကိုလှန်ကြည့်လိုက်လျှင် အထီးအမကိုလည်း ခွဲခြားသိနိုင်သည်။

ပုစွန်လုံးတိုင်းတွင် လက်မနှစ်ခုနှင့် တစ်ဖက်လေးချောင်းစီရှိသော ခြေထောက်ရှစ်ချောင်းရှိကသည်။ အောက်ဆုံးခြေချောင်း၏အလယ်ဗိုက်သားတွင်အဖတ်တစ်ခုရှိသည်။ ထိုအဖတ်က ပုဝိုင်းဝိုင်းရှိလျှင် ပုစွန်လုံးအမ၊ သားပေါက်လာလျှင် ပုစွန်လုံးကလေး အများအပြားကို ဤအဖတ်ကြားတွင် ထားသည်။

ရှည်လျားလျား၊ အဖျားသွယ်သွယ် အဖတ်ဆိုလျှင်တော့ ပုစွန်လုံးအထီး။

ထိုအဖတ်ကိုလှန်ပြီး လက်မနှင့် အတွင်းသို့ ထိုးလိုက်လျှင် ပုစွန်လုံးချော တစ်ချက်တည်း ကိစ္စချောသည်။

ပုစွန်လုံးအမက အထီးထက် ပိုဆူသည်၊ ပိုပြီးစားကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

အားရဝမ်းသာပင် တက်ပုက
လှမ်းပြောလိုက်သည်။
ထို့နောက် ဖမ်းမိသောငါးမြေမကို
ကြိုးနှင့်မသီ၊ ပါးစပ်ဖြင့်
ဖမ်းကိုက်လိုက်ပြီး ငါးရံ့ကိုဖမ်းရန်
ဆောင်းအဝသို့
လက်လျှိုလိုက်ပြန်သည် ...



အဲ - လတ်လတ်ဆတ်ဆတ် စားချင် သပ်ိဆိုလျှင် အိမ်ရောက်မှစားရန် အရှင်လည်း ယူသွားချင်သည်။ လမ်းတစ်လျှောက်တွင် ပုစွန်လုံးက ကိုယ့်ကိုလည်း ရန်မမူစေချင်ပါက ပုစွန်လုံးကို ထူးခတ်ရမည်။ လက်ထိတ်ခတ်ရမည်။

ပုစွန်လုံးကို ခတ်ရန် လက်ထိတ်တော့ မလိုပါ။

နည်းနည်းတော့ ရက်စက်ရန် လို သည်။

ပုစွန်လုံး၏အောက်ဘက်ခြေရှစ်ချောင်းအနက် ခြေနှစ်ချောင်း၏အဖျားကလေးများကို ချိုးလိုက်ပါ။

ပုစွန်လုံး၏လက်မတွင်ညှပ်ရန် ပြုတ်တူကဲ့သို့ နှစ်ခုအနက် တစ်ခုက လှုပ်ရှားမရသောအသေ၊ တစ်ခုက အရှင်။

ကတ်ကြေးကဲ့သို့ နှစ်ဖက်သွား ပြိုင်တူညှပ်သည်မဟုတ်၊

လှုပ်ရှား၍ရသော အရှင်တစ်ခုက လှုပ်ရှား၍မရသောအသေဘက်သို့ ဖိ[illegible]ပြီး ညှပ်ခြင်းဖြစ်သည်။

ထိုအရှင်လှုပ်ရှားသည့်လက်မနှင့် လက်မကြီးအကြား အသား[illegible]ပေါ်နေသည့် အပိုင်းကြားသို့ ချိုးထားသော ပုစွန်လုံးခြေသည်းဖျား ဆူးချောင်း[illegible]လေးကဲ့သို့သော

www.burmeseclassic.com

အရာကို သပ်လျှိုသလို ထိုးထည့်ပြီး လျှိုထားလိုက်ပါက လက်မများ ညှပ်၍မရတော့။

ဒါကို ပုစွန်လုံးဖမ်းနေကျလူတိုင်း သိသည်။ အလွန်လည်းလွယ်ကူသည့်အလုပ်ဖြစ်သည်။

ထိုကဲ့သို့ လွယ်ကူသည့်အလုပ်ကိုပင် တက်ပုက မလုပ်ချင်။

ပြီးကပစ်လုပ်ပြီး ဖမ်းမိသည့်ပုစွန်လုံးကို ပုဆိုးစခါးပုံထဲတွင် ထုပ်ထားတတ်သည်။

"အမလေး – ဗျ – အမလေး"

နာလွန်း၍ရှုံ့မဲ့ကာ အော်လိုက်သော တက်ပု၏အသံကိုကြားမှ ကြွက်နီက လှည့်ကြည့်လိုက်သည်။

လား – လား – ပုစွန်လုံးတစ်ကောင်က တက်ပု၏ခါးပုံစအကြားမှထွက်ပြီး တက်ပု၏ ဝမ်းဗိုက်ကို အားရပါးရ ညှပ်ထားပေသကိုး။

ဤမျှဖြစ်ကတတ်ဆန်းလုပ်တတ် သည့် တက်ပု။

သူနှင့်အတူ ပိုင်းပိုက်မဆွဲနှင့်၊ လယ်ကြွက်မလိုက်နှင့်၊ လွတ်သွားလျှင် တက်ပုဘက်ကဖြစ်ကြောင်း၊ ပေဒင်မေးစရာမလို။

ဟော – ယခုလည်း "ဟေ့ – ကြွက်နီ ငါးဆောင်းလိုက်မလား" တဲ့။

⊛

"တက်ပု – ဘယ်သူတွေ ပါသေး သလဲကွ"

တက်ပုကို မြင်လျှင်မြင်ချင်း ကြွက်နီ က မေးလိုက်၏။

တက်ပု၏လက်တစ်ဖက်တွင် ဆောင်းတစ်ခုကိုကိုင်ထားသည်။ ဖဲထီးသံချောင်းချွန်၏နဖားပေါက်တွင်ကြိုးတပ်ပြီး တက်ပု၏ခါးတွင် ပတ်ထားသည်။ ဖဲထီးသံချောင်းကိုတော့ ပုဆိုးကြား၌ ထိုးထား၏။

ဤဖဲထီးသံချောင်းနှင့် ကြိုးကား၊ ဆောင်း၍ရသောငါးများကို တွဲချိတ်ရန် ဖြစ်သည်။ ကိရိယာပစ္စည်းများက အပြည့်အစုံ။

တက်ပုက ကြွက်နီကို ပြန်ပြော လိုက်သည်။

"ငါရယ်၊ ငချွေးရယ်၊ တောက်ထွန်းရယ်၊ မင်းပါဆိုရင် လေးယောက်ပေါ့ကွ"

"ဘယ်မှာ သွားဆောင်းမှာလဲ"

"ဂုံမင်းကျောင်းဘေးက ရေကန် လေကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပြီ။ ဒီကန်မှာ ငါးရံ့တော်တော်ပေါသည်။ အခြားငါးများလည်း ရှိသည်။ ဒါပေမဲ့ - ငါးရံ့က ပိုများပြီး အကောင်လည်း ကြီးသည်။

ပြီးတော့ - ကိုယ်ရကိုယ်ယူစနစ်မို့ ဖြစ်ကတတ်ဆန်းလုပ်တတ်သော တက်ပု အတွက်လည်း စိုးရိမ်စရာမလို။ ပြီးကပစ်လုပ်လျှင် သူ ငါးမရရုံမျှသာ ရှိမည်။

သည်လိုရေကန်မျိုးက တစ်ယောက်တည်းသွားဆောင်းရန် မလွယ်။ ကန်ကကြီးပြီး ကန်တစ်ပြင်လုံး ဖုံးနေသည့် ကန်စွန်းပင်၊ ထိကရုန်းပင်၊ ကြာပင်နှင့် ဗေဒါပင်များကို ရှင်းရဦးမည်။

ရှင်းပြီးမှ ပေါင်လယ်လောက် ရေအနက်ရှိ ကန်အတွင်းမှ ငါးများကို ဆောင်းယူရန် ဖြစ်သည်။

ငါးဆောင်းသည် ဆိုသည်မှာ ကြက်မကြီးမှ ကြက်ကလေးများ ပေါက်လျှင် ဝပ်ကျင်းမှ ကြက်သားအုပ်မကြီးကိုထုတ်ယူပြီး ခေတ္တအုပ်ထားသည့် ဝါးအုပ်ဆောင်းမျိုးဖြင့် ဖမ်းဆီးခြင်းဖြစ်သည်။

"ဆောင်း" ကို ဝါးနက်ဝါးမျိုးဖြင့် တစ်လက်မခန့် အကြဲရက်လုပ်ရသည်။ အောက်ဘက်အဝမှာ လက်တစ်ဖက်ခန့်ကျယ်ပြီး အထက်သို့ တဖြည်းဖြည်းရှူး၍ အထက်ဘက်အဝမှာ ထွာဆိုင်ခန့် ကျယ်သည်။ အနားတစ်လျှောက် ခိုင်ခံ့ရန် ကြိမ်ကြိုးများဖြင့် ကွပ်ထားသည်။

ထိုဆောင်းဖြင့် ရေထဲတွင် နေရာအနှံ့ လိုက်လံအုပ်ခြင်းကို "ဆောင်း သည်" ဟု ခေါ်၏။

ယင်းသို့ လိုက်လံအုပ်ပြီး ဆောင်းအတွင်း၌ ငါးမိနေလျှင် အလန့်တကြား ငါးက ဟိုတိုး၊ သည်တိုး၊ ဆောင်းကို လိုက်တိုးလိုက်သည်နှင့်တစ်ပြိုင်နက် ဆောင်းသူက ငါးခေါင်းနှင့် ဆောင်းနံရံ ထိသံကြောင့် ငါးမိနေကြောင်း သိရသည်။

ထိုငါးကို ဆောင်းအဝမှ လက်လျှိုပြီး ဖမ်းရခြင်းဖြစ်သည်။

အများအားဖြင့် ငါးရှ၊ ငါးရံ့၊ ငါးပတ်နှင့် ငါးပြေမ စသည်တို့ကို မိတတ်သည်။

ယခုလည်း ဂုံမင်းကျောင်းဘေး ရေကန်သို့ ငါးသွားဆောင်းရန် တက်ပုက လူစု နေခြင်းဖြစ်သည်။

တက်ပုသည် ကြွက်နီကို မခေါ်မီကတည်းက ငခွေးနှင့် တောက်ထွန်းတို့ကို လည်း ပြောထားပြီးဖြစ်၏။

ကြွက်နီသည် ပိုက်ဖာနေသော အဘိုးဖြစ်သူ အဘညက်အား မှမ်းကြည့်လိုက် ပြီး -

www.burmeseclassic.com

www.burmeseclassic.com

"အဘ - ကျွန်တော် တက်ပုတို့နဲ့ ဂုံမင်းကျောင်းကန်မှာ ငါးဆောင်းလိုက်သွားဦးမယ်"

"မင်းသွားရင် ဘယ်ဆောင်းကို ယူသွားမှာလဲ"

အဘညက်က မြေးဖြစ်သူ ကြွက်နီအား မေးလိုက်၏။

"နောက်ဘက် ကျပ်ခိုးစင်ပေါ်က ဆောင်းကို ယူသွားမယ် - အဘ"

"အေး - မင်းတို့ဆောင်းမယ့် ရေကန်က ငါးရုံကြီးတွေ ရှိတတ်တယ်။ ဆောင်းခိုင်ခိုင်သာ ယူသွားပေ့ါ၊ မြွေပါး ကင်းပါးလည်း သတိနဲ့ ကြည့်ကြဦးနော်"

ဟုတ်သည်။

ဆောင်းမခိုင်၍ ကျိုးပဲ့ပြီး ငါးလွတ်သွားလျှင် ရင်နာစရာ ကောင်းလှသည်။

ကြွက်နီတို့အိမ်တွင် ကြက်ကလေးများ ပေါက်လျှင် အုပ်ရန် ဆောင်းတစ်ခုလည်း ရှိသေးသည်။ ထိုဆောင်းကို အိမ်အောက်မှ ဆင့်လုပ်ထားသော ဝါးယားလုံး၏အဖျားတွင် ဆွဲထား၏။

ထိုဆောင်းကို ကြွက်နီ မယူ။

ကျပ်ခိုးစင်တွင် တင်ထားသော ဆောင်းအသစ်ကို ယူသွားမည်။

၎င်းဆောင်းကို အဘညက်ကိုယ်တိုင် စိတ်တိုင်းကျ ဝါးနက်ဝါးဖြင့် ရက်လုပ်ထားခြင်းဖြစ်သည်။

ကျပ်ခိုးစင်တွင် တင်ထားသည်မှာလည်း ကြာလှပြီ။ ကျပ်ခိုးများဖြင့် ဝ၍ ဆောင်းမှာ မည်းပြောင်နေသည်။ ဝါးကို ပိုးမစားနိုင်အောင် ကျပ်ခိုးက ကာကွယ်ထားသည်။

၎င်းဆောင်းမျိုးထဲ ရောက်တဲ့ငါး၊ ပေါင်လုံးလောက်ကြီးပါစေ၊ ဆောင်းကို ကျိုးအောင် ဘယ်သို့မျှမတိုးနိုင်။

ဆောင်းကို ကြွက်နီက ကျပ်ခိုးစင်ပေါ်မှ ယူလိုက်၏။

ပြီးတော့ အိမ်ခေါင်ရင်းကျုထရံတွင် ထိုးထားသော ကြိုးတန်းလန်းနှင့် ဖဲထီးတစ်ချောင်းကို ဖြုတ်ယူကာ ကြိုးကို သူ၏ခါးတွင် ပတ်လိုက်သည်။ ဖဲထီးသံချောင်းကိုမူ ခါးကြား၌ ထိုးလိုက်၏။ ငါးဆောင်းရန် လက်နက်ကိရိယာများ ပြည့်စုံပါပြီ။

"ဟော့ - တက်ပု - ဟိုကောင်တွေ ကောကွ။ ငခွေးတို့၊ တောက်ထွန်းတို့လေ"

"သူတို့ သွားနှင့်ကြပြီ - ကြွက်နီ၊ ကျောင်းသစ်ကုန်းမှာ တို့ကို စောင့်မယ်လို့ ပြောသွားတယ်"

www.burmeseclassic.com

"ကဲ – ဒါဖြင့် – လာကွာ – သွားကြမယ်"

တက်ပုနှင့် ကြွက်နီတို့နှစ်ယောက်သား ဆောင်းကိုယ်စီကိုင်ကာ သူတို့နေထိုင်ရာ ဇလွန်ဘက်တန်းရှာမှ ကျောင်းသစ်ကုန်း ငခွေးတို့ရှိရာသို့ သွားကြ၏။

မန်ကျည်းပင်ဖေါ်မှ တောကျိုးကန်းကြီးကလည်း မပျံသေး။ တအာအာနှင့် ဖျင်းရိလေးတွဲစွာ အော်မြည်ဆဲပင် ရှိသေးသည်။

⍟

ကြွက်နီတို့ သူငယ်ချင်းလေးယောက် ရေကန်ကြီးအတွင်းမှ ကန်စွန်းပင်၊ ထိကရုန်းပင်၊ ကြာပင်နှင့် ဗေဒါပင်များကို ရှင်းလင်းပြီးပေပြီ။

ရေကန်ဘေးတွင် စုပုံတင်ထားသော အပင်မျိုးစုံနှင့်အတူ ပါလာသည့် ပိုးကောင်ကလေးများကို ဖျိုင်းအောက်တစ်ကောင်က လိုက်လံဖမ်းယူစားနေသည်။

ရေပြင်တစ်ခုလုံးမှာ ရွှံ့နှစ်အရောင်၊ နောက်ကျိနေ၏။

ရွှေဘိုတန်း ရှမ်းစုရွာဘက်ဆီမှ တိမ်မည်းညိုညိုကြီးသည် တရွေ့ရွေ့ဖြင့် အရှေ့ဘက်သို့ ရွေ့လျားနေပြီ။ မိုးသက်လေကလေးက တဖြူးဖြူး တိုက်ခတ်နေသဖြင့် သူတို့မှာ မောပန်းခြင်း မရှိလှ။

မကြာမီ မိုးဖွဲကလေးများပင် တစ်ပြိုက် နှစ်ပြိုက် ရွာကောင်း ရွာပေတော့မည်။

"ကဲ – တို့ လုပ်ငန်းစကြရအောင်ဟေ့"

ငခွေးက လှမ်း၍ ပြောလိုက်သည်။

"ဘယ်ဘက်က စဆောင်းကြမလဲကွ"

တောက်ထွန်းက မေးလိုက်၏။

"မြောက်ဘက်က စဆောင်းကြ မယ်"

ကြွက်နီက လှမ်းပြောလိုက်ကာ မြောက်ဘက် ကန်အစပ်မှ ဆောင်းကိုယ်စီကိုင်ကာ တန်းစီလိုက်ကြသည်။

မကြာပါ။

ရေထဲသို့ ဆောင်းအုပ်သံ တဗွမ်းဗွမ်းနှင့် လုပ်ငန်းစကြတော့သည်။

ဒုတ်ခနဲ ဒုတ်ခနဲဖြင့် ငါးတိုးသံ။

ကြွက်နီသည် ကာမန်းကတန်း ဆောင်းအတွင်းသို့ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းမွေး တထောင်ထောင်နှင့် ငါးပတ်ကြီးတစ်ကောင်။

ငါးပတ်မှာ ရွှံ့နှစ်ရေများနောက်ကျိပြီး အသက်ရှူမဝသဖြင့် ရေအောက်တွင်ကြာကြာမနေနိုင်။ ကြွက်နီ၏ ဆောင်းအတွင်း ရေပေါ်၌ ဟိုကူးသည်ကူး ဖြစ်နေသည်။

ကြွက်နီသည် ဆောင်းထိပ်ဝမှ လက်လျှို၍ ငါးပတ်ကြီးကို အသာပင် ဖမ်းလိုက်၏။

ပါးစပ်ဟပြဲ ဟပြဲနှင့် ငါးပတ်ကြီးမှာ ကြွက်နီ၏ လက်ထဲတွင် တလူးလူးတလွန့်လွန့်ပါလာသည်။

ကြွက်နီသည် ကျန်လက်တစ်ဖက်ဖြင့် ခါးကြားမှ ဖဲထီးသံချောင်းကို ဆွဲယူလိုက်ပြီး ငါးပတ်ကြီး၏ ပါးဟက်ထဲသို့ ထိုးထည့်လိုက်သည်။

ဖဲထီးသံချောင်းအဖျားသည် ငါးပတ်ပါးစပ်အတွင်းမှ ထိုးထွက်လာသည်။ သံချောင်းကို အဖျားမှ ဆွဲယူလိုက်သောအခါ ငါးပတ်သည် ကြိုးသီပြီး ဖြစ်သွားသည်။

ငါးပတ်ကြီးမှာ ကြိုးတန်းလန်းနှင့် ကြွက်နီ၏ ခါးတွင်ပြန်၍ပတ်ထားသောကြောင့် ကြွက်နီ၏ တင်ပါးကို သူ၏အမြီးဖြင့် တဖတ်ဖတ် ရိုက်နေသည်။ သို့သော် သူ့အတွက် လွတ်လမ်းတော့ မမြင်ပါ။

မကြာမီ ကြွက်နီ ငါးပြေမနှစ်ကောင်၊ ငါးရံ့တစ်ကောင်၊ ငါးခူတစ်ကောင် ထပ်မံရသည်။

ကြွက်နီသည် တက်ပု၊ ငခွေး၊ တောက်ထွန်းတို့ကို လှမ်းကြည့်လိုက်၏။

သူတို့၏ ခါးပတ်လယ်မှာလည်း ငါးမျိုးစုံ စီရရီနှင့်။

"ဟေ့ကောင်တွေ – လာကြပါဦး ကွ – လာကြပါဦး"

တောက်ထွန်း၏ ငယ်သံပါအောင် အော်လိုက်သံကြောင့် ကြွက်နီ၊ တက်ပု၊ ငခွေးတို့ သုံးဦးမှာ မိမိတို့ဆောင်းများကို ရေထဲသို့ ပစ်ချထားရစ်ခဲ့ပြီး တောက်ထွန်းအနားသို့ အပြေးအလွှား ရောက်လာကြသည်။

"ဘာဖြစ်လို့လဲဟေ့ – တောက်ထွန်း"

ငခွေးက လှမ်းမေးလိုက်သည်။

"ငါ့လခွေး၊ ငါးကျည်းဆူး၊ ငါ့ကို စူးသွားပြီကွ"

တောက်ထွန်းက ပြန်ပြောရင်း သူ့ညာလက်ဝါးကို ဘယ်လက်ဖြင့် ဖိထားသည်။

ရွှံ့အလူးလူးဖြင့် ပေနေသော တောက်ထွန်းမျက်နှာမှာ ရှုံ့မဲ့နေသောအခါ အရုပ်ဆိုးလှသည်။

www.burmeseclassic.com

www.burmeseclassic.com

တက်ပုက -

"အဲဒီငါးကျည်းကော မိလိုက်သေးလားကွ"

"ဒီမှာလေကွာ - ဒီမှာ - ဘာလွတ်မလဲ၊ ငါးဆူးတောင်တွေ အားလုံးချိုးပစ်ပြီး သိမ်းထားလိုက်ပြီ"

သူ့ခါးကို ညွှန်ပြရင်း တောက်ထွန်း က ရှုံ့မဲ့ပြီး ပြန်ပြောသည်။

တောက်ထွန်း၏ ခါးတွင် လူးလွန့်နေသော ဆူးတောင်များ မရှိတော့သည့် ငါးကျည်းတစ်ကောင်။

တောက်ထွန်းသည် ဒဏ်ရာရသော လက်ဝါးကို ကျန်လက်တစ်ဖက်ဖြင့် ဖိထားရင်း ရေကန်ပေါင်ပေါ်သို့ တက်လာသည်။ ထို့နောက် သူ၏လက်ဝါးကို ဖြန့်ခံလိုက်၏။

ကြွက်နီတို့သုံးယောက်က သူတို့၏ ပုဆိုးကလေးများကို အသီးသီးလှန်ပြီး တောက်ထွန်း၏ လက်ဝါးဘေး၌ ဝိုင်း၍ ရပ်လိုက်ကြ၏။

"ကဲဟေ့ - သေးပန်းကြ၊ ပန်းကြ"

ကြွက်နီ၊ တက်ပု၊ ငခွေး၏ကျင်ငယ်ရည်တန်းကလေးများသည် တောက်ထွန်း၏ လက်ဝါးပေါ်သို့ သွန်၍ ကျလာသည်။

တောက်ထွန်းက မရွံ့မရှာ၊ ကျလာသော ကျင်ငယ်ရည်များကို လက်နှင့်လိုက်ခံကာ ကျင်ငယ်ရည်ဖြင့် ငါးကျည်းစူးသောဒဏ်ရာကို လက်မနှင့် ဖိနှိပ်ပေးသည်။

ငါးကျည်းဆိပ်က အတော်နာသည်၊ တဖျင်းဖျင်းနှင့် ကိုက်သည်။

အနာသိလျှင် ဆေးရှိရမည်။

ငါးကျည်းဆိပ် ဘယ်လောက်ပြင်း ပါစေ။

ကျင်ငယ်ရည်နှင့် ထိလိုက်က အဆိပ်ပြေသည်။ ဘိုးစဉ်ဘောင်ဆက် ကုသခဲ့သော မိရိုးဖလာပွဲတွေ့ဆေးမီးတိုတစ်လက်။

မကြာမီ တောက်ထွန်း ငါးကျည်း အဆိပ်ပြေသွားသည်။

"ဟေ့ကောင် - မင်းလက်ဝါးမစူးဘဲ မျက်နှာများစူးရင် သိပ်ကောင်းမှာကွ - ဟား - ဟား - ဟား"

တက်ပုက တောက်ထွန်းကို နောက် ပြောင်လိုက်၏။

"မင်း - ကြီးဒေါ်မျက်နှာကို ငါးကျည်း စူးမှ ငါ့ကို လာခေါ်ကွ"

www.burmeseclassic.com

www.burmeseclassic.com

တောက်ထွန်းကလည်း အားကျ မခံ ပြန်ပြောလိုက်သည်။

မိုးဖွားကလေးများ တဖွဲဖွဲ ကျလာ၏။ ပတ်ဝန်းကျင်သည် မှုန်မှိုင်းနေသည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ မိုးကြိုးထစ်သံနှင့်အတူ မိုးဖွဲကလေးများ ပို၍ပို၍ ကျလာသည်။

မကြာမီ မိုးရွာပေတော့မည်။

"ကဲဟေ့ - ကဲ - ဒို့ ငါးပြန်ဆောင်းကြမဟေ့။ အတော်ကြာ မိုးသိပ်ရွာလာ ရင်"

သူတို့လေးယောက်သား ငါးများ ဆက်ဆောင်းကြသည်။

ရေကန်တွင် ငါးကျည်း၊ ငါးခူတို့၏ တစ်ချက်တစ်ချက် ထပြီးပွက်မှုကြောင့် ဂယက်ငယ် ဝိုင်းဝိုင်းကလေးများ ဟိုမှ သည်မှ ထနေသည်။

ရေကန်ပေါင်အစပ်မှ ဗျိုင်းအောက်မှာလည်း ယခုတိုင် အိပ်တန်းသို့ မပြန်နိုင်သေး။ အလွန်အလုပ်များနေဆဲ။

☆

ကြွက်နီ သည်တစ်ချက် အဆောင်းလိုက်တွင် သိမ့်သိမ့်ခါသွားအောင် ငါးက တိုးလိုက်၏။

ဒုတ်ခနဲ၊ ဒုတ်ခနဲ ဆောင်းကို ငါးခေါင်းနှင့် တိုးမှုကြောင့် ကြွက်နီသည် ဆောင်းကို မြဲမြဲကိုင်ထားရသည်။

ပြီးတော့ ဆောင်းကို ပိုမြဲရန် ရေအောက်သို့ ဖိ၍မြှုပ်လိုက်သည်။

ဆောင်းဝမှ လက်လျှို၍ ရေထဲသို့ တဖြည်းဖြည်းလိုက်စမ်း၏။

ဟာ - ငါးက တစ်ကောင်တည်း မဟုတ်။ နှစ်ကောင်တောင်၊ အတော်ကလေး ကြီးသော ငါးရံ့ကြီးနှစ်ကောင်။

ကြွက်နီသည် ငါးရံ့တစ်ကောင်ကို ရွံ့ကြားမှာ လက်ဖဝါးနှင့် စမ်းမိလိုက်သည်။

ငါးရံ့က အသာငြိမ်နေ၏။

သည်အတိုင်း အလောတကြီး ဖမ်းလိုက်က ငါးလွတ်သွားမည်။ လက်မောင်းခန့် ငါးရံ့ကြီးမို့ အားသန်သည်။ အကြမ်းပတမ်း ဖမ်း၍မရ။

ပြီးတော့ ဖမ်းဆုပ်ထားဖို့ကလည်း ငါးရံ့ကိုယ်လုံးက ချောနေသည်။ လွတ်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကြွက်နီက ငါးရံ့ကို ရေထဲတွင် အရှင်လိုက်ဖမ်းရန် မလွယ်မှန်းသိသည်။

သည်တော့ ရေထဲမှာတွင် ဤငါးရံ့ကို အသေသတ်ရမည်။ ကုန်းပေါ်မှာလို ငါးခေါင်းကို အလေးဖြင့်ထု၍ ငါးစိမ်းသည်လို သတ်၍မရ။

ဤသို့သော အခက်အခဲမျိုးတွင် ကြွက်နီတို့က လုပ်နေကြ။

လက်နှစ်ဖက်ဖြင့် ငါးရံ့ကို ဖွဖွကလေး ဖမ်းအုပ်လိုက်သည်။ ဖြည်းဖြည်းချင်း ငါးရံ့၏ခေါင်းအပေါ်နှင့် ဇက်ပေါ်သို့လက်နှစ်ဖက်ရောက်သွားသည်အထိ ရွှေ့၍ကိုင်လိုက်သည်။

ငါးရံ့က ငြိမ်သက်မြဲ ငြိမ်သက်လျက် ရှိ၏။

ငါးရံ့၏ ခေါင်းနှင့် ဇက်ကို လက်ဖြင့် အုပ်မိသည်နှင့်တစ်ပြိုင်နက် ဖျတ်ခနဲ ဆုပ်လိုက်ကာ ငါးရံ့ခေါင်းကို ရုတ်တရက် လုန်ချိုးလိုက်တော့သည်။

ဤကိစ္စမှာ တစ်စက္ကန့်မျှသာ ကြာ သည်။

မြန်မြန်လုပ်မှရသည်။ အချိန်ကြာ ၍မရ။

ငါးရံ့၏ခေါင်းနှင့်ကိုယ် ဆက်စပ်မှုတွင် ပါးဟက်နှင့် မေးအောက်ဘက် အစွန်း… ငါးဗိုက်သားအစွန်းမှာ လက်တစ်လုံးခန့်သာ ဆက်နေသည်။

ထိုနေရာကို ပြုတ်သွားအောင်၊ ပြတ်သွားအောင် တစ်နည်းအားဖြင့် ခေါင်း… ကိုယ် အိုးစားကွဲသွားအောင် လွယ်ကူသည့်အလုပ်မှာ ငါးရံ့ခေါင်းကို လုန်ချိုးမှ… သည်။ အခြားနည်းလမ်း မရှိ။

နည်းသိတော့လည်း အလွယ်ကလေး။

ငါးရံ့မှာ ထွန့်ထွန့်လူး ရုန်းကန်ရင်း ခေါင်းအောက်ပိုင်း ပြတ်သွားသည်။

ငါးရံ့၏ သွေးများမှာ ရေပေါ်ကို ရဲခနဲတက်လာ၏။

ကြွက်နီ ငါးရံ့တစ်ကောင်ကို အသေ ရလိုက်ပါပြီ။

ငါးရံ့ကို ဖဲထီးသံချောင်းမှတစ်ဆင့် ကြိုးဖြင့်လည်း သိပြီးပါပြီ။

ငါးရံ့တစ်ကောင်ကို ဖမ်းရန် ကျန်သေးသည်။

ဟာ – ဒီငါးရံ့က ပထမ မိလိုက်တဲ့ ငါးထက် ကြီးသည်။

ပိုသတိထားပြီး ကိုင်ရမည်။

ငါးခေါင်းကို အသာစမ်းလိုက်၏။ ဒီငါးရံ့က ပထမငါးရံ့ကဲ့သို့ အငြိမ်မနေ။

ဆောင်းအတွင်း ပြောင်းဆန်အောင် ရုန်းကန်လိုက်၍ ရေ… ပွက်ပွက်ထ… သည်။ ငါးရံ့ဘယ်ရောက်သွားသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းအတွင်း လက်နှင့် မွှေလိုက်သည်။

ဟော - ငါးကို ဘယ်မှာမှ ရှာမတွေ့တော့။

ဆောင်းကို ဖောက်၍တော့ ဒီငါးရဲ့မပြေးနိုင်။

ကြွက်နီ စိတ်မကျေပြန်စမ်းသည်။ သို့သော် ငါးရဲ့ကို ရှာမတွေ့တော့။

မြေလျှိုး၍ မိုးပျံသည့်ငါးရဲ့တော့ မဟုတ်တန်ရာ။

သို့သော် လက်တွေ့က ငါးရဲ့ကို ဆောင်းအတွင်း ဘယ်မှာမှ ရှာမတွေ့တော့။ ပျောက်ချက်သား ကောင်းလှသည်။

ဟော - တွေ့ပြီ။ ငါးရဲ့၏ လွတ်ပေါက်။

ဆောင်းမှာ ရေထဲမှာ ဘယ်လိုပင် ဖိထားဖိထား နှံ့အကြားတွင် နစ်မြုပ်နေသော အုတ်ခဲကျိုးတစ်ခုပေါ်တွင် ဆောင်း၍ နှုတ်ခမ်းတစ်ဖက်က တင်နေသည်။

ဆောင်းမှာ ဤနေရာ၌ အုတ်ခဲပေါ်တင်နေမှုကြောင့် ဟာနေသည်။

ဤနေရာမှပင် ငါးရဲ့ကြီး လွတ် မြောက်သွားပါပြီကော။

"တောက် - ကြီးတဲ့ ငါးရဲ့ကြီးမှ လွတ်တတ်ပလေ" ကြွက်နီသည် တစ် ချက်ကြိမ်းဝါးလိုက်ပြီး -

"ဟေ့ - တက်ပု၊ ငရွေး၊ တောက်ထွန်းတို့ ငါ့ဆောင်းထဲက ငါးရဲ့ကြီး လွတ်သွားပြီ။ နည်းတဲ့ငါးကြီး မဟုတ်ဘူးကွ။ အနည်းဆုံး ငါးဆယ်သား ရှိမယ်။ ဒီနေရာမှာ ဝိုင်းပြီး လိုက်ဆောင်းကြဟေ့"

ကြွက်နီက အော်လိုက်စဉ်ပင် သူတို့ ဝိုင်းလာကြသည်။ ဟိုနေရာ သည်နေရာ မြန်မြန်လိုက်၍ ဆောင်းကြ၊ အုပ်ကြသည်။

ငါးရဲ့ကြီးကတော့ လွတ်မြဲ လွတ်နေသည်။

သူတို့ကလည်း အားမလျှော့။

"ဟော့ - မိပြီကွ - မိပြီ"

တက်ပု၏ အားရဝမ်းသာ အော်လိုက်သံ။

တက်ပုသည် ဆောင်းအတွင်းသို့ လက်လျှိုကာ ဖမ်းလိုက်သည်။

သူတို့ မျှော်မှန်းထားသည့် ငါးရဲ့ကြီးတော့ မဟုတ်။

ဆူးတောင်တကားကားနှင့် ငါးပြေမကြီးတစ်ကောင်။

"ငါးရဲ့ကြီးလည်း မိနေတယ်ကွ၊ ဒီငါးက အဆစ်ပေါ့ကွာ"

အားရဝမ်းသာပင် တက်ပုက လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဖမ်းမိသော ငါးပြေမကို ကြိုးနှင့်မသီ၊ ပါးစပ်ဖြင့် ဖမ်းကိုက်လိုက်ပြီး ငါးရံ့ကို ဖမ်းရန် ဆောင်းအဝသို့ လက်လျှိုလိုက်ပြန်သည်။

"ဟော့ - တက်ပု -၊ မင်း - ငါးရံ့ဘယ်မှမပြေးနိုင်ပါဘူး။ ငါးပြေမကို ကြိုးသီလိုက်ကွာ"

ငချေးက စိုးရိမ်တကြီး လှမ်းပြောလိုက်သည်။

တက်ပုက ငချေး ပြောသည်ကို မကြား၍ပင်လော၊ ဂရုမစိုက်၍ပင်လော မသိ၊ ငါးရံ့ကြီးကိုသာ ခေါင်းငုံ့ပြီး ဖမ်းမြဲဖမ်းနေသည်။

သိပ်တော့ မကြာလှပါ။

"အား ..."

အော်သံတစ်ချက်သာ တက်ပုထံမှ ကြားလိုက်ရသည်။

တက်ပုသည် ငါးဖမ်းနေရာမှ ရုတ်တရက် နောက်သို့ လန်ကျသွားသည်။ သူနှင့် အတူ ဆောင်းမှာလည်း မြောက်တက်လာ၏။

ငါးရံ့ကြီး လွတ်သွားပြန်ချေပြီ။

တက်ပု ကိုက်ထားသော ငါးပြေမမှာ တက်ပုပါးစပ်အတွင်းတွင် အမြီးမျှသာ မြင် ရတော့သည်။

ငါးပြေမမှာ တက်ပုသွားဖြင့်ကိုက်ထားရာမှလွတ်သွားပြီးတက်ပု၏ပါးစပ်အတွင်း သို့ တိုးဝင်နေပါပကော။

"ဟော့ကောင်တွေ - လာကြ - လာကြ - တက်ပုအာခေါင်ထဲ ငါးပြေမ ဝင်သွားပြီကွ"

ကြွက်နီက စိုးရိမ်တကြီး လှမ်းအော်လိုက်၏။

ငချေးနှင့် တောက်ထွန်းတို့ ပြေးလာကြသည်။

ကြွက်နီက ငါးပြေမ၏ အမြီးကိုဆွဲပြီး ပြန်ထုတ်သည်။

သူ၏ ကြိုးစားမှုသည် အလဟဿမျှသာ။

တက်ပု၏ မျက်လုံးအစုံမှာ ပြူးလာသည်။ မျက်နှာမှာ ညိုမည်းလာသည်။ လည် ပင်းကြောကြီးများ ထောင်လာသည်။

ငါးပြေမက တဖြည်းဖြည်း တက်ပု၏ လည်ချောင်းအတွင်းသို့ တိုးဝင်နေ၏။

"လာဟော့ - ဆကာကြီးဆေးခန်းကို အမြန်ဆုံး သယ်သွားကြမယ်"

တက်ပုကို သူတို့သုံးယောက် တစ်လှည့်စီ ကျောပိုးပြီး ဆကာကြီးဆေးခန်းသို့ အချိန်မီကုသရန် သယ်ဆောင်သွားကြ၏။

www.burmeseclassic.com

ရေကန်အတွင်းမှ သူတို့၏ ဆောင်းများမှာမူ ပက်လက်လန်၍ ကျန်ရစ်ခဲ့ကြသည်။

⍟

တက်ပု ရေတိမ်နစ်ခဲ့ရချေပြီ။

ဘာမဟုတ်သည့် ငါးပြေမတစ် ကောင်ကြောင့် အသက်ဆုံးရသည်။

ဆကာကြီးဆေးခန်းသို့ ရောက်သောအခါ တက်ပု၏ ကိုယ်ကာယသာ ပါလာပါသည်။ အသက်ဝိညာဉ်တော့ ပါမလာတော့ပါ။

ငါးပြေမသည် တက်ပု၏ အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့ပစ်လိုက်ပါချေပြီ။

တက်ပု၏အပြစ်လည်း ပါသည်။

သူ၏ဖြစ်ကတတ်ဆန်းအလျင်စလိုလုပ်တတ်သောအကျင့်က သူ၏အသက်ကို သတ်ခဲ့ခြင်း ဖြစ်ပါသည်။

သည်ငါးပြေမကို ကြိုးဖြင့် သီလိုက်ပါလျှင် ဤအဖြစ်ဆိုးမျိုးကို တွေ့ရမည်မဟုတ်။

ငါးရံ့ကြီးလည်း တက်ပု၏ဆောင်းအတွင်းမှ မလွတ်နိုင်၊

တက်ပု၏ အိမ်ဘက်ဆီမှ ကြေးစည်သံကို ကြားလိုက်ရသည်၊

တက်ပု၏ရွာပနကို ယနေ့ သုသာန်သို့ ပို့ရမည်၊

အသက်ငယ်ငယ်ရွယ်ရွယ်၊ မီးစာ မကုန် ဆီမခန်းမီ တက်ပု သေရသည်၊

တက်ပု၏မိခင် မရှိတင်ကဲ ဒေါ်၍ ငိုလိုက်သံကို စိတ်မချမ်းမသာ ကြားရသည်၊

ရှေးက လူကြီးသူမများပြောသော စကားများကတော့ -

"အသွားမတော် တစ်လှမ်း"

"အစားမတော် တစ်လုတ်"

ယခုတက်ပုအဖို့မှာ သူ၏ဖြစ်ကတတ်ဆန်းအလျင်စလိုလုပ်တတ်သောအကျင့်ကြောင့် -

"အကိုက်မတော် တစ်သက်"

⇒ မောင်ဆီကွာ

www.burmeseclassic.com

www.burmeseclassic.com

ကျိန်စာသည် တကယ်ထိရောက် မရောက်၊
စူးရှ မရှ ဖတ်ရှုရပါမည်

သူနှင့် ကျွန်မသည် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ သူဟာ ကျွန်မရဲ့အချစ်ဦးဖြစ်ခဲ့သလို ကျွန်မသည်လည်း သူ့ရဲ့အချစ်ဦးဖြစ်ခဲ့ပါသည်။ သူ့ရဲ့နာမည်ကတော့ ကိုလပြည့်တဲ့။ ကျွန်မနှင့် သူသည် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သလို လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်သည်။

သူနှင့် ကျွန်မတို့ အရမ်းကိုချစ်ခဲ့ကြပေမယ့် ကောင်မလေးတွေနှင့် ရောရောထွေးထွေးနေတတ်သောသူကြောင့် ကျွန်မတို့ရဲ့ချစ်သူချင်း ဆက်ဆံရေးပြိုကွဲခဲ့သည်။ နောက်ဆုံးတွင် အထင်လွဲမှုတွေ သံသယတွေနှင့်ရှေ့မဆက်ချင်သောကျွန်မသည် သူနှင့်လမ်းခွဲဖို့ဆုံးဖြတ်ခဲ့ပါသည်။ ဒီနောက်ပိုင်းသူနှင့်ကျွန်မအဆက်အသွယ်မရှိတော့သလို သူလည်း အလုပ်မှထွက်သွားခဲ့၍ မတွေ့ဖြစ်တော့ပေ။

⍟

တစ်နေ့တွင် ကျွန်မသည် မိဘတွေ သဘောတူထားတဲ့ သူနှင့် လက်ထပ်ဖို့ဖြစ်လာခဲ့ပါသည်။ သူ့နာမည်က ကိုမိုးထက်တဲ့။ သူ့မိဘတွေက မိုးကုတ်မှာ ကျောက်မျက်ရတနာဆိုင် ဖွင့်လှစ်ထားသည်။ သူကိုယ်တိုင်လည်း မိဘရဲ့လက်ငုတ်လက်ရင်း ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

ကျိန်စာသည် တကယ်ထိရောက် မရောက်၊
စူးရှ မရှ ဖတ်ရှုရပါမည်

သူနှင့် ကျွန်မသည် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ သူဟာ ကျွန်မရဲ့အချစ်ဦးဖြစ်ခဲ့သလို ကျွန်မသည်လည်း သူ့ရဲ့အချစ်ဦးဖြစ်ခဲ့ပါသည်။ သူ့ရဲ့နာမည်ကတော့ ကိုလပြည့်တဲ့။ ကျွန်မနှင့် သူသည် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သလို လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်သည်။

သူနှင့် ကျွန်မတို့ အရမ်းကိုချစ်ခဲ့ကြပေမယ့် ကောင်မလေးတွေနှင့် ရောရောထွေးထွေးနေတတ်သောသူကြောင့် ကျွန်မတို့ရဲ့ ချစ်သူချင်း ဆက်ဆံရေးပြိုကွဲခဲ့သည်။ နောက်ဆုံးတွင် အထင်လွဲမှုတွေ သံသယတွေနှင့်ရှေ့မဆက်ချင်သော ကျွန်မသည် သူနှင့်လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ပါသည်။ ဒီနောက်ပိုင်း သူနှင့်ကျွန်မ အဆက်အသွယ်မရှိတော့သလို သူလည်း အလုပ်မှထွက်သွားခဲ့၍ မတွေ့ဖြစ်တော့ပေ။

☆

တစ်နေ့တွင် ကျွန်မသည် မိဘတွေ သဘောတူထားတဲ့ သူနှင့် လက်ထပ်ဖို့ဖြစ်လာခဲ့ပါသည်။ သူ့နာမည်က ကိုမိုးထက်တဲ့။ သူ့မိဘတွေက မိုးကုတ်မှာ ကျောက်မျက်ရတနာဆိုင် ဖွင့်လှစ်ထားသည်။ သူကိုယ်တိုင်လည်း မိဘရဲ့လက်ငုတ်လက်ရင်း ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

နှင် အရမ်းလန့်မသွားနဲ့နော်။
ငါ ပြောတာတွေကို နှင်
စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်၊
နှင့်ရဲ့ အချစ်ဦး လပြည့်လေ၊
နှင် မင်္ဂလာဆောင်တဲ့အချိန်မှာပဲ
သူ့ရဲ့ လက်ကောက်ဝတ်ကို
ဓားနဲ့လှီးပြီး သူ့ကိုယ်သူ
သတ်သေသွားခဲ့တယ်တဲ့ ...



ကျောက်မျက်ရတနာလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသူ ဖြစ်သည်။ သူတို့က မိုးကုတ်ဇာတိဖြစ်ပြီး ရန်ကုန်သို့အလည်လာရင်း နှစ်ဖက်မိဘ စကားဆိုကြတာ ဖြစ်သည်။

အချစ်ရေးကို စိတ်ကုန်စပြုနေပြီးဖြစ်သော ကျွန်မသည် မိဘများ သဘောတူတဲ့လူနှင့် လက်ထပ်ရန်ခေါင်းညိတ်ခဲ့သည်။ သူတို့ဘက်က စတင်ကမ်းလှမ်းလာ၍ ကျွန်မ လက်ခံခဲ့တာလည်းဖြစ်ပါသည်။ သူက ကျွန်မ ဘဝရဲ့အကောင်းမွန်ဆုံး လက်တွဲဖော်ဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ သူနှင့် ကျွန်မသည် အသက်အရွယ်အားဖြင့် ငါးနှစ်လောက်ကွာသည်။ သူ့အသက်က ၃၀ နှစ်ဖြစ်ပြီး ကျွန်မရဲ့အသက်က ၂၅ နှစ် ဖြစ်သည်။ ထို့ကြောင့် လူပျိုကြီးနှင့် အပျိုကြီးစာရင်းဝင်နေပြီဖြစ်သော ကျွန်မတို့နှစ်ယောက်ကို မိဘများက အမြန်ဆုံးလက်ထပ်စေချင်နေပြီလေ။ ဒီတော့ နှစ်ဖက်မိဘရဲ့သဘောတူညီချက်အရ ကျွန်မတို့နှစ်ယောက် အမြန်ဆုံးလက်ထပ်ဖို့ ဖြစ်လာခဲ့သည်။

www.burmeseclassic.com

ကျွန်မတို့ မင်္ဂလာပွဲကို သူတို့ ဇာတိဖြစ်သော မိုးကုတ်သို့ မပြန်မီအချိန်တွင် ရန်ကုန်မှာပဲ ကျင်းပဖြစ်ခဲ့ပါသည်။ နာမည်ကြီး ဟိုတယ်တစ်ခုမှာ ခန်းမငှားပြီး ကျွန်မတို့ရဲ့မင်္ဂလာပွဲလေးကို နှစ်ဖက်မိဘသဘောတူညီစွာ ကျင်းပဖြစ်ခဲ့သည်။ ကျွန်မတို့ မင်္ဂလာပွဲလေးသည် ဧည့်လာပရိသတ်တွေနှင့် စည်ကားသိုက်မြိုက်ခဲ့ပါသည်။

မင်္ဂလာပွဲပြီး၍ အိမ်သို့ပြန်ရောက်သောအခါ လူလည်း ပင်ပန်းနေပြီဖြစ်လေသည်။ ထို့ကြောင့် ကျွန်မ ရေချိုးခန်းဝင်ပြီး ရေချိုးလိုက်သည်။ မင်္ဂလာပွဲပြီးပြီးချင်း သူ့မိဘတွေက မိုးကုတ်မှာ အလုပ်ကိစ္စရှိသေးလို့ဆိုပြီး ပြန်ဖို့စီစဉ်နေကြသည်။ သူကတော့ သူ့မိဘတွေကို အဝေးပြေးကားဂိတ်အထိ လိုက်ပို့ပေးလေသည်။ ထို့ကြောင့် နှစ်ဖက်မိဘများက ကျွန်မတို့နှစ်ယောက်အတွက် စီစဉ်ပေးထားသော အိမ်တွင် ကျွန်မတစ်ယောက်တည်း ဖြစ်နေသည်။

ရေချိုးလိုက်ရ၍ လူက အနည်းငယ် လန်းဆန်းသွားသည်။ ဗီရိုထဲမှ အဝတ်အစားတစ်စုံ ထုတ်ယူ၍ လဲလှယ်လိုက်သည်။ ထို့နောက် ပျင်းပျင်းရှိတာနှင့်ပင် ခုတင်ထက်ဝယ် တင်ထားသော ကျွန်မတို့မင်္ဂလာပွဲအတွက် မင်္ဂလာလက်ဖွဲ့အနေနှင့် လက်ဖွဲ့ထားသည့် ပါကင်ဘူးများကို ကြည့်မိစဉ် ထိုအထဲမှ ပါကင်ဘူးတစ်ဘူးကို ယူ၍ ဖောက်ဖွင့်လိုက်သည်။ ထုပ်ပိုးထားသောပါကင်ဘူးအရောင်က အသည်းကွဲအရောင်ဖြစ်သော ပန်းရောင်ဖြစ်သည်။ ဖောက်ဖွင့်ကြည့်မိတော့ အထဲမှ ထွက်လာသည်ကား ရွှေပေါင်ဘောင်ကွပ်ထားသော ပန်းချီကားတစ်ချပ်ပင်။

ထိုပန်းချီကားထဲမှာ ရေးဆွဲထားတဲ့ ပုံရိပ်တွေက လူတစ်ယောက် လဲလျောင်းနေသောပုံစံမျိုး ရေးဆွဲထားကာ ထိုလူရဲ့ မလှမ်းမကမ်းတစ်နေရာတွင် ခပ်ချွန်ချွန်ဓားရှည်တစ်လက်။ ပြီးတော့ ထိုလူရဲ့ လက်ကောက်အစစ်ကို သုံးထားသလိုပင် အသက်ဝင်ကာ ထိတ်လန့်စေသည်။

ပထမတော့ ကျွန်မသည် ထိုပန်းချီကားချပ်ကို လွှင့်ပစ်ဖို့ စိတ်ကူးမိပါသည်။ နောက်မှ ကျွန်မ စိတ်ထဲ အတွေးတစ်မျိုး ဝင်လာကာ ထိုပန်းချီကားချပ်ကို ကျွန်မတို့ အိပ်ခန်းရဲ့နံရံမှာ ချိတ်ဆွဲထားလိုက်သည်။ တကယ်တော့ မည်သည့်အထူးအဆန်း အရာဝတ္ထုကိုမဆို စိတ်ဝင်စားတတ်သော ကျွန်မရဲ့အကျင့်ကြောင့်ဖြစ်သည်။ ထိုနေ့က သူသည် အိမ်သို့ ပြန်ရောက်မလာခဲ့ချေ။ ကျွန်မသည် သူ့ကိုစောင့်ရင်း အိပ်ပျော်သွားခဲ့ပါသည်။ ကျွန်မ ခုတင်ထက်ဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ် ...

www.burmeseclassic.com

www.burmeseclassic.com

"ကလင် ... ကလင် ... ကလင်"

ဖုန်းမြည်သံတစ်ချက် နားထဲဝင်လာပါသည်။ ထို့ကြောင့် လန့်နိုးသွားကာ ခုတင်ထက်ဝယ် လဲလျောင်းနေရာမှ ထထိုင်ရင်း ဘေးရှိ မြည်နေဆဲ ဟမ်းဖုန်းဆီ လက်လှမ်းလိုက်သည်။

"ဟဲလို - အမိန့်ရှိပါရှင်"

ကျွန်မသည် ဖုန်းကိုင်ရင်း အိပ်ချင်မူးတူးလေသံဖြင့် ပြောသည်။ သို့သော် တစ်ဖက်မှ ပြောစကားကြောင့် ကျွန်မရဲ့မျက်လုံးများ ပြူးကျယ်သွားခဲ့ရသည်။

"ကိုမိုးထက်တို့အိမ်ကပါလား ခင်ဗျာ။ ကိုမိုးထက် - ည ၁၂ နာရီလောက်က ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပါပြီ ခင်ဗျာ"

တဲ့။ ဘုရားရေ - သူ ဆုံးသွားပြီတဲ့။ ဘယ်လိုဖြစ်ရတာပါလိမ့်။ ကျွန်မ ရင်တွေ တလှပ်လှပ်ခုန်နေကာ ခေါင်းက မိုက်ခနဲ ဖြစ်သွားသည်။ ထို့နောက် ကျွန်မရဲ့ကမ္ဘာ ဟာ အမှောင်ကျသွားခဲ့ပြီ။

⍟

ကျွန်မ သတိပြန်ရလာတော့ ဘေးတွင် ခပ်ရှည်ရှည် ပေါင်တစ်ခုကို လက်က စမ်းမိသွားသည်။ ထိုအရာကတော့ ပန်းချီကားချပ်တစ်ချပ်ပါပဲ။ ကျွန်မ သတိ မလစ်ခင်က အခန်းနံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားချပ်သည် အခု ခုတင်ဘေးရှိ ကြမ်းပြင်ထက်ဝယ် လဲကျနေသော ကျွန်မရဲ့ဘေးတွင် ဘာကြောင့်ရှိနေရတာ ပါလိမ့်။

ကျွန်မသည် အံ့သြကြီးစွာ ပန်းချီကားချပ်ကိုကိုင်ရင်း လဲကျနေရာမှ ထထိုင် မိသည်။ ပန်းချီကားချပ်ကို သေချာကြည့်မိတော့ ပန်းချီကားချပ်ရဲ့အောက်ခြေနားမှာ အနီရောင်စကားလုံးတချို့တွေ့လိုက်ရသည်။ ထိုစကားလုံးများကတော့ ယမင်းခင် ဆိုတဲ့ နာမည်ပဲ ဖြစ်ပါသည်။ ယမင်းခင်ဆိုတာ ကျွန်မရဲ့နာမည်ပါ။ အပေါင်းအသင်း တချို့က ကျွန်မရဲ့နာမည်ကို ယမင်းပဲဖြစ်ဖြစ်၊ ခင်ပဲဖြစ်ဖြစ် ခွဲ၍ခေါ်လေ့ရှိပေမယ့် ကျွန်မ ရဲ့အချစ်ဦးကတော့ ကျွန်မရဲ့နာမည်ကို ယမင်းခင်လို့ပဲ အပြည့်အစုံခေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါဆို ဒီပန်းချီကားချပ်က သူ ပေးသွားခဲ့တာပေါ့။ ဒီပန်းချီကားချပ်နှင့် ကျွန်မ အခုရင်ဆိုင်နေရတဲ့ အဖြစ်အပျက်တွေက ဆက်စပ်မှုရှိနေတာများလား။ ကျွန်မ အတွေးများဖြင့် ရှုပ်ထွေးနေခဲ့သည်။

⍟

ကျွန်မနှင့် လက်ထပ်ပြီးပြီးချင်း သေဆုံးသွားခဲ့သော ကိုမိုးထက်ရဲ့ရာပနကို ကျွန်မရဲ့မိဘများကပဲ စီစဉ်ပေးခဲ့သည်။ ကိုမိုးထက်ရဲ့မိဘများကတော့ အဝေးက ပင် စိတ်မကောင်းဖြစ်ရုံကလွဲလို့ ရန်ကုန်သို့မလာနိုင်ခဲ့ပေ။ ရေဝေးသုသာန်တွင် အသုဘပို့ပြီးအပြန်တွင် အိမ်သို့ပင် တန်းပြန်ခဲ့သည်။ အိမ်ရောက်တော့ ကျွန်မအခန်း ထဲဝင်ကာ အသုဘဝတ်စုံအား ဗီရိုထဲမှ အဝတ်အစားတစ်စုံ ထုတ်ယူကာ လဲလှယ် လိုက်သည်။ ထိုစဉ် ...

"ကလင် - ကလင် - ကလင်"

ခုတင်ဘေးရှိစာရေးစားပွဲပေါ်တွင် တင်ထားသော ကျွန်မရဲ့ဟမ်းဖုန်းကလေး က ထမြည်လာသည်။ ကျွန်မသည် ဟမ်းဖုန်းကလေးအား ကောက်ကိုင်လိုက် ရင်း ...

"ဟဲလို - အမိန့်ရှိပါ"

"ငါပါ - နင့်သူငယ်ချင်း မိုးမိုး"

"ဩော် - မိုး ပြော၊ ဘာကိစ္စလဲ"

"ကိစ္စကတော့ အရေးကြီးတယ် ယမင်းရေ။ နင့်သတင်းတွေလည်း ငါ ကြား ပါတယ်။ နင်လည်း နင့်ကိစ္စနဲ့ နင်ရှုပ်နေတာဆိုတော့ ငါလည်း မပြောဖြစ်ခဲ့ဘူး။ အခု တော့ ငါ ပြောမှဖြစ်တော့မယ်"

"ဘာများလဲ - မိုးရယ်၊ မထိတ်သာမလန့်သာ ရှိလိုက်တာ"

"နင်အရမ်းလန့်မသွားနဲ့နော်၊ ငါ ပြောတာတွေကို နင် စိတ်ငြိမ်ငြိမ်ထားပြီး နားထောင်"

"နင့်ရဲ့အချစ်ဦး လပြည့်လေ၊ နင် မင်္ဂလာဆောင်တဲ့အချိန်မှာပဲ သူ့ရဲ့လက် ကောက်ဝတ်ကို ဓားနဲ့လှီးပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ - အလိုလေး"

ကျွန်မရဲ့ဟမ်းဖုန်းလေးကြမ်းပြင်ပေါ်သို့ လွတ်ကျသွားကာ ကျွန်မ ခေါင်းတွေ ချာချာလည်ကာ မူးချင်လာသည်။ တစ်ချိန်က ကျွန်မ သိပ်ချစ်ခဲ့ရသော လပြည့်တစ်ယောက် ဆုံးသွားပြီတဲ့။ လပြည့် သေဆုံးသွားတာက ရောဂါဝေဒနာကြောင့် မဟုတ်ဘဲ သူ့ကိုယ်သူ သတ်သေသွားခဲ့တာတဲ့။ ကျွန်မ မင်္ဂလာကျင်းပတဲ့အချိန်မှာ လပြည့်ဆုံးတာဆိုတော့ ကျွန်မရဲ့ပယောဂများ မကင်းဖြစ်နေမလား။

လေ၏အလျင်နှုန်းဖြင့် မောင်းနှင်လာသော ကျွန်မရဲ့ကားလေးသည် လပြည့်တို့ရဲ့အိမ်ရှေ့တွင် ထိုးရပ်သွားသည်။ ကျွန်မသည် ကားပေါ်မှ ဆင်းရင်း အိမ်ထဲသို့ လှမ်းဝင်ခဲ့သည်။

"ဩော် - သမီးရောက်လာပြီကိုး၊ လာထိုင်ပါ"

ဧည့်ခန်းထဲရှိ ဆိုဖာခုံတွင်ထိုင်ကာ ပါဝါမျက်မှန်ထူထူကြီးတပ်ထားသော လပြည့်ရဲ့မေမေက ကျွန်မကို မြင်၍ လှမ်းပြောသည်။ ကျွန်မလည်း ရှေ့သို့ ဆက်၍ လျှောက်သွားရင်း လပြည့် မေမေရဲ့ဘေးမှာ ဝင်ထိုင်လိုက်သည်။

"အန်တီ - လပြည့်"

"ဘာမှမပြောပါနဲ့ဦး - သမီးရယ်၊ ဒီစာအုပ်ကလေးကို ဖတ်ကြည့်လိုက်ပါ။ သားရဲ့ဒိုင်ယာရီစာအုပ်လေးပါပဲ"

လပြည့်မေမေ လှမ်းပေးလာသော လပြည့်ရဲ့ဒိုင်ယာရီစာအုပ်ကလေးကို ကျွန်မ လက်လှမ်းယူလိုက်သည်။ ထို့နောက် လပြည့်ရဲ့ဒိုင်ယာရီစာအုပ်ကလေးအား အဖုံးဖွင့်ကာ ဖတ်ကြည့်မိစဉ် ...

"ယမင်းခင် ...

မင်းကို ငါ သိပ်ချစ်ပါတယ်။ ဒါပေမဲ့ မင်းက ငါချစ်တာကို မယုံကြည်ခဲ့ဘူး။ မင်း ငါ့အချစ်တွေကို နားမလည်ခဲ့ဘူး။ ငါ့မှာ မိန်းကလေးသူငယ်ချင်းတွေများပေမဲ့ ငါ ချစ်ခဲ့တာ မင်း တစ်ယောက်တည်းပါပဲ။ ဒါပေမဲ့ နောက်ဆုံးတော့ နားလည်မှုတွေ လွဲခဲ့တဲ့ ငါတို့နှစ်ယောက် လမ်းခွဲခဲ့ရတယ်"

ငါနဲ့ လမ်းခွဲခဲ့ပြီး သိပ်မကြာခင်မှာပဲ မင်း လက်ထပ်တော့မယ်ဆိုတဲ့ သတင်း ကြားလိုက်ရတယ်။ ငါ သိပ်အံ့ဩတယ်။ အချစ်ကို ပေါ့ပေါ့တန်တန်ထားတဲ့ မင်း၊

www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး ငါ ဆုံးဖြတ်ချက်ချခဲ့တယ်။ မင်း မချစ်တဲ့ ဒီလူလောကကြီးမှာ ငါ မနေချင်တော့ဘူး။

ငါ အခုလိုအဖြစ်ဆိုးမျိုးနဲ့ သေရသလို မင်းကို ချစ်မိသူတိုင်း မင်းနဲ့ ပေါင်းဖက်ရသူတိုင်း သေရပါစေလို့ ငါ ကျိန်ဆိုကျိန်တွယ်ခဲ့တယ်၊ ဒီကျိန်စာကို ဘယ်အရာကမှ မပယ်ဖျောက်နိုင်ပါစေသား။ ဒါ မင်းအတွက် ထားခဲ့တဲ့ ငါ့ရဲ့ကျိန်စာပဲ"

ကျွန်မသည် ဖတ်နေသောစာအုပ်ကို ပြန်ပိတ်လိုက်ရင်း မျက်ဝန်းမှ မျက်ရည်စတွေ အိုင်ထွန်းလာခဲ့သည်။

လပြည့်ရယ်၊ ငါကလည်း နင့်ကို ချစ်ပါတယ်။ ဒါပေမဲ့ နင် ငါ့ကို တကယ်ချစ်ခဲ့တယ်ဆိုတာ မသိခဲ့ရိုးအမှန်ပါ၊ နင် - နင် - ငါ့ကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့တယ်ဆိုတာကိုရောပေါ့ - ငါ တောင်းပန်ပါတယ် လပြည့်ရယ်။ နင့်ရဲ့ကျိန်စာတွေကြောင့် အခု ငါ ရူးနေပါပြီ၊ နင် ကျေနပ်ပါတော့နော်။

⍟

နောက်တစ်နေ့ မနက်ခင်းတွင်တော့ ဘုရားရင်ပြင်ထက်ဝယ် ဒူးတုပ်ထိုင်ကာ လက်အုပ်ချီ၍ ဘုရားဝတ်ပြုနေသော ယောဂီဝတ်စုံနှင့် ကောင်မလေးတစ်ယောက်ကို သင် တွေ့ရပေလိမ့်မည်။ ထိုကောင်မလေးသည် ဘုရားဝတ်ပြုပြီးတိုင်း နှုတ်ဖျားမှ အမျှပေးဝေနေကျ နာမည်တစ်ခုရှိသည်။ အဲဒါကတော့ လပြည့် ကောင်းရာမွန်ရာ ရောက်ပါစေတဲ့။

ထို့နောက် လက်ထပ်ပြီးပြီးချင်း ရုတ်တရက် သေဆုံးသွားတဲ့ ကိုမိုးထက် ...

ကိုမိုးထက်နှင့် လပြည့်ဆိုသည့် ကောင်လေးကို ရည်စူးပြီးတော့လည်း ကုသိုလ်ကောင်းမှုအမြဲပြုလုပ်ပေးလေ့ရှိသည်။ လောကီအရေးကို စိတ်ကုန်သွားပြီဖြစ်တဲ့ ယောဂီဝတ်စုံနှင့် လောကုတ္တရာတရားကို ကြိုးပမ်းအားထုတ်နေသော ထိုကောင်မလေးရဲ့နာမည်ကတော့ ယမင်းခင်ပါတဲ့ရှင်။

⇒ ထူးသင်းနာအောင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲသရုပ်ဖော်ဝတ္ထုဖြစ်သည်။ စစ်ပွဲသည်
ရင်ဆိုင်တိုက်ပွဲသာမက နည်းပရိယာယ်၊ ဗျူဟာ
စသည်တို့ပါ အဓိကပါဝင်ကြောင်း ရှုထုက

www.burmeseclassic.com

www.burmeseclassic.com



သေရွာပြန် [illegible] တွေး

ညိုမောင်သည် ချိုးလက်စ ပြောင်းခင်းထဲမှ ထွက်လာကာ တစ်ခုသော သစ်ပင်ရိပ်အောက်သို့ လှမ်းဝင်လိုက် သည်။ မနက်က ဇနီးသည် ထည့်ပေးထားသည့် "ဟန်ကော" ထဲမှ နံနက်စာစားရန် ဟန်ကောအဖုံးကိုဖွင့်ပြီးလျှင် ထမင်းစားရန် ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ထမင်းစားပြီးသည်နှင့် ထမင်းလုံးစီရင်း အပျင်းပြေဖတ်ရှုရန် ဂျာနယ် တစ်စောင်လည်း အသင့်ယူလာခဲ့ချေသေးသည်။ ဇနီးဖြစ်သူ ထည့်ပေးလိုက်သည့် ငါးဖန်းမ (ငါးဖားမ) ငါးပိကောင်ကြော်နှင့် ထမင်းတို့ကို ဟန်ကောထဲမှာပင် လက်နှင့် ပလုတ်ပလောင်းနှိုက်စားပြီးလျှင် ဆောင်ယူလာခဲ့သည့် ရေကျက်အေးထည့် စစ်ရေဘူးမှ ရေဖြင့် မျှောချလိုက်သည်။

ထမင်းတစ်ဝမ်းအတွက် တောသူတောင်သားတို့ ဘာသာဘာဝ၊ ဖြစ်သလိုစား သောက်ပြီးလျှင် ညိုမောင်သည် အနီးသစ်ပင်ရိပ်အောက်မှာပင် ကျောက်ချောတုံး တစ်တုံးကို ခေါင်းအုံးလုပ်ကာ ပါလာသည့်ဂျာနယ်အား စဖတ်လိုက်သည်။

ရဲဘော်ဟောင်း (စစ်မှုထမ်းဟောင်း) တစ်ဦးဖြစ်သည့် ညိုမောင်သည် တပ်မတော်မှ အငြိမ်းစားယူပြီးသည်နှင့် မိမိနေရင်းဒေသဖြစ်သည့် "ခဲလုံးရွာ" တွင် အခြေချနေထိုင်ရင်း အေးအေးလူလူဖြင့် လယ်ယာလုပ်ခြင်း၊ တောင်ယာစိုက်ခြင်း တို့ဖြင့် အသက်မွေးနေချိန်ဖြစ်၏။ "ရွေးကောက်ပွဲမတိုင်မီနဲ့ ရွေးကောက်ပွဲအပြီးမှာ SSPP, SSA တို့နဲ့ တပ်မတော်တို့ တိုက်ပွဲဆက်ဖြစ်နေတုန်းဆိုပဲ"

"အင်း - ငါတို့တုန်းက နယ်မြေအေးချမ်းရေးအတွက် တောနင်းရင်း တိုက်ပွဲ အကြိမ်ကြိမ်ဖြစ်ခဲ့တဲ့ ဒေသတွေပဲ၊ ဂျာနယ်တွေ၊ စာစောင်တွေထဲမှာတော့ အပစ် အခတ်ရပ်ဖို့ ညှိနှိုင်းပြီးတာတောင် တပ်မတော်က သောင်းကျန်းသူတွေကို လိုက် တိုက် နေတယ်လို့ ရေးနေကြတယ်။ တို့လည်း တိုက်ခဲ့ဖူးတာပဲ။ တပ်မတော်ဆိုတာ ကျူးကျော်လာသူပြည်သူ့အသက်အိုးအိမ်၊ စည်းစိမ်တွေတွေကိုမထိပါး၊ မနှောင့်ယှက် ပဲနဲ့တော့ အသားလွတ်ချည်း၊ အားအားလျားလျား၊ ကျည်ဆန်အကုန်ခံ၊ အသက်စွန့်ပြီး တိုက်နေပါ့မလား"

"တပ်မတော်ကချည်း ဖိတိုက်နေတယ်ဆိုတာကိုတော့ ငါ့ကိုယ်တွေ့အနေ အထားအရလက်မခံနိုင်ဘူး။ တို့နိုင်ငံဟာ အမေရိကန်လို အနောက်နိုင်ငံတို့လို လက် နက်တွေကို တရားဝင်ခွင့်ပြုချက်နဲ့ ကိုင်ဆောင်ခွင့်ပေးတဲ့နိုင်ငံမှ မဟုတ်တာ။ လူကို သေစေနိုင်တဲ့လက်နက်တွေကို တရားမဝင် ကိုင်ဆောင်နေမှတော့ ဒါ - တိုင်းပြည် အတွက် အန္တရာယ်ရှိတာပဲလေ။ တို့ပြည်သူတွေကလည်း စစ်တပ်မဟုတ်၊ ရဲမဟုတ်ပဲ လက်နက်ကိုင်ဆောင်ပြီး လျှောက်သွားနေတာတွေ့ရင် သွေးလန့်ကြမှာ အမှန်ပဲ၊ အင် - တခြားမကြည့်နဲ့၊ လက်နက်ကိုင်လိုက်ရရင်ပဲ ငါတို့စစ်သားတွေတောင်မှ သွေး

www.burmeseclassic.com

www.burmeseclassic.com



တိတ်စမ်း–ဘာ–ထွန်းဆိုင်နဲ့ ပေးခိုင်း
လိုက်တယ် ဟုတ်လား။ ဟတ်–ဟား–
အဲဒီထွန်းဆိုင်ဆိုတဲ့ကောင်အိမ်ပေညီး
ကျပ်တို့ ဝင်ခဲ့ပြီးပြီ။ ဒီကောင်က
ကလိမ်ကကျစ်နဲ့ ဟောပြော
ဟောင်ပြောလုပ်နေလို့ တစ်အိမ်သားလုံးကို
လုံစွပ်နဲ့ထိုး၊ ဝါးချွန်နဲ့ ထိုးသတ်ခဲ့ပြီးပြီ။
မသေမရှင်ဖြစ်နေတဲ့ ဒီကောင့်ဝိညာဉ်
ကိုတောင် ဟောဒီသေနတ်ပြောင်းဝနဲ့
နှုတ်ဝိတ်လိုက်သေးတယ်–ဟဲ–ဟဲ–
ဟား–ဟား–ဟား–

နားထင်ရောက်ပြီး ဟိုအကောင်ပလောင်တွေကို ပစ်ချင်၊ ဒီအပင်တွေကို လက်တည့်စမ်းချင်ရတာနဲ့၊ တပ်ခွဲမှူးတွေ၊ တပ်စုမှူးတွေကတောင် ရမ်းသမ်းမပစ်ကြဖို့ သတိပေးနေရတာပဲလေ။

အချင်းချင်းရန်ဖြစ်တာတောင် စိတ်မထင်ရင် မထင်သလို သေနတ်ဆွဲပြီး ရန်ဖြစ်ကြသေးတာပဲ၊ တို့ရွာထဲမှာဆိုလည်း ဓားတကိုင်ကိုင်နဲ့ ရမ်းကားနေမှတော့ ရွာသူကြီးက ဖမ်းပြီး ထိတ်တုံးခတ်လိုက်မှာပဲ၊ ကဲ – တောထဲမှာ ရွာထဲမှာ ဒီလူတွေနဲ့ တွေ့ဖူးဆိုင်ဆိုင် တွေကြုံပါပြီတဲ့၊ လူဆိုတာ ကိုယ့်အသက်သေရမှာကို ကြောက်တဲ့သတ္တဝါပဲမှတ်လား၊ သူဦးကိုယ်ဦးတော့ ပစ်ကြ၊ ခတ်ကြမှာ မမွှတာပဲလေ၊ အဲဒီလို နှစ်ဖက်ပစ်ကြ၊ ခတ်ကြတာကို အလိုမရှိရင် ဘာလို့ လက်နက်ကိုင်ဆောင်နေရသေးတာလဲ။

www.burmeseclassic.com

အေးအေးလူလူနေပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားကြပါလား။ ငြိမ်းချမ်းရေး ယူကြပါလား။ တို့နိုင်ငံမှာ တရားဝင်လက်နက်ကိုင်ဆောင်ခွင့်ရှိတာ စစ်တပ်နဲ့ပြည်သူ့ရဲပဲမှတ်လား။ တပ်မတော်ကလည်း ငြိမ်းချမ်းရေးလာယူတဲ့အဖွဲ့ကို နွေးထွေးစွာလက်ကမ်းကြိုနေတာပဲမဟုတ်လား။ ငါ့ဉာဏ်မီသလောက်တွေးရရင် တပ်မတော်ဆိုတာ "မပေါ်သဓာ"ရဲ့ "သားတရားစီရင် ခန်း" လို မိခင်ရင်းက ဘီလူးမနဲ့ ဆွဲလားရမ်းလားလုပ်နိုင်းတဲ့သားကို အလျှော့ပေးပြီး လက်လွှတ်လိုက်ရတာပဲလေ။ အင်-ရွာတွေမှာ ရန်သူတွေနဲ့ ရင်ဆိုင်ပစ်ကြ၊ ခတ်ကြရင်း တပ်မတော်က မိမိ သွေးရင်းဖြစ်တဲ့ ရွာသူရွာသား သွေးရင်းသားရင်း တိုင်းရင်းသားတစ်တွေ အထိနာမှာ၊ အသက် အိုးအိမ်စည်းစိမ်ဥစ္စာတွေပျက်မှာ၊ စပါးကျီတွေ အိမ်တွေ မီးလောင်မှာစိုးရတာနဲ့ ညှာနေရတာကလား။ သောင်းကျန်းသူတွေက ဒါကို ဘယ်သိမှာလဲ။ ဘယ်သူသေသေ ငတေမာပြီးရောပေါ့။ ဒါတွေကိုငါ့လိုတိုက်ပွဲဝင်ဖူးတဲ့လူပဲသိတယ်။ ရှေ့တန်းမှာ ကင်းစောင့်ရင်း အိပ်ငိုက်ရင် အိပ်ပျော်နေရင် တခြားသွားနေရင် တပ်မတော် စစ်စည်းကမ်းအရ သေဒဏ်တောင် ပေးသေးတာပဲ၊ အကြောင်းမဲ့ လူသတ်လာရင်လည်း စစ်ဥပဒေရှိတယ်။ ကိုယ့်စစ်သားပဲလို့ ညှာမနေဘူး။ "ဆန်ရင်း နာနာဖွပ်" တဲ့။ သေဒဏ်ပေးမှာပဲ"

လက်နက်နှင့် ငြိမ်းချမ်းရေးယူထားသည့် အဖွဲ့တစ်ဖွဲ့မှ ကားတစ်စီးနှင့် ဆိုင်ကယ်တက္ကစီသမားလေးကို မထင်မှတ်ပဲ ယာဉ်မတော်တဆမှု ဖြစ်သွားသည့်မြင်ကွင်းကလေးပါ။

ထိုစဉ်က တက္ကစီသမားလေးမှာ လူလည်း အနာတရဖြစ်၊ ဆိုင်ကယ်လည်း တစ်စစီဖြစ်ပြီး နေရာမှပင် မထ နိုင်။ သို့သော် လက်နက်ရှိသူနှင့် လက်နက်မဲ့သူဖြစ်နေ၍ မည်သို့မျှ စောဒက မတက်ကြရဲခဲ့ရှာချေ။ ယာဉ်ကြီးနှင့် ယာဉ်ငယ်ဖြစ်နေ၍ သူတို့ အလျော်ပေးသမျှနှင့်သာ ခေါင်းငုံ့ကျေနပ်လိုက်ရ၏။

သည်ဂျာနယ်ကို ဖတ်မိသည်မှစ၍ အမေးတက်နေသည့် အနာဟောင်းတို့ ပြန်ထကာ တဆစ်ဆစ်ဖြင့် နာကျင်ဆွေးမြည့်လာ၏။ သို့-နာကျင်ကြေကွဲရသည်နှင့်အမျှ လွန်လေပြီးသောအတိတ်မှ ပုံရိပ်ပန်းချီကားချပ်သည် ချိုးပိုင်းပုံထားသည့် ပြောင်းဖူးပုံတို့ကို ကြည့်ရင်းဖြင့် မှုန်ရီဝိုးတဝါး လှုပ်လှုပ်ရှားရှား၊ အသွင်သဏ္ဍာန်တို့မှာ တရိပ်ရိပ် ထင်ဟပ်လာပေတော့သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အတိတ်ပုံရိပ် ခတ်နှိပ်ထားသည့်ရင်

"ဒိုင်း - ဒိုင်း - ဒိုင်း - ဒိုင်း"

"မဆိုင်သူ အနားမကပ်ကြနဲ့ဟေ့၊ သေနတ်ပြောင်းဝမှာ မင်းတို့အသက်တွေ ပါသွားမယ်"

တိတ်ဆိတ်ငြိမ်သက်နေသည့် "ခဲလုံး" ရွာကလေးမှ သန်းခေါင်ယံ သေနတ်သံ။

နားကွဲလုမတတ်၊ ကမ္ဘာပျက် ဘဝင်ညံသေနတ်သံများကြောင့် အိပ်မောကျနေရှာသည့် ညိုမောင်လေးခမျာ ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးလာသည်။ သူသည် အိပ်မှုန်စုံမွှားဖြင့် ဝုတ်တုတ်ထထိုင်ရင်း အမှောင်ထုတွင်းသို့ ကျိုးကြည့်ကြောင်ကြည့်ကြည့်လိုက်သည်။

ဖခင်ကြီးနှင့် မိခင်ကြီးတို့မှာ ထရံတစ်ခုသာ ခြားထားသည့် တစ်ဖက်အိပ်ခန်းထဲတွင် အိပ်နေကြချေ၍ ထွန်းလက်စ ရေနံဆီမီးခွက်၏ မှိန်ပျပျ အလင်းရောင်ပင် မမြင်ရပါချေ။ ဩော် - မီးခွက်မှုတ်ကာ အိပ်ပျော်နေပြီထင်ပါရဲ့။ သူသည် အမှောင်ထုထဲမှ တုန်လှုပ်ချောက်ချားစွာ စမ်းတဝါးဝါး လျှောက်လာပြီးလျှင် မိဘနှစ်ပါး အိပ်နေသည့် အိပ်ရာနံဘေးသို့ တရွေ့ရွေ့တိုးကပ်လိုက်သည်။

"အဖေ - အဖေရေ - နိုး - နိုးနေကြပြီလား၊ အပြင်မှာ သေနတ်သံတွေ ဆူညံနေတာပဲ၊ သားတို့အိမ်နဲ့ နီးလာပြီ၊ သား ဘာလုပ်ရမှာလဲ - အဖေ - သား - သားကြောက်တယ်"

သေနတ်သံတို့ကြောင့် ဖျတ်ခနဲလန့်နိုးလာသည့် မိဘနှစ်ပါးမှာလည်း ညိုမောင့်နည်းတူ ကတုန်ကယင်ဖြင့် ဝုတ်တုတ်ကလေး ထထိုင်မိလျက်သား ဖြစ်နေကြသည်။

"ရှူး - တိုးတိုးပြော - သား၊ ငါ့သားကြားသလို အဖေတို့လည်း ကြားတယ်၊ သေနတ်သံတွေက အိမ်ရှေ့ဘက် ရောက်လာပြီ၊ အဖေတို့ပြေးဖို့ အချိန်မမီတော့ဘူး သားရယ်၊ ငါ့သားသာ ထောင့်အကွယ်မှာ ပုန်းနေပေတော့နော်"

ထိုစဉ် (၁၄၊ ၁၅) နှစ်သားခန့်သာ ရှိသေးသည့် ညိုမောင်သည် မရပ်မနား ဒိုင်းဒိုင်းပစ်နေသည့် သေနတ်သံတို့ကြောင့် ကလေးပီပီ ဖခင်စကားကို နာခံပြီး ကာလ၊ စပါးပုတ်နောက်ကွယ်ရှိ ချောင်တစ်ချောင်ထဲသို့ဝင်ကာ ကတုန်ကယင်ဖြင့် ချောက်ချားစွာ ပြေးပုန်းလိုက်တော့၏။ သေနတ်သံနှင့် မဝေးမနှောင်းမှာပင် သေနတ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

လူတစ်စုတို့သည် "ဦးအမောင်" အိမ်ဖိနပ်ချွတ်ပေါ်သို့ ကသောင်းကနင်း၊ ခြေသံပြင်းပြင်း နင်းတက်လာကြသည်။

"ဟေ့လူ – ဦးအမောင် – ဒါ – ခင်ဗျားတို့အိမ်မဟုတ်လား။ တံခါးဖွင့်ပြီး ထွက်လာခဲ့ကြစမ်း။ ပြေးဖို့တော့ မကြံနဲ့နော်။ ထွက်ပြေးတာနဲ့ ခင်ဗျားတို့တစ်အိမ်သားလုံးကို မီးလောင်တိုက်သွင်းပစ်လိုက် မယ်။ တွေ့သမျှအိမ်သားအားလုံးကို ဟောဒီသေနတ်နဲ့ ပစ်သတ်မယ်"

သေနတ်သံများက ရွာအနှံ့ ပျံ့နှံ့နေ သလို တောသူပုန်တို့၏ ထုံးစံအတိုင်း တစ်ရွာလုံးအား ဝိုင်းထားပြီဖြစ်ရျ၍ ဦးအမောင်တို့ဇနီးမောင်နှံအဖို့ ပြေးပေါက်က ပိတ်နေပြီ။

ဆယ်ယောက်ခန့်ရှိမည်ထင်ရသည့် ထိုလူတစ်စုတို့သည် ငှက်ပျောဖူးသေနတ်၊ ကာဘိုင်နှင့် အခြားဦးအမောင် မမြင်ဘူးသည့် သေနတ်ကိုယ်စီဖြင့် မိမိတို့အား မပြေးသာအောင် ချိန်ရွယ်ကာ ဝိုင်းထားနှင့်ကြပြီ။ မီးတုတ် (လက်နှိပ်ဓာတ်မီး) ကိုင်ဆောင်ထားသူကလည်း တုန်တုန်ချိချိနှင့် တံခါးဖွင့်ပေးနေသည့် ဦးအမောင်တို့ လင်မယားနှစ်ယောက်အား ဓာတ်မီးဖြင့် ထိုးထားလိုက်သည်။

"ကဲ – ဦးအမောင် – ခင်ဗျားကို ဆက်ကြေးပေးဖို့ ကျုပ်တို့ အတန်တန် သတိပေးခဲ့တယ်။ စာနဲ့တစ်တန်၊ လူကြုံနဲ့ အကြိမ်ကြိမ်။ ခင်ဗျားသစ်ခုတ် ဝါးခုတ်နေတဲ့ ကျုပ်တို့တောအတွက် အခွန်ဆောင်ဖို့ တောင်းဆိုခဲ့တယ်။ ခင်ဗျား တစ်ခါမှ ကျုပ်တို့စခန်းကို လာမပေးဘူး"

တောအဖွဲ့မှ ဗိုလ်လုံ့ (ဗိုလ်ကြီး) ဖြစ်ပုံရသူ၏ အာဏာရှင်ဆန်ဆန်စကားကြောင့် ဆောင့်ကြောင့်ထိုင်ကာ ဒူးတဆတ်ဆတ် တုန်နေသည့် ဦးအမောင် ငိုင်တွေတွေ နဝေတိမ်တောင် ဖြစ်သွားသည်။

"ပေး – ပေးပါတယ်ဗျာ – ဗိုလ်လုံ့။ ကျွန် – ကျွန်တော်တို့ ထွန်းဆိုင်နဲ့ ပေး – ပေးနိုင်းလိုက်"

"တိတ်စမ်း – ဘာ – ထွန်းဆိုင်နဲ့ ပေး နိုင်းလိုက်တယ် ဟုတ်လား။ ဟတ် – ဟား အဲဒီထွန်းဆိုင်ဆိုတဲ့ကောင်အိမ်လည်း ကျုပ်တို့ဝင်ခဲ့ပြီးပြီ။ ဒီကောင်က ကလိမ်ကျစ်နဲ့ တောပြောတောင်ပြောလုပ်နေလို့ တစ်အိမ်သားလုံးကို လုံ့စွပ်နဲ့ထိုး၊ ပေါ်ချွန်နဲ့ ထိုးသတ်ခဲ့ပြီးပြီ။ မသေမရှင်ဖြစ်နေတဲ့ ဒီကောင့်ဝိညာဉ်ကိုတောင် ဟောဒီသေနတ်ပြောင်းဝနဲ့ နှုတ်ပိတ်လိုက်သေးတယ် – ဟဲ – ဟဲ – ဟား – ဟား – ဟား။ အဲ – ဒီကောင့်

www.burmeseclassic.com

www.burmeseclassic.com

သေတ္တာထဲက အားလုံးပေါင်းလိုက်မှ ငွေ(၈)သိန်းလောက်ပဲ ကျုပ်တို့ ရခဲ့တယ်။ ခင်ဗျားတစ်ယောက်တည်းပဲ (၇)သိန်းပေးရမယ်ဆိုတော့ ဒါ မဖြစ်နိုင်ဘူး"

"ဟုတ် - ဟုတ်ပါတယ် ဗိုလ်လုံ၊ ကျွန် - ကျွန်တော်လည်း ရှာရသမျှ သူ့ကို သုံး - သုံးသိန်းပဲ အပ် - အပ်နိုင်"

"ဘာ - သုံးသိန်း - ဟုတ်စ။ ခင်ဗျားတို့ ကျုပ်တို့တောမှာ အနှစ်နှစ်အလလ သစ်တွေ ဝါးတွေခုတ်၊ မီးသွေးဖုတ်လာခဲ့တာ၊ သုံးသိန်းလောက်နဲ့ ကျုပ်တို့ ဘာလုပ်ရမှာလဲ။ ထွီ - ဖင်ကြားတောင် မညှပ်လောက်ဘူး။ ဒါ - ကျုပ်တို့နယ်မြေ၊ ကျုပ်တို့ကို အခွန်မဆောင်ရင်၊ အဲ - ကျုပ်တို့ တော်လှန်ရေးအတွက် ပိုက်ဆံမပေးနိုင် ရင် ကျုပ်တို့ပိုင်တဲ့ ဟောဒီသစ်တောမှာ ထင်းခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်လုပ်နေရလဲ။ ကဲ - ကြာပါတယ်၊ ငါ့လူတို့ - ဒီကောင့်ကိုလည်း ဟို - ထွန်းဆိုင်လို သေနတ်ပြောင်းဝနဲ့ တော့ပြီး ဘဝသာ ပြောင်းပေးလိုက်ပေတော့ဟေ့"

"မ - မသတ်ပါနဲ့ ဗိုလ်လုံရယ်။ ကျွန် - ကျွန်မတို့ကို အချိန်လေးငါးရက်လောက်ပေး - ပေးသနားပါဦး။ ရှိကြီးခိုးပါရဲ့ - ရှာ - ရှာပေးပ့ါ"

"ဟာ - ကြာတယ်။ ကျောက်ခဲကို ညှစ်ရင်တောင် ရေထွက်ဦးမယ်၊ ပြောနေလို့လည်း အပိုပဲ၊ ဒီသက်ကြားအိုလင်မယားကိုကြည့်ရတာ ငွေရပေါက်လမ်း တယ်မမြင်ဘူး။ ကဲ - ဒီတော့ - ငါ့တပည့်တို့ - တို့မှာ အချိန်မရဘူး၊ သေနတ်သံကြားလို့ စစ်တပ်က လိုက်လာရင် တို့တစ်တွေ ပြေးပေါက်များနေဦးမယ်။ ကဲ - ပြောင်းဝက တို့ ဥပဒေအတိုင်း ကိစ္စတုံး စီရင်လိုက်တော့"

ဦးအမောင်နှင့် ဒေါ်နှင်းဖဲတို့ ဒူးတုပ်လက်အုပ်ချီကာ တုန်တုန်ချိချိဖြင့် အတန်တန် တောင်းပန်နေသည့်ကြားမှပင် ဗိုလ်လုံ ဆိုသူ၏ အာဏာပါးကွက်သားတို့သည် တဒိုင်းဒိုင်း မြည်ပေတတ် သည့် သေနတ်တို့ဖြင့် ဦးအမောင်တို့ လင်မယား၏ အသက်တို့ကို ကြက်ကလေး၊ ငှက်ကလေးပမာ ဇီဝိန်ချွေလိုက်ကြတော့၏။

"ဒိုင်း - ဒိုင်း - ဒိုင်း"

"အ - အမလေး - သေပါပြီဗျ"

"အား - အင့် - အင့် - သား - သားရေ - လူကလေး - ရေ - အ - အမေတို့တော့ မ - မနေရတော့ဘူး - ငါ့သားသာ လွတ် - လွတ်အောင် ပြေး - အွန့်"

မိခင်သည် သားကို ချစ်စိတ်ဖြင့် သေတွင်းမှာပင် ကြီးမားသော အနန္တမေတ္တာထု ဖြင့် မရရအောင် မှာကြားသွားရှာပေသေးသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

သေနတ်တို့ဖြင့် တဒိုင်းဒိုင်းပစ်ခတ်နေသံ၊ တိုးလျှိုးတောင်းပန်နေသည့်အသံ၊ ပြင်းထန်သည့်ဒဏ်ရာဒဏ်ချက်တွေကြောင့်မသက်မသာ ငိုရှိုက်ညည်းတွားနေသံ၊ တောအဖွဲ့မှဝုန်းဝုန်းဒိုင်းဒိုင်း ပြေးထွက်သွားသည့်အသံတို့အဆုံးဝယ်၊ ညီမြမောင်လေးသည် ပုန်းခိုရာ စပါးပုတ်နောက်ကွယ်မှ တိတ်တိတ်ကလေး ပြေးထွက်လာလိုက်သည်။

မိမိမျက်စိရှေ့မှောက် တစ်သက်မမေ့လောက်သည့် နင့်သည်းနာကြည်းစရာမြင်ကွင်းကြောင့်ညီမြမောင်လေး၏ရင်တစ်ပြင်လုံး ဆို့နင့်လာသည်။ သူ့ခေါင်းတစ်ခုလုံးမှာလည်း ချားရဟတ်အလား ချာချာလည်ကာ မူးခနဲ မိုက်ခနဲဖြစ်သွားသည်။ ကြည့်ကြစမ်းပါဦး။ မဖြစ်စလောက် လရိပ်အလင်းမှမြင်ကွင်းကမရှုရက်၊ မမြင်ရက်စရာပါလား။ ကျေးရွာရှင် ကျွဲသဖခင်ကြီးမှာ ဒူးတုပ်ရှိခိုးလျက် အနေအထားဖြင့်လည်းကောင်း၊ မာတာမိခင်ကြီးမှာတစ်စုံတစ်ယောက်၏ခြေထောက်အားဖက်လျက်တိုးလျှိုးတောင်းပန်နေသည့်အနေအထားမျိုးဖြင့်လည်းကောင်း ကုန်းကွကွလေး သေနေကြရှာပြီတကား။

မရှိသောရင်မှာ ပွင့်အန်လျှံကျလာသည့် သွေးစီးကြောင်းတစ်ခုစီတို့မှာလည်း မိခင်ကြီးနှင့် ဖခင်ကြီးတို့၏ နလုံးသားရင်ပြင်မှ တသွင်သွင် ဒလဟော စီးကျပြီးသကာလ၊ ထိုသွေးစီးကြောင်းနှစ်ခုတို့သည် ညီမြမောင်လေး ပုန်းခိုရာဘက်ဆီသို့ ရင်နှင့်အဝှမ်း စီးဖြန်းပေါင်းဆုံမိကြလေပြီတည်း။

"အောင်မယ်လေး - အဖေ - အမေတို့ရယ် - အဖြစ်ဆိုးလှချည်လားဗျာ။ သား - သားကို ချစ်တယ်ဆို - ခုတော့ - ထား - ထားသွားပြီလားဗျာ။ သား - ဘယ်သူ့ကို အားကိုးပြီးနေရမှာတုန်း အဖေရဲ့။ ထပြောပါဦး - အမေရဲ့"

မိဘနှစ်ပါး၏ ကြမ္မာဆိုးကို ဒိဋ္ဌမျက်မြင် ကိုယ်တွေ့ကြုံလိုက်ရသည့် (၁၅)နှစ်သားအရွယ် ညီမြမောင်သည် သွေးအိုင်ထဲတွင် မရှုမလှ သေနေပေသည့် မိခင်၊ ဖခင်တို့အား တစ်လှည့်စီ သွေးရူးသွေးတန်း ပွေ့ယူထားလျက် အရူးတစ်ယောက်ပမာ တရှုပ်ရှုပ်ငိုရန်မှတစ်ပါး အခြားဘော ရှိနိုင်ပါသေးရဲ့လား။

"တောက် - ငါ့အဖေနဲ့ အမေ့ကို ရက်ရက်စက်စက် ယုတ်ယုတ်မာမာ သတ်ပစ်သွားတဲ့ ဒီကောင်တွေကို ဘယ်တော့မှ မကျေဘူးဟေ့။ ငါကြီးလာတဲ့ တစ်နေ့မှာ မင်းတို့ကို ပြန်ပြီးလက်စားချေပြမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကူကယ်သူမဲ့၊ ငယ်နေသော ညိုမောင်လေး၏ ရင်ထဲမှ တစ်ဆို့ဆို့ စကားသံမှာ နာကြည်းမှုနှင့်အတူ ညည်ညူယံကို ဖောက်ထွင်းကာ လွှပ်စတ်ခဲ့လေပြီ။

ငရဲပွက်သံတမျှ ဆူညံပေါက်ကွဲသည့် ရင်နှင့်စဖွယ်အဖြစ်ဆိုးကြောင့် ထိုညက မဲလုံတစ်ရွာလုံးသည် သချိုင်းကုန်းတစ်စပြင်ပမာ ရစရာမရှိအောင် အကျည်းတန် ခဲ့ရ၏။

ရိုးသားကြိုးစားသည့်တောနေလူတန်းစားတို့သည်မိရိုးဖလာထင်းခုတ်၊ မီးသွေး ဖုတ်ခြင်းဖြင့် ထိုရွာကလေးတွင်အသက်မွေးကြသော်လည်း ရွာသားတို့မှာ "ပေးစရာ ငွေမရှိ၊ ပြေးစရာမြေမရှိ"အဖြစ်နှင့် "နတ္ထိလူသား"ဘဝသို့ လုံးလုံးလျားလျား တစ်မု ဟုတ်ချင်း ကူးပြောင်းရလေတော့၏။

ရွာသားတို့မှာ "ကျောမွဲတို့၏ တက်ခေါက်သံအဖြစ်၊ သည့်နယ်၊ စုတ်တသပ်သပ် ဖြင့် ညည်းချင်းဆိုကြလေကုန်၏။

"အမိမဲ့သား ရေနည်းငါးပမာ" ကျန်ရစ်ခဲ့ရှာသည့် ညိုမောင်သည် ဆွေရိပ် မျိုးရိပ် ကင်းဦးလေးတော်သူ၏အိမ်တွင် ကပ်ရပ်စားသောက်မှီခိုရင်း ခံပြင်းနာကြည်းသည့် စိတ်တို့မှာ ဒီရေတက်သည့်ပမာ မြင့်တက်လာခဲ့တော့သည်။

"တောက် - ငါ့မိငါ့ဖကိုရက်ရက်စက်စက် ယုတ်ယုတ်မာမာ သတ်သွားတဲ့ကောင် တွေ - ငါ့ရပ်ငါ့ရွာအတွက် ငါ့နိုင်ငံတော်အတွက် တစ်နေ့တော့ ဒင်း(သင်း)တို့ကို ကောင်းကောင်းကြီး လက်တုံ့ပြန်ပြမယ်ဟေ့"

ဦးလေးဖြစ်သူနှင့် တောင်ယာခုတ်၊ မီးသွေးဖုတ်ရင်း၊ တောတက်ရင်း၊ အမဲလိုက် ရင်းဖြင့် အချိန်များစွာတို့ကို ကုန်လွန်စေခဲ့သည့် ညိုမောင်သည် မိဘနှစ်ဦးတို့ အသေ ဆိုးဖြင့် သေခဲ့ရသည့်ဖြစ်အင်ကို မြင်ယောင်တိုင်း ဤသို့ ဥဒါန်းကျူးရင်း သန္နိဋ္ဌာန်ချခဲ့ ပသည်။

သို့ဖြင့် တစ်နေ့တွင် မိမိတို့ရွာသို့ဝင်ရင်း ဦးလေးဖြစ်သူအိမ်တွင် တစ်ထောင့်နား နေကြသည့် တပ်စုတစ်စုထံသို့ မဝံ့မရဲစိတ်ဖြင့် ညိုမောင် ချဉ်းကပ်လိုက်သည်။

"အစ်ကိုရယ် - ကျွန် - ကျွန်တော်လေ - အစ်ကိုတို့လို စစ်သားသိပ်ဖြစ်ချင်တာပဲ စစ်ထဲ ဘယ်လိုဝင်ရလဲ ဟင်၊ ကျွန်တော် ဝင်ချင်တယ်"

ထိုအချိန်က အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်သည့် ညိုမောင်သည် ရုပ်ရည်မာန် ပြည့်နှင့် မိသားစုထမင်းဝိုင်းတွင် နွေးထွေးစွာ အတူဝိုင်းဖွဲ့စားသောက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com

စစ်သားများကိုကြည့်ပြီး အားကျစိတ်တို့ ယိုဖိတ်လာကာ ဤသို့ မဝံ့မရဲ မေးဖြစ်လိုက်သည်။

ညိုမောင်သည် နှစ်လိုဖွယ်အပြုံးဖြင့် မိမိခေါင်းကို ကြင်နာစွာသပ်ပေးနေသည့် စစ်သားတစ်ဦးအား မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် ငေးကြည့်နေမိလိုက်သည်။ သူသည် မိသားစုတစ်ယောက်နယ်၊ ထိုစစ်သားအပေါ် ခင်မင်တွယ်တာစိတ် ဖြစ်လာမိသည်နှင့် ထိုစစ်သား၏ နားရွက်တစ်ဖက်ကို မသိလိုက် မသိဘာသာကိုက်ထားရင်း သူ့နှုတ်ခမ်းအား ဖိကိုက်ထားကာ ခပ်ငေးငေးလေး ကြည့်နေရှာသည်။

"အဲဒါပဲကြည့်တော့ - ဆရာလုံ့ရယ်။ ညိုမောင်လေးဟာ မိဘမောင်နှမမေတ္တာကို ငတ်မွတ်နေရှာတော့ သူ့အိပ်ရင် သူ့အဖေဖြစ်ဖြစ်၊ အမေဖြစ်ဖြစ် နားရွက်ကို ကိုင်နေကျ ဆရာရဲ့၊ ပြီးတော့ - သူ့အကျင့်က သူ့နှုတ်ခမ်းကို သွားနဲ့ကိုက်ပြီး သနားကမားလေးနဲ့ ကြည့်နေတတ်တာမို့၊ ဆရာ့ကို သူ့အဖေအထင်နဲ့ ယောင်ယောင်ပြီး ကိုက်နေတာ - ဆရာရဲ့"

အားနေသည့် လက်တစ်ဖက်ဖြင့် သေနတ်ဒင်ကို အားကျနှစ်လိုစွာ ကိုင်တွယ်ပွတ်သပ်နေသည့် ညိုမောင့် အပြုအမူအားကြည့်ရင်း သူ့ဦးလေးဖြစ်သူက အားလုံစွာ ရှင်းပြလိုက်သည်။

"ရပါတယ်ဗျာ၊ ဒီကလေးကိုမြင်ပြီးကတည်းက ကျွန်တော်လည်း ကိုယ့်ညီလေး အရင်းတစ်ယောက်လို သံယောဇဉ်ဖြစ်မိတာ အမှန်ပါပဲဗျာ၊ ဒါထက် - ငါ့ညီက စစ်ထဲ တကယ်ဝင်ချင်လို့လား"

ထိုစစ်သား၏အမေးကိုညိုမောင်သည် အားတက်သရော မဆိုင်းမတွပင် အဖြေပေးလိုက်ပါ၏။

"ဟုတ်ကဲ့ - အစ်ကို၊ ကျွန်တော်ဝင်ချင်တယ်၊ ကျွန်တော့်ကိုစစ်တပ်ထဲ သွင်းပေးမှာလားဟင်"

"အင်းပါ - သွင်းပေးမှာပေါ့၊ အစ်ကိုတို့ နောက်နှစ်ပတ်လောက်ကြာရင် တပ်အချိန်းအပြောင်းလုပ်တာနဲ့ ဒီက ငါ့ညီလေးကို တပ်ရင်းခေါ်သွားမယ်နော်၊ ခုစစ်သားစုဆောင်းနေတာနဲ့ အတော်ပဲ၊ မကြာခင် သင်တန်းတက်ခွင့်ရမှာပါ၊ အဲဒီအခါ အစ်ကိုတို့ကို စောင့်နေပေါ့"

သည်သို့ဖြင့် စစ်သားလောင်းလေး ညိုမောင်သည် ခလရ ( )တပ်သို့ တပ်သားသစ်အဖြစ် ဝင်ရောက်ဖြစ်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား ၁၉၇၃ - ခုနှစ်၏ ဟေမန္တဆောင်းကာလတစ်ခုတွင် ဖြစ်သည်။

သင်တန်းသို့ မထွက်ခွာမီ ညိုမောင်သည် ကလေးဘဝကတည်းက ကစားဖော် ကစားဖက်၊ ဟော - ကြီးပြင်းလာတော့လည်းတစ်ဖက်သတ်ရင်ခုန်ချစ်ဖြင့်တိတ်တခိုး ချစ်နေမိသည့်ငယ်ကျွမ်းဆွေ "ဝါနု" ဆိုသောမိန်းမချောလေးနှင့်တစ်ခုသော သစ်ဆိမ့် ပင်ကြီးအောက်တွင် ဆုံတွေ့ဖြစ်ကြ၏။

"ဝါနုရယ် - ငါလေ မနက်ဖြန်ဆို တပ်ထဲဝင်တော့မယ်၊ စစချင်းတော့ သင်တန်း တက်ရမှာပေါ့ကွာ၊ အဲဒါ နင့်မျက်နှာကို နောက်ဆုံးအနေနဲ့ မြင်သွားချင်လို့ ခုလို အရဲ ကိုးပြီး ငါ လာချိန်းတွေ့တာပေါ့၊ ငါ့ရင်တွေ ခုန်တယ်ကွာ၊ ငါလေ နင့် - နင့်ကို"

"အို - နင့်စကားကလည်း အနှောင့်မလွတ်၊ အသွားမလွတ်နဲ့ - ငါ ရှက်တယ် ဟာ"

"မနက်ဖြန်ဆို ငါသွားရတော့မှာ နင် သိတယ်နော်၊ ငါအပြောနောက်ကျသွားလို့ တစ်သက်လုံး ဝေးသွားရမှာကိုတော့ ငါမလိုလားဘူးကွာ၊ စစ်သားမဖြစ်သေးပေမယ့် စစ်သားစကားကို နင့်ကို ခပ်ပြတ်ပြတ်ပဲ ပြောတော့မယ်ကွာ၊ ငါ နင့်ကို ချစ်တယ်၊ ကံမကုန်လို့ ပြန်ဆုံရမယ့်တစ်နေ့ ငါ့ကို သစ္စာရှိရှိစောင့်နေဖို့ ငါ ပြော - ပြောချင်တယ် ကွာ"

"အို - ညိုမောင်ကလည်း ပြောမယ့်ပြောတော့လည်း ဆိုင်းမဆင့် ဗုံမဆင့်ပါပဲ လား"

"ဘာလဲ - နင် ငါ့ကို မချစ်ဖူးလား၊ ငါ ရှေ့တန်းက ပြန်လာမယ့်တစ်နေ့ကိုကော နင် စောင့်နိုင်ပါ့မလား"

ညိုမောင်၏ငုံးတိတိဒဲ့ဒိုး(တဲ့တိုး) စကားကြောင့် ဝါနုမှာ ရှက်သွေးတို့ တဖြန်းဖြန်း ထကာ မည်သို့ပြန်ပြောရမည်မသိချေပဲ ခေါင်းကိုသာ တွင်တွင်ငုံ့နေမိတော့၏။

"အဲ - အင်း - အင်း - နင် ခုလို ဟောဟောဒိုင်းဒိုင်းကြီး ပြောချလိုက်တော့ ငါ ဘယ် လိုစဉ်းစားရမလဲဆိုတာတောင် မဆုံးဖြတ်တတ်တော့ဘူးဟယ်၊ ဟို - ဟိုလေ - နင့်ကို ပြန်ချစ်၊ မချစ်တော့ မသိသေးဘူး၊ ငါ့ကိုယ်ငါ ပြန်မေးကြည့်ဦးမယ် သိလား၊ [illegible] လေ - တစ်ခုသေချာတာက ငါ အပျိုကြီးပဲလုပ်ရင် အောင်ပွဲခံနေတဲ့ နင့်[illegible]ကို နားစွင့်နေမယ်နော်"

www.burmeseclassic.com

ဤသို့ချစ်စဖွယ်လျှာကလေးတစ်လစ်ထုတ်ကာမတင်မကျေစကားမျိုးဖြင့်မှုဟန်နွဲ့နွဲ့မျှော်လင့်ချက်ပေးသည့် ချစ်သူစကားသံတို့ကိုနားခံရင်း ကျောခိုင်းထွက်ခွာလာသည့်ညိုမောင်တစ်ယောက် စစ်ထဲဝင်ဖြစ်ခဲ့ပြီကောလေ။

"ဝါနု" ဆိုသည့်နာမည်နှင့်လိုက်ဖက်အောင်ဝင်းဝါနုစိုသည့်အသားအရေ၊ မှုဟန်သွယ်နွဲ့နွဲ့တွေကြောင့် သင်တန်းတက်ဖို့ သွားသာသွားနေရသော်လည်း ညိုမောင့်စိတ်ထဲ၊ မျက်စိထဲမှာ ဝါနု၏အသွင်သဏ္ဍာန်များကတော့ သူ့စိတ်သန္တာန်ထဲတွင် ဝေ့ဝဲလျက် အစွဲကြီး စွဲကျန်ရစ်ခဲ့လေပြီ။

"မင်းနာမည် ညိုမောင်နော်၊ ဘာရည်ရွယ်ချက်နဲ့ စစ်ထဲဝင်ဖို့မင်း ဆုံးဖြတ်လိုက်တာလဲ"

သင်တန်းတက်ဖို့လူသစ်ရွေးစဉ် သင်တန်းဆရာ တပ်ကြပ်လှမောင်မှ ညိုမောင်အား အကဲစမ်းသလို မေးလိုက်သည်။

"ဟို – ဟိုလေ – ကျွန်တော့်မိဘနှစ်ပါးကို တောအဖွဲ့သောင်းကျန်းသူတစ်စုက ကျွန်တော့်မျက်စိရှေ့မှာတင် ရက်ရက်စက်စက်သတ်သွားကြတယ် ဆရာ၊ နောက်ပြီး ရွာတွေမှာ ရွာသားတွေကို လက်နက်အားကိုးနဲ့ အနိုင်ကျင့်၊ ဆက်ကြေးတောင်း၊ မပေးရင် လူသတ်ဆိုတော့ ဒါတွေကိုမြင်ပြီး ခံပြင်းလွန်းလို့ ကျွန်တော် စစ်ထဲ ဝင်ချင်စိတ်ဖြစ်ခဲ့တယ် – ဆရာ"

"ဟား – ဟား – ဟား – မင်းက မင်း မိဘတွေအတွက် လက်စားချေချင်တဲ့ စိတ်တစ်ခုထဲနဲ့ပဲစစ်တပ်ထဲဝင်တာပဲလား။ အဲ – မင်းစိတ်ထဲမှာတိုင်းပြည်ချစ်စိတ်ကလေး နမ်းတစ်စေ့တောင် မဖြစ်မိဘူးလား – ညိုမောင်ရာ"

"ဟာ – ဘယ်မဖြစ်ပဲနေမလဲ၊ ဖြစ်တာပေါ့ – ဆရာရယ်၊ ကျွန်တော့်မိဘကို သတ်သွားတာ အသာထား၊ နိစ္စဓူဝ မြင်နေရတဲ့ တောသူတောင်သားတွေရဲ့အသက်လုပြီး အလုပ်လုပ်နေရတာတွေ၊ နိုင်ငံပိုင်သစ်တောတွေကို ငါတစ်ကော ကောပြီး ဝါ့ဥစ္စာချည်းထင်နေကြတဲ့တောအဖွဲ့တွေကိုမြင်နေရတော့အမှန်ပြောရရင်အများပိုင် သယံဇာတတွေကို မောင်ပိုင်စီးနေတာ မမြင်ချင်တာလည်း ပါတယ်၊ အော့နလုံးလည်းနာတယ်။ နိစ္စဓူဝ ကျွန်တော်တို့ လုပ်မစားရဲတာလည်း ပါတယ်ပေါ့၊ နိုင်ငံချစ်စိတ်လည်း တစ်စိတ်တစ်ဒေသပါလို့ ခုလို တပ်ထဲဝင် ဖြစ်တာပေါ့ – ဆရာရယ်"

"ဒါထက် – မင်းမိဘတွေကို သတ်တဲ့လူသတ်သမားတွေ မင်းရှေ့ရောက်ပါပြီတဲ့ – ထား – သွေးအေးအေးနဲ့ မင်း သတ်ရဲမှာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုတော့ ဘယ်လုပ်မှာလဲ ဆရာ။ ရန်ရန်ချင်း မတုံ့နှင်းပဲ တရားဥပဒေအတိုင်း တပ်မတော်နဲ့ နိုင်ငံတော်ကို အပ်နှံမှာပေါ့။ ကျွန်တော်က သွေးအေးအေးနဲ့ လူသတ်ဖို့နေနေသာသာ ဦးလေးနဲ့ အမဲလိုက်ထွက်ရင်တောင် သားကောင်ကိုမြင်ရင် ချော်ပစ်လိုက်တာပဲ။ သားသည် မိစင်ချေတွေ၊ ဆတ်တွေဆို ပိုလို့တောင် မသတ်ရက်ဘူးဗျ"

"အေး - မင်းရည်ရွယ်ချက်က မဆိုးပါဘူးကွာ။ တို့တပ်မတော်ဆိုတာ လူသတ်ဖို့ လက်နက်ကိုင်တာ မဟုတ်ဘူးကွ။ တရားသောစစ်ကို ဆင်နွှဲဖို့၊ တရားဥပဒေစိုးမိုးရေးကို အကူအညီပေးဖို့၊ ပြီးတော့ကွာ - တို့ပြည်ထောင်စုကြီး မပြိုကွဲဖို့ တို့စစ်သားတွေမှာ တာဝန်ရှိတယ်မှတ်လား။ မင်းတို့ရွာမှာ ဗမာတွေကော၊ ရှမ်းတွေရော၊ ပအိုဝ်တွေ၊ ပလောင်တွေ၊ လားဟူ၊ လီဆူးတွေဟာ ရွာနီးချုပ်စပ်မှာကော ရှိကြတယ်မဟုတ်လား။ ဒါတွေဟာ တို့သွေးချင်းတွေပဲပေါ့ကွာ။ အင်း - သူတို့ရဲ့ နွေးထွေးတဲ့ခင်မင်မှုတွေကို မင်းချစ်ခဲ့တာပဲမှတ်လား။ ဒါကြောင့် သူတို့စိတ်ဝမ်းကွဲမယ့်အရာ၊ စည်းလုံးညီညွတ်မှုနဲ့ ပြိုကွဲမှုတွေကို မင်း မြင်ချင်မှာ မဟုတ်ဘူးလို့ ငါထင်တယ်။ ပြီးတော့ နိုင်ငံရဲ့ အုပ်ချုပ်မှုအာဏာတွေ မတည်ငြိမ်ရင်ကော မင်းတို့၊ ငါတို့ ဒီတိုင်းပြည်မှာ အေးအေးချမ်းချမ်း သွားလာလှုပ်ရှား၊ ထမင်းတစ်ဝမ်းစားလို့မှ ဖြစ်ပါ့မလား။ ဒါတွေ တည်တံ့ခိုင်မြဲဖို့လိုသလို၊ အေး - ငါတို့စစ်သားတွေမှာ တာဝန်ရှိတာပဲ မဟုတ်လား။ ဒါကြောင့် တရားသောစစ်ကို ဆင်နွှဲဖို့ တို့သေနတ်ကိုင်တာကွ၊ မင်းမြဲမြဲမှတ်ထား။ ဖြစ်နိုင်ရင် တို့နိုင်ငံသား တိုင်းရင်းသားအချင်းချင်း တိုက်လား၊ ခိုက်လားနဲ့ မသတ်ချင်ပါဘူးကွာ။ မျက်ကန်းမျိုးချစ်လိုလို၊ ရောင်တော်ပြန်နဲ့ ရောလွှတ်နေသလိုလို ယောင်ချောက်ဆယ်သမားတွေကြောင့် စစ်မတိုက်ချင်ပဲ တိုက်နေရတယ်ကွာ"

ထိုစဉ်က သင်တန်းဆရာ၊ ဆရာလှမောင်၏ ရှည်လျားထွေပြားလှသည့် ဩဝါဒစကားကြောင့် ညိုမောင်သည် အမိမြေအတွက် တိုက်ချင် ခိုက်ချင်၊ အသက်ပေးချင်စိတ်တို့ တဖွားဖွားပေါ်လာကာ ဇာတိမာန် ကြက်သီးမွေးညင်းများပင် ထမိပါသေးသည်။

"ကဲ - ညိုမောင် - မင်းရဲ့စိတ်ဓာတ် စစ်ဆင်ရေးကိုတော့ ဆရာ ကြိုက်သွားပြီ၊ ဒီတော့ နောက်တစ်ပတ်ဆိုရင် သင်တန်းစတော့မှာမို့ ဆရာ မင်းကို ရွေးလိုက်ပြီ၊ စစ်ရေးလေ့ကျင့်ချိန်၊ သင်တန်းပေးချိန်တွေမှာတော့ အရမ်းကို ပင်ပန်းဆင်းရဲလိမ့်မယ်နော်၊ မင်း ခံနိုင်ရည်ရှိပါ့မလား။ ခုကတည်းက ပြောထားမယ်နော်၊ မခံနိုင်ရင်တော့ စစ်ထဲမဝင်တာ အကောင်းဆုံးပဲ"

www.burmeseclassic.com

"စိတ်သာချ - ဆရာရေ့ "ငါ့မိငါ့ဖ ငါ့နိုင်ငံအတွက်ဆိုပြီး ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ ကျွန်တော် ညိုမောင်ဆိုတဲ့ကောင် ခံနိုင်ရည်ရှိအောင် ကြိုးစားပါ့မယ် - ဆရာ"

"အေး - ဒါမှ ငါ့တပည့်ကွ၊ အင်း - ဒါပေမဲ့ - သင်တန်းမှာ လူဆင်းရဲ စိတ်ဆင်းရဲမှာ အမှန်ပဲမို့မင်း "တပ်ပြေး" လုပ် မလုပ်ကိုပဲ စောင့်ကြည့်ရဦးမှာပေါ့ကွာ - ဟား - ဟား - ဟား - ဟား"

သည်လိုနှင့်ပင် ညိုမောင်သည် ခလရ(    )ရှိ တပ်သားသစ်သင်တန်းသို့ ဆရာလှမောင်၏ အာမခံချက်ဖြင့် တက်ရောက်ဖြစ်ခဲ့သည်။

ဆရာလှမောင် ကြိုတင်ဟောကိန်းထုတ်ထားသကဲ့သို့ပင် ညိုမောင်သည် သင်တန်းစလျှင်စချင်း ပင်ပန်းဆင်းရဲစွာ လေ့ကျင့်မှုတို့အား ခံယူရလေသည်။ ထမင်းစားချိန်များတွင် စပါးလုံးနိုင်ချင်းဖြင့် ရွေးကောက်ပွဲလုပ်ကာ စပါးလုံးဖယ်စားရခြင်းဒုက္ခကိုလည်းကောင်း၊ နေ့ခင်းတစ်ရေးအိပ်ခွင့်ပေးချိန်တွင် ဝီစီ(ခရာ)တုပ်ပြီး စုရပ်သို့ အမြန်ပြေးလွှားရခြင်း၊ နောက်ကျကရိုင်ဖယ်သေနတ်ထမ်းပြီး အပြစ်ပေးသည့်အနေနှင့် ခေါက်တုံ့ခေါက်ပြန်ပြေးရခြင်း စသည့် ခံနိုင်ရည်အစမ်းသပ်ခံမှုတို့ကို ကြုံတွေ့လိုက်ရပေသေး။ ဤမျှသာလော၊ မဟုတ်သေးချေ။ နေပူကျဲကျဲတွင် ခရောတက်(မိကျောင်းတွား)တက်ရ၊ အခက်အခဲ ကျော်လွှား သင်ခန်းစာအဖြစ် တောင်ကုန်းတောင်တက်တို့ကို အခေါက်ခေါက် အခါခါတက်ကာ ကျောပိုးအိတ်တွင် အလေးအပင် (ဥပမာ - ခဲလုံးများ)ထည့်ပြီး အပြေးတက်ခြင်းတို့ဖြင့် ခက်ခဲကြမ်းတမ်းသည့် သင်ခန်းစာတို့ကို ချွေးဒီးဒီးကျ သင်လိုက်ရပြန်သည်။

ချွေးထွက်များမှ သွေးထွက်နည်းမည်"တဲ့၊ တပ်မတော်ဆောင်ပုဒ်က သည်လိုဆိုထားသည်မဟုတ်ပါလား။

မိဘတို့အတွက် နာကြည်းစိတ်နှင့်အတူ စိတ်ဓာတ်ခိုင်မာသည့်ညိုမောင်သည် သင်တန်းကာလတစ်လျှောက် ဆေးသတင်းမပို့ (အီးဒီမယူ) ပီတီအပြေး မပျက် ညကင်းတာဝန်များမပျက်ကွက်စေပဲ လက်ထဲရှိသေနတ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း မဆုတ်မနစ်သောဇွဲဖြင့် တောင့်ခံခဲ့ပေသည်။

အရပ်သားဘဝက လားလားမျှပင် မသိရှိခဲ့ရသည့် စစ်ပရိယာယ်တွေ၊ အဆီအားလျော်စွာ ကျင်းပသည့် စစ်ရေးပြပြိုင်ပွဲ၊ ကြံ့ခိုင်သန်စွမ်းမှုပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများနှင့်အတူ စစ်ရေးစစ်ရာဖြစ်သည့် အထူးစစ်နည်းဗျူဟာ၊ မြေပုံဖတ်ပညာ စသည်တို့ကိုလည်း မိမိတို့ဉာဏ်မီသလောက်သင်ခဲ့ရပါသေးသည်။ တပ်မတော်သားတိုင်းသိထား

www.burmeseclassic.com

www.burmeseclassic.com

ခံယူရသည့် ခံ – စွာ – တိုက် – ချီ စသည့် စစ်ကဏ္ဍကြီးများနှင့် "တော၊ ဆိတ်၊ ဖုံး၊ လှည့်၊ မျက်၊ လက်၊ ကိုယ်" ဆိုသည့် တောကျွမ်းကျင် မှု၊ ဆိတ်ငြိမ်မှု၊ ဖုံးကွယ်မှု၊ လှည့်စားမှု၊ မျက်စိလျင်မှု၊ လက်ဖြောင့်မှု၊ ကိုယ်ခန္ဓာ ကြံ့ခိုင်မှု စသည့် တန်ဖိုးမဖြတ်နိုင်သည့် စစ်ဆင်ရေးများကိုလည်း သင်တန်းကာလတစ်လျှောက် တတ်မြောက်ခဲ့ချေသည်။

"ကိုယ်စီငိုရီ" ဟု ပြောစမှတ်ပြုရလောက်အောင် ကိုယ်စီသင်တန်းစာ သင်ရသည့်အချိန်များတွင် သင်တန်း သားတို့မှာ ငိုရမလို၊ ရယ်ရမလို ပင်ပန်း သည်နှင့်အမျှ ပျော်စရာကောင်းလှသည့် စစ်သားဘဝကို ဖြတ်သန်းခဲ့ရသည့် ညိုမောင့်အတွက် မှဆိုးစိုင်သင် ဆိုသလို ရရှိလိုက်သည်။ ဒါတွေသည် မိမိအသက် အန္တရာယ်လုံခြုံမှုအတွက် အပန်းတကြီး သင်ပြပေးရှာသည့် ဆရာများနှင့် တပ်မတော်၊ နိုင်ငံတော်၏ ကျေးဇူးများပင်တကားဟု ညိုမောင် တွေးနေမိပေတော့သည်။

☆

## ရှေ့တန်းရောက် ညိုမောင့်ဘဝ တစ်ဆစ်ချိုး

ထိုစဉ်က တပ်ရင်းမှူးဖြစ်သူမှာ ဒုတိယဗိုလ်မှူးကြီး အယ်လ်ကွန်ဖာဖြစ်သည်။ သင်တန်းကာလမှာခြောက်လပင်ဖြစ်သော်ငြားခေတ်အခြေအနေနှင့်နယ်မြေမအေးချမ်း၍သင်တန်းဆင်းဖို့နှစ်ပတ်ခန့်အလိုမှာညိုမောင်နှင့်တကွတပ်သားသစ်တို့သည် ဆရာသိန်းလွင်တို့အဖွဲ့နှင့်အတူ ရှေ့တန်းစစ်မျက်နှာသို့ ထွက်ခွာလာကြသည်။

ညိုမောင်တို့တပ်ခွဲအား တပ်ခွဲမှူး ဗိုလ်ကြီးစိန်ညွန့် (တရုတ်ကြီး)၊ တပ်စုမှူး ဗိုလ်ရဲအောင်နှင့် တပ်စိပ်မှူး ဆရာသိန်းလွင်တို့ ဦးဆောင်ပြီး ချီတက်လာကြသည်။

စထွက်ထွက်ချင်းမှာ ခလရ(   )မိခင်တပ်ရင်းမှ ကားစီစဉ်ပေးသဖြင့် ညိုမောင်တို့သည် "ကာလိ" ရွာအထိ ကားဖြင့် လိုက်ပါခဲ့ရသည်။ ကာလိသို့ ရောက်သည်နှင့် တစ်တောဝင် တစ်တောင်တက်ဖြင့် "ကွန်ဟိန်း" သို့ ဦးတည် ချီတက်လိုက်ကြသည်။

ညိုမောင့်မှာ တိုက်ပွဲအတွေ့အကြုံ မရှိသေးရကား တပ်မတော်မှ သင်ကြားပေးလိုက်သည့် လျင်မြန်ဖျတ်လတ်မှု၊ သတိဝီရိယရှိမှု၊ နားပါးမျက်စိလျင်မှု၊ အကင်းပါးမှုတို့ကြောင့်ပင် ရှေ့ပြေးကင်းထောက် (ပွိုင့်)အနေနှင့် ရှေ့ဆုံးမှ ထွက်ခွင့်ရလိုက်သည်။

www.burmeseclassic.com

"ညို့မောင် - မင်းက ရှေ့ပြေးကင်းထောက်(ပွိုင့်)တက်ရမှာဆိုတော့ ရန်သူ့အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်၊ ရန်သူတွေ့တာနဲ့ တို့ဆီ အမြန်ဆုံး ဆက်သွယ်မှုယူ၊ ဘာမေးစရာရှိလဲ"

"မရှိပါဘူး"

"မရှိရင် ဆက်လုပ်"

ကာလီနှင့် ကွန်ဟိန်းကြားရှိ ရှမ်းရိုးမတောကြီးသည် အင်၊ အင်ကြင်းနှင့် ထင်းရှူးပင်တို့ဖြင့် ရှုပ်ထွေးပွေလီမ်နေရကား နေပြောက်မထိုးနိုင်သည့် တောကြီးမျက်မည်းအတွင်း ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲဆင်နိုင်ရန် ရဲဘော်တို့သည် ချုံတိုးရင်း ငုံ့လျှိုးရင်း၊ ခုတ်ထွင်ရှင်းလင်းရင်း ရိပ်ကြီးခိုကာ တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့ကြချေ၏။ တစ်ချက် တစ်ချက်တွင် အမှတ်မထင် ဖြတ်ပြေးသွားသည့် သားရဲ ကျား၊ ကျားသစ်၊ သစ်ဆင်နှင့် တောဝက်တို့ကြောင့် ရဲဘော်တို့မှာ သည်အန္တရာယ်ခရီးကြမ်းအား သတိကြီးစွာထား၍ တက်လှမ်းနေကြရလေ၏။ ရန်သူကြားမှာစိုး၍သာ၊ ရဲဘော်တို့မှာ ထိုသားကောင်တို့အား ပစ်မိန့်မရသည့်အတွက် တောလိုက် မုဆိုးတစ်ဖြစ်လဲ ညို့မောင်သည် မချင့်မရဲလှစွာ ပစ်ချင် ခတ်ချင်စိတ်တို့ကို ကြိတ်မှိတ်မျိုသိပ်ထားလိုက်ရသည်။

ခက်ထန်ကြမ်းတမ်းသည့် မြိုင်ကန္တာနှင့်အတူ မြူခြေငွေ့ငွေ့၊ နှင်းသင်တိုင်းတို့အုပ်မိုးပေသည့် တောင်စွယ်၊ တောင်ခါးပန်းများကြောင့် ရဲဘော်တို့သည် ခက်ခဲကြမ်းတမ်းသည့် ကမ်းပါးယံအတိုင်း ဖင်ဒရွတ်ဆွဲ၍ ဆင်းခဲ့ရပြန်သည်။

ထိုစဉ်လေမနင်ပါပဲ ချုံပုတ်တစ်ခုမှ သစ်ကိုင်းသစ်ရွက်တို့ လှုပ်ရှားလာသလိုမြင်ကွင်းတစ်ခုက ညို့မောင့်မျက်ဝန်းထောင့်တစ်နေရာသို့ ရိပ်ခနဲ တိုးဝင်လာသည်။

"ရှေ့မှာ ရန်သူ - ပစ် - ပစ်"

"ဒိုင်း - ဒိုင်း - ဒိုင်း - ဒိုင်း"

ညို့မောင်သည် လျှပ်တစ်ပြက်အတွင်းမြင်လိုက်ရသည့် ရန်သူ့အရိပ်အယောင်ကြောင့် မိမိနောက်ဖက်တွင် လိုက်ပါလာသည့် တပ်စုတို့ကြားလောက်အောင် အော်ပြောပြီးသည်နှင့် မရှေးမနှောင်းမှာပင် ကျည်အသင့်ထိုး ထားသည့် G-3 သေနတ်ဖြင့် တရစပ်ပစ်ခတ်လိုက်သည်။

အော်သံနှင့် သေနတ်သံတို့က တိုင်ပင်ထားသည့်နယ်၊ အချိန်ညှိ၍တစ်ပြေးညီထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

တဒင်္ဂအတွင်း အငိုက်မိသွားသည့် ရန်သူတို့သည် တန်ပြန်ပစ်ခတ်ချိန်ပင် မရ ချေပဲ မနိုင်မနင်းသယ်လာသည့် ပစ္စည်းတို့ကို ဗုန်းခနဲပစ်ချကာ ကိုယ်လွတ်ရုန်းပြေး ကြလေကုန်၏။

ရန်သူတို့အား ပစ်ခတ်လိုက်သည့်နေရာသို့ ရောက်သည်နှင့် တပ်ခွဲတစ်ခွဲလုံးရှိ ရဲဘော်တို့သည် တပ်ဖြန့်ရှာဖွေလိုက်ကြ၏။

"ဟာ - ဟောဒီမှာ တွေ့ပြီ ဗိုလ်ကြီး။ ရန်သူ့ထံက ကျည်မှန်ပြီး ကျကျန်ရစ်ခဲ့တဲ့ "ဟားဟားဆိုက်" (ဘေးလွယ်အိတ်)တွေနဲ့ 14 m.m (၁၄ မ.မ)ကျည်တောင့်တွေ၊ ဟော - ဟိုမှာလည်း သေနတ်မှန်ပြီး သေနေတဲ့ အလောင်းနှစ်လောင်းပါလား၊ ဟဲ - ဟဲ - ဗိုလ်ကြီးရေ - ကျွန်တော်တို့ ပွဲဦးထွက်တိုက်ပွဲတော့ ဈေးဦးပေါက်သွားပြီ"

ညိုမောင်သည် ရှေ့ပြေးပွိုင့်တစ်ယောက်အဖြစ် ဦးဦးဖျားဖျား အောင်ပွဲခံလိုက်ရ သည့်တိုက်ပွဲငယ်တစ်ခုကြောင့် အနီးသို့ရောက်လာသည့်ဗိုလ်ရဲအောင်အား ဝမ်းသာ အယ်လဲ ဆီးကြိုပြောလိုက် ၏။

"အင်း - တို့တပ်မတော်က လက်ဦး သွားပေလို့ပေါ့ကွာ။ မှန်းစမ်း - ဒီအလောင်း နှစ်လောင်းကို ကြည့်ရတာ၊ အက်စ်အက်စ်အေ (SSA) ကပဲကွ"

ဗိုလ်ရဲအောင်က မှတ်ချက်ပြုလိုက်သည်။

သို့ဖြင့် ညိုမောင်တို့တပ်ခွဲသည် ရှေ့ရှိ ပလောင်ရွာတစ်ရွာသို့ဝင်ကာ ခဏမျှ အနားယူလိုက်ကြ၏။ မိမိတို့တွင် အသင့်ပါလာသည့် "ဟန်းကော"တို့ဖြင့် ကိုယ်စီ ကိုယ်င ထမင်းချက်ကြပြီးလျှင် အရိပ်ကောင်းသည့်သစ်ပင်အောက်မှာပင် နံနက်စာ ကို ဖြစ်သလို စားသောက်လိုက်ကြသည်။

သို့ဖြင့် တောထဲတောင်ထဲ သေနတ်ဆွဲကာ ရှေ့ခရီးအတွက် ချီတက်ရပြန်ပြီ။

နယ်မြေရှင်းလင်းရေးဖြစ်၍ ညိုမောင်တို့သည် အထက်အမိန့်အရ နိုလန်၊ ကာလိ လမ်းကြောင်းအတိုင်း အနောက်မြောက်စူးစူးသို့ နောက်တစ်နေ့ မနက်စောစော (၅) နာရီခန့်တွင် စတင်ထွက်ခွာဖြစ်ကြသည်။

လမ်းတစ်လျှောက် ရှမ်းရွာ၊ ပအိုဝ်း ရွာများ၊ ပလောင်ရွာများရှိ၍ ရဲဘော်တို့သည် တိုင်းရင်းသား ပလောင်အိမ်သို့ တက်ကာ သူတို့ စေတနာအလျောက် ပေးလာသည့် ဖရုံ၊ သခွားတို့နှင့် ချက်ပြုတ်ကာ အတူစားသောက်ဖြစ်ကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

ရှိုးသားပွင့်လင်းသည့် ပလောင်များက ရှားစေးထည့်စားထားသည့် ကွမ်းယာကြောင့် နီကျင်သည့်သွားများပေါ်အောင် လှိုက်လှိုက်လှဲလှဲပြုံးပြနှင့်ဝတ်ပြုကြသည့်အတွက် ညိုမြောင်တို့ ရဲဘော်တစ်စုသည် နွေးထွေးမှုကို အတူခံစားခဲ့ရသည်။

"ပီနန်း (အစ်မ) ရှမ်းအဖွဲ့ (S.S.A) တို့ ဖြတ်သွားဖြတ်လာတွေ တွေ့မိသေးလား"

"အိုး - ဗမာစစ်သား၊ တွေ့လေ၊ ဟိုဘက် (ကာလိမှ မိုင်းရှူးဘက်သို့ လက်ညှိုးထိုးပြရင်း ...) ရှမ်းစစ်သားတွေ အများကြီးပဲ၊ ဂလောက် - ဂလောက် - ဂလောက် (အင်စတုမင်းမှ မြည်သံ)နဲ့ စောန(စောစောပိုင်းကမှ) ဖြတ်သွားပေါ့။ ပီနန်းတို့အိမ်က တောင်ကြက်တွေ၊ ဘဲတွေ ဖမ်းသွားသေးလေ"

"အေး - အေး - ကျေးဇူးတင်ပီ ပီနန်းရေ"

ပလောင်မတို့၏ စကားကို ကြားလိုက်ရလေသဖြင့် ညိုမြောင်တို့တပ်စု တစ်ဖွဲ့သည် သူတို့ညွှန်ရာ ကားလမ်းမှနေ၍ ချောကားဖြင့် မိုင်းရှူးသွားရာလမ်းဘက်သို့ ခရီးဆက်ကြပြန်သည်။

"ဟော - တွေ့ပါပြီကော"

ဂငယ်ကွေ့တစ်ကွေ့သို့ ကားချိုးကွေ့လိုက်သည်နှင့် အက်စ်အက်စ်အေ (S.S.A) ရန်သူဆယ်ယောက်ခန့်သည် အင်ကြင်းတောကို အကာအကွယ်ယူကာ စတင်ပစ်ခတ်ကြတော့၏။

"ရဲဘော်တွေ - ကားပေါ်က အမြန်ဆင်း - နေရာယူ - လှဖြန့်ပြီး ပြန်ပစ်"

ဆရာသိန်းလွင်၏ အမိန့်ပေးသံနှင့် တစ်ဆက်တည်းမှာပင် ရဲဘော်တို့သည် တောင်စောင်းတစ်နေရာဝယ် ခြေကုပ်ယူထားသည့်ရန်သူတို့အား လက်ယှက်ထိုးဝိုင်းပစ်လိုက်ကြ၏။

"ဒိုင်း - ဒိုင်း - ဒိုင်း"

"ဒက် - ဒက် - ဒက် - ဒက်"

စစ်သွေးစစ်ရည်ဝနေသည့် တပ်မတော်သားတို့ကိုမြင်လျှင် အလိုလိုနေရင်းကြောက်ဒူးတုန်သွေးလန့်တတ်ကြသည့်ရှမ်းသူပုန်တို့သည်ခဏမျှကြောက်ကန်ကန်ပစ်ခတ်ကြပြီးလျှင် နီးရာလျှိုမြောင်တောင်ကြားထဲသို့ ကမူးရှူးထိုး ထွက်ပြေးသွားကြတော့၏။ ရန်သူဆုတ်ခွာသွားပြီဖြစ်၍တပ်စိပ်မှူး၏အမိန့်ဖြင့်ညိုမြောင်တို့သည်ရန်သူ

www.burmeseclassic.com

www.burmeseclassic.com

အလောင်းနှင့် သေနတ်တို့ကိုကောက်ရန် ယင်းတောင်စောင်းသို့ သတိကြီးစွာဖြင့် တက်သွားလိုက်ကြသည်။

"ဆရာ – ရန်သူ့အလောင်းတစ်လောင်းနဲ့ ကာဘိုင်သေနတ်တစ်လက်ရ၊ မိမိတို့ ဘက်မှ အထိအခိုက် အကျအဆုံးမရှိ"

ဦးစွာ တွေ့လိုက်ရသည့် ညိုမောင်က လို၊ တို၊ ရှင်းအဖြစ် သတင်းပို့လိုက်သည်။

"အေး – ဟုတ်ပြီ။ ရန်သူ့သေနတ်ကို ကောက်လာခဲ့။ ရန်သူ့အလောင်းကိုတော့ ဒီအတိုင်းပဲ ထားခဲ့။ အချိန်မရှိဘူး။ ကားပေါ်အမြန်တက်ကြ၊ ဆက်ထွက်မယ်"

ဆရာသိန်းလွင် အမိန့်ပေးပြီးသည်နှင့် ကားလမ်းမတစ်လျှောက် တပ်ဖြန့်ထားသည့် ညိုမောင်တို့လည်း ကားပေါ် ခုန်တက်လိုက်ကြ၏၊ လက်နက်ကိုင်အဖွဲ့သည် ဘိန်းကုန်ကူးခြင်း၊ ရွာတွေကို ဆက်ကြေးကောက်၊ လမ်းပေါ်မှာ ဓားပြတိုက်ခြင်း၊ စစ်သားများ စုဆောင်းခြင်းတို့ဖြင့် ရှမ်းတောင်တန်းကြီးကို အကျည်းတန်အောင် လှုပ်ရှားနေကြချိန် ဖြစ်ချေ၏။

"ဗမာစစ်သားတွေ လာရင် ချက်ချင်းသတင်းပို့ရမယ်။ တို့အဖွဲ့ရဲ့လှုပ်ရှားမှုတွေကို ပြန်မပြောရဘူး။ ဟောဒီမှာတွေ့လား၊ ပြောရင် ဟောဒီသေနတ်နဲ့ ပစ်သတ်မယ်"

သည်သို့ဖြင့် သူပုန်တို့သည် ရွာခံ ရှမ်း၊ ပအိုဝ်၊ ပလောင်များကို ရာဇသံပေး၊ အကြောက်တရားတို့ဖြင့် ခြောက်လှန့်နေတတ်ကြ၏။

ရွာခံအချို့တို့မှာ ညိုမောင်တို့လို စစ်သားများ ရောက်လာပါက နီးရာဓားကြောက် ရသည်နှင့်အညီ ရန်သူ့သတင်းအား မပေးဝံ့ကြချေ။

စစ်ပရိယာယ် ကျွမ်းကျင်ပါးနပ်သည့် တပ်စုမှူး၊ တပ်စိတ်မှူးတို့သာ ရန်သူ့ခြေရာ စွပ်ကြောင်းနှင့် ၎င်းတို့ စွန့်ပစ်သွားသည့် အသုံးအဆောင် စသည့် သဲလွန်စတို့ကို ရှာရင်း မိမိတို့ဘာသာ သတင်းစုံစမ်းသွားရသည်က များသည်။

တောတောင်ထူထပ်ခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ လူမျိုးမြောင်ချိုင့်ဝှမ်းတို့ ထူပြောခြင်း၊ လိုဏ်ဂူစိမ့်စမ်း ရေတံခွန်ကျောက်ဆောင်တို့ ပြွတ်သိပ်နေခြင်း စသည့် ရေမြေအနေအထားတို့ကြောင့် ရန်သူတို့သည် တောကျွမ်းခြင်းတို့ဖြင့် အခွင့်ကောင်းယူ၊ အကွယ်အကာယူကာ ပုန်းခိုတပ်ဖျောက်ကြလေ၏။

တောင်နိုးဝေဝေ မြူခြေဆိုင်းဆိုင်းတို့ဖြင့် အတိပြီးသည်နှင့် သင်ဖြူးခြုံလွှာအောက်မှာပင် ညိုမောင်တို့သည် ကားတစ်တန်၊ ခြေကျင်တစ်လှည့်ဖြင့် (၃)ရက်စန့် ခရီးကြမ်းနှင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ရှေ့တွင် ရေးရေးပျပျ လှမ်းမြင်နေရသည့် မိုင်းရှူးတောင်ပေါ်သို့ ပထမဆုံး ကြိမ်အဖြစ် ညိုမောင် ရောက်ဖူးဖြစ်တော့၏။

အင်း – မိုင်းရှူးတောင်ပေါ်သို့ ခြေကုပ်ယူဖြစ်ကြပါပြီ။

ညိုမောင်တို့တပ်စုသည် ဦးဦးဖျားဖျား စခန်းဆောက်ရန် အနီးပတ်ဝန်းကျင်ရှိ ာတောင်ထဲမှာပင် သစ်၊ ဝါးတို့ကိုရှာဖွေချက်တွင် စုဆောင်းလိုက်ကြသည်။ ထိုစဉ် ်င်းရှူးတောင်ပေါ်တွင် ပတ္တမြားစသည့် အဖိုးတန်ရတနာတို့ မထွက်ရှိသေး (တူး ရန်ပင် မသိကြသေး) သို့သော် ကျောက်မျက်ရတနာများအစား ဗကပအဖွဲ့ဝင် ကာလယ်"၊ နော်တစ်လုံးစိန် (နို့တစ်လုံးစိန်) စသည့်အဖွဲ့တို့ကမူ များပြားလှပါဘိ ်င်း။

ညိုမောင်တို့အဖွဲ့သည် စခန်းကုန်း တည်ဆောက်ပြီးသည်နှင့် "တစ်ယောက် ချင်း"၊ "ဆက်သွယ်ရေးမြောင်း" စသည့် ကတုတ်ကျင်းတို့ကို အပတ်တစ်ကုတ် ်အမာ တူးဖော်လိုက်ကြ၏။ မိုင်းရှူးတောင်အား ဗဟိုချက်မပြုကာ နယ်မြေလုံခြုံ ာတွက် စိုးမိုးနေရာယူလိုက်ကြသည့် ညိုမောင်တို့သည် ရွာနီးချုပ်စပ်သို့ သွား ဲ့ကျွာအရှာထွက်ဖြစ်ကြသည်။ နောင်တွင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အုန်း ယက်ထက်ရောက်သည့်တိုင် ညိုမောင်သည် သည်မိုင်းရှူးတောင်နှင့်ပင် ပဌာန်း ကြံ့ရေစက်ဆုံနေရချေသည်။ ထိုစဉ်အခါတွင် မျှော်လေတိုင်း အုံ့မှိုင်းရီဝေသည့် တာင်တန်းကြီးကို ငေးကြည့်ရင်း ညိုမောင်သည် ရွာတွင် ကျန်ရစ်နေရှာသည့် သူ "ဝါနု" အား သတိရစိတ်တို့တဖွားဖွား ပေါ်နေတတ်ပေသေးသည်။ တာဝန်နှင့် ဉးကို တစ်နင့်တစ်ပိုး ဦးလည်မသုန် ထမ်းပိုးထားသူမို့လည်း ညိုမောင်သည် သည့်စိတ်ပေါ်လာတိုင်း မိုင်းရှူးတောင်ပေါ်မှ တောင်အောက်သို့ဆင်းကာ ာ်သူငယ်ချင်းအချို့နှင့် ရှမ်းရွာလေးများသို့စည်းရုံးရေးဆင်းရင်း အလည်အပတ် ာ်ရှိတတ်လေ၏။ လူပျိုလူရွယ်တို့ဘာဝ ညိုမောင်သည် "ဝမ်ကန်ရွာ" ရှိ "အေး ဆို သည့် ရှမ်းမလေးနှင့် အကျွမ်းတဝင်ဖြစ်လိုက်ပေသေးသည်။

အေးကိုက ထွားထွားကျိုင်းကျိုင်းနဲ့ တကယ့်စစ်သား ပီသတယ်နော်။ အေး ာအေးတိုင်း "နန်း" တို့ဆီ လာလည်နော်။ အေးကို ထမင်းစားမကောင်းရင်လည်း ်အိမ်လာစားပေါ့နော်။ အေးကိုတို့စစ်သားတွေက ရိက္ခာပြတ်လို့သာ ရှမ်းရွာမှာ ်းကောင်းမွန်မွန် တောင်းယူတယ်၊ ဝယ်ယူတယ်။ ဟိုတော... ပုန်တွေက ဒီလို

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပေါင်၊ ပေးရင်ပေး၊ မပေးရင် သေနတ်ထောက် တောင်းပေါ့။ နန်းတို့တော့ အားကိုတို့စစ်သားတွေကို စေတနာရှိတယ်၊ အားလည်းကိုးတယ် အားကို"

"ဟုတ်ရဲ့လား နောင့်ယိမ်း (ညီမလေး)ရယ်၊ အစ်ကိုတို့က အစားဆင်းရဲ၊ အနေဆင်းရဲလို့သာ တစ်ခါတလေ နန်းလေးတို့ဆီမှာ အကူအညီတောင်းရတာ၊ တကယ်တော့ ရိုးသားပွင့်လင်းတဲ့ နန်းတို့ကို ချစ်လည်းချစ်၊ သနားလည်း သနားတယ်လေ"

"ဟင် - တကယ်လား အားကို၊ ဒါဆို နန်းတို့ ဝမ်းသာရမှာပေါ့"

သည်သို့အနောင့်အသွားမလွတ် သည့်စကားကြောင့် နန်းလေးနှင့် လူပျိုစကား မမည်သည့် နစ်လိုဖွယ်စကားတို့ကို ဆင်ဝှေ့ရန်ရှောင် ပြောဖြစ်ကြရင်း ညိုမောင့် စစ်သားဘဝလေးသည် ဆွတ်ပျံ့ဖွယ်တို့ဖြင့် ပေါင်းစည်းဖလှယ်မိကြ၏။

သို့ပင်ဖြစ်လေငြား ရွာမှချစ်သူလေးက သစ္စာရှိရှိစောင့်မျှော်နေမည်ဆိုထားသည့် ကတိစကားကြောင့် ညိုမောင့်အနေနှင့် ထိုအဆင့်မှ မတက်ဖြစ်ခဲ့ပါချေ။

မိုင်းရှူးတောင်ပေါ်တွင် စခန်းကုန်းတည်ဆောက်ပြီး၍မျှ မကြာသေး၊ ဗကပအဖွဲ့ တို့သည် သွေးတိုးစမ်းကာ လက်နက်ငယ်များနှင့် လာရောက်ပစ်ခတ်ကြပါသည်၊

စခန်းချရာနှင့် ကတုတ်ကျင်းပတ်ဝန်းကျင်မှာ ထိုအချိန်က ပင်ကြီးပင်ငယ်တို့ဖြင့် အကာအရံသဖွယ် ပိတ်ဆီးထူထပ်နေရကား ညိုမောင်တို့တပ်စုသည် အမျိုးအမည် မသိ သစ်ပင်တို့ကို အကာအကွယ်ယူကာ တန်ပြန်ပစ်ခတ်ကြသည့်အတွက် ရန်သူ တို့မှာ အနားသို့ပင် မသီနိုင်ကြ။

ယခုအခါမှာတော့ ညိုမောင်တို့တပ်စခန်းချခဲ့သည့် အနီတောင်ကုန်းကြီးသည် လွင်တီးခေါင်တောင်ခေါင်းတုံးအဖြစ်သို့ ဘဝကူးပြောင်းကာ ကျိုးနှင့်ဖုတ်ဖုတ်ရှိချေပြီ၊ ထိုစဉ်က "ကျားပါးစပ်" "စိုင်းလုံ" "ဝမ်ကန်" ဆိုသည့် မိုင်းရှူး ပတ္တမြားမြေပေါ် ဖင်ခု ထိုင်ထားသည့် ညိုမောင်တို့သည် "တစ်ချိန်သောအခါ မှာ ပတ္တမြားထွက်လာလတ္တံ့" ဆိုသည်အားလားလားမျှမသိရာကြ၊ စစ်သားပီပီ "တိုက်ဟယ်၊ ခိုက်ဟယ်" တောရှင်း မယ်ဆိုသည့်အတွေးသာ ရှိခဲ့ရချေ၏။

"အားပါးပါး - ဗမာစစ်သား အားကိုး ရတယ်နော၊ နားပါဦး စစ်သားရဲ့၊ ပေါက်တူး ချည်းပဲ ပေါက်နေလို့၊ တော်ကြာ - တို့ဗမာစစ်သား စစ်မတိုက်နိုင်ပဲ မောနေပါ့မယ် နော်"

ပီတိနလုံး တပြုံးပြုံးဖြင့် ကွမ်းစားထားသည့် နီကျင်ကျင်သွားများကိုဖြဲရင်း နွေး ထွေးစွာ ပြောနေသည့် ရှမ်းပေါ့ထောက် (အဖိုး၊) မယ့်ထောက်(အဘွား) နှင့် ပီအိုင့်

www.burmeseclassic.com

www.burmeseclassic.com

(အစ်ကို)၊ ပီနန်း(အစ်မ)၊ နောင့်ယိမ်း(ညီမ)တို့၏ လိုက်လုံသည့် အပြုံးတွေကြောင့် ချွေးတစ်လုံးလုံးနှင့် လုပ်အားပေးနေသည့် ညီမြောင်တို့မှာ မောရ ပမ်းရမှန်းပင် မသိနိုင်တော့။

"လိုက်လုံနွေးထွေးမှုဆိုတာ စစ်အောင်နိုင်ခြင်းရဲ့ရှေ့ပြေးနိမိတ်ပါလား"

ညီမြောင်အဖို့ သည်သို့ပင် ခံယူမိချေပြီတကား။

☆

ရင်ဆိုင်တိုက်ပွဲများစွာဖြင့်

တစ်ခါတလေတော့လည်း ညီမြောင်သည် မိမိဦးနှောက်သေးသေးလေးဖြင့် တွေးနေမိပေသေးသည်။ "အင်း - တို့ပြည်ထောင်စုနိုင်ငံကြီးဟာ တွင်းထွက်သယံဇာတ၊ ကျောက်သံပတ္တမြားတွေ၊ သစ်တောထွက်ပစ္စည်းတွေ၊ လယ်ယာကိုင်းကျွန်းတွေ ပေါမှပေါ၊ ခုလို - တို့သွေးသားရင်းချာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း တိုက်နေခိုက်နေ၊ သေကြေနေမယ့်အစား ပဒေသာပင်လို သုံးမကုန်နိုင်တဲ့ မြေပေါ်ရေအောက်သယံဇာတတွေကို မျှဝေစားသုံးကြပါလား၊ လောကနိဗ္ဗာန်လို ဘယ်လောက်ပျော်စရာကောင်းလိမ့်မလဲနော်၊ ခုတော့ - ငါတို့ဟာ စစ်မတိုက်ချင်ပဲတိုက်နေရတယ်၊ လူ့အသက်ဆိုတာ သေပြီးတာနဲ့ ဒုတိယမွှ အကြိမ်မြောက်ဆိုပြီး ရှင်သန်းထလာတဲ့ထုံးစံ ရှိလို့လား၊ ရခဲတဲ့ဒုလ္လဘလူ့ဘဝထဲက အသက်တစ်ချောင်းဆိုတာ စုစေ့တွေးတတ်ရင် ဘယ်လောက်ရခဲသလဲဆိုတာ ငမိုက်သားတွေ မသိလေရောသလား၊ ဒါဟာ အလွန်အင်မတန်ကြေကွဲနာကြည်းစရာ ကောင်းပါကလား"

စခန်းကုန်း၏ချောင်ကျကျထောင့်တစ်နေရာမှာ ကင်းစောင့်ရင်းအတွေးနယ်ထဲ လည်လွန်နေမိသည့် ညီမြောင်သည် "အုန်းခနဲ" လက်နက်ကြီးထုသံတစ်ချက်ကြောင့် လန့်ဖျပ်ကာ အတွေးကမ္ဘာထဲမှ ရုတ်ခြည်းရုန်းထွက်လိုက်ရသည်။

"ဟာ - အောက်ကနေ ဆော်ပလော်တီးလိုက်ပဟ၊ ခုပဲ - ငါ့အတွေးထဲမှာ ငြိမ်းချမ်းရေးယူနေတုန်းရှိသေး၊ ဘယ်အဖွဲ့ကများ လက်ဆော့လိုက်တာပါလိမ့်"

မဆုံးနိုင်သည့်စစ်ပွဲအတွက် သေနတ်ဆွဲကာ ညီမြောင်တစ်ယောက် တိုက်ပွဲခါသံဆီသို့ ပြေးထွက်ရပြန်ပြီ။

မိုင်းရှူးတွင် စခန်းထိုင်နေ၍မှ မကြာသေး၊ ညီမြောင်တို့တပ်စုတည်ရှိသည့် ရန်သူ့တင်းရသည်ဟုဆိုကာ "လဲချား"ဘက်သို့ တစ်ခေါက်တစ်ခါ ချီးဆန့်ရပြန်ပြီ။

www.burmeseclassic.com

ချိုင့်ခွက်၊ ကျောက်စရစ်ခဲတို့ ထူပြောသည့် လဲရှားလမ်းတစ်လျှောက် ဂျီအမ်စီ (G.M.C) ကားကြီးဖြင့်သွားရင်းလဲရှားမရောက်မီ မဲဇလီတောထဲတွင် မသင်္ကာစရာ မည်းမည်းသဏ္ဍာန်တို့ကို တွေ့သည်နှင့် အရှိန်မသတ်နိုင်သေးသည့် ကားသည် တံတားရှေ့သို့ခေါင်းစိုက်ဝင်သွားတော့သည်။ သစ္စာဖောက်ရွာခံအမာခံတို့၏သတင်း ပေးချက်ပင် ဖြစ်သည်။

သူပုန်တို့သည်မဲဇလီတောကိုအလုံးအရင်းဖြင့်ခြေကုပ်ယူထားပြီးလျှင်တံတား ဘက်သို့ ကူးလာကာ ညိုမောင်တို့တပ်စုအား အပေါ်စီးမှ ပစ်ခတ်ကြကုန်၏။

"ရဲဘော်တို့ - ကားပေါ်က အမြန်ခုန်ဆင်းကြပေတော့။ ဒီကားကို အကွယ်အကာ ယူရင်း လူဖြန့်ပြီး ပစ် - ပစ်"

အတူလိုက်ပါလာသည့် တပ်စုမှူး ဗိုလ်ရဲအောင်၏ အလျင်အမြန် အမိန့်ပေးသံ နှင့် မရှေးမနှောင်းမှာပင် ထာဝစဉ် သတိအနေအထားဖြင့် သေနတ်ကိုင်ထားသည့် ညိုမောင်တို့ သွေးသောက်တစ်စုသည် ကားပေါ်မှ လေ၏ လျင်မြန်သောနှုန်းမျိုးဖြင့် ကတိုက်ကရိုက် ခုန်ဆင်းလိုက်ကြ၏။

ကျည်ကွယ် မျက်ကွယ်အဖြစ် အသင့်နေရာယူကြပြီးလျှင် အင်အား (၂၀)ခန့်ရှိ ရှမ်းသောင်းကျန်းသူအဖွဲ့အား မိမိတို့ (၁၀)ယောက်ကျော်မျှဖြင့် စစ်ပရိယာယ်ကို အသုံးပြုပြီးသကာလ ခံစစ်အဖြစ် ဝိုင်းပစ်ကြလေ၏။

"ကျား - ကျား - ကျား"

ညိုမောင်သည်တံတားထိပ်တွင် စောင့်ပိတ်နေသည့်ရန်သူတို့အား မကြောက် မရွံ့ကျားထိုးကာ "ဘက်နက်" ကိုချိန်လျက်ပြေးဝင်သွားလိုက်သည်။ ညိုမောင်နှင့်အတူ တပ်သားအချို့တို့သည်လည်း ညိုမောင့်နည်းတူ လျှပ်တစ်ပြက် စစ်ဗျူဟာနည်းဖြင့် ကျားထိုးတက်လာသည်ကြောင့် ရန်သူတို့သည် အံ့သြတကြီးကြည့်ကာ မှင်တက် မိသွားကြ၏။

"ကြောက်ရင်လာဘ်လွဲ၊ ရဲမှမင်းဖြစ်" ဆိုသောစကားမှာ ညိုမောင့်အဘိဓာန်ပင် မဟုတ်ပါလား။

ပြေးသူပြေး၊ ဆုတ်ပစ်ပစ်သူပစ်နှင့်၊ နောက်ဆုံးတွင်တပ်မတော်အားမယှဉ်နိုင် သည့် ဗကပအဖွဲ့ဝင် အက်စ်အက်စ် အေတို့မှာ ခွေးပြေး ဝက်ပြေး ပြေးကြလေကုန် ၏။

www.burmeseclassic.com

www.burmeseclassic.com

"ရဲဘော်မသေ၊သေသော်ငရဲမလား" လို့ပဲ ဆိုရမည်လား။ တိုက်ပွဲပြီး ဆုံးချိန်တွင် ရှုတ်ရှုတ်ချွန်ချွန် တိုက်ပွဲဝင်လိုက်သည့် ညီမောင်တို့အဖို့ အမြတ်တစ်ခုတော့ ထွက်လိုက်ပါ၏။

တိုက်ပွဲကျ ရန်သူ့အလောင်းသုံးလောင်းနှင့်အတူ ကာဘိုင်နစ်လက်၊ အမ် - ၁၆ (M-16) တစ်လက်တို့အပြင် ရန်သူဟားဗားဆိုက်တစ်လုံးပင် ရလိုက်ချေသေး။

ဘာထည့်ထားမှန်းမသိသည့် ဟားဗားဆိုက်အား ညီမောင်သည် တပ်စုမှူး ဗိုလ်ရဲအောင်ထံသို့ အပ်နှံလိုက်သည်။

"ဟာ - ဒီအိတ်ထဲမှာအမေရိကန်ဒေါ်လာငွေတွေ၊ဗမာ့ငွေစက္ကူတွေအထပ်လိုက်ပါလား။ ဒါ - ဒီကောင်တွေ ဘိန်းတွေ၊ ဆေးခြောက်တွေ၊ ရာဘ (ရာမ) မူးယစ်ဆေးဝါးတွေ ရောင်းလို့ရ လာတဲ့ငွေပဲဖြစ်မယ်။ သေနတ်နဲ့ ဒီဒေါ် လာငွေတွေ၊ ဗိုဗမာပိုက်ဆံတွေကို တိုင်း (ရပခ) ကို အပ်ပြီးရင် မင်းတို့အတွက် ဘောက်ဆူးချဖို့ ငါတင်ပြပေးမယ်၊ ဘယ်လိုလဲ ရဲဘော်တို့ - ကျေနပ်ကြတယ် မဟုတ်လား"

"ကျေနပ်ပါတယ် ဗိုလ်ကြီး။ ဘောက်ဆူးမရလည်း ကျွန်တော်တို့ လိုက်တိုက်လို့ ရန်သူတွေ ကျဆုံးသွားတာကြည့်ရင်း တပ်မတော်အတွက် ဂုဏ်ယူပြီးသားပါ၊ အား - ကျွတ် - ကျွတ်"

နေရာတကာတွင်လူတကာထက် သွက်လက်ချက်ချာကျသည့် ညီမောင်က မဆိုင်းမတွ ဖြေလိုက်သည်။ ပြောသာပြောလိုက်ရသော်လည်း သွေးတစ်စက်စက်တို့က ညီမောင့်လက်မှ စီးကျလာချေပြီ။

"ဟေ - တပ်သားညီမောင် - မင်း လက်မောင်းမှာလည်း သွေးတွေနဲ့ပါလား၊ ဘာလဲ - မင်း သေနတ်မှန်သွားလား"

ဗိုလ်ရဲအောင် သတိပေးလိုက်မှပင် ညီမောင်သည် သူ့ဘယ်ဘက်လက်မောင်း အမှတ်မထင် ငုံ့ကြည့်ဖြစ်တော့၏။ မသိစိတ်၏ စေစားချက်ကြောင့် တကျွတ်ကျွတ် ညည်းတွားမိသည်များကိုလည်း ယခုမှပင် သတိထားမိပေတော့သည်။

"ဟုတ် - ဟုတ်မယ်ထင်တယ် ဗိုလ်ကြီး။ ကျွန်တော် ဗိုလ်ကြီးမေးမှ သတိထားမိတော့တယ်။ သွေးပူတုန်းမို့ ဘာမှမသိလိုက်တာဖြစ်မယ်။ ဒဏ်ရာက မပြောပလောက်ပါဘူး ဗိုလ်ကြီးရာ။ အား - ကျွတ် - ကျွတ်"

ညီမောင်နှင့် ဗိုလ်ရဲအောင်တို့ သို့နှယ် အချီအချ ပြောနေစဉ်မှာပင် ဂျီ - အမ် - ၆ ကားဘေးမှ ရဲဘော်စစ်မင်းဆိုသူသည် ခြေဒရွတ်ဆွဲကာ ထွက်ချလာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ကြီး - ကျွန် - ကျွန်တော့်လည်း သေနတ်မှန်သွားတယ်။ ပေါင်လယ်ကို ဖောက်သွားပုံပဲ - အား - ကျွတ် - ကျွတ် - ကျွတ် - နာလိုက်တာ"

တပ်သားစစ်မင်းတစ်ယောက် ခြေထောက် ထော့နင်း ထော့နင်းဖြင့် သူ့ထံ ရောက်လာသည့်အတွက် ဗိုလ်ရဲအောင်က ဆီးပြီး ပွေ့ယူလိုက်ရသည်။

"ကဲ - ကဲ - တို့ရဲဘော်တွေလည်းဒဏ်ရာရကြတယ်ဆိုတော့အမြန်ဆုံးဆေးခန်း ပြေးကြမယ်၊ ဟေ့ - ဆေးရဲဘော်တွေ အမြန်လာ၊ ဒီနှစ်ယောက်ကို လောလောဆယ် ဆေးထည့်ပြီး ပတ်တီးစည်းထားပေးလိုက် - ကြားလား၊ ကဲပါ - ပြောနေကြာတယ်၊ ကားပေါ်မြန်မြန်တက်ကြ၊ နောက်ကြောင်းလှည့်ပြန်ကြမယ်၊ ရန်သူနဲ့လည်း ရင်ဆိုင် တွေ့ပြီးပြီပဲ"

ထိုစဉ်က မိမိတို့တပ်စုနှင့်တိုက်ပွဲ ဖြစ်လိုက်သည့်အဖွဲ့သည် အက်စ်အက်စ်အေ "ကန်စစ်"အဖွဲ့ဖြစ်ကြောင်းညီမောင်တို့တစ်တွေ ရိုးတိုးရိပ်တိတ် သိလိုက်ရပေတော့ သည်။ ။

⍟

"ရှေ့တန်းပြန် တပ်သားလေး - ညီမောင်"

နွေနှောင်းရက်ကျန်ကာလတစ်ခုသည် စစ်သက်ရင့်လာသည့် ညီမောင်နှင့် အတူ ဖဝါးခြေထပ်မှာ တဖြည်းဖြည်းကပ်ပါလာသည်နှင့်အမျှ ယခုဆိုလျှင်ညီမောင် ဆိုသည့် စစ်သားလေးဘဝမှာ ဒုတပ်ကြပ်အဆင့်သို့ပင် တိုးမြှင့်ခြင်းခံရချေပြီ။ ရှမ်း တောင်တန်းကြီး၏တောစပ်တောင်ခြေတို့တွင်ပေါက်တတ်၊ ထွက်ပြူတတ်ပေသည့် တောင်ပို့မှို၊ ဖက်ဆွတ်မှို၊ ကြက်တူရွေးမှို၊ မှိုနီစွတ်၊ မှိုအုန်းနက်နှင့် အင်ပင်အောက်တွင် ပေါက်တတ်သည့် "အင်ဥ"တို့သည်လည်း မိုးဦးလေဦးနှင့်အတူ ခေါင်းပြူစ ပြုလာ ပေပြီ။ မိုးစက်ပေါက်တို့ကြား ပြေးလွှားရင်း မှိုနုတ်ကြ၊ အင်ဥကောက်ကြ၊ မျှစ်ချိုးကြ၊ မာလာဖူးတို့ကို တူးဆွကြဖြင့် ငယ်စဉ် တောင်ကျေး ကလေးဘဝက အကြောင်းများ ကိုတွေးနေမိသည့်ညီမောင်သည် မိုးသက်လေနှင့်အတူ ခလရ( )မိခင် တပ်ရင်းသို့ အသက်နှင့်ခန္ဓာ အိုးစားမကွဲချေပဲ ပြန်လည်ရောက်ရှိလာပေတော့သည်။

ထိုစဉ် ရှေ့တန်းပြန်တပ်မတော်သားတို့အား ခရလ( )တပ်ရင်းဂိတ်ဝမှ သောင်း သောင်းဖျဖျကြိုဆိုကြရန် ဂိတ်ပေါက်ဝမှစတင်ကာ တပ်တွင်းဝင်လမ်းတစ်လျှောက် အိမ်ထောင်သည်ရဲမေတို့ သည်လည်းကောင်း၊ နောက်တန်းမှာ တာဝန်ထမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

နေကြသည့် အချို့အချို့သော ရဲဘော်တို့သည်လည်းကောင်း၊ မိသားစုထဲမှ ကလေး များဖြစ် သည့်ကျောင်းသူကျောင်းသားတို့သည်လည်းကောင်း လှနိုးရာရာပန်းတို့ဖြင့် ပန်းကုံးများကို အားကြိုးမာန်တက် အလှဆင်သီကုံးနေကြချေသည်။

အိမ်ထောင်သည် ရဲမေတို့သည်လည်း မောမောပန်းပန်းနှင့် ပြန်လာကြမည့် ရှေ့တန်းပြန်တို့ စားသောက်ရန် မုန့်ဟင်းခါးဟင်းရည်အိုးတို့အား ချွေးတလုံးလုံးဖြင့် ပြေးဟယ် လွှားဟယ် အချိန်မီချက်ပြုတ်နေကြလေပြီ။ အရာရှိစစ်သည်တို့၏ ဇနီး မယားများနှင့် အကြပ်စစ်သည်၊ စိကြူ (C.Q)၊ အာအက်စ်အိုင် (R.S.I)၊ စီအက်စ်အိုင် (C.S.I) စသည့် ဆရာကြီးတို့၏ ဇနီး၊ သားသမီးတို့ကလည်း မိမိတို့၏ ရှေ့တန်းပြန် လင်တော်မောင်စစ်သည်များ၊ ဖခင်များအတွက် ပန်းကုံးတကိုင်ကိုင်ဖြင့် ဂိတ်ဝတွင် အဖွဲ့လိုက် တန်းစီပြီး စိတ်လျှော်တစ်စော စောင့်စားနေလိုက်ကြသည်။

တီးတတ်၊ မှုတ်တတ်သူတို့က လည်း ဒိုးပတ်ဝိုင်းတို့ကိုဖွဲ့ကာ သံစဉ်ညှိ နေကြ၏။ "ဦးရွှေရိုး၊ ဒေါ်မှန်း" အကဖြင့် သရုပ်ဆောင်မည့် ကတတ်သည့် ရဲဘော်နှစ်ဦးက ဦးရွှေ ရိုးလို နှုတ်ခမ်းမွေးအတု တပ်၊ ပုသိမ်ထီးတကားကား၊ တယမ်း ယမ်းဖြင့် တောင်ရှည် ပုဆိုးကို မ.ကာ အစမ်းလေ့ကျင့်ရင်း ကနေကြချေပြီ။

ဒေါ်မှန်းအဖြစ် သရုပ်ဆောင်မည့် ရဲဘော်တစ်ဦးကလည်း ဒီမနက်မှ အိမ်ထော သည်တန်လျားမှ ငှားလာသည့် ဆေးဆိုးပန်းရိုက်ထမီဖြင့် ဟန်ပါပါ၊ ကန့်ကလျ ကပြ လိုက်၊ ဦးရွှေရိုးထံသို့သွားကာ တရွှတ်ရွှတ် ဖက်ယမ်းနမ်းရှုပ်ပြုလိုက်ဖြင့် ကြည့်နေကြ သည့် ရှေ့တန်းကြိုပရိသတ်တို့မှာ ပွဲမစခင်ကပင် တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြ တော့သည်။

ထိုစဉ်က နွေးထွေးလှိုက်လှဲ ဂုဏ်ယူဝင့်ကြွားစွာ လက်ပြကြိုဆိုကြ၊ ပန်းကုံးစွပ် ကြသည့်မြင်ကွင်းကို ကြုံလိုက်ရ၊ မြင်လိုက်ရ၊ ကိုယ်တိုင်ခံစားလိုက်ရသည့် ညိုမောင် ကတော့ ရှေ့တန်းပြန် အတွေ့အကြုံအပေါ်ပီတိနှင့်ယှဉ်ကာ သေသည့်တိုင် မေ့မရနိုင် ခဲ့ပါချေ။

"ဟေ့ - တိုက်ပွဲပြန် ညိုမောင်"

"ညိုမောင် - တိုက်ပွဲပြန်ကြီး"

"မင်းအတွက် တို့ ဂုဏ်ယူသကွာ"

"ဖောင်း - ဖောင်း - ဖောင်း"

www.burmeseclassic.com

www.burmeseclassic.com

သောင်းသောင်းဖျဖျအုတ်အော်သောင်းတင်းကြိုဆိုသည့် လူအုပ်ထဲမှ သူငယ်ချင်းများ၏ကြိုဆိုသံ၊ လက်ခုပ်လက်ဝါးတီးသံများကြောင့် ညိုမောင့် ခြေလှမ်းများက လှမ်းနေကျ ခြေလှမ်းများထက် ပိုမိုသွက်လက်လာသည်။ သွက်သွက်ကလေး လှမ်းနေသည့် ခြေလှမ်းများနှင့်ယှဉ်လျက် ညိုမောင်သည် ဝါနအကြောင်းကို တွေးဖြစ်အောင် တွေးလိုက်မိချေသေး၊ "အင်း-ခုနေခါ ဝါနသာ ငါ့မိန်းမဖြစ်နေရင် ဘယ်လောက်ကောင်းလိုက်မလဲနော်၊ အေးလေ-သူက လျှောက်ဝင်လာတဲ့ငါ့ကို၊ ဟောဒီလို-ဟောဒီလို ပန်းကုံးတွေနဲ့ စွပ်လို့၊ အဲ-ငါကတော့ သူစွပ်ပေးတဲ့ပန်းကုံးလေးကို ခေါင်းငုံ့ပေးပြီး ဒီခေါင်းကလေးနဲ့တိုးခံ-ဟန်ကိုကျလို့၊ အို-သူစွပ်ပေးတဲ့ပန်းကုံးကို အစွပ်ခံလိုက်ရတဲ့ငါ့မှာ ဒီအရသာဟာ ဘာနဲ့မှလဲနိုင်မယ်မထင် ဘူး-ဟင်း-ဟင်း"

ညိုမောင့်မှာ သူ့အတွေးနှင့်သူတော့ ဟုတ်လို့၊ ဒါကြောင့်များလား ...၊ ရှေ့ဆက်လျှောက်နေသည့်ညိုမောင်သည် တစ်ချက်တစ်ချက်တွင် ဘယ်ညာခြေလှမ်းများပင်မှားလျှောက်မိချေသေး၊

နောက်တန်းနေ ရဲဘော်တို့နှင့် ကျောင်းသူကျောင်းသားလေးတွေက ညိုမောင့်ကို ပန်းကုံးတော့ စွပ်ပေးကြပါရဲ့၊ သို့ပင်ဖြစ်လေငြား၊ စစ်သားလေး ညိုမောင့်စိတ်ထဲမှာတော့ တစ်ခုခုလိုနေသလို၊ ဟာနေသလို ခံစားနေရသည်၊ ထိုလိုအပ်နေသည့်အရာမှာ ဝါနမှတစ်ပါး အခြားကော ဖြစ်နိုင်ပါဦးမလား၊ ပန်းကုံးစွပ်ခံရပြီးကတည်းက ညိုမောင့်စိတ်အလျဉ်မှာ ဝါနထံသို့သာ တဝဲဝဲလည် လှည့်ပတ်စီးမျောနေတော့၏၊ "အင်း-သည်အချိန်ဆို ဝါနတစ်ယောက် ငါ့မှာ မျှော်ရင်း မှိုနတ်၊ မျှစ်ချိုးနေမှာ မြင်ယောင်သေး၊ ဝါနရယ်-ငါလေ တစ်ခါမှမယူရသေးတဲ့ခွင့်ယူပြီး နင့်ဆီအပြေးကလေး ပြန်လာခဲ့မှာပါ၊ နင် ငါ့ကို အချစ်များစွာနဲ့ စောင့်ကြိုနေမှာလား"

ဝါနရေ-နင့်ဆီ ငါလာခဲ့ပြီဟေ့၊

ခဲလုံးရှာထိပ်ရောက် အသော့ကလေး ကားပေါ်မှ ဆင်းလာပြီးသည်နှင့် ညိုမောင်သည် ခလုတ်တိုက်လဲကျမတတ် အပျော်ခြေလှမ်းလေးဖြင့် ကားလမ်းနံဘေး ချောင်စပ်ကျကျရှိ ဦးလေးဖြစ်သူ အိမ်သို့ ဦးစွာလျှောက်လာမိခဲ့သည်၊

"ဟာ-ငါ့တူကြီး ပြန်လာပလားဟေ့၊ မသေကောင်း မပျောက်ကောင်းကွယ် လာ-လာ-မင်းကို တွေ့ရတာ ဝမ်းသာသကွာ"

နွားစာစဉ်းနေလျက်မှ ဦးလေးဖြစ်သူ၏ နွေးထွေးသည့် ကြိုဆိုမှုနှင့်အတူ ညိုမောင်တစ်ယောက် ဇာတိရပ်ရွာသို့ ပြန်ရောက်ခဲ့ပြီကော၊

www.burmeseclassic.com

www.burmeseclassic.com

သူသည် ရောက်ရောက်ချင်းပင် အနှစ်နှစ် အလလက မျိုသိပ်ထားရသည့် နလုံး သားလျှောင်ချိုင့်ကို ထွက်ပေါက်ပေးလိုလှပြီဖြစ်၍ မရုက်မကြောက်နိုင်ချေပဲ ဦးလေး ဖြစ်သူအား ရှေ့မျက်နှာ နောက်ထားလျက် မျက်နှာပူပူဖြင့် ရင်ဖွင့်လိုက်မိသည်။

"ဦးလေးရယ် - ဝါနုတစ်ယောက် ခုချိန်ထိ အိမ်ထောင်မပြုသေးဘူး မှတ်လား ဟင်။ သူ ကျွန်တော့်ကို ကျွန်တော် ရှေ့တန်းပြန်ရောက်တဲ့အချိန်ထိ စောင့်နေမယ်လို့ ပြောထားတယ်လေ။ အဲ - စစ်သားဆိုတာ နေ့သေမလား၊ ညသေမလားမသိနိုင်တော့၊ ခု - ကျွန်တော် ပြန်ရောက်နေပြီပဲဟာ။ ဝါနုနဲ့ လက်ထပ်ချင်တယ်။ ဦးလေး - တဆိတ် လောက် - တောင်း - တောင်းပေးပါလား"

"ဟဲ - ဟဲ - ငါ့တူကြီးရ - အသက်ဝဝ ရှူပြီးမှ ဖြည်းဖြည်းမေးပါဦးလားကွ။ ဟင်း - ဟင်း - ဟင်း - ဝါနုကတော့ မင်း ထွက်သွားပြီးကတည်းက ငါ့အိမ်ကို နေ့တိုင်း လာပါ တယ်ကွာ။ မင်းအကြောင်းကိုလည်း စပ်စပ်စုစု အမြဲမေးပါတယ်။ မင်းနယ်ကွာ - နေနိုင် လိုက်တာ။ မင်း တပ်ထဲဝင်ပြီးကတည်းက တို့ကို အဆက်အသွယ်မှမလုပ်ပဲ။ မင်း၊ အကြောင်းတွေကို ငါတို့လည်း ဝါနုကို ဘယ်လိုပြောရမှန်း မသိဘူး။ ဝါနုကတော့ ပြောရှာပါတယ်။ မင်းပြန်အလာကို သစ္စာရှိရှိ စောင့်နေမယ်တဲ့။ ဒါထက် စကားမစပ် မင်းခွင့် ဘယ်လောက်ရလဲ။ အေး - ဝါနုကို မင်းမပြန်ခင် ရွာလူကြီးစုံရာနဲ့ တောင်းရမ်း လက်ထပ်ပြီး ခေါ်သွားပေါ့ကွာ။ သူ့မိဘတွေကလည်း သိနေမှတော့ မင်းနဲ့ဆို သဘော တူကြမှာပါကွာ"

ဦးလေးဖြစ်သူက ထင်တစ်ရေးနှင့် သည်သို့ မှတ်ချက်ပေးသော်လည်း ဝါနုနှင့် တွေ့တော့ဆိုင်ဆိုင် တွေ့ဖြစ်ကြသည့်အခါမှာတော့ အခြေအနေက တစ်မျိုးပြောင်းလဲ သွားချေ၏။

"ညိုမောင်ရယ် - နင် အလာကောင်းပေမယ့် အခါနှောင်းသလိုဖြစ်နေပါပကော လား။ ဟိုလေ - ငါ့ကို ငါ့မိဘတွေက သစ်ကုန်သည်တစ်ယောက်နဲ့ ပေးစားဖို့ လုပ်နေ ကြပြီတော့။ နောက်တစ်ပတ်လောက်ဆို ရက်ရွေးပြီး ငါတို့ကို ပေးစားတော့မလို့တဲ့"

ချိန်းတွေ့နေကျ သစ်ဆိမ့်ပင်ကြီး အောက်မှာ တိတ်တခိုးချိန်းတွေ့ကြတုန်း မျက် ရည်စမ်းစမ်းဖြင့် ပြောလိုက်သည့် ဝါနုစကားကြောင့် မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် ဝါနုထံ အရောက်လှမ်းလာသည့် ညိုမောင်၊ ရင်ဝကို ဖနောင့်နှင့် အကန်ခံလိုက်ရသလို ခံစားသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြက်ကြီးလည်လိမ်သလို ဟင်းချက်ကာ ငိုင်တွေသွားသည့် ညိုမောင့်ဖြစ်အင်ကို အငေးသားကြည့်နေသည့် ဝါနုသည် မိမိစကားကြောင့် ချစ်သူညိုမောင် ခံစားသွားရလေခြင်းဟု သနားစိတ်တို့ ရင်နှင့်အဝှမ်း ကျွမ်းတမြည့်မြည့် ရင်ထိနင့်သွားသည်။ သို့ဖြင့် ဝါနုသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်ဟန်ဖြင့် – "ညိုမောင်ရယ် – နင့်ကိုမြင်တော့ သိပ်သနားသွားတယ်။ အို – ငါ့မှာလည်း နင့်ကို နေ့ရှိသရွေ့မျှော်နေရတာ။ နင် သိမှသိပါလေစ။ နင်ကလည်းဟာ – ငါ့ဆီကို စာလေး ဘာလေးတောင်ရေး ဖော်မရဘူး။ ဟွန်း – နေနိုင်လိုက်တာ။ ငါ့မှာတော့ နင်မိန်းမပဲ ရသွားလား၊ ဟင်းဖွဟဲ့လွဲဟဲ့စေ ဖယ်စေ၊ နင် တိုက်ပွဲပဲ ကျ သွားသလားဆိုပြီး ရင်တထိတ်ထိတ်နဲ့ နေ့တိုင်း နင့်သတင်းကို နားစွင့်နေရတာ၊ မသကာဆို စာမရေးအားတောင် လူကြုံစကားပါးပါဦးတော့လား လူစိမ်းကားကြီးရယ်။ အင်း – နင် အချိန်မီရောက်လာတာ တစ်ခုတော့ ကံကောင်းတယ်မှတ်။ နောက်တစ်ပတ်ကျော်လို့မှ နင် ရောက်မလာရင် "သူများနဲ့ညားတဲ့ ငါ့ရည်းစား" ဆိုပြီး နင် ယူကျုံးမရဖြစ် ကျန်ခဲ့မှာ သိလား။ ဟွန်း – လူစိမ်းကားကြီး"

ဝါနုက ညိုမောင့်ရင်ဘတ်အား မနာမကျင် ဖွဖွလေးထုကာ ချစ်စဖွယ်ပြောရင်း ညိုမောင့်မျက်နှာကို ရွှန်းရွှန်းစားစားကြီး ကြည့်နေလိုက်သည်။

ညိုမောင်သည် ဝါနုစကားအသွားအလာကို ထောက်ချင့်သဖြင့် မိမိဘက်မှ မျှော်လင့်ချက် ရောင်နီသန်းနေသေးပါလားဆိုသည့်အတွေးဖြင့် သူ့မျက်နှာမှာ ပြုံးယောင်သမ်းလာသည်။

"ဩော် – ဝါနုရယ် – နင် အပြစ်တင်ရင်လည်း ခံရမှာပဲ။ ငါက စစ်သားဆိုတော့ ငါ့ကိုယ်ငါမပိုင်ဘူးလေ။ ငါ့ကိုတပ်မတော်ကပဲပိုင်တယ်မဟုတ်လား။ ဒါကြောင့် – နင့်ဆီစာရေးဖို့နေနေသာသာ ကျောယားလို့တောင် မကုတ်အားပါဘူးကွာ။ တို့စစ်သားတွေဆိုတာ နာရီတောင် မကြည့်ရဲတဲ့ဘဝ။ နှစ်ဆယ့်လေး နာရီလုံးလုံး တာဝန်အပေးခံထားရတယ်မဟုတ်လား။ အေးလေ – ဟုတ်တော့လည်းဟုတ်ပါတယ်။ ဘယ်အချိန်မှာ ဘွားခနဲ ရန်သူပေါ်လာမလဲဆိုတာ စောင့်ကြည့်နေရတာနဲ့တင် တို့စစ်သားတွေအဖို့ ဘယ်မှာ အားအားလျားလျား ရှိနိုင်ပါ့မလဲကွာ။ ဒါကြောင့် ရတဲ့အချိန်ကလေးကို ကုတ်ကပ်ယူပြီး ရေ့တာန်းနားတဲ့အချိန်မှာ ပေါဒီဖြူဖြူဖွေးဖွေး ရေဆေးငါးလေး – အဲလေ – မျှစ်စို့အလား – တွားရရေးမလေးဆီ "အချစ် ဘယ်မြှင့်" အပြေးကလေးနဲ့ ဒီကအချစ် စစ်သားလေး ရှေ့တော်မှောက် ရောက်လာရကြောင်းပါဗျ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း – အစွဲပိုတဲ့ငါးရှဉ့်လေး"

ညိုမောင်မှာ အူမြူးနေပြီဖြစ်၍ မျက်နှာစပ်ဖြီးဖြီးဖြင့် သူ့စကားကို ဆက်လိုက်ပြန်သည်။

"ငါ – နင့်အချစ်ကိုယုံတယ်။ ဒါကြောင့်လည်း ငါ ပြန်လာတော့မှ နင့် အချစ်ကို တောင်းခံရင်း လူကြီးစုံရာနဲ့ တောင်းရမ်းယူမလို့ စိတ်ကူးဖဲရိုက်ပြီး ထွက်လာတာ၊ ခုတော့ ..."

"ဟင် – ဘာခုတော့လည်း၊ သူ့ကို သူများက မယူနိုင်ဘူးလို့ ပြောလို့လား"

မျက်စောင်းကလေးချီကာ ပြောလာသည့် ဝါနုစကားကြောင့် မျှော်လင့်ချက်ကင်းလေပြီဆိုကာ စိတ်ဓာတ်ကျနေသည့် ညိုမောင့်မျက်နှာသည် မြူမှောင်လင်းသည့် လတစ်စင်းပမာ ဝင်းပကြည်စင်သွားလေတော့၏။

"ဟင် – ဒါ – ဒါဆို – နင် – ငါ – ငါ့ကို – ယူမယ်ပေါ့"

"ဟင် – ဒါဆို – ဝါနုက ဘယ်သူ့ကို ယူမှာလဲဗျ"

"သွား – သူ သိရက်သားနဲ့ ဝါနုကို ရှက်အောင်ပြောနေပြန်ပြီ၊ ဟွန်း – လူကိုကမုန်းစရာကြီး"

"ဩော် – ဝါနုရယ် – သွားဆိုလည်း သွားပါမယ်ဗျာ၊ အဲ – သွားတာကတော့ ဟုတ်ပါပြီ၊ အစ်ကိုက ထွက်သွားရင် လက်ချည်းဗလာနဲ့တော့ မသွားတတ်ဘူး၊ အဖော်ပါမှ ဖြစ်မယ်နော"

"ဟင်း – သူ့ကိုယ်သူ အစ်ကိုတဲ့"

"မနက်ဖြန်ည "န" နာရီ (၉) မောင်းတီတီ၊ ဒီသစ်ဆိမ့်ပင်ကြီးအောက်မှာ စောင့်၊ "အချစ်တိုက်ပွဲ" အတွက် "ဝါနု ဆိုတဲ့ရဲမေ အပြီးတိုင် ထွက်ခဲ့မယ်" ဒါပဲ၊ ဘာမေးစရာရှိလဲ"

"မရှိပါဘူး"

"မရှိရင် ဆက်လုပ်"

ဝါနုက စစ်ခေါင်းဆောင်မတစ်ဦး နယ် ခါးထောက် အမိန့်ပေးပြီး လျှာကလေးတစ်လစ်ထုတ်ကာ သည်သစ်ဆိမ့်ပင်ကြီးနှင့် ညိုမောင်အား လှစ်ခနဲ ကျောခိုင်းပြီး သကာလ မိမိအိမ်ရှိရာသို့ အပြေးကလေး အသော့နှင်လေတော့၏။

ညိုမောင်သည် ခပ်တည်တည် စစ်မိန့်သံပေးပြီး ထွက်ခွာသွားလေသည့် ဝါနု၏ လုံးကျစ်ကျစ် တင်ပဆုံတို့ကို မြတ်နိုးစွာ တရှိုက်မက်မက် ငေးကြည့်နေမိရင်းက

www.burmeseclassic.com

www.burmeseclassic.com

စစ်သားပီပီ အမိန့်နာခံနေသည် အမှတ်ဖြင့် ခွင့်ပြုချက်ကိုပင် ယောင်ယောင်ပေါင်တောင် တောင်းလိုက်မိချေသေး။

"ဟုတ် - ဆက်လုပ်ခွင့်ပြုပါ"

ထိုညက ညိုမောင်သည် ဝါနုထံမှ ချစ်အဖြေလေး ကြားလိုက်ရသဖြင့် ရင်ထဲ ကုလားဘုရားပွဲလုည့်သည့်နယ် အပျော်ကြီးပျော်သွားရလေ၏။

⍟

သည်သို့ဖြင့် ညိုမောင်တို့ချစ်သူနှစ်ဦးသည် တစ်ခုသောလမိုက်ညတစ်ညတွင် ထိုသစ်ဆိမ့်ပင်ကြီးအောက်မှာပင် ချိန်းတွေ့ပြီးသကာလ ဝါနုဆိုသော မိန်းမချော လေးသည် အထုပ်ကလေးပိုက်ကာ ချစ်သူညိုမောင်ခေါ်ရာနောက်သို့ ကောက် ကောက်ပါအောင် လိုက်ခဲ့ပေတော့သည်။ ညတွင်းချင်းမှာပင် ညိုမောင်သည် သူ့ ဦးလေးဖြစ်သူ၏စက်ဘီးကိုငှားလာခဲ့ပြီးလျှင် ခဲလုံမှ (၁၃)မိုင်ကျော်ကျော်ဝေးသည့် နမ့်စန်မြေသို့ ချစ်သူဝါနုအား တင်ခေါ်ကာ အပြင်းနှင် ချီတက်လိုက်ကြ၏။ ထိုညက ညိုမောင်သည် စစ်ပွဲတစ်ရာ နွှဲခဲ့ရသည်ကိုပင် အကြောက်အရွံ့မရှိခဲ့သော်လည်း သည် အချစ်တစ်ပွဲအတွက် ရင်ခုန်လှိုက်မောခဲ့ရသည်။

အချိန်မတော် အခါမတော် ညကြီးမင်းကြီး မိန်းမခိုးလာသည့် ညိုမောင်သည် အိမ်ထောင်သည် သူငယ်ချင်းဖြစ်သူ ခင်ကြိုင်နေသည့် ခြောက်ခန်းတွဲလိုင်းသို့ ရောက်ရှိလာကာ အိမ်တံခါးမကြီးကို ခေါက်ပြီး ခင်ကြိုင်အား အားမနာတမ်းနှိုးလိုက် ရတော့၏။

ဆိုင်းမဆင့်၊ ဗုံမဆင့် မိန်းမခိုးလာသည့်ညိုမောင်တို့အား ခင်ကြိုင်တို့လင်မယား သည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ရင်းမှာပင် လက်ခံထားလိုက်ရသည်။

⍟

အသေခံစစ်သား (၁၅)ယောက်

၁၉၈၂ - ခုနှစ်၏ နွေအကူး လေရူးဝေ့နေချိန်။

ညိုမောင်ပါဝင်သည့် တပ်စုတစ်စုသည် နမ့်စန် - လွိုင်လင်ကားလမ်းတစ် လျှောက် လုံခြုံရေးယူရန် လှုပ်ရှားတပ်စုအဖြစ် လွိုင်လင်မြို့အတွက် "ဝါးနက်

www.burmeseclassic.com

www.burmeseclassic.com

သေနတ်လေချွန်သံသည် မြွေတွန်သံအလား။
ဇရဲဗုံးပေါက်ကွဲသံသည် မိုးကြိုးပစ် ထစ်ချုန်းမိုးသံဝမ်း။
စာသင်ကျောင်းဘေး သစ်ပင်ထူခြောသည့် တောစပ်
တစ်လျှောက်မှ အဆက်မပြတ်ပစ်ခတ်နေသည့်
သေနတ်သံများ၊ ဗုံးပေါက်ကွဲသံများက တစ်တောလုံး၊
တစ်တောင်လုံး ဟိန်းဟိန်းထကာ ကမ္ဘာပျက်တော့ကို
ဟစ်ကြွေးလေပြီ



တော" ရွာသို့စခန်းထိုင်အဖြစ် ရောက်ရှိလာကြ၏။ ရောက်ရောက်ချင်းမှာပင် ရဲဘော်တစ်စုတို့သည် နေဖြစ်ရုံ စခန်းကုန်းတစ်ခုအား အမြန်တည်ဆောက်လိုက်ကြ၏။

ဝါးနက်တောရွာဆိုသည့်အတိုင်း ဝါးပိုးနှင့် အချင်ဝါးတို့ ပေါရကား ညီဖြောင်တို့ရဲဘော်တစ်စုသည် ရွာနီးချုပ်စပ်မှ ဝါးတို့ကို ရွာသူကြီးထံ ခွင့်တောင်းပြီး နေ့ချင်းပြီး ခုတ်လိုက်ကြ၏။

တိုင်လုံးအတွက်မူ ရွာတောင်ခြေရှိ တောအုပ်ထဲမှ လိုသလို အတိုင်းအထွာဖြင့် ခုတ်လှဲပြီးလျှင် စခန်းချမည့်နေရာသို့ ထမ်းပိုးသယ်ဆောင်လာကြသည်။ တော အတွင်းမှာဖြစ်၍ သစ်ခုတ်သူများ ခုတ်ပိုင်းနေစဉ် ကျန်သည့်ရဲဘော်တို့မှာ အသင့်ကျည်ထိုးထားသည့် G-3, G-4 သေနတ်များဖြင့် ကင်းစောင့်ကြသည်၊ သစ်ခုတ်၊ ဝါးခုတ်နေစဉ်အတွင်း ရွာသားများမှအပ ရန်သူ၏ အရိပ်အယောင်တို့အား လုံးလုံး

www.burmeseclassic.com

လျားလျားမမြင်ခဲ့ရပါချေ။ အမိုးအကာ အကြမ်းထည်ပြီးသည်နှင့် ညိုမောင်တို့သည် ဆက်သွယ်ရေး မြောင်းတို့ကို တူးလိုက်ကြ၏။ စခန်းကုန်းမှာ အမြင့်တောင်ကုန်း တစ်နေရာတွေ့ဖြစ်၍ ရန်သူတက်လာက မြင်နိုင်စေခြင်းအလို့ငှာ ပတ်ပတ်လည်ရှိ ချုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းလိုက်ကြသည်၊ အမာခံ ခံစစ်အနေအထားဖြစ်စေရန် တောင်ကုန်းတစ်လျှောက် တွေ့သမျှကျောက်တုံးတို့ဖြင့် ကတုတ်သဏ္ဍာန် ပုံဖော်လိုက်ကြ၏။ ရုတ်တရက် ကြည့်မည်ဆိုပါက ရန်သူတို့ သတိမထားမိစေရန် စခန်းတဲအနီးပတ်ဝန်းကျင်မှ ပင်ကြီးပင်ငယ်တို့ကိုမခုတ်စေပဲ နဂိုမူလအခက်အလက်အတိုင်းတည်ရှိစေလိုက်သည်၊ ကံအားလျော်စွာ စခန်းတဲကလေးအား ဒယ်အိုးသဏ္ဍာန် ယောင်ယောင်လေး နိမ့်ဆင်းနေသည့်နေရာတွင် နေရာယူထားနိုင်၍ဖြစ်သည်၊ အကယ်၍ တစ်စုံတစ်ယောက်သည် သေသေချာချာ ဂရုတစိုက် မကြည့်မိချေက သစ်ပင်အုပ်အုပ် တောအုပ်အုပ်အဖြစ်နှင့်သာ ထင်မှတ်မိကြပေလိမ့်မည်၊

တစ်ရပ်တစ်ကျေးမှ မျက်စိလည် လမ်းမှားပြီး ရောက်လာသည့် တောအဖွဲ့၊ သောင်းကျန်းသူများအနေနှင့် သည်စခန်းကုန်းကလေး၊ သည်နေရာတွင်ရှိနေသည်အား မှန်းဆခန့်မှန်း၍ ရနိုင်လိမ့်မည်မထင်။ စခန်းတဲလေးတည်ဆောက်ပြီးသည်နှင့် ညိုမောင်သည် စခန်းကုန်းမှထွက်ကာ ခပ်လှမ်းလှမ်းမှနေ၍ "ဘန်ဂလို" သို့မဟုတ် "ရဲတိုက်" ဟု မိမိဘာသာ အမည်ပေးထားသည့် စခန်းတဲလေးသို့ လှမ်းမျှော်ကြည့်လိုက်၏။

သူသည် ဘက်တစ်ဖက်ထဲမှ ကြည့်ရှုနေရသည်ကို အားမရနိုင်သည်နှင့် စခန်းပတ်ပတ်လည်သို့ အနှံ့လျှောက်ကာ စခန်း၏ အဝေးမြင်ကွင်းပုံရိပ်သဏ္ဍာန်အား အဖန်ဖန် အကဲခတ်လိုက်သည်၊

"အင်း - ဘယ်လိုဘယ်ပုံကြည့်ကြည့်၊ ငါ့စခန်းကုန်းကလေးဟာ "ကိုယ်ပျောက်ရဲတိုက်" လို တောအုပ်ထဲမှာ ကိုယ်ယောင်ဖျောက်ထားသလိုပါပဲလား"

နေရာတကာတွင် စေ့စပ်သေချာတတ်သည့် ညိုမောင်အဖို့ စိတ်ကူးတချို့နှင့်ဖန်ဆင်းထုဆစ်ထားသည့် သည်စခန်းကုန်းအပေါ်ပီတိဖြစ်၊ အကြိုက်ကြီး ကြိုက်နေမိတော့သည်၊

သို့သော် - သစ်ခုတ်ဝါးခုတ်ပြီးမှ သည်စခန်းကုန်းကို အပတ်တကုတ် တည်ဆောက်လိုက်ကြသည့် ညိုမောင်တို့တပ်မတော်သားများမသိလိုက်၊ သတိမမူလိုက်သည့် အချက်တစ်ချက်တော့ ရှိနေပေသေးသည်၊ ထိုအချက်သည်ကား ယခုမှပင်

www.burmeseclassic.com

www.burmeseclassic.com

လာရောက်စခန်းချဖြစ်သည့် အနီဝါးနက်တောဆိုသည်ကား ရန်သူတို့၏ အမာခံရွာပေလား။ ရန်သူတို့ကို သတင်းပေးတတ်သည့် နစ်ဖက်ချွန်ရွာပေလားဆိုတာကိုတော့ ညိုမြမောင်တို့တပ်စုသည် ထိုစဉ်က ဂဃနဏသိထားခြင်း မရှိသေးချေ။

ထိုအချိန်က သောင်းကျန်းသူ "ဝ" အဖွဲ့နှင့် ပအိုဝ်းနီအဖွဲ့ ခေါ်ကြယ်နီအဖွဲ့တို့သည် တောင်ခြေတစ်လျှောက်၊ လှုပ်ရှားသွားလာနေသည်ဆိုသည့် သတင်းကြောင့် ရဲဘော်တို့သည် နေ့တွင် လမ်းကင်းယူကာ လှုပ်ရှားတပ်စုအဖြစ် လှုပ်ရှားကြပြီး ညရောက်လာပြီဆိုသည်နှင့် သတိကြီးစွာဖြင့် နေ့မီးညမီး ကင်းစောင့်ကြရသည်။ ထိုစဉ် အခါများတွင် ညိုမြမောင်တို့နှင့်အတူ တပ်ခွဲတပ်ကြပ်ကြီး တင်သန်းနှင့် ဗိုလ်ကြီးရဲအောင်တို့သည် အမိန့်ပေးခေါင်းဆောင်များအဖြစ် အလျဉ်းသင့်သလို နေရာယူပူးပေါင်းတတ်လေသည်။

ညရေးညတာ လုံခြုံရေးအတွက် တပ်စုတပ်စိတ်တစ်ခုမှ ကင်းပုန်းဝပ်ချိန်တွင် ကျန်တပ်စိတ်တပ်စုတစ်ခုမှ စခန်းကုန်းတွင် ခြေကုပ်ယူနှင့်ကြ၏။

ရန်သူ့သတင်းများကလည်း "တောင်ခြေရွာကိုဖြတ်သွားပြီ" "ပန်ခရွာဘက်က ပန်းတက်လာပြီ" "နောင်ရာ ဆိုင်းရွာဘက် ရောက်နေပြီ" စသဖြင့် မရေမရာ ကြားနေရချေ၍ ဗိုလ်ကြီးဆန်းမြင့်သည် နီးစပ်ရာ ရွာများသို့ ပြောက်ကျားစနစ်ဖြင့် စုံစမ်းနိုင်းနေချိန် ဖြစ်၏။ ဗိုလ်ကြီးဆန်းမြင့်သည် နောက်တန်းတွင် နေရသည်အား ငြီးငွေ့လှပြီဖြစ်၍ ဗိုလ်ကြီးရဲအောင်ထံမှ တာဝန်ကို လွှဲပြောင်းယူပြီး လူစားဝင်လာသူဖြစ်သည်။ ရွာနီးချုပ်စပ်မှ ရွာသားတို့အားလည်း ရန်သူ့သတင်းရက အမြန်ဆုံး အကြောင်းကြားပေးရန် လူလွှတ်စည်းရုံးထားပြီး ဖြစ်၏။ ညိုမြမောင်သည် ထိုညက နံနက် (၄)နာရီမှ (၆)နာရီအတွင်း ကင်းတာဝန် ကျမည်ဖြစ်၍ ညဉ့်ဦးပိုင်းမှာပင် အိပ်ရေးဝစေဖို့အတွက် စောစောစီးစီး အိပ်ရာဝင်လိုက်၏။

အိပ်ရာပင် ဝင်နေရပေမယ့် စစ်သား သတိအပြည့်ရှိသည့် ညိုမြမောင့်အဖို့ ကြက်အိပ်ကြက်နိုးဖြင့် လုံးလုံးလျားလျား အိပ်၍ကား မပျော်ချေ။ အလှည့်ကျကင်းသားတို့ ကင်းချိန် အချိန်းအပြောင်းတိုင်း ညိုမြမောင် နိုးနေတတ်၏။

တစ်ခုကောင်းသည်က နစ်နစ်မြိုက်မြိုက် အိပ်လိုက်ရချိန်အတွင်း ညိုမြမောင်သည် အိပ်ရေးဝနေတတ်ခြင်းပင်။ ညဉ့်ဦးယံ၊ သန်းခေါင်ယံအထိ အိပ်မပျော်တတ်ပေမယ့် မိုးသောက်ယံအချိန်များ မှာတော့ မေးခနဲ အိပ်ပျော်တတ်တဲ့အကျင့်က ညိုမြမောင့်တွင် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ကိုယ်နှင့်မကွာ အမြဲကိုင်နေကျ "နေဝင်းစတင်း" အားမြဲမြဲစွာ ဆုပ်ကိုင်ပြီးသကာလ သတိနှင့် အိပ်ရာဝင်လိုက်ခြင်းဖြစ်၏။

သန်းခေါင်ယံ ညမင်းသားနှင့် မိုးသောက်ယံ လုလင်ပျိုတို့ လက်ဆင့်ကမ်းချိန်၊

ရောင်နီဦး၏ နီးထချိန်ပင် ဖြစ်ပါမည်၊ တစ်နေ့တာ လှုပ်ရှားခဲ့သမျှ မောမောနှင့် မည်မျှအိပ်မောကျသွားသည် မသိ။

"ဟော့ကောင် ညိုမောင် - ထ - ထ - မင်းရဲ့ကင်းအလှည့်ရောက်ပြီ"

စောင့်လက်စကင်းသားမှ အချိန်ပြည့်၍ လာနှိုးသည်နှင့် ညိုမောင်သည် ကမန်းကတန်း ကုန်းရုန်းထလိုက်သည်။

"ဟင် - ငါ့အလှည့်ရောက်ပလားဟ။ အင်း - ညတာကလည်း တိုလိုက်တာ နော်။ ဒါထက် သူငယ်ချင်း - မင်း ကင်းကျချိန်မှာ ဘာထူးခြားတာ တွေ့သေးလဲ၊ ပြောပါဦး"

"ကင်းအချိန်းအပြောင်းမှာ ထူးခြားမှုရှိက လက်ဆင့်ကမ်းသတင်းပို့ရစမြဲမို့ မေးရိုးမေးစဉ်အတိုင်း ညိုမောင် မေးလိုက်ရသည်။

"ဘာမှတော့ မထူးခြားပါဘူးကွာ။ အေး - ဒါပေမဲ့ - ဟိုး "နှောင်ရာဆိုင်း" (ပအို့ဝ်ရွာ)ဘက်ကတော့ တောဆင်ရိုင်းတွေ တောတိုးသံလိုလို၊ ပန်းကန်ခွက်ယောက်ချင်း ထိခတ်သံလိုလိုတော့ သဲ့သဲ့လေး ကြားနေရတာတော့ ရှိတယ်၊ ရွာသားတွေ ညည အမဲလိုက်တာလည်းဖြစ်ချင်ဖြစ်မှာပေါ့ကွာ။ ညကတိတ်ဆိတ်တော့ ဝေးဝေးက အသံတွေတောင် ကြားရတတ်တာပဲ မဟုတ်လား"

"ဟ - ကောင်ရ - အဲဒါ ထူးခြားတာ ပေါ့ကွာ၊ "ကျားသားမိုးကြိုး" မင်းပြောတဲ့ အတိုင်းဆိုရင် "ဝ" အဖွဲ့တွေလား၊ ပအို့ဝ်နီအဖွဲ့တွေလားမှမသိတာ၊ ဒီအဖွဲ့က "ဗကပ" လက်အောက်ခံတွေကွ။ ဒင်း(သင်း)တို့အချင်းချင်းပေါင်းပြီးတို့တပ်မတော်ကိုညှပ်ပူး ညှပ်ပိတ် တိုက်မယ်လို့လည်း ကြားတယ်"

"အင်းပါ - ဉာဏ်ကြီးရှင်ကြီးရဲ့၊ ဒီလောက်လည်း ကြောက်ချေးချမ်းမနေနဲ့ဦး၊ မျက်စိကိုဖွင့်၊ နားကို စွင့်ပြီး စောင့်ပေါ့ကွာ - ဟဲ - ဟဲ၊ မင်း အာလူးတွေ ဖုတ်နေရင် ငါ့ အိပ်ချိန်ဘတ်ဂျက် ထိခိုက်တော့မယ်၊ ကဲ - ငါ့အလှည့်တော့ ပြီးပြီ၊ ငါ ဝပ်ကျင်းထဲ ဝင်ခွေတော့မယ်။ အဲ - ငါ့တာဝန်တွေကို မင်းပခုံးပေါ် ပစ်တင်လိုက်ပြီဟေ့ ဆက်စောင့် - ဆက်စောင့် - သူငယ်ချင်း"

ကင်းထွက် မြမင်းက သူသိသမျှ၊ ကြားသမျှကို ပြောအပြီးမှာ သူ့အိပ်ရာဆီသို့ သွားကာ စစ်စောင်စိမ်းကို ဆွဲခြုံပြီးလျှင် ကွေးကွေးလေး ဝင်ခွေလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ညိုမောင်သည် မိမိကင်းအလှည့် ကျပြီဖြစ်၍ အိပ်ရာထခါစတွင်ဖြစ်တတ်သည့် အိပ်မှုန်စုံမွှားမျက်လုံးဖြင့် စခန်းအနောက်ဘက်ရှိ တောစပ်ဘက်သို့ မျက်နှာပူရင်း ရန်သူ့အရိပ်အခြည်အား ဂရုတစိုက် ကြည့်နေလိုက်သည်။

သူသည် အမှောင်ထုတွင် ကျင့်သားရနေသည့် သူ့မျက်စိအစုံနှင့် သူ့နားရွက်ကို အနားမပေးချေပဲ အာရုံစိုက် နားစွင့်လိုက်၏။

"အင်း - ရန်သူလာရင် ဒီတောစပ်က သစ်ပင်တွေကို အကာအကွယ်ယူပြီး တက်လာမှာပဲ။ ရှေ့လမ်းမဘာက်ကတော့ မလာလောက်တန်ဘူး"

သည်သို့စဉ်းစားမိသည်နှင့် ညိုမောင်သည် တောစပ်တစ်လျှောက် မမှိတ်မသုန်သောမျက်လုံးအစုံဖြင့်ကြည့်ရင်း အသင့်အနေအထားဖြင့် သေနတ်ကိုလွယ်ကာ ကင်းဆက်စောင့်နေလိုက်၏။ လဆုတ်ပက္ခည့ဥ်ပေမို့ တစ်ခြမ်းပဲ့လမင်းကြီးမှာ ခွဲတမ်းပြည့် မရလေဟန် မလင်းချင် လင်းချင်နှင့် မှုန်မွှားမွှား လရောင်တန်းတို့ကို စခန်းကုန်းပေါ်သို့ တွန့်တိုလက်တွန့်စွာ ဖြာကျပေးနေသည်။

လရိပ်အပြေးကြောင့် သစ်ရွက်တို့သည် သစ်ပင်ထက်ဆီမှ တစ္ဆေတွေတစ်ကောင်ချင်း ခုန်ဆင်းလာသလို ရိပ်ခနဲ ရိပ်ခနဲ ချောက်ချားဖွယ် မြင်နေရ၏။

တောအတွေ့အကြုံမရှိသူများအတွက် တုန်လှုပ်ချောက်ချားဖွယ်ပါတကား။

သို့အတွက်ကြောင့်ပင်၊ စိတ်ချောက်ချားကြသည့် တချို့တချို့သော ရဲဘော်တို့သည် ထိုအရိပ်ကိုပင် ရန်သူထင်လျက် ကြောက်လန့်တကြား မဆင်မခြင် ပစ်ခတ်ကြသည့်အတွက် မလိုလားအပ်သည့်ပြဿနာတို့ဖြင့် ကြုံတွေ့ရတတ်လေ၏။ အဆိုးဆုံးကတော့ လျှို့လျှို့ဝှက်ဝှက်ဆောက်ထားသည့် မိမိတို့စခန်းအား ရန်သူတို့ သိရှိသွားခြင်းပင် တည်း။

တစ်အောင့်မျှကင်းစောင့်နေရင်းညောင်းညာလာသည်နှင့်ညိုမောင်သည်စခန်းတဲရှေ့ရှိ မိမိတို့ ထမင်းစုစားကြသည့် ကွပ်ပျစ်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ထိုစဉ် တောစပ်တစ်နေရာမှ တောတိုးသံတစ်ခုသည် ကျင့်သားရလေသည့် ညိုမောင့်နားထဲသို့ တိုးညင်းစွာ ရိုက်ခတ်လိုက်ချေ၏။

အနီ - တောတိုးသံနှင့်အတူ သစ်ရွက်ခြောက်တို့အား သာသာဖွဖွ နင်းကြိတ်လာသည့်ခြေသံတို့ကြောင့် ညိုမောင်သည် ရုတ်ခြည်းနားစိုက်ထောင်ဖြစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆက်တည်းမှာပင် အသံလားရာဆီသို့ သေနတ်ပြောင်းဝကို ထိုးချိန်လိုက်၏။

“ရပ် - ဘယ်သူလဲ”

“ရန်သူလား၊ မိတ်ဆွေလား”

“လက်မြှောက်ပြီးနေ - ရှေ့တိုးမလာနဲ့”

“ရောက်တဲ့နေရာမှာ ရပ်နေစမ်း”

“ဠျန် - ဠျန်ဒေါ် (ကျွန်တော်)တို့ပါ၊ မိတ်ဆွေတွေပါ။ နောင်ရာဆိုင်းရွာက ပအိုဝ်ရွာသားတွေပါ။ ဗိုလ် - ဗိုလ်လုံတို့ ကို ရန်သူ့သတင်းလာပေးတာပါ”

လူအုပ်ထဲမှ တုန်တုန်ယင်ယင်အသံဖြင့် သတင်းပို့လာသည့်စကားကြောင့် ညိုမောင်သည် တဒင်္ဂမျှ စဉ်းစားပြီး လတ်တလော ဆုံးဖြတ်ချက်တစ်ခုကို ဆုပ်ကိုင်လိုက်သည်။

“အေး - ရွာသားတွေဆိုလည်း ရှေ့တိုးမလာနဲ့အုန်း(ဦး)။ ငါ့အထက်အရာရှိကို သတင်းပို့ပြီးမှလာခွင့်ပေးနိုင်မယ်။ မင်းတို့လက်တွေကိုဆက်ပီး(ပြီး) မြှောက်ထားကြ။ မင်းတို့ရဲ့မီးတုတ် (လက်နှိပ်ဓာတ်မီး)တွေနဲ့ မင်းတို့မျက်နှာကို နောက်ပြန်ထိုးထား”

ညိုမောင်က သည်သို့ညွှန်ကြားအပြီးမှာ သေနတ်ချိန်ထားလက်စမှာပင် အိပ်ရာဝင်ခါစ မြမင်းအား လှုပ်နှိုးလိုက်သည်။

“ဟော့ကောင်မြမင်း - အမြန်ထ၊ အရေးကြီးလာပြီ။ တပ်ခွဲမှူးကို အမြန်သွားနှိုး၊ ဒီမှာ - ရန်သူလား၊ မိတ်ဆွေလား မသိနိုင်တဲ့အဖွဲ့တစ်ဖွဲ့ရောက်နေတယ်လို့ သတင်းသွားပို့လိုက်”

ညိုမောင် ပြောအပြီး မြမင်းသည် အိပ်ရာထက်မှာပင် မျက်စိနှစ်လုံးကို စုံပွတ်ကာ ကတိုက်ကရိုက် ထလာပြီးလျှင် တပ်ခွဲမှူးရှိရာသို့ တက်သုတ်နင် ပြေးပါလေတော့၏။

လေး၊ ငါး၊ ခြောက်စက္ကန့်မျှပင် မကြာလိုက်၊ တပ်ခွဲမှူး ဗိုလ်ကြီးဆန်းမြင့်သည် ညိုမောင်ရှိရာသို့ ရေးကြီးသုတ်ပျာရောက်ချလာ၏။

“ရဲဘော်ညိုမောင် - ဘာသတင်း ထူးလို့လဲ - မြန်မြန်သတင်းပို့”

“ဟုတ် - ဗိုလ်ကြီး၊ ရှေ့ကိုက်(၂၀)လောက်မှာ နောင်ရာဆိုင်းရွာသားတွေလို့ ပြောတယ်၊ ရန်သူ့သတင်းပေးဖို့လာကြတာတဲ့။ အဲဒါပေးလာရမလားဗိုလ်ကြီး၊ အမိန့်ပေးပါ”

www.burmeseclassic.com

www.burmeseclassic.com

"ဟေ - ဘယ်မှာလဲ၊ ဘယ်နားရောက်နေပြီလဲကွ"

"စခန်းအနောက်ဘက် တောစပ်မှာပါ ဗိုလ်ကြီး။ ဟိုမှာမြင်လား - သူတို့ မျက်နှာတွေကို ခေတ်မီးနဲ့ ထိုးနိုင်းထားတယ်။ လက်လည်း မြှောက်ခိုင်းထားပါတယ် - ဗိုလ်ကြီး။ ကျွန်တော် ဘာဆက်လုပ်ရမှာလဲ"

"အေး - မင်းက ကင်းသားတွေအားလုံးကို သွားနှိုးလိုက်၊ မင်းသေနတ် ငါ့ပေး၊ ရှေ့က ရွာသားတွေကို ငါ အမိန့်ပေးမယ်။ ဟေ့ - ဟိုရှေ့က ရွာသားတွေ၊ မင်းတို့ ဘယ်နယောက်လာကြလဲ"

ဗိုလ်ကြီးဆန်းမြင့်သည့် ညီမောင်အား အမိန့်ပေးပြီးသည်နှင့် တစ်လက်စတည်းမှာပင် ခေတ်မီးနောက်ပြန်ထိုး၊ လက်မြှောက်ထားသည့် ရွာသားများကို စစ်မိန့်သံအပြည့်နှင့် မေးလိုက်သည်။

"သုံး - သုံးယောက်ပါဗိုလ်လုံ။ သတင်းပေးစရာရှိလို့ အချိန်မရွေး အခါမရွေးရောက်လာတာပါ။ ကျွန် - ကျွန်ဒေါ်တို့ လာ - လာလို့ ရပြီလား - ဗိုလ်လုံ"

"အေး - လာတာတော့ ဟုတ်ပြီ၊ မင်းတို့မှာ ဘာလက်နက်တွေပါလဲ။ ပါလာရင် မြေကြီးပေါ် ပစ်ချခဲ့။ လက်မြှောက်ပြီးသာ တက်လာကြတော့"

ဗိုလ်ဆန်းမြင့် အမိန့်သံအဆုံးတွင် ပအို့ဝ်ရွာသားတို့သည် လက်ချည်းဗလာဖြင့် လက်နှိပ်ခေတ်မီးကို မြေစိုက်ထွန်းကာ တရွေ့ရွေ့ဖြင့် တက်လာကြ၏။ ရွာသားသုံးယောက် မိမိရှေ့သို့ရောက်လာကြသည်နှင့် ဗိုလ်ကြီးဆန်းမြင့်သည် ထိုသူတို့အား သေနတ်ဖြင့် ချိန်ထားပြီးလျှင် ရပ်လျက်အနေအထားနှင့်ပင် နေစေလိုက်သည်။

"ကဲ - ရဲဘော်တို့၊ ဒီသုံးယောက်မှာ ဘာလက်နက်ပုန်းတွေ ပါလာလဲဆိုတာ နှံ့နှံ့စပ်စပ် ရှာကြစမ်း"

ဗိုလ်ကြီးအမိန့်ကြောင့် ညီမောင်တို့ရဲဘော်တို့သည် မျက်နှာသုတ်ပုဝါဖြင့် ခေါင်းပေါင်းပေါင်းထားကြသည့် ထိုလူစိမ်းသုံးယောက်တို့အား ခြေဆုံးခေါင်းဆုံး နေရာလပ်မကျန် ရှာဖွေလိုက်ကြ၏။

ရှာဖွေနေစဉ်အတွင်း ထိုပအို့ဝ်သုံးယောက်တို့သည် သူတို့မျက်နှာရိပ် မျက်နှာကဲကိုမမြင်စေချင်၍ပဲလား၊ တုန်ယင်ချောက်ချားသည့်ဟန်ဖြင့် ခေါင်းငုံ့ထားလိုက်ကြသည်။

"ဘာလက်နက်မှ မတွေ့ပါဘူး - ဗိုလ်ကြီး"

ထိုသူတို့အား နေရာအနှံ့ ရှာဖွေနေကြသည့် ရဲဘော်တို့သည် ဗိုလ်ကြီးအား ပြုံင်တူသတင်းပို့လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သည်တော့မှပင် ဗိုလ်ကြီးဆန်းမြင့်သည် မိမိရှေ့မှောက် ရောက်လာသူတို့အား တစ်ဦးချင်းစီ စေ့စေ့စပ်စပ်ကြည့်ရင်း အမိန့်သံပါပါဖြင့် မေးလိုက်၏။

"ကဲ - ဆိုစမ်း - မင်းတို့ ဘာသတင်း ပို့စရာရှိလဲ"

"ဒီ - ဒီလိုပါဗိုလ်လုံ - "ဝ"အဖွဲ့နဲ့ ပအို့ဝ်သူပုန်အဖွဲ့လို့ထင်ရတဲ့ (၁၀)ယောက်ရှိတဲ့ အဖွဲ့တစ်ဖွဲ့စောန (စော စောတုန်းက)ပဲ ဂျွန် - ဂျွန်ဒေါ် - တို့ရွာထဲ ကိုဝင်လာကြတယ်၊ ရိက္ခာအတွက်ဆိုလား ကြက်(၃၊ ၄)ကောင် တောင်းပြီး ထွက်သွားကြတယ်။ သိသိ ချင်းပဲ ဂျွန်ဒေါ် တို့ သတင်းလာပို့တာပါ။ ဗိုလ်လုံတို့ အမိန့်ထုတ်ထားတယ်မှတ်လား။ ရန်သူ သတင်းရရချင်း လာပေးရမယ်ဆိုလို့၊ ခုချက်ချင်း သတင်းပေးဖို့ ပြေးလာခဲ့ တာပါ"

"ဟေ - ခုပဲရောက်လာတာတဲ့လား။ ဒီကောင်တွေ မင်းတို့ရွာကို ဘာလုပ်သွား သေးလဲ"

"ဘာ - ဘာမှတော့ လုပ်မသွားပါဘူး - ဗိုလ်လုံ။ အိပ်တန်းတက်ကြက်တွေပဲ တောင်းတောင်းဆွဲဆွဲ ဖမ်းသွားကြတယ်။ အဲ - တစ်ခုတော့ ပြောသွားသေးတယ် ဗိုလ်လုံ၊ စခန်းကုန်းကို မင်းတို့ သွားသတင်းမပေးမိစေနဲ့၊ ပေးတာနဲ့ မင်းတို့ တစ်ရွာ လုံးကိုမီးဟုန်းဟုန်းတောက်အောင် ရှို့ပစ်မယ်လို့တော့ ကြိမ်းသွားသေးတယ်။ ဂျွန် - ဂျွန်ဒေါ်တို့အသက်နဲ့ရင်းပြီးမှ ဗိုလ်လုံတို့အတွက် သတင်းလာပို့ရတာပါ၊ ကူ - ကူညီပါ ဗိုလ်ကြီးရယ်၊ ဒီကောင်တွေ လှုပ်ရှားနေသမျှ ဂျွန်ဒေါ်တို့ရွာသားတွေ အိပ်လည်း မပျော်၊ စား - စားလည်း မရှိုပါဘူး ဗိုလ်လုံ"

"အေး - ဒါဆိုလည်း ပြီးရော၊ မင်းတို့ ပြန်နိုင်ပြီ၊ ဩော် - နေဦး - ဒါနဲ့ - ဒီကောင် တွေ ဘယ်ဘက်ထွက်သွားလဲ။ မင်းတို့ သတိထားမိသေးလား။ ပြီးတော့ - ဘာ လက် နက်တွေ ကိုင်ထားတာ တွေ့လဲ"

"ဟိုး - ဟို ရွာစာသင်ကျောင်းဘက် ထွက်သွားတာတော့ တွေ့လိုက်တယ် ဗိုလ်လုံ၊ မှောင်မှောင်စမ်းစမ်းနဲ့မို့ ဂျွန်ဒေါ်တို့ သိပ်တော့ သတိမထားမိဘူး။ အဲ - အဲ - လက်နက်တွေကတော့ ဗိုလ်လုံတို့လို အကောင်းစားတွေ မကိုင်နိုင်ပါဘူးဗျာ၊ မီးကျိုး ပေါင်းပျက်တွေနေမှာပေါ့၊ တောပစ်တဲ့ တူးမီးတချို့ ကာဘိုင်တချို့လောက်ပဲ ကိုင် ထားတာ တွေ့တယ်"

"ဟုတ်လား - အေး - အေး - ပြန်တော့ - ပြန်တော့"

"ဟုတ် - ဟုတ်ကဲ့ ဗိုလ်လုံ"

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးဆန်းမြင့်သည် ရန်သူ့သတင်းပေး ပအိုဝ်ရွာသားသုံးယောက်တို့အား စစ်မေးပြီးသော် သည့်အတိုင်း ပြန်လွှတ်ပြီးသည်နှင့် တပ်ခွဲရှိ ရဲဘော် တို့နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ကဲ - ရဲဘော်တို့ - မင်းတို့ကြားတဲ့အတိုင်းပဲ။ တို့စခန်း - ဒီနားမှာ ရန်သူတွေဝိုင်းနေပြီ။ ဒီတော့ - ငါတို့ဘာလုပ်ကြမလဲ။ သွားတိုက်ကြမလား၊ ဒါမှမဟုတ် ဒီအတိုင်းပဲ လက်ပိုက်ကြည့်ပြီး လွှတ် ပေးလိုက်ရမလား"

"တိုက်မယ် - တိုက်မယ် - ဗိုလ်ကြီး။ ဘယ် - ဒီကောင်တွေကိုဒီအတိုင်းလွှတ်ပေးမလဲ။ စစ်သားဗျ၊ သွေးမနည်းဘူး - တိုက်မယ်"

"အေး - ဟုတ်ပြီ - ဒီလိုသတ္တိမျိုးမှ ငါက ကြိုက်တာ"

ဗိုလ်ဆန်းမြင့်သည် တိုက်ရဲခိုက်ရဲ မိုက်ရူးရဲဆန်သည့် ဗိုလ်တစ်ဦးဖြစ်သလို မိသားစုနာကြည်းချက်ဖြင့်လည်း စစ်ထဲဝင်ခဲ့သူတစ်ဦးဖြစ်ချေ၏။

တစ်ချိန်က ဗိုလ်ဆန်းမြင့်မိဘနှစ်ပါးတို့သည် ကုန်သည်များဖြစ်၍ တာချီလိတ်မှ ကုန်ရောင်းပြီးအပြန် ကွန်ဟိန်းနှင့် ခိုလန်လမ်းကြောပေါ်တွင် ကားစီးလာရင်း ဓားမြ ထိုးပစ်လိုက်သည့်ဗုံးဒဏ်သင့်ကာ နှစ်ဦးစလုံး မရှုမလှ သေဆုံးခဲ့ကြရသည်။ ဖွားအေ လက်ပေါ်တွင် ကြီးပြင်းလာသည့်သူသည် နောင်ကြီးပြင်းလာသည့်အခါ ဖွားအေ ပြောပြချက်ဖြင့် မိဘနှစ်ပါး၏ အဖြစ်ဆိုးအား ဖြစ်ကြောင်းကုန်စင် သိလိုက်ရလေသည်။

ထိုအချိန်မှစ၍ မောင်ဆန်းမြင့်လေးသည် မိဘနှစ်ဦးကိုသတ်သွားသည့်သောင်းကျန်းသူတို့အား ရေဆုံးရေဖျား လက်စားချေလိုစိတ်တို့သည် တမြည့်မြည့် လောင်မြိုက်သည့်မီးပွားအလား၊ ဆီးတားမရဖြစ်ပေါ်နေပေတော့၏။ သို့ဖြင့် သူသည်အရွယ် ရောက်လာ၊ ပညာစုံအတောင်အလက်စုံချိန်တွင် ဗိုလ်သင်တန်းကျောင်းသို့တက်ဖြစ် တော့သည်။ သည်လိုနှင့် ဗိုလ်လောင်းဆန်းမြင့်သည် တိုက်ခိုက်ရေးဘက်တွင် အား သန်သည်နှင့်အမျှ သင်တန်းဆင်းလေလျှင် ခြေလျင်တပ်ရင်း၊ ခြေမြန်တပ်ရင်းဘက် သို့ ကူးပြောင်းကာ တိုက်ခိုက်ရေးတပ် အသီးသီးသို့ Posting အခါခါပြောင်းရင်း စ ဆင်ရေးချည်း ထွက်နေပေတော့သည်။

ဗိုလ်ကြီးဆန်းမြင့်သည် ယခုအခြေချသည့် စခန်းကုန်းသို့ ရောက်မလာခင် ကလေးတင် နောက်တန်းမှုနှင့် အဆင်မပြေဖြစ်ခဲ့၍ မိမိအလုပ် ကျသေးသော် လည်း မိမိသဘောဖြင့် ရှေ့တန်းထွက်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

“ကဲ – တိုက်ပွဲထွက်တာတော့ ဟုတ်ပါပြီ၊ ရန်သူ့အင်အားက (၁၀)လောက်ပဲဆိုတော့ ငါတို့စစ်သည်အင်အားများများနဲ့ သွားတိုက်စရာတောင် မလိုပါဘူးကွာ၊ တို့ရဲဘော်တွေရဲ့အရည်အချင်းနဲ့ဆိုရင် ငါးယောက်လောက်နဲ့တင် ကိစ္စတုံး စီရင်နိုင်တယ်မှတ်လား၊ အဲလေ – လိုရမည်ရ ဆယ့်ငါးယောက်နဲ့ဆို လုံလောက်တယ်၊ ကဲ – မင်းတို့အထဲက ဘယ်သူတွေ ငါနဲ့အတူ လိုက်တိုက်ရဲလဲ – ပြောကြစမ်း”

“လိုက်မယ် – တိုက်မယ် – ကျွန်တော် လိုက်တိုက်ရဲတယ်”

တစ်ယောက်တစ်ပေါက်ဖြင့် စစ်သွေးကြွနေသည့် ရဲဘော်တို့၏ ထက်သန်စွာ လက်မထောင်ပြနေသည်က အယောက်(၃၀)မျှမကပြီ၊

“ဟ – ငါ့ရဲဘော်တွေကြွတက် – အဲလေ – တက်ကြွနေကြပါလား၊ ငါလိုချင်တာက ဆယ့်ငါးယောက်ထဲရယ်၊ မင်းတို့ လက်မထောင်ပြနေတာက အယောက်သုံးဆယ် မကတော့ဘူး၊ ဒီတော့ ငါ ဆယ့်ငါးယောက်ပဲ ရွေးခေါ်မယ်၊ မလိုက်ရလို့ ကျန်တဲ့ ရဲဘော်တွေ ဘာမှစိတ်ဓာတ်မကျနဲ့၊ နောက်တစ်ခါ တိုက်ပွဲဆင်ရင် ကျန်ခဲ့တဲ့ မင်းတို့ကို ဦးစားပေးရွေးမှာပါကွာ၊ စိတ်သာချ – အေး – အခုတော့ ကျန်တဲ့ရဲဘော်တွေ ဒီစခန်းကုန်းမှာ စခန်းလုံခြုံရေး ယူထားကြပေါ့ကွာ”

သို့ဖြင့် ဗိုလ်ကြီးဆန်းမြင့်သည် မိမိ စိတ်ကြိုက် လက်ရွေးစင် သွေးသောက်ရဲဘော် ဆယ့်လေးယောက်တို့အားတိုတောင်းလှသည့်အချိန်အတွင်းရွေးချယ်လိုက်၏။ ထိုအထဲတွင် ကံကောင်းသည်လား၊ ကံဆိုးသည်လား မဆိုနိုင်သည့် ညိုမောင်တစ်ယောက် ကန့်လန့်ကန့်လန့်ဖြင့် ပါလာရပါတော့သည်၊ မိမိနှင့်ပါဆိုလျှင် ဆယ့်ငါးယောက်ပြည့်ပြီမို့ ဗိုလ်ကြီးဆန်းမြင့်သည် တိုက်ပွဲရှိရာသို့ ထွက်ခွာရန် စတင်အမိန့်ပေးလိုက်၏။

“ကဲ – စထွက်ကြမယ် ရဲဘော်တို့၊ ဘာသတင်းပို့ဖို့ရှိလဲ”

“မရှိပါဘူး ဗိုလ်ကြီး”

“မရှိရင် ဆက်လုပ်”

သည်သို့ဖြင့် ဗိုလ်ကြီးဆန်းမြင့်တို့ တပ်စုတစ်စုသည် ဆယ့်ငါးယောက်မျှသာ စစ်သည်အင်အားဖြင့် ပဒိုင်ရွာသားတို့ပြန်လည်ထွက်ခွာသွားသည့်လမ်းကြောင်းကို ယူကာ ကားလမ်းမတောင်ဘက်ရှိ “နောင်ရာဆိုင်း” ရွာဘက်ဆီသို့နင်းမှန်မှန်အောက်ဝယ် တရွေ့ရွေ့ဖြင့် ထွက်လာမိကြပြီတကား၊

www.burmeseclassic.com

ဆယ့်သုံးလောင်းကွေ့သေမင်း စံတွင်းဝတိုက်ပွဲ

ဆယ့်ငါးယောက်မျှသော တပ်မတော်သားတို့မှာ အသင့်ကျည်ထိုးထားသည့် သေနတ်တို့ကိုကိုင်ကာ သတိကြီးစွာဖြင့် တောင်စောင်းတစ်လျှောက် သစ်ပင်ကြီးငယ်တို့ကို အကာအကွယ်ယူရင်း ခြေသံလုံလုံဖြင့် ဆက်လျှောက်လာကြသည်။

လဆုတ်ညဥ့်၏ နံနက်ခင်းပေမို့ လတစ်ခြမ်းပဲ့မှ လရောင်သဲ့သဲ့သည် ရဲဘော်တို့၏အစိမ်းရင့်ရောင် ကာကီ ယူနီဖောင်းပေါ်သို့ ကွက်တိကွက်ကျားဖြာဆင်းပေးနေချေ၏။ နွေညပင် ဖြစ်လင့်ကစား၊ ရှမ်းပြည်ဥတု၏ အငွေ့အသက်များက နှင်းဟု မဆိုသာသည့် မြူငွေ့မြူတိမ်တို့ကြောင့် ရှေ့တူရူရှိ လူသွားလမ်းကလေးကိုတော့ ပျပျရေးရေးမျှသာ မြင်နေရပေသေးသည်။ ဘယ်အရာကိုမဆို စူးစမ်းစပ်စုသည့် မျက်လုံးဖြင့် ကြည့်တတ်သည့် ညိုမောင်သည် မှောင်ရီဝိုးတဝါးမျှ လင်းပနေသည့် လရိပ်အောက်မှာပင် ရန်သူတို့ စွန့်ထားသည်လား မသိနိုင်သည့် မစင်ပုံတချို့နှင့် စီးကရက်ဘူးခွံ၊ ဆေးလိပ်တိုအချို့တို့ကို တွေ့ဖြစ်အောင် တွေ့လိုက်ပေသေးသည်။ မစင်ပုံမှာ လောလောလတ်လတ်ပါပြီးခါစလို့ထင်ပါရဲ့။ အငွေ့ပင်မပျောက်တတ်သေး။ သေသေချာချာ သတိထားမိမည်ဆိုက တချို့စီးကရက်တို့မှာ မီးစွဲလောင်လျက်ပင် ရှိနေပါသေးသည်။

"အင်း – ဒါတွေဟာ အခုလေးတင် ဖြတ်သွားတဲ့ ရန်သူတွေ စွန့်သွားတာတွေပဲ ဖြစ်မှာ"

ရန်သူနောက်သို့ ထက်ကြပ်မကွာ တိတ်တဆိတ် လိုက်လာရသည်ဖြစ်၍ ညိုမောင်သည် မည်သူ့အားမျှ ပြောပြခွင့်မသာတော့ပဲ ရှေ့တူရှုသို့သာ စိတ်လက်တစော ဆက်လက်ချီတက်လိုက်၏။

သူ့စိတ်ထဲမှာတော့ တအုံနွေးနွေး နှင့်ရယ်မို့ ဘဝင်က သိပ်မကျချင်။

"အို – ဘာပဲဖြစ်ဖြစ်လေ – ထွက်လာမိမှတော့ နောက်ကြောင်းပြန်လှည့်လို့ ဖြစ်မတဲ့လား"

"အသက်ကို ဉာဏ်စောင့်လို့ ဆိုထားတာပဲလေ။ သတိဆိုတာ ပိုတယ်မရှိပါဘူး"

စိတ်တုံးတုံးချလိုက်သည့် ညိုမောင်သည် ဘယ်ကွေ့ဘယ်တောင်ဘယ်မြိုင်ချောင်မှာ ရန်သူ "ဘွားခနဲ" ပေါ်လာမလဲ ဆိုသည့်အတွေးဖြင့်သာ မိမိရှေ့ရှိ ရဲဘော်တို့ကို အမီလိုက်ရင်း တောင်ကြားလမ်း ကျဉ်းကလေးမှ ရှေ့နောက်စီတန်းသွားလိုက်၏။ "နောင်ရာဆိုင်း" ရွာသည် တောင်စောင်း၊ တောင်မတ်၊ လျှိုမြောင် ချိုင့်ဝှမ်းနှင့်

www.burmeseclassic.com

သစ်ပင်ချုံပုတ်တို့ သိပ်သည်းပိတ်ဆို့ယှက်ပြောလေရကလားညို့မောင်တို့တပ်စုသည် ရန်သူ့ကိုမျက်ခြည်မပြတ် စောင့်ကြည့်နေရသည်ကတစ်ဖက်၊ ကျောက်တုံးကျောက် စရစ်ခဲတို့ကို ဖယ်ရှောင်၊ ကျော်လွှား၊ ဖြတ်သန်းနေရသည်က တစ်ဖက်နှင့်မို့ ခရီးက ထင်သလောက်မတွင်ပဲ ရှိသည်။ တောမှဆိုးနှင့် သစ်ခုတ် ဝါးခုတ်သမားတို့ သွားလာ ကျက်စားကြ၍လည်း လမ်းမြောင်လမ်းကြောင်းတို့ အတိပြီးလျက် မျက်စိလည် လမ်းမှား ရလောက်အောင် ပြည့်နှက်နေ၍ မည်သည့်လမ်းသို့ လိုက်ရမည်ကို မမှန်းဆနိုင်ခဲ့ ကြ။

တပ်ခွဲမှူး ဗိုလ်ကြီးဆန်းမြင့်သည် ရှေ့ထွက် "ပွိုင့်" စစ်သားတို့နောက်မှ ပစ္စတိုကို ကိုင်ကာ မိမိနောက်ဘက်မှ ထပ်ကြပ်မကွာ လိုက်ပါလာကြသည့် ရဲဘော်တို့ကို နောက်လှည့်လက်ယပ်ခေါ်ရင်း အမြန်ချီတက်လာဖို့ အသံတိတ် အချက်ပြလိုက် သည်။

လရိပ်မည်းနှင့်အတူ ရန်သူ့အရိပ်အယောင်မှာကား လူခြေတိတ်ဆိတ်ငြိမ်သက် ခြင်းအတိဖြင့် ရှိနေချေတကား။

"ဒီပအိုဝ်ရွာသားတွေ သတင်းပို့တာ ဟုတ်မှဟုတ်ရဲ့လား"

ခရီးဆက်ရင်း သံသယစိတ်တို့ဖြင့် ဗိုလ်ကြီးဆန်းမြင့်တစ်ယောက် တွေးနေရချေ ပြီ။

သူ့အနေနှင့် တွေးမည်ဆိုက တွေး လောက်သည်။

ကြည့်လေ - အမှောင်ထုပင်လျှင် ရောင်နီသရုပ်ကိုစုတ်ချက်တင်ကာ မချယ်မှုန်း နိုင်သေး။

မိမိတို့တပ်စု ခရီးထွက်လာ၊ တိုက်ပွဲ အရှာထွက်လာသည်မှာ နာရီဝက်ခန့်ပင် ရှိချေပြီကော။

ရန်သူဆိုလို့ ကြွက်တစ်ကောင် ကြောင်တစ်မြီးမျှပင် မတွေးမိသေးပါကလား။

"ရန်သူနဲ့ တော့တော့ဆိုင်ဆိုင် မတွေ့ရင်တောင် မသကာဆို သူတို့သွားလာ လှုပ်ရှားပွတ်တိုက်သည့် အသံဗလံတော့ ကြားရမည်မဟုတ်ပါလား"

"အင်း - ခုများတော့"

ဗိုလ်ကြီး ဆန်းမြင့်သည် ဇဝေဇဝါ၊ မရေမရာ အတွေးများဖြင့် ရောင်နီသန်းလာစ အလင်းမစို့တပို့အောက်ဝယ် ရန်သူတို့ကို တွေ့လိုတွေ့ငြား ကျီးကန်းတောင်းမှောက် ရှာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်သက်တိတ်ဆိတ်နေခြင်းက စိတ်ချောက်ချားချင်စရာ၊ တစ်စုံတစ်ခုသော အန္တရာယ်ကောင်က နောက်ကျောမှနေ၍ ချောင်းမြောင်းကြည့်နေသလို ဖိတ်ခေါ်နေသလိုတော့ ခံစားလိုက်ရသည်။

ခပ်လှမ်းလှမ်းမှာတော့ မူလတန်းကျောင်းတစ်ကျောင်းဖြစ်ပုံရသည့် ခနော်ခနဲ့ အဆောက်အအုံတစ်ခုအားမလင်းတစ်လှည့်၊ လင်းတစ်လှည့် ရောင်နီအောက်တွင် မပီပိုးတဝါး တွေ့လိုက်ရသည်။ ဗိုလ်ကြီးဆန်းမြင့်၏ ဦးနှောက်ထဲသို့ အသိတစ်ခုက ဖြတ်ထိုးညက်တစ်ခုလိုပြက်ပြက်ထင်ထင် ဝင်ရောက်လာ၏။ "အင်း - ဒီအဆောက်အအုံဟာ ဟို နှောင်ရာဆိုင်းက ပအိုဝ်ရွာသားတွေ ပြောသွားတဲ့ ကလေးစာသင်ကျောင်းများလား" ဟုတ်ပြီ။ ဒါဆိုရင် - "ဝ"အဖွဲ့ ပအိုဝ်အဖွဲ့တွေ ဖြတ်သွားတဲ့ လမ်းကြောင်းပဲ ဖြစ်မှာပေါ့။

မိမိအတွေးထဲသို့ထင်ထင်လင်းလင်း ပေါ်ပေါ်ချင်းမှာပင် ဗိုလ်ကြီးဆန်းမြင့်သည် နိုင်မာသည့် လတ်တလော ဆုံးဖြတ်ချက်ကို ယတိပြတ် ချမှတ်လိုက်လေ၏။ သို့နှင့် သူသည် မိမိနှင့်အတူ ကပ်ပါလာသည့် တပ်စုတပ်ကြပ်ကြီး၏ ပခုံးကိုပုတ်ကာ လေသံ တိုးတိုးဖြင့် အမိန့်ပေးလိုက်သည်။

"ဆရာကြီးတင်သန်း - ရဲဘော်တွေကို တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းပြီး တိုးတိုးတိတ်တိတ် ပြောခိုင်းလိုက်၊ ကျုပ်တို့ စာသင်ကျောင်းရှိတဲ့ ကမူပေါ် တက်ကြမယ်လို့၊ ဟင်း - ဆရာကြီးရယ် - ကျုပ်တို့တော့ အန္တရာယ်စက်ကွင်းထဲ ဝင်လာမိပြီထင်ပါရဲ့၊ ကျုပ်အာရုံမှာ အန္တရာယ်ရနံ့ကို ရှူရှိုက်နေမိသလိုပဲ၊ ကဲ - ဘာပဲဖြစ်ဖြစ်ဗျာ - ကျုပ်တို့က စစ်သားပဲ၊ နောက်လှည့်ပြန်ဆုတ်ဖို့တော့ စိတ်မကူးဘူး၊ ဒီကောင်တွေ ဆယ်လောက်တော့ အပျော့ပဲ - ဟဲ - ဟဲ - ပျင်းတောင် ပျင်းသေး"

တပ်စုတပ်ကြပ်ကြီးသည် မဆုတ် မနစ် ပြောလာသည့် ဗိုလ်ကြီးအမိန့်အတိုင်း အနီးရှိ ရဲဘော်တစ်ဦးအား တီးတိုးအမိန့်ပေးလိုက်သည်နှင့် ထိုရဲဘော်မှ စတင်ကာ လက်ဆင့်ကမ်းစကားပါးလိုက်သဖြင့် လေ၏ ဖြတ်တိုက်နှုန်းအတိုင်း စစ်ရေးအထာ နပ်ကာ စစ်ရည်ဝနေကြသည့် ရဲဘော်တို့မှာ ဗိုလ်ကြီးချီတက်ရာ ဘယ်ဘက်လမ်း အတိုင်း အဆောတလျင် ခရီးဆက်လိုက်ကြတော့၏။ နင်းမြူလွှလွှအောက်မှာတော့ စာသင်ကျောင်းလေးသည် စာသင်ကလေးငယ်တို့ ကင်းဆိတ်စွာ အထီးကျန် တောင်ပူစာလေးပေါ်တွင် ငုတ်တုတ်မှေ့တစ္ဆေတစ်ကောင်အလား ထီးတည်းသတိ ဆွဲရပ်နေမြဲ။

www.burmeseclassic.com

www.burmeseclassic.com

တောတောင်တစ်ခုလုံးသည်လည်းအဖော်ပျောက်ရှာဥသြငှက်လေး၏"ဥသြ-ဥသြ"ဟု ဆွတ်ကြင်ကြေကွဲဖွယ်မြည်သံမှအပ သချိုင်းကုန်းတစ်စ ပြင်ပမှာ တိတ်တိတ်ကလေး အိပ်မောကျနေသည်။ ချုံပုတ်နံဘေးမှ သစ်ပင်အုပ်အုပ်တို့မှာလည်း အငိုတိတ်ခါစကလေးတစ်ယောက်၏ရှိုက်သံသဲ့သဲ့လို လေရှူသံယဲ့ယဲ့မျှသာ ပေးနိုင်ရှာ၏။

ကမ္ဘာလောကကြီးတစ်ခုလုံး တီးတိုးတိုင်ပင်ထားသလို ကာလနာတိုက်နေကြပြီလား။ ထိုစဉ် ဆိတ်ငြိမ်မှုအပေါင်းတို့အား ပြောင်းဆန်အောင် သစ္စာဖောက်ဖျက်လိုက်သည့် သေမင်းအသံအား စတင်ကြားလိုက်ရတော့သည်။

ငြိမ်ဆိတ်နေသည့်တောသည်ငိုက်မြည်းနေရာမှကယောင်ကတမ်းထထုလိုက်သည့် ပတ်မသမား၏ ဗုံသံလို တဗိန်းဗိန်း တဂိုန်းဂိုန်း ညံလာသည်၊ အိပ်တန်းတက်ငှက်အပေါင်းတို့သည်အိပ်မှုန်စုံမွှားဖြင့်အလန့်တကြားဦးတည်ရာမဲ့ရုတ်ခြည်းထပြန်ကြကုန်၏။

"ဒိုင်း – ဒိုင်း – ဒိုင်း – ဗုန်း – ဗုန်း"

"ရှိုး – ရှိုး – ရှိုး – ဒက် – ဒက် – ဒက်"

"ဟာ – ဟေ့ – ရဲဘော်တို့ အမြန်ပြန် ပစ်"

"ပစ် – ပစ်ကြဟေ့ – ကျည်ကုန် ယမ်းကုန်ပစ်"

နှုတ်ဖျားမှ အံ့ဩတကြီး ထွက်ကျလာသည့် တပ်ခွဲမှူး၏ စစ်မိန့်ပေးသံ၊ ရဲဘော်တို့၏ ပြေးလွှားလှုပ်ရှားနေကြသံ။

"နေရာယူ – အော်တိုခလုတ် အမြန် ဖွင့် – ပစ်"

"လက်ထောက်မှောက်အိပ် – ပစ် – ပစ်"

ပြေးဟယ်၊ လွှားဟယ်ဖြင့် အချင်းချင်း တပ်ဖြန့်နေရာယူဖို့ သတိပေးနေကြသံ၊ "တို့စစ်သားကွ"ဆိုသည့်စိတ်ဓာတ်မြင့်တင်၊ မာန်ဝင်သံတို့ဖြင့် တိုက်ပွဲသည် "သည်းထိတ်ရင်ဖို" ရုပ်ရှင်ကားတစ်ကားနယ် ချောက်ချားတုန်ရီသံတို့ဖြင့် ငရဲပွက်သံတို့ဖြင့် သက်ဝင်လှုပ်ရှားလာသည်။

သေနတ်လေချွန်သံသည် မြွေတွန် သံအလား၊ ငရဲဗုံးပေါက်ကွဲသံသည် မိုးကြိုးပစ် ထစ်ချုန်းမိုးသံပမာ၊ စာသင်ကျောင်းဘေး သစ်ပင်ထူပြောသည့် တောစပ်တစ်လျှောက်မှ အဆက်မပြတ်ပစ်ခတ်နေသည့် သေနတ်သံများ၊ ဗုံးပေါက်ကွဲသံများက တစ်တောလုံး၊ တစ်တောင်လုံးဟိန်းဟိန်းထကာ ကမ္ဘာပျက်တေးကို သံစဉ်ကြွေးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကော်ဒိုက်ယမ်းငွေ့ ယမ်းမှုန့်တို့သည် တောင်ယာရှိသည့် မိုးခိုးငွေ့ပမာ တောတောင်တစ်ခုလုံးကို မှိုင်းမှုန်မှုန်ထူခြင်းအဖြစ်သို့ ရောက်စေ၏။

ခြင်းခြင်းနီသည့်သွေးအိုင်တို့သည် အနီရောင်ဆေးပုံးကြီးကို သွန်မှောက်လိုက်သလို မြေပြင်အနှံ့ စီးမျောအိုင်ထွန်းကြလေ၏။

ရန်သူလား၊ မိတ်ဆွေလား မခွဲခြားနိုင်သည့် အလောင်းကောင်တို့သည် တောအုပ်ထဲမှ သစ်ရွက်ခြောက်တွေလို တစ်ယောက်ပေါ်တစ်ယောက် မညီမညာ ထပ်ကြလေကုန်၏။

တောင်ပူစာမို့မောက်မောက်ပေါ်တွင် နေရာယူထားချေသည့် စာသင်ကျောင်းပတ်ပတ်လည်မှာ သဘာဝအားဖြင့် သစ်ပင်ကြီးငယ်တို့ဖြင့် အရံအတားဖြစ်စေရကားရန်သူသည် ထိုအပင်ကြီးပင်ငယ်တို့၏အနောက်ဘက်တွင် ခြေကုပ်ယူထားရာမှစက်ပိုင်းသဏ္ဍာန်ပြီး သကာလ ကျောင်းပတ်ပတ်လည်မှ လက်ကျန်အင်အားတို့ကို သုံးကာ ညှပ်ပူးညှပ်ပိတ် အလုံးအရင်းနှင့် ထွက်ချလာကြသည်။

ဇကန်စင်စစ် တောင်ပူစာလေး၏ မြေပြန့်လွင်ပြင်တွင် အမိုးအခိုကင်းစွာ ဆောက်လုပ်ထားသည့် စာသင်ကျောင်းလေးမှာ ပြောင်တလင်းခါနေသည့် မြေပြင်အနေအထားတွင်ရှိချေ၍ မထင်မှတ်ပဲ သတ်ကွင်းထဲ တိုးဝင်သွားမိသည့် ရဲဘော်တို့အား မြှူးမိသည့်ငါးပမာ ပြေးပေါက်ပိတ်၊ ထောင်ချောက်ဆင်လိုက်ခြင်းပင်၊ ကြမ္မာငင်တစ်ခုတစ်ခုသည် အလစ်အငိုက်မှာ မမျှော်လင့်ပဲ ချုံခိုတိုက်ခိုက်ခြင်း ခံရပါတကား။

ဗိုလ်ကြီးဆန်းမြင့်သည် အငိုက်မိသွားသည့်အချိန်အတွင်း သူ့တာဝန်သူ ကျေပွန်စွာ အပြီးတိုင်ထမ်းလျက် ဒဏ်ရာဗလပွရသည့်ကြားမှ အဆက်မပြတ် အမိန့်ပေးနေပေသေးသည်။

"ရဲဘော်တို့ပစ် – ပစ်ကြ၊ နောက်မဆုတ်တမ်းအသေခံ – ပစ် – ပစ် – အား – အင့် – အင့်"

သေမင်းခံတွင်းဝ သတ်ကွင်းထဲသို့ဝင်ကာ လွတ်လမ်းမမြင်တော့သည့် ညီမောင်သည် တိုက်ပွဲကြားမှာပင် တစ်စုံတစ်ခုသော အတွေးကို တွေးဖြစ်အောင် တွေးလိုက်မိပါ၏။

"အင်း – ငါတို့တော့ သေလူလုံးလုံး ဖြစ်ပါပကောလား၊ ဟို – ပန္နိုဝိရှာသား အယောင်ဆောင်တွေက ငါတို့ကို မျှားခေါ်လာကြတာကလား၊ ကြည့်စမ်း – ဆယ်ယောက်လောက်ပဲဆိုတဲ့ လူအင်အားက အယောက်သုံးရာ (၃၀၀)ကြီး များတောင်

www.burmeseclassic.com

www.burmeseclassic.com

ကျော်လောက်တယ်။ သေမထူး၊ နေမထူး ညိုမြောင်တဲ့ဟော့၊ တစ်သက်မှာ တစ်ခါပဲ သေရတယ်။ ငါသေသလို ငါ့နောက်ကို မင်းတို့ကိုပါ အဖော်ခေါ်သွားမယ်ဟေ့"

သည်သို့တွေးမိသည့်အခဆုံး ညိုမြောင်သည် မိမိကိုင်ဆောင်ထားသည့် သေနတ်ကို တင်းတင်းစေ့အောင်ဆုပ်ကိုင်လျက် ချုံကြီးချုံကြား သစ်ပင်ကြို သစ်ပင်ကြားမှ အလျှိုလျှို ထွက်လာသည့် ရန်သူတို့အား သေနတ်ကျည် ကတ်ထဲမှ ကျည်ဆန်ကုန်သည်အထိ မနားတမ်း ပစ်ခတ်ရင်း ကျည်ဆန်မိုးတို့ ရွာချပေးလိုက်လေတော့၏။

နှုတ်မှလည်း "အသေခံစစ်သားကွ – ဘာမှတ်လဲ၊ သွေးမကြောင်ဘူး၊ မင်းတို့ကို ငရဲအထိ ဆွဲခေါ်သွားမယ်ဟေ့" ဟု ခံပြင်းစိတ်ဖြင့် ကြွေးကြော်ရင်း တရစပ်ပစ်ခတ်နေ ပေတော့၏။

ထိုစဉ်က ဗိုလ်ကြီးဆန်းမြင့်သည် ပစ္စတိုတစ်လက်သာ ပါလာသည်က တစ်ကြောင်း၊ ရန်သူကို အထင်သေးမိသည်က တစ်ကြောင်းကြောင့် သည်မြေ တလင်းအား ရန်သူ့သတ်ကွင်းဖြစ်နိုင်သည်ဟု မစဉ်းစားမိခဲ့ပါချေ။

ထင်မှတ်မထားပဲ "ဘွားခနဲ" ပေါ်လာသည့် ရန်သူအလုံးအရင်းတို့ကြောင့် ဗိုလ်ကြီးဆန်းမြင့်သည် ဘာလုပ်၍ ဘာကိုင်ရမည်မသိနိုင်ချေပဲ လက်ထဲ အသင့်ရှိသည့် ပစ္စတိုနှင့်ပင် ရှေ့မှ ရန်သူတို့ကို ရှိရှိသမျှသော ကျည်ဆန်တို့ဖြင့် ပစ်ရှာပေ သေးသည်။

"ဆေးလိပ်လည်းတို၊ နေလည်း ညိုပြီ၊ ငါ့ကို ပြန်ပို့ကြပါတော့..." ဆိုသည့် ကဗျာ ဆရာကြီး တင်မိုး၏ ကဗျာတစ်ပုဒ်လိုပင် ဗိုလ်ကြီးဆန်းမြင့်အဖို့ "လေ့ခွက် ချည်းကျန် အလံမလှဲ" စိတ်ဖြင့် အတတ်နိုင်ဆုံး ခံပစ်ပါသော်လည်း အားမတန် မာန်ကို လျှော့ လိုက်ရပြီမို့ ရန်သူ့ကျည်ဖူး၊ ဗုံးဆန်အစတို့သည် သူ၏နားထင်၊ နားရင်း၊ မျက်နှာ၊ နောက်စေ့တို့သို့ အချက်ပေါင်းများစွာ စူးနစ်ထိုးဖောက်၊ ဝင်ရောက်သွား လေတော့ ၏။

ထိုမျှနှင့်ပင် မပြီးသေး ...။

"ငါ၏ဦးခေါင်းသည် သွေးချင်းချင်းနီအံ့၊ သို့သော် ဦးမညွတ်" ဆိုသည့် သူ့ရှေ့စိတ် ဓာတ်ဖြင့် ဗိုလ်ကြီးသည် ရပ်လျက် သွေးချင်းချင်းနီလျက်ဖြင့်ပင် မြေသို့ ဒူးမထောက် မချချေပဲ ဆက်ပစ်နေသည့်အတွက် ရန်သူတို့သည် အကွယ်အကာ ခံ၍နေသည့် သူ့ ရင်ဘတ် ကျောကုန်းတစ်လျှောက် မသေမချင်း ပစ်သတ်ခွင့်ရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးနှောက်ပွင့်လျက်၊ ရင်ပွင့်လျက်ပင် သေနတ်မြှောက်ကာ အသက်ကုန်ရှာပြီ ဖြစ်သည့်ဗိုလ်ကြီးဆန်းမြင့်အားညိုမောင်သည် လျှပ်တစ်ပြက်တိုက်ပွဲအတွင်းမှာပင် မြင်ဖြစ်အောင် မြင်လိုက်မိပေသေးသည်။

ပုရွက်ဆိတ်နှင့် ဆင်ပမာ တစ်ခုသော တောင်ပူစာတစ်ခုတွင် တွေ့ကြလေသည့် မမျှတသောစစ်ပွဲကြောင့် ဒူးမထောက်၊ လက်မမြှောက်ချေပဲ ခံစစ်အသွင် တိုက်ပွဲဝင်နေသည့် စစ်သည်တို့သည် မည်သူတစ်စုံတစ်ဦးမျှ ရန်သူအား အသနားခံခြင်း၊ တိုးလျှိုးတောင်းပန်ခြင်း၊ ဒူးတုပ်ခယခြင်း မရှိလေပဲ သွေးမြေကျ အသက်သေသည့် တိုင် တိုက်ပွဲဝင်သွားကြရှာသည်။ သေနတ်သံ၊ ဗုံးသံတို့ကြောင့် တောင်ယံတစ်ဝိုက်မှ ပဲ့တင်သံတို့သည် ငိုညည်းသံပမာ အသေခံတပ်သားတို့ထံ ဆို့နင့်ဖွယ်ရာ သံစဉ်တစ်ခု ပမာ အလွမ်းတေးကို သီကြွေးနေကြချေပြီ။ သည်အဖြစ်အပျက်သည်ပင် စစ်သား ကောင်းတစ်ယောက်စီ၏ လုပ်ရပ်မို့ တပ်မတော်အတွက် ဂုဏ်တက်စရာ ဖြစ်ခဲ့သည့် သမိုင်းဝင်တိုက်ပွဲပင် ဖြစ်ချေတော့သည်။

ပစ်ရင်းခတ်ရင်း သေနတ်ကျည်မှန်ခြင်းတို့ကြောင့် ညိုမောင်သည် ထိုရဲဘော်၏ ရဲရဲတောက်မြင်ကွင်းကိုကြည့်ကာ မိမိသေရမှာကိုပင် ကြောက်ရမှန်းမသိနိုင်တော့။ ရန်သူတို့သည် ပစ်ကွင်းသတ်ကွင်းအား အကျယ်ဖြန့်ကြက်ထားရာမှ တစ်စစဖြင့် ဖြန့်ထားသည့် လက်ဖဝါးအား လက်သီးဆုပ်လိုက်သလို စုပုံလိုက်သည့်ပမာ မိမိတို့ ရဲဘော်များရှိရာသို့ တစ်လုံးတစ်ခဲ ဝင်ရောက်လာကာ အဆက်မပြတ် ပစ်ခတ်ကြပြန် ၏။ တိုက်ပွဲဝင်ရဲဘော်တို့သည် မိမိတို့၏ နောက်ဆုံးအားမာန်၊ နောက်ဆုံးထွက်သက် တို့ကို ရင်ဝယ်ပိုက်ပြီးသကာလ ကျည်ဆန်လည်းကုန်၊ ယမ်းလည်းကုန်ကာ ဦးစိုက် ကျသွားရှာတော့၏။

"သွားပြီ - ဆုံးဖြတ်ချက်တစ်ခု မှားတာနဲ့ ငါတို့တပ်ဖွဲ့ အမှည့်ရွေ အရွေခံလိုက် ရလေခြင်း"

"ငါလည်း သေအံ့မူးမူးနဲ့ သေရ တော့မှာပါလား"

ထိုစဉ်က နောက်ကျော တင်ပါးတို့တွင် လက်နက်ကြီးစနှင့် ကျည်ဆန်မှန်ထား သည့် ညိုမောင်သည် ကံအားလျော်စွာ ဒဏ်ရာကြီးကြီးမားမားတော့ မရလိုက်။ ဗုံးတိုး ဝါးတားနှင်းမှုန်အောက်တွင် ပစ်ခတ်ခြင်းဖြစ်၍ ရန်သူတို့သည် မျက်စိရှုပ်သွားသည် လား၊ မိမိသည်ပင် သေဟန်ဆောင်လိုက်၍လားမသိ၊ မိမိကို ကျော်လွန်ကာ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ဖြစ်သူ ဗိုလ်ကြီးအားသဲကြီးမဲကြီး ဝိုင်းပစ်နေကြရေ၍ ညိုမောင်အဖို့ သက်သာရာ ရသွားခြင်းလည်းဖြစ်မည်။

သို့ပင်ဖြစ်ငြား၊ တစိမ့်စိမ့် ယိုကျနေသည့် သွေးစီးကြောင်းများနှင့်အတူ ဒရွတ်တိုက်ဆွဲပြီး သွေးရူးသွေးတန်း သွားနေသည့် ညိုမောင်သည် ကျောင်းသားကလေးများ စွန့်ပစ်ထားသည့် အမြောက်ကျင်းထဲသို့ အမှတ်မထင် ကျသွားလေတော့၏။

သူသည် မသိတစ်ချက်၊ သိတစ်ချက် လှုပ်နိုးစိတ်ဖြင့်ပင် ဘုရားကို အာရုံပြု၊ အမိအဖတို့၏ ကျေးဇူးတရားတို့ကို နှလုံးသွင်းပြီးလျှင် သေကောင်ပေါင်းလဲ တစ်ယောက်ပမာ မလှုပ်မခြောက် မှောက်အိပ်လိုက်လေတော့၏။ တိုက်ပွဲ မှာ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခန့်ပင် ကြာမြင့်သွားလေပြီ။

ရန်သူ "ဝ" နှင့် ပအို့ဝ်ကြယ်နီအဖွဲ့ တို့သည် စခန်းကုန်းမှ တံရစပ် ပစ်ဖောက်နေသည့် သေနတ်သံများကြောင့် တပ်မတော်စစ်ကြောင်းတို့ ချီတက်လာပြီ အမှတ်ဖြင့် ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးဆုတ်ခွာသွားကြောင်းကိုတော့ စိတ်မာတ်ခွန်အားတို့ ဖျစ်ညှစ်ကာ စိတ်တင်းနေသည့်ကြားမှ ညိုမောင်တစ်ယောက် ကြားလိုက်မိသေးသည်။

"ဟောကောင်တွေ – ဒီနေရာက အမြန်ခွာ၊ တပ်မတော်စစ်ကြောင်းတွေ တို့နောက်လိုက်လာကြပြီ။ ပြေး – ပြေးကြတော့"

ထိုဖြစ်ရပ်သည်ပင် ဒဏ်ရာအပြင်းအထန်ရလိုက်သည့် ညိုမောင့်အတွက် သက်သာရာ ရသွားစေခဲ့သည်။ ထို့နောက်တွင်မူ ညိုမောင်သည် ခန္ဓာကိုယ်အနှံ့ ရလိုက်သည့် ဝေဒနာဒဏ်ရာဒဏ်ချက်တွေကြောင့် ရှိရှိသမျှ ဩကာသ လောကအလုံးစုံအား ဂရုပြုနိုင်စွမ်းမရှိရှာတော့ပဲ မေ့မြောခြင်းအဖြစ်သို့ ရောက်လေတော့၏။

☆

ထိုအခါက ညိုမောင်တို့ ဆယ့်ငါးယောက်အဖွဲ့တွင် တိုက်ပွဲမဝင်၊ ဒဏ်ရာမရရှာပဲ အသက်နှင့် ဝေးခဲ့သည့် ကံကောင်းသူ တစ်ဦးတော့ ကျန်ရစ်ခဲ့ပေသေးသည်။ တိုက်ပွဲထွက်သည့် ထိုနံနက်က ထွန်းဆောင်ဆိုသည့် တပ်သားတစ်ဦးသည် ညဦးပိုင်းက မတော်မတရား စားထားသည့် ပဲဟင်းကြောင့်လားမသိ၊ ပဲတန်ခိုးပြကာ ရှေ့တန်းသို့ ခရီးဆက်ရင်း မှာပင် ဗိုက်အောင့်ဗိုက်နာကာ တောတိုး ချင်စိတ်တို့ မျိုသိပ်မရနိုင်အောင် ဖြစ်လာသည်။ သူသည် အနီးရှိ ရဲဘော်ညိုမောင်အား ရှင်ဖွင့်အသိပေးကာ

www.burmeseclassic.com

နီးရာချုံထဲသို့ တောတိုးလေတော့၏။ ဗိုက်ကနာ၊ ဝမ်းကလည်း ရစ်နေသဖြင့် တော်ရုံနှင့် မထနိုင်ပဲ ဆောင့်ကြောင့်ထိုင်လျက်ဖြင့်ပင် ခပ်ဝေးဝေးသို့ရောက်လေပြီဖြစ်သည့် မိမိတပ်စုအား မပီဝိုးတဝါး နင်းမှုန်ကြားဝယ် အခန့်သား ငေးကြည့်နေလိုက်ရသည်။

"ဒိုင်း-ဒိုင်း-ဒိုင်း-ဗုန်း-ဗုန်း-ရှိုး-ရှိုး-ဖောက်-ဖောက်"

"ဟ-ဆော်နေကြပြဟ"

တောထိုင်သည့်ကိစ္စပြီးချေ၍ ဘောင်းဘီပြန်ဝတ်မည်ကြံကာရှိသေး၊ တိုက်ပွဲ ခေါ်သံကြောင့် ထွန်းဆောင်သည် ဘောင်းဘီကြယ်သီးပင် ဖြောင့်အောင် မတပ်နိုင်ခဲ့၊ အပေါက်များတပ်မိသလိုပြေးပေါက်လည်းများခဲ့ရလေပြီ။ သူသည်ခြေတုန်လက်တုန်ဖြင့် တိုက်ပွဲရှိရာသို့ ထွက်ခွာသွားပါသော်လည်း ဆယ့်ငါးမိနစ်ခန့် တောထိုင်လိုက်ရခြင်းအတွက် မိမိတို့ဘက်မှ ရဲဘော်အပေါင်းတို့အတုံးအရုံးကျဆုံးကုန်ပြီဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်လိုက်ရတော့၏။

သို့ဖြင့် ထွန်းဆောင်သည် နောက်ကြောင်းပြန်လှည့်ကာ စခန်းကုန်းရှိရာသို့ ကမူးရှူးထိုး အပြေးပြန်လာခဲ့သည်။ ဤတွင် ထွန်းဆောင်ပင်ကောင်းကောင်းသတင်း မပို့လိုက်ရ။ စခန်းကုန်းမှ လက်ကျန်ရဲဘော်တို့သည် သေနတ်သံကြားပြီးသည်နှင့် မရှေးမနှောင်းမှာပင် တိုက်ပွဲရှိရာသို့ ချီတက်လာကြပြီဖြစ်၍ ဟောဟဲဆိုက်ကာ ပြေးလာသည့် ထွန်းဆောင်နှင့် လမ်းခုလတ်လျှိုတစ်ခုထဲတွင် ပက်ပင်းတိုးလေတော့၏။ ထိုအချိန်က ဒုတပ်ကြပ် ခင်ကြိုင်သည် နောက်ချန်တပ်စုအား ဦးဆောင်ချီတက်လာသည်နှင့် ထွန်းဆောင်သည် ဖြစ်ကြောင်းကုန်စင်အား ဟောဟဲဆိုက်နေသည့် ကတုန်ကယင်သံဖြင့် အလျင်အမြန် သတင်းပို့လိုက်သည်။

"ဆ-ဆရာ-ခင်ကြိုင်-ကျွန်-ကျွန်တော်တို့ တပ်စုတစ်စုလုံး အကုန် ကျ-ကျဆုံးကုန်ပြီဗျ-ဟီး-ဟီး-ဟီး"

ထွန်းဆောင်သည်သွေးပူတုန်း ပြေးလွှားနေရတုန်းမို့လားမသိ။ သည်အဖြစ်ဆိုးအပေါ်အမှုမထားနိုင်ချေပဲ ခံစားမှုဝေစိတ်တို့အခိုက်အတန့်မျှ ငုပ်လျှိုးနေသော်လည်း ခုလို ရင်ဖွင့်ရမည့် သူတွေနှင့် ပက်ပင်းတိုးချိန်မှာ တားဆီး ချုပ်နှောင်ထားသမျှ ခံစားချက်တို့သည် ဆည်ကျိုးသည့် ရေအလျဥ်ပမာ တရဟောသွန်ချလိုက်လေတော့၏။

"ဘာ-အကုန်ကျသွားပြီ ဟုတ်လား။ တောက်-အဖြစ်ဆိုးလိုက်တာကွာ။ ဒါနဲ့ နေပါဦး-မင်းကကော ဘယ်လိုလွတ်လာတာတုံး-ပြောပါဦးကွ"

"ကျွန်-ကျွန်တော်-အီး-အီးပါ ရင်း ကျန်-ကျန်နေခဲ့"

www.burmeseclassic.com

www.burmeseclassic.com

"အေး - မင်းကိစ္စ နောက်မှရှင်းမယ်။ အခုလောလောဆယ်ဆယ် ဒါထက် အရေးကြီးတဲ့တိုက်ပွဲဖြစ်ပွားရာဆီ သွားကြမယ်"

"ကဲ - ရဲဘော်တို့ - ရှေ့ဆက်ထွက်ကြမယ်။ အေး - သတိနဲ့တော့သွား။ ကျည်ကော အသင့်ထိုးထားကြရဲ့လား"

"ထိုးထားပါတယ် - ဆရာကြီး"

ဆရာခင်ကြိုင်တို့ ရောက်ချိန်မှာတော့ ရန်သူ့အလောင်းကောင်တို့နှင့် အတူ မိမိတို့ ရဲဘော်များမှာ သေနတ်ကို မြဲမြဲမြံမြံဆုပ်ကိုင်ထားလျက် မှောက်လျက်တစ်မျိုး၊ ပက်လက်အနေအထားနှင့်တစ်သွယ် ဘေးစောင်းအနေအထားနှင့်တစ်ဖုံ အသက်ကုန်နေကြပြီဖြစ်ကြောင်း ကြေကွဲဆို့နင့်ဖွယ် တွေ့လိုက်ရတော့၏။

"ဩော် - ငါ့ရဲဘော်တွေ ဒူးမထောက်၊ လက်မမြှောက်ပဲ အသေခံသွားကြပါကလား"

ထိုစဉ် အသက်ငွေ့ငွေ့လေး ကျန်နေ သေးသည့် ရဲဘော်ညီမောင်အား ဆရာခင်ကြိုင်တို့တပ်စုမှ ရဲဘော်တစ်ဦးက အမှိုက်ကျင်းတစ်ခုထဲတွင် မှောက်လျက်အနေအထားဖြင့် လဲနေသည်အား မြင် လိုက်ရ၏။

"ဆရာခင်ကြိုင် - ဟော - ဟောဒီမှာညီမောင်တစ်ယောက်အသက်ငွေ့ငွေ့လေး ရှူနေတာ တွေ့ရတယ်။ ကျွန် - ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"ဟ - ဘာဆက်လုပ်ရမလဲ မေးနေ သေးတယ်။ ထမ်းလာခဲ့ပေါ့"

တောင်ပူစာစစ်တလင်းမှာတော့ အလောင်းချင်း ထပ်နေကြပြီ။ ဆရာ ခင်ကြိုင်တို့အဖွဲ့သည် တိုက်ပွဲဖြစ်ပွားရာ နေရာအနံ့ ရှာဖွေပြီးချိန်မှာတော့ ကျောင်းရှေ့မြေတလင်းပြင်နှင့် သစ်ပင်ချုံနွယ်များကြားမှ ရန်သူ့အလောင်း(၂၀)ခန့်အား သေနတ်ကိုယ်စီ ဒဏ်ရာပရပွ၊ သွေးချင်းချင်းနီလျက် တွေ့ရှိလိုက်ကြသည်။ ကြေကွဲစရာအဖြစ် မိမိတို့တပ်စုမှ သေရွာပြန်ညီမောင်နှင့် ထွန်းဆောင်မှ လွဲ၍ (၁၃)ယောက်သော စစ်သည်တို့မှာ တိုင်းပြည်အတွက် အသက်ပေးလှူ လိုက်ရရှာသည်။ ကျဆုံးလေပြီးသော မိမိတို့စစ်သည်နှင့် ရန်သူတို့၏ သေနတ်များကိုတော့ ရဲဘော်တို့သည် မိမိတို့ သေနတ်များနှင့်အတူ တနင့်တပိုး လွယ်ပိုးလိုက်ကြပြီးလျှင် လက်နက်ကြီးများကိုတော့ အလှည့်ကျ ပင်ပန်းတကြီး သယ်ဆောင်လိုက်ကြ၏။

သို့ဖြင့် ဒဏ်ရာရပြီးခါစ အသက်မသေပဲ ကျန်ခဲ့သူ သေရွာပြန် ညီမောင်အား ရဲဘော်တို့သည် တစ်လှည့်စီ ထမ်းပိုးရင်း စခန်းကုန်းရှိရာ ဝါးနက်တောသို့ ထပ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com

ပြန်ခဲ့ကြတော့၏။ စစ်ကူရောက်လာမည်စိုးနောင့်ကာ ကြောက်ကြီးတငင် ထွက်ပြေး တပ်ဖျောက်သွားသည့် ရန်သူတို့ကိုကား ဆရာခင်ကြိုင်တို့တပ်စုသည် အရိပ် အယောင်မျှပင် မမြင်ရတော့ချေ။

ရဲဘော်ဆယ့်ငါးဦးဖြင့် ထိုသမိုင်းဝင်တိုက်ပွဲတွင် ရှုတ်ရှုတ်ချွံချွံ အသေခံစစ်သည် (၁၃)ဦးတို့ ကျဆုံးရရှာသလို ဒဏ်ရာရသူတစ်ဦး၊ ကံဖယ်၍ လွတ်မြောက်သွားသူ တစ်ဦးအဖြစ်နှင့် မှတ်တမ်းတင် ဖြစ်ခဲ့သည်။ ယနေ့ထက်တိုင် အဆိုပါ ရွာကလေး (နောင်ရာဆိုင်း)သည် တပ်မတော်သားတို့ သွေးမြေကျခဲ့သည့် (၁၃)လောင်းကွေ့ (သို့မဟုတ်) သေမင်းခံတွင်းဝအဖြစ် ပြောစမှတ်ပြုရစ်ကြတော့သည်။

ဆူသံ၊ ညံသံ၊ တောတိုးရိုတက်သံများနှင့် မိမိတို့ဘက်မှ အချင်းချင်း နာမည်ခေါ် နေသံ၊ ဝေဖန်ငြင်းခုံနေကြသံတို့ကြောင့် ရဲဘော်တစ်ဦး၏ ပခုံးထက်တွင် အငြိမ့်သား လိုက်ပါလာသည့် ညိုမောင်သည် မေ့မြောနေရာမှ သတိလည်လာသည်။

"ကျွန် – ကျွန်တော် ဘယ်ရောက်နေပြီလဲဟင်။ ကျွန် – ကျွန်တော် ညိုမောင်ပါ။ မသေသေးပါဘူးဗျာ။ ရန် – ရန်သူနဲ့ ပစ်ကြခတ်ကြရင်း သေဟန်ဆောင်ပြီးမှ ခု – ခုလို မေ့သွားတာပါ။ သေတယ်ထင်ပြီး ကျွန် – ကျွန်တော့်ကို မြေမြှုပ် မပစ်ကြပါနဲ့ဗျာ။ ကျွန်တော်မသေဘူး။ ညိုမောင်မသေဘူး – အား – ကျွတ် – ကျွတ် – ကျွတ် – ကျွန်တော့် ဒဏ်ရာက အရမ်းကို နာလာ – ကယ် – ကယ်ကြပါဦးဗျာ"

သတိဝင်လာသည်နှင့် ညိုမောင်သည် သွေးရူးသွေးတန်းဖြင့် ရဲဘော်တစ်စုတို့ အား မပွင့်တစ်ပွင့်မျက်လုံးဖြင့် ရီဝေဝေကြည့်ရင်း ကယောင်ချောက်ချား အားကိုး တကြီး ပြောကြားလိုက်၏။ သူတို့သယ်ဆောင်လာသည်မှာ ရွာသားတွေလား၊ ရဲဘော် တွေလားဆိုတာကိုတော့ ထိုအချိန်က ညိုမောင်မှာ အမှုမထားနိုင်ခဲ့ရှာပေ။

"ညိုမောင် – ညိုမောင် – မင်း သတိ ရလာပြီလား။ ငါ ခင်ကြိုင်ပါကွ။ မင်းနဲ့ အတူ စခန်းထိုင်တဲ့ မင်းရဲ့သူငယ်ချင်း ခင်ကြိုင်လေ။ သူငယ်ချင်းရာ – မင်း မသေနိုင်ပါဘူး၊ စိတ်တင်းထားစမ်း။ မင်းကို ငါတို့ ပစ်မထားပါဘူးကွာ။ ခုချက်ချင်း လှိုင်လင်ဆေးရုံ ပို့ပေးမယ်နော်"

ဆရာခင်ကြိုင်သည် ရဲဘော်တစ်ဦး၏ ပခုံးထက်တွင် တိုးလိုးတွဲလောင်းပါလာ သည့်ညိုမောင့်ကျောပြင်ကိုညင်သာစွာပွတ်သပ်ပေးရင်း ညိုမောင့်နံဘေးလျှောက် လက်စနှင့် အားပေးနှစ်သိမ့် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်သို့ဖြင့်စခန်းကုန်းသို့ရောက်၊ ရုတ်ခြည်းပင်လူမမာဖြစ်သွားသည့်ညိုမောင်အား မုဒ့်စောင်ကျားပုခက်ဖြင့် ကားလမ်းပေါ်သို့ သယ်ထုတ်လာကာ၊ အသင့်မောင်းလာသည့် ကားတစ်စီးကို တွေ့သည်နှင့် ဆရာ ခင်ကြိုင်တို့ လိုက်ပါလျက် ကားပေါ်တင်ပေးလိုက်ကြ၏။

နောက်များမကြာမီ တိုက်ပွဲဖြစ်စဉ်အပေါ် အသက်မသေပဲ ကျန်ခဲ့သူနှစ်ဦးဖြစ်သည့် သေရွာပြန် ညိုမောင်နှင့် ရဲဘော်ထွန်းဆောင်တို့အား ခုံရုံးဖွဲ့စစ်ဆေးသည့်အခါ ရဲဘော်ထွန်းဆောင် သည် တိုက်ပွဲဖြစ်နေစဉ် ထွက်ပြေးတိမ်း ရှောင်ခြင်း မဟုတ်ပေပဲ၊ တောတိုးတောထိုင် (အိမ်သာတက်) ကျန်ရစ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ကံတရားက ဖယ်ရှားပေး၍ နောက်ချန်စစ်သားအဖြစ်နှင့်သာ ကျန်နေရစ်ခြင်းဖြစ်ကြောင်း ညိုမောင်၏ သက်သေခံထွက်ဆိုပေးမှုဖြင့် စစ်ဥပဒေ၏ အရေးယူခြင်းမှ လွတ်ငြိမ်းခွင့်ရလိုက်သည်။

ညိုမောင်အဖို့မှာကား ပြောစရာပင် မလိုတော့ပြီ။ "မောင်သုမန – ကျောမှာ ဒဏ်ရာတွေနဲ့ ..." က သက်သေပြပြီးဖြစ် သည်။ အသက်ကိုပင် ပဓာနမထားပဲ ရှပ်ရှပ်ရှဲ့ရှဲ့အသေခံတိုက်ပွဲဝင်ခဲ့သည့်အတွက် ထိုနှစ်မှာပင် ညိုမောင်သည် တပ်ကြပ်အဆင့်သို့ တိုးမြှင့်ခြင်း ခံလိုက်ရ၏။

တိုက်ပွဲဖြစ်စဉ်အား ပြန်လည်သုံးသပ်ကြသည့်အခါ သေလွန်သူ ဗိုလ်ကြီးဆန်းမြင့်သည် မိမိ၏ပုဂ္ဂိုလ်ရေး နာကြည်းချက်ကြောင့်ပေလား၊ မျိုးချစ်စိတ်အပြည့် ရန်သူ တို့အပေါ် တိုက်ချင်၊ ခိုက်ချင်စိတ်တို့ဖြင့် နှောင်ဖွဲ့အပ်သည့် စိတ်သွေးစစ်စိတ်တို့ ရှေ့လောကြီးစိတ်မာတ်ပြင်းထန်လွန်းရကား ရန်သူ့သတင်း ကြားကြားချင်းမှာပင် မဆင်မခြင် လိုက်တိုက်မိခြင်း။

ထိုအယောင်ဆောင်ရန်သူတို့အား ခဏမျှ ထိန်းသိမ်းချုပ်နှောင်မထားချေပဲ အားချင်းပြန်လွှတ်လိုက်မိခြင်းစသည့်အချက်များကြောင့် အလှည့်စားခံလိုက် ရခြင်း၊ ယုံလွယ်စိတ်ဖြင့် နိုင်ငံသားကောင်းတချို့နှင့် မိမိတစ်ဘဝလုံးစာကို ပုံအပ်လိုက်ရခြင်းဟု ရင်ထုမနာစိတ်ဖြင့် မှတ်ချက်ချ သင်ခန်းစာယူမိကြသည်။

"တပ်ခွဲမှူးရဲ့ မဆင်မခြင် ဆုံးဖြတ်ချက်ဟာ တို့တပ်မတော်တစ်ခုလုံးအတွက် ခါးသီးရှုရှာဖွယ်ဖြစ်တဲ့တိုက်ပွဲဝင် သင်ခန်းစာပဲဆိုတာ မင်းတို့ မြဲမြဲခံယူလိုက်ကြ"

www.burmeseclassic.com

စိတ်မသက်မသာဖြင့် ပြောလာသည့် အရာရှိတို့၏ စကားသံတို့ကို နာခံရင်း ညိုမောင်တစ်ယောက် သေရွာပြန် မိမိအဖြစ်ကို ပြန်တွေးမိကာ သံဝေဂရနေမိတော့၏။

မိခင်ထမီစကို သေနတ်ပြောင်းဝမှာချည်ပြီး တိုက်ပွဲဝင်တိုင်း ညိုမောင်သည် အသက်ဘေးမှ သီသီကလေး လက်မတင်လေး လွတ်မြောက်ခဲ့သည့် အကြိမ်ပေါင်း လည်း မရေမတွက်နိုင်တော့ပြီ။

"ဪ – မွေးသမိခင်ရဲ့ကျေးဖူးတရားဟာ အသချေ်အနန္တ၊ ဘာနဲ့မှ နှိုင်းဆလို့ မရပါလား။ အင်း – ဆယ့်သုံးလောင်းကွေ့တုန်းက ငါတစ်ယောက်တည်း မသေပဲ ကျန်ခဲ့တာ၊ အမေ့ထမီစကို သေနတ်မှာချည်ပြီးမိခင်မေတ္တာကို တိုင်တည်ရင်း တိုက် ခဲ့တာကြောင့်ပဲဖြစ်မှာ။ တစ်ခါက ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါး ပြောဖူးသလို၊ သူလည်း သူ့မိခင် ထဘီစကို အမြတ်တနိုးနဲ့ ဆောင်ထား၊ ကိုးကွယ်ထားလို့ သူသွား လေရာရာမှာ ခလုတ်မထိ၊ ဆူးမငြိဘူးလို့ ဟောဖူးတယ်။ ဒါကြောင့် ငါလည်း အမေ့ ထဘီစကို ယုံယုံကြည်ကြည်နဲ့ ဆောင်ထားလို့ သေကံမရောက်၊ အသက်မပျောက် တာပါကလား"

ညိုမောင်သည် မိမိတစ်ဦးတည်းသာသိသည့် "မိခင်ထမီစ"၏ လျှို့ဝှက်ချက် အပေါ်ပြန်လည်တွေးတောရင်း သွားလေသူ ဖခင်ကြီးနှင့် မွေးသမိခင်တို့ကို တမ်းတ ကာ မျက်ရည်ကျနေတတ်ရှာသည်။

"ဒီကမ္ဘာမြေပေါ်မှာ တပ်မတော်အပေါ်စွဲစွဲမြဲမြဲ သစ္စာရှိခဲ့တဲ့ ညိုမောင်ဆိုတာ ရှိခဲ့ ဖူးပါတယ်။ သမိုင်းမဝင်၊ ဂန္ထဝင်မတွင်၊ စာမတင်ခဲ့ရပေမယ့် အညတြစစ်သားလေး ညိုမောင်ဆိုတာ ရှိခဲ့ဖူးပါတယ်။ ဟိုး – အတိတ်နှစ်ပေါင်းများစွာက "နောင်ရာဆိုင်း" ဆိုတဲ့ရွာကလေးတစ်ရွာမှာ သေရွာပြန် ညိုမောင်ဆိုတာ ရှိခဲ့ဖူးပါတယ်ဗျာ"

⇒ ညိုရောင်

www.burmeseclassic.com

www.burmeseclassic.com

- ခေတ်နှင့်လျော်ညီသော ကလေးတို့ သိထိုက်သည့် ဗဟုသုတများကို ကလေးတို့ နှစ်ခြိုက်စေသည့် ကာတွန်းဇာတ်လမ်း ပုံပြင်တို့ဖြင့် ပေါင်းစပ်တင်ဆက်ထားသည့်
- ကလေးများကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်သော ဉာဏ်စမ်းပြိုင်ပွဲများစွာပါသည့် ...


| | | | |
|---|---|---|---|
| ငွေကြိုသွင်း (၆)လစာ နှုန်းထား | စာအုပ်တန်ဖိုး | ၂၂၀၀ × ၆(လ) | ၁၃၂၀၀ |
| ငွေကြိုသွင်း (၁၂)လစာနှုန်းထား | စာအုပ်တန်ဖိုး | ၂၂၀၀ × ၁၂(လ) | ၂၆၄၀၀ |

ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂ (၂-ခ)လွှာ (ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၃၈၆၈၃၃၃၊ ၃၈၃၆၆၄

ကလေးငယ်များ စကားလုံးများနှင့် အကျွမ်းတဝင်ရှိစေရန် ရည်ရွယ်၍-

**လှုပ်ရှားမှုစကားလုံး၊ စကားလုံးအဘိဓာန်၊ စကားပြောဖို့စကားလုံးများ (အင်္ဂလိပ် - မြန်မာ) နှစ်ဘာသာ**







**တန်ဖိုး ၃၀၀၀ကျပ်/- ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။**

**ဆုပြည့်စုံထွန်းစာပေ** ⇨ အမှတ် (၅၀၈/၅၁၂)၊ ၂-ခ(ပထမထပ်)
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com